



Book Sharing
Scanned by CamScanner

# ဆုမြတ်မွန်မွန်

## ရှုံးညံ့ခြင်းပြိုင်ပွဲ

တမူခွင့်ပြုချက်အမှတ်
၅၀၀၅၇၇၁၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၄၅၁၀၆၀၇

၂၀၀၇ ခုနှစ်၊ မတ်လ
ပထမအကြိမ်

တန်ဖိုး
၇၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်(၄၃/က)၊ မလိခလမ်း၊ ၇-ရိုင်၊ မရမ်းကုန်းမြို့နယ်.

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

Scanned by CamScanner

လောကတွင် လူတစ်ယောက်ရဲ့ စိတ်နှင့် အခြားလူတစ်ယောက်၏စိတ်တို့ တစ်ထပ်တည်းကျနိုင်ဖို့ရာ အင်မတန်ခက်ခဲလှပါသည်။ ထိုသို့ ရှားပါးလှန်းသော အကြိုက်တူညီမှုကို သူနဲ့ အသက်ကြားမှာ နိုင်နိုင်မြဲမြဲ တွေ့ရသည်မှာ ... အသက်အဖို့ ကြည်နူးစရာလည်းကောင်းသလို ရင်ခုန်စိတ်ကျေနပ်ဖွယ်လည်းကောင်းလှပါသည်။ သူနှင့် အသက်သည် ဟိုးဝီဘိကလေးဘဝတည်းကမှ ဒီနေ့ ဒီအချိန် လူလားမြောက်သည်အထိ အကြိုက်ချင်းတူခဲ့ကြသည်။ ဘယ်အရာမဆို ညီစရာမလို၊ နည်းနည်းလေးကွဲပြားလျှင်တောင် အသက်က သူ့ဆန္ဒကို ရှေ့တန်းတင် ဦးစားပေးခဲ့သည် ... ။



Scanned by CamScanner

အကြိုက်ချင်းလည်းတူ၊ ဝါသနာချင်းလည်းတူ၊ ခေတ်ရေစီးကြောင်းနောက် မြောပါတတ်သူများတောင် ပြေးကာ ဟော့ထိဖြစ်လွန်းတာချင်းလည်း တူကြသော သူနှင့် အသက်ကို ချစ်သူတွေဟု ထင်ကြသူတွေလည်း မရှားချေ ... ။ တကယ်တော့ ... သူနှင့်အသက်သည် ရဲဘော်ရဲဘက် သူငယ်ချင်းများသာ ဖြစ်ကြပါသည်။ ဒါပေမဲ့ အသက်ရင်ထဲတွင် နက်ရှိုင်းသော တစ်စုံတစ်ရာရှိသည်။ သူ့ရင်ထဲတွင်လည်း ရှိလိမ့်မည်ဟု ယုံကြည်သည်။ ဤမျှ အကြိုက်ချင်းတူကာ မခွဲဘဲ အမြဲတတွဲတွဲ ရှိကြသော သူနှဲ့ အသက်သည် တစ်နေ့နေ့တစ်ချိန်ချိန်မှာ အချစ်ဟူသောတံခါးရွက်ကို ဖွင့်လှစ်မိကြလိမ့်မည်ဟုလည်း တိတ်တဆိတ် မျှော်လင့်ခဲ့သည်။ သူသည် အသက်အတွက်တော့ ကမ္ဘာပေါ်မှာ နောက်ထပ် ရှိမလာနိုင်တော့သော ... ရှားပါးရတနာလေးပဲ ဖြစ်လေသည်။

"အသက်ထက်"

သူ့မှာ ယောကျ်ားလေး အပေါင်းအသင်းများများစားစားမရှိချေ။ သူ့အတွက်က အသက်တစ်ယောက်ရှိလျှင် လုံလောက်ပြီ ဖြစ်သည်။ အသက်သည် သူ့အတွက်တော့ ရဲဘော်ရဲဘက်တစ်ဦးလိုကို အားကိုးရလေသည်။ သစ်ပင်အတူတူ တက်မလား။ ရေငုပ်ပြိုင်မလား၊ ဂိမ်းပြိုင်ဆော့မလား၊ ချက်စ် ပြိုင်ထိုးမလား နောက်ဆုံး တိုက်ကွမ်ဒို ပြိုင်ကစားမလား ... ကြိုက်တဲ့ဘက်က ရသည်။ သူ့နှင့် အသက်သည် အုံ့ညြစရာကောင်းလောက်အောင်ကို အကြိုက်ချင်းကလည်း တူသည်။ ထို့ကြောင့် သူ့အတွက်တော့ အသက်သည် ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်လိုပဲ ဖြစ်သည်။ သူ့မျက်လုံးထဲမှာဆို အသက်ကို မိန်းကလေးဟုတောင်

မမြင်မိတော့ချေ။ သူနှင့် အသက်ကြားတွင် မျက်စိဖြင့် မမြင်နိုင်သော်လည်း အလွန်တရာ ထုထည်ကြီးမားသည့် သံယောဇဉ်ထုံးကြီး တစ်ခု ရစ်ပတ်ဖွဲ့နှောင်ထားကြပါသည်။ ထို နှောင်ထုံးကြီးမှာ လုံးဝကို ပကတိအဖြူရောင် နှောင်ထုံးကြီးသာ ဖြစ်ပါသည်။ ထိုနှောင်ထုံး
4 ကြီးကို သူကတော့ အရောင်ဆိုးဖို့ လုံးဝစိတ် မကူးချေ။ ပတ်ဝန်းကျင်က အရောင်ဆိုးပေးဖို့ ကြိုးစားကြတာကိုလည်း သူက လက်မခံ။ အသက်သည် သူ့အတွက်တော့ ဘဝမှာ အစား ထိုးမရနိုင်သည့် ရဲဘော်မလေးတစ်ဦးပဲ ဖြစ်ပါ သည်။ အသက်အပေါ်ထားသော သူ့မေတ္တာ သည် သိမ်မွေ့နက်ရှိုင်းကာ ဖြူစင်လွန်းခဲ့လေ သည်။

"ထက်သန်"







"အစ"

သူတို့အိမ်ရဲ့ မီးဖိုခန်းထဲသို့ ဝင်လိုက်ချင်းမှာတင် မွှေးသ ပျံ့သော ဟင်းရနံ့ကို စတင်ခံစားရလေသည်။ အသက်က မျက်နှာ ကို မော့ကာ အားပါးတရ ရှူရှိုက်ရင်း ...

"မွှေးလိုက်တာ အန်တီရေ ... ဘာတွေချက်နေတာတုန်း"

သူ့မေမေက အေးဆေးမွန်ရည်စွာ ပြုံးပြလျက်

"ငါးပေါင်းထုပ် လုပ်ထားတာလေ ... ခဏနေ ရတော့မှာ အသက်လေးရေ ... စားမယ် မဟုတ်လား ..."

"အား ... စားမှာပေါ့ ... အန်တီကလည်း ဒီလိုမေးစရာ လား ... ဟား ဟား ..."

"ဘယ်သူတုန်းဟေ့ ... သူများအိမ်ထဲမှာ အာပြဲကြီးနဲ့ လာ ရယ်နေတာ ..."

အသက်က သူ့အသံကြောင့် နောက်ကို ချာခနဲ လှည့်ကြည့်လိုက်လေသည်။ ရေချိုးပြီးစ သူ့အသွင်က လတ်ဆတ် သန့်ရှင်းကာ အင်မတန် ကြည့်ကောင်းပါသည်။ ဆံပင်တွေက ရေ တွေမခြောက်တခြောက်မို့ အချောင်းလိုက် စင်းကျကာ တစ်မျိုး စွဲဆောင်မှုရှိသည်။ စွပ်ကျယ်လက်ပြတ်အဖြူနှင့် သရီးကွာတား ဘောင်းဘီ အကွက်လှလှကို အိမ်နေရင်း ဖြစ်သလို ဝတ်ထားသော် ငြားလည်း သူ့အသွင်ဟာ နုပျိုလတ်ဆတ်လျက် ချစ်စဖွယ်အတိပင်။

အင်း ... သူဟာ တကယ့်ချစ်စဖွယ် လူချောလေးပါ ပဲ။ သူ့မေမေဆီက ဖြူဝင်းပသော အသားအရေနှင့် စွဲမက်စရာ ကောင်းသော မျက်လုံး၊ နှုတ်ခမ်းတို့ကို အမွေရထားလျက် သူ့ဖေဖေ ထံက ကြံ့ခိုင်သော အရပ်အမောင်းနှင့် ထူထဲလှပသော မျက်ခုံး တစ်စုံကို အပိုင်ရထားသဖြင့် သူဟာ ရောက်လေရာမှာတော့ မင်း သားပင်။ သူ့ကိုဆိုလျှင် ကောင်မလေးတွေက သိပ်ကြွေကြသည်။

အိမ်နေရင်းတောင် စွဲဆောင်အားကောင်းကာ စံန်





ပြန့်လွန်းသော သူ့ကို အသက်က မနာလိုစွာ မျက်စောင်းခဲကာ

"ရယ်တော့ ဘာဖြစ်တုန်း ... ကောင်စုတ် ... ငါးပေါင်းထုပ် လုပ်တာတောင် ငါ့ကို လာမခေါ်ဘူး ... နင်တစ်ယောက် တည်း ကျိတ်တွယ်မလို့မဟုတ်လား ..."

"ငါ မခေါ်လည်း နင့်ဘာသာ အနံ့ရတော့ ပြေးလာတာပဲ မဟုတ်လား ... ဟား ဟား ... မယ်သက်တို့က ဒါမျိုးတော့ အနံ့ခံ တယ်ကောင်းပဲ ... နင် ဒီလိုစွမ်းနေရင် ဟိုအလုပ် လုပ်ပါလား ... ထောမှာ သေချာတယ် ..."

"ဘာအလုပ်လဲ ..."

"ရှေ့တန်းမှာ မိုင်းရှာတဲ့အလုပ်လေ ... နှာခေါင်းလေးနဲ့ ဟိုနမ်း ဒီနမ်း ဟိုလိုက်ရှူ ဒီလိုက်ရှူနဲ့ပေါ့ ... မကောင်းဘူး လား ..."

သူက အသက်ကို မိုင်းရှာသော ခွေးတွေနှင့် နှိုင်း လိုက်တာ ဖြစ်လေသည်။ အသက်က ပါးဖောင်းအောင် ဒေါ်သွားသွား လျက် ...

"ဘာ ... သေပါ့လား ... နင်ပဲလုပ် သိလား ... ငါက သေ တောင် မလုပ်ဘူး ..."

သူက စိတ်ဆိုးသွားသော အသက်ကိုကြည့်လျက် တဟားဟား အော်ရယ်ကာ ...

"ဩော် ... ငါက အကောင်းပြောတာ ... လူတွေမှာ ပါရမီ



Book Sharing

Scanned by CamScanner

တစ်ခုဆီတော့ ပိုင်ဆိုင်စေမြဲပဲဟ … နင့်ပါရမီကို အဲဒီဘက်မှာ အသုံးချရင် သိပ်အကျိုးရှိသွားမယ် … ”

“နင့်ပါးစပ်ကို ပိတ်တော့နော် … ငါ ဆွဲထိုးတော့မှာ”

သူက သူမကို ကြောက်လန့်ဟန်ဖြင့် မျက်လုံးကြီး ပြူးကာ အံကြိတ်၍ ပြောင်ပြလျှင် မရယ်မိအောင် အသာထိန်းကာ တစ်ဘက်သို့ လှည့်လိုက်ရသည်။ သူ့မေမေက သူမတို့နှစ်ယောက်ကို ချစ်စနိုးရိပ်ဖြင့် ပြုံးကြည့်ကာ ပေါင်းအိုးထဲမှ ငှက်ပျောဖက်ဖြင့် ထုပ်ထားသော ငါးပေါင်းထုပ်တွေကို ညှပ်ဖြင့် ဆယ်ယူလျက် ပန်းကန်ပြားတစ်ချပ်ထဲသို့ ထည့်ပေးပါသည်။

“ရှီး အသက်လေးရေ … မွှေးလေး စားလိုက် … အဲဒါမှ အရမ်းကောင်းတာ … ”

“စားမယ် အန်တီ … စိတ်ချ ကြည့်စမ်း … မွှေးလိုက်တာ၊ အရမ်းပဲ … အိုး စားလို့လည်း သိပ်ကောင်းတာပဲ … ငါးက နူးအိပြီး မွှေးနေတာပဲနော် … အန်တီက သိပ်အချက်အပြုတ်တော်တာပဲ … မာမီဆို ကြက်ဥတောင် ကောင်းအောင်မကြော်တတ်ဘူး … အန်တီနဲ့နေရတာ အစားကောင်း အမြဲပဲ စားရတယ် ဟီဟိ … ကောင်းလိုက်တဲ့ ငါးပေါင်းထုပ် … ”

သူမက ကိုယ့်အမေကို ချီးမွမ်းလျက် သူ့မေမေရဲ့ လက်ရာကို အားပါးတရ စားလေသည်။ သူ့မိခင်ကတော့ သူမကို





ချစ်စနိုးရိပ်ဖြင့် ပြုံးကြည့်နေသည်။ အန်တီက သူမကိုဆိုလျှင် သမီးလေးတစ်ယောက်လိုပဲ ချစ်ခင်ကြင်နာလေသည်။ သူ့ကိုဆိုလည်း သူမလက်သို့ အပ်ထားတာဖြစ်သည်။ သူမကလည်း ဒါကို အခွင့်ကောင်းယူကာ အကျပ်ကိုင်တတ်တာ ဖြစ်သည်။

“နင် … ငါ့အမေကို ဖားပြီး ဒီလိုပဲ လိမ်စားနေတာ မဟုတ်လား … အသက်ရဲ့ … တကတည်း ငါတို့အိမ်ကိုများ သူ့ရဲ့ Resturant ကြီးကျလို့ … တံခါးမရှိ စားမရှိ ဝင်ရောက်စားသောက်နေတယ် … ”

“တံခါးတွေ စားတွေရှိလည်း ကျွန်ုပ်က အတွင်းအားနဲ့ ဖြိုဖျက်တိုက်ခိုက်ပြီး ဒီစားတော်ဆက်ထဲကို ဝင်ရောက်လာမှာပဲ ငယ်ကျွန်ကြီးရဲ့ … သူများစားတာကို မနာလိုဖြစ်မနေနဲ့ … နောင်ဘဝ ပြိတ္တာ ဖြစ်လိမ့်မယ် … စိတ်ကောင်းရှိစမ်းပါ … ဒါမှ ငါ့လိုချောမှာ … ”

သူက သူမကို မဲ့ရွဲ့ကြည့်လျက် …

“အမလေး … နင့်ရုပ်ကြီးလား ချောတာ … ညစ်ပတ်နေတာပဲ … ပါးမှာလည်း အမဲတွေနဲ့ … ကားနိုက်လာတာ မဟုတ်လား … ”

“အေး … ကလိလာတာ … ဟုတ်လား ပေနေလား … ဒါပေမဲ့ လှပြီးသားပါဟာ … ဟုတ်တယ်နော် အန်တီ”

သူ့မေမေက ရယ်မောလျက် သူမခေါင်းလေးကို

ပုတ်ကာ ထမင်းစားခန်းမှ ထွက်သွားပါသည်။ သူ့မိသားစုက သူမကိုဆိုလျှင် သမီးလေးတစ်ယောက်လို ချစ်ခင်ကြင်နာသည်။ မိသားစုသုံးဦးထဲသာ ရှိသော သူတို့အိမ်တွင် သူမကလည်း သူနှင့်အတူတူ ဗိုလ်ပဲ ဖြစ်သည်။ ကိုယ့်အိမ်က ထမင်းဟင်းကို စားခဲ့လျက် သူတို့အိမ်မှာသာ စားတာများတတ်ပါသည်။ သူမတို့အိမ်မှာက ဒက်ဒီက နိုင်ငံခြားတွင်သာ အနေများလျက် ... မာမိက ဒီကအလုပ်တွေကို လက်မလည်အောင် ဦးစီးနေရသူဖြစ်သည်။ အားလုံးဟာ ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်လေရာ သူမတို့အိမ်မှာ မိသားစုစုံညီရယ်လို့ မရှိတတ်ကြပါ။ ညရောက်မှသာ ဆုံတာများသည်။

သူတို့အိမ်မှာတော့ သူ့ဖေဖေကသာ အလုပ်လုပ်လျက် သူ့မေမေကတော့ အိမ်ရှင်မသက်သက်သာ ဖြစ်သဖြင့် သူမကတော့ သူ့ဘဝကို အတော်အားကျလေသည်။ သူ့မေမေက သူမမာမိလို ခေတ်ဆန်ဆန်တောင် မဟုတ်ချေ။ ဖြူစင်နူးညံ့စွာ ချောမောလျက် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ကာ အချက်အပြုတ်အလွန်တော်လျက် သူတို့တစ်အိမ်လုံး၊ တစ်ခြံလုံး လှပသပ်ရပ်နေသည်မှာလည်း သူ့မေမေ၏ အစွမ်းတွေပဲ ဖြစ်ပါသည်။

ခင်ပွန်းနှင့် သားဖြစ်သူ၏ လိုအပ်ချက်တွေကိုသာ အမြဲတစေ ဖြည့်ဆည်းပေးတတ်သလို သူမကိုလည်း သူနှင့်အတူ ဂရုတစိုက် ချစ်နိုင်သောသူ တစ်ဦးပင် ဖြစ်လေသည်။





သူက ပါးဖြန့်နားဖြန့် စားနေသော သူမကို နှာခေါင်းရှုံ့ကြည့်ကာ သူမရှေ့ကခုံမှာ ဝင်ထိုင်ရင်း သူ့ပါ မုန့်တစ်ထုပ် ဖြည်စားနေသည်။

"အသက် ... ရှေ့အပတ်ထဲမှာ Bagan Net ကလုပ်တဲ့ Show မြရိပ်ညိုမှာ ရှိတယ် ... နင် ကြည့်မယ်မှလား ... "

"အေး ... ကြည့်မှာပေါ့ဟဲ့ ... နင် လက်မှတ်ဝယ်ပြီးပလား"

"ဘယ်ဝယ်ရသေးမလဲဟ ... နင် ကြည့် မကြည့်မှ ငါ မသိသေးဘဲနဲ့ ... "

"မယ်လေး ... အပိုတွေ ပြောနေပြန်ပြီ ... နင်နဲ့ငါ ဘယ်တုန်းက အကြိုက်ချင်း မတူဘူးလို့လဲ ... "

"နေရာတိုင်းတော့ တူနိုင်မယ် မထင်ဘူးဟ ... "

သူက တွေးဆဟန်ဖြင့် လေးလေးနက်နက် ပြောသဖြင့် သူမက ထိတ်ခနဲ ဖြစ်သွားရသည်။ သူ ဘာကို ဆိုလိုသလဲ သူမ မသိပါ။ သို့သော် ... သူမက သူနှင့် အကြိုက်ချင်းတူနေရတာကို အမြဲတစေ တိတ်ဆိတ်ကျေနပ်နေတာ ဖြစ်လေသည်။ မတူလည်း တူအောင်လိုက်ညှိဖို့ ဝန်မလေးတတ်ချေ။

သူမက အစား စားနေတာတောင် အရှိန်လျှော့သွားရကာ ...

"ဘာများလဲဟယ် ... နင်ပဲ ငါတို့က နှစ်ကိုယ့်တစ်စိတ်ဆို"

"နင်ကြိုက်တဲ့ဟာတချို့ ငါ မကြိုက်ဘူးဟ ... "

သူ့ပုံစံက အတည်ပေါက်ပြောနေတာ ဖြစ်သည်။ ဘာများပါလိမ့် ... သူမထံမှာ သူမကြိုက်သော ဘယ်အရာတွေများ ရှိနေပါလိမ့်။

"ငါကြိုက်တာတွေ နင်ကြိုက်တာပဲ ထက်သန်ရယ် ... လက်ဖက်သုပ်ဆို နင်က ငါ့ထက်တောင် ပိုကြိုက်သေးတယ်"

"ငါ ဟိုဟာကိုတော့ လုံးဝမကြိုက်ဘူးဟာ ... "

သူက ခေါင်းယမ်းကာ မျက်မှောင်ကြုတ်ပြောနေတာမို့ သူမ ပို၍ မျက်လုံးပြူးလာရသည်။ ဒီတစ်ခါတော့ စားလက်စ ပန်းကန်ကိုပင် တွန်းဖယ်ပစ်လိုက်တော့ကာ ...

"ဘာလဲဟယ် ... နင်က ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"နင်ကြိုက်တဲ့တစ်ခုကိုတော့ ငါ မကြိုက်ဘူးလေ ... မကြိုက်ဆို လုံးဝခါးခါးသီးသီးပဲဟာ သိလား ... ကြည့်လို့ကို မရဘူး"

"ဟယ် ... ခွေးကောင်စုတ် ... ဒါ နင်ပြောစရာလားဟဲ့၊ ကြည့်စမ်း ... ငါက အကောင်းမှတ်လို့ နားထောင်နေတာ"

သူမ မျက်နှာတစ်ခုလုံး ရဲတွတ်သွားကာ ရှက်ရွံ့သွားလျက် သူ့ကို စိတ်တိုလာရလေသည်။ သူက အဲဒီလိုပင် အတည်ပေါက်နှင့် အမြဲနောက်တတ်သည်။ သူမကိုဆို ခဏ ခဏ ကြပ်လေ့ရှိသဖြင့် နှစ်ဦးသားဟာ အမြဲတကျက်ကျက်ပင်။ တဟားဟား ရယ်မောနေသော သူ့ကို သူမက အမြင်ကတ်စွာဖြင့် စားပြီးသား ငှက်ပျောခွံတွေဖြင့် ပစ်ပေါက်လိုက်လေသည်။ ရုတ်တရက်မို့ သူမှာ





ရှောင်ချိန်မရလိုက်။ ဆီတွေရွှဲလျက် ငါးအနှစ်တွေဖြင့် ပေပွနေသော ငှက်ပျောရွက်တွေဟာ ရေချိုးပြီးစ သန့်စင်လှသော သူ့ရင်ဘတ်ကို တည့်တည့်ပင် ထိမှန်သွားတာဖြစ်သည်။

"ဟာ ... ကြည့်စမ်း ... ဂုတ်ဆာမ သိပ်အကျင့်ယုတ်တာပဲ ... ဒါကြောင့် နင် ရုပ်ဆိုးနေတာ ... ရုပ်ဆိုးမ ... "

သူ ... သူမကို နောက်ကနေ လိုက်ရိုက်စဉ်မှာ သူမက ပန်းကန်ထဲမှ ငါးပေါင်းထုပ်သုံးထုပ်ကို သမကာ. ပြေးပြီးသားဖြစ်နေလေပြီ။ သူက သိပ်အသန့်ပြန့်ကြိုက်တာမို့ ရေပြန်ချိုးပစ်ရတော့မှာ သေချာလေသည်။ သူ ဆွေ့ဆွေ့ခုန် ဒေါသထွက်နေတာကို သူမက လျှာထုတ်ပြောင်ပြခဲ့ရင်း အိမ်ဘက်သို့ ပြန်ပြေးလာခဲ့လေသည်။ တီရှပ်ဖိုးရိုးဖားရား၊ ရှော့ပင်နီဘောင်းဘီတို တကားကားဖြင့် ငှက်ပျောထုပ်တွေ ပိုက်လျက် တဟားဟားအော်ရယ်၍ ပြေးလာသော သူမကို မာမီ့ရဲ့ညီမ အပျိုကြီးက ရင်ဘတ်ဖိကာ ကြည့်လျက် ...

"အို ... အို ... ဒါက ဘယ်လိုဖြစ်လာရတာတုန်း မိအသက်ရဲ့ ... ကြည့်စမ်း ... အော်ရယ်လာလိုက်တာလည်း တစ်လမ်းလုံး ကြားလောက်တယ် ... ပါးစပ်ကလည်း ဆီအကွင်းလိုက် ... ပါးမှာက အမည်းတွေနဲ့ ရွှံ့ပွပေတူးနေတာပဲ၊ ဒါလား အပျိုလေး ... "

"ဒါ ... အပျိုလေးပါပဲ အပျိုကြီးရဲ့ ... ဟီ ဟိ ... "



Scanned by CamScanner

"တိတ်စမ်း ... လူကြီးကို ဒီလိုပဲ နောက်စရာလား ... ခက်တယ် ... နင်တို့တစ်တွေဟာလေ လူကြီးကို ရိုသေရကောင်းမှန်းလည်း မသိကြတော့ဘူး ... ဂါရဝတရားလည်း ပျောက်ဆုံးနေကြပြီ ... "

"ပျောက်ဆုံးသွားသော ဂါရဝတရားကြီး လာလော့ ... လာလော့ ... လာလော့ ... အဟဲ ... "

"ဟယ် ဒီကောင်မလေး ဘယ်လိုဖြစ်နေလဲ ... မျက်နှာပိုးကို မသေဘူး ... လက်ထဲကလည်း ဘာတွေလဲ ... ဟိုဘက်အိမ်က သမလာပြန်ပြီ မလား ... နင်ဟာလေ အရှက်ကို မရှိဘူး ... သူများအိမ်ကဟာဆို သိပ်တော်ကြီးကျချင်တယ်"

"သူများအိမ်က မဟုတ်ပါဘူးနော် ... ထက်သန်တို့အိမ်က"

"ဟဲ့ ထက်သန်လည်း သူများပဲပေါ့ဟဲ့ ... သူများ ကြိုက်မှန်းမသိ မကြိုက်မှန်းသိ သွားသွားစားနေတယ် ... အိမ်က နင့်ကို အငတ်ထားနေလို့လား ... "

"အငတ်တော့ မထားဘူးပေါ့ ... တစ်ခါလာ ရေလုံပြွတ်၊ လူမမာဟင်းတွေ မစားချင်ပါဘူး ... အဆက် စားချင်တဲ့ဟင်းတွေကျတော့ ချက်မကျွေးဘဲနဲ့ ... အဲဒီဟင်းတွေ စုတို့ပဲ စား ... အသက်ကတော့ ဟိုဘက်အိမ်က စားမှာပဲ"

သူမရဲ့အန်တီစုစုက သူမကို မျက်စောင်းထိုးပါသည်။ စုတို့ ... မာမီတို့က (၉၆)ပါး ရောဂါသည်တွေမို့ အစား





အသောက်ကို အထူးတလည် ဆင်ခြင်သူများဖြစ်သည်။ သူမကလည်း သူတို့က သေမင်းလောက်နီးနီး သဘောထားကြသော အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်း၊ ထောပတ်ထမင်း၊ ဒန်ပေါက်၊ တညင်းသီးအုန်းနို့ဆမ်း တို့ဆိုလျှင် အချိန်မရွေး နေရာမရွေး ဆိုသည့်အထဲက ပင်ဖြစ်သည်။

သူမတင်သာမက သူကပါ ထိုအစားစာတွေကို နှစ်သက်တာဖြစ်သည်။ သူ့သား ကြိုက်တာတွေကို အမြဲလိုလိုပင် သူ့မေမေက ချက်ကျွေးတတ်သောကြောင့် သူမကလည်း ကြားထဲက ဝင်နှိပ်လို့ရတာ ဖြစ်သည်။

"ရေချိုးလေ အသက်ရဲ့ ... ညစ်ပတ်ပေတူးနေပြီ ... နင်ခုနက ဦးမြင့်နဲ့ ကားခေါင်းထဲ နှိုက်နေတာမဟုတ်လား၊ နင်ဟာလေ နေရာတကာကိုပါတယ် ... ပါတာတွေကလည်း ကိုယ်နဲ့မဆိုင်တာတွေချည်းပဲ ... ဒီလောက် အစားကောင်းကြိုက်တတ်နေရင် သင်ထားပါလား ... ကိုယ့်ဘာသာ ကိုယ် ချက်စားပေါ့ ... "

"အမလေး ... ဒီတူမလေးတစ်ယောက်ရှိတာ ချက်ကျွေးဖို့တော့ စိတ်ကူးမရှိဘူး ... မြင်တာနဲ့ ခိုင်းပါရစေ လုပ်နေတာပဲ ... မစားရရင် နေပစေ ... ဝါသနာလည်း မပါဘူး"

"နင် ဝါသနာပါတာတွေက နင့်အလုပ် မဟုတ်တာတွေချည်းပဲ ... ကဲ ကဲ ... ရေသွားချိုးချေပါ ... "



Scanned by CamScanner

"ချီးပါ့မယ် ... ဘယ်လိုဖြစ်နေလဲမသိဘူး ... ဖွတ်ချီးနိုင်းနေတယ် ..."

သူမက မုန့်ထုပ်တွေကိုင်လျက် အိမ်ထဲဝင်လာလျှင် ညှော်ခန်းက စားပွဲပေါ်မှာ တင်ထားခဲ့သော သူမရဲ့ လက်ကိုင်ဖုန်းလေး မြည်နေတာနှင့် တန်းချိတိုးလေသည်။ လက်ကဆီပေတွေနှင့်မို့ သူမက ဟိုဟိုဒီဒီ ရှာဖွေလိုက်တော့ အိမ်ထဲဝင်လာသည့် စုကိုပဲ တွေ့ရတာမို့ မျက်နှာချိုသွေးကာ ...

"အံ့ပဲ ... စုရေ ဖုန်းဖွင့်နားထောင်လိုက်ပါဦး ... ဒီမှာ လက်က ဆီတွေပေနေလို့ပါ ..."

စုက သူမကို မျက်စောင်းထိုးရင်းမှ ဖုန်းဖွင့်လိုက်ကာ နားကျပ်ကိုယူ၍ သူမရဲ့ နားထဲမှာ တပ်ဆင်ပေးပြီး ထွက်သွားလေသည်။ သူမရဲ့ အဒေါ်အဖျိုကြီးဟာ မာမီနှင့် အသက်သိပ်မကွာလှဘဲ ချစ်စရာတော့ ကောင်းပါသည်။ သူမအတွက်လည်း စု ရှိနေ၍လည်း အိမ်မှာ အပျင်းပြေရတာ ဖြစ်သည်။ စုကလည်း သူမနှင့် ရန်ဖြစ်ရတာကို သဘောကျနှစ်ခြိုက်တဲ့ပုံပင်။

"ဟယ်လို ... ဟုတ်ကဲ့ ပြောပါ ..."

"ဟဲ့ ... ငါပါ အသက်မရဲ့ ... ဘာလုပ်နေတာတုန်း ..."

သူမရဲ့သူငယ်ချင်း နီတာက ဆက်တာဖြစ်သည်။

"ငါလား ... ဒီလိုပဲပေါ့ ... ဆို ... ဘာအရေးထူးလို့လဲ"

"ရှေ့အပတ်ထဲမှာ Began Net Show ပွဲရှိတယ် ... မြရိပ်ညိုမှာ





လေ ... အဲဒါ နင် ကြည့်မှာလား မေးတာ ..."

"ရှင်တို့က နောက်တောင်ကျနေပေါ့ ... ငါကဖြင့် ကြည့်ဖို့ ပြောတောင် ပြောလိုက်ပြီ ..."

"ဘယ်သူ့ကိုလဲ ... ထက်သန်ကိုလား ..."

"ဒါပဲပေါ့ ..."

"ဟွန်း ... မိန်းမက ဒါမျိုးတော့ တယ်ခြေသွက်ပဲ ... ဟဲ့ ဒါဆိုလည်း လက်မှတ်တူတူဝယ်မယ်လေဟယ် ..."

"ဟာ ... အဲဒါ ထက်သန်ကို ပြောရမှာပေါ့ ... နင် ပြောလိုက်ပေါ့ ..."

"အံမယ်လေး ... ခြံချင်းကပ်ရပ်က မပြောဘဲ ... တစ်မိုင်လောက်ဝေးကွာတဲ့လူက ပြောရမယ် ... ကြွတ်ကျက်လည်းလိဦး ..."

"ကြည့်ကျက်လည်း မလုပ်တတ်ဘူး ... မျက်နှာလွှဲခဲပစ်ပဲလုပ်တတ်တယ် ... ကဲပါ ... အပိုတွေ ပြောမနေစမ်းပါနဲ့၊ နင့်ဖို့ ထည့်ဝယ်နိုင်းလိုက်ပါ့မယ် ... လိုရင်းက ဒါပဲ ... ဒါပဲ ဟုတ်တယ်မလား ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ငါတယ်ရင်းက သိပ်တော်တယ် ... ဒါကြောင့် ချစ်နေရတာ ... ဟဲ့ နင်တို့ရော အခြေအနေ ဘယ်လိုလဲ ..."

"ဘာတုန်း ... နားမလည်ဘူး ..."



Book Sharing

Scanned by CamScanner

တကယ်တော့ ... နီတာ ဘာကိုဆိုလိုသည်ဆိုတာ သူမ သိသည်။ သူငယ်ချင်းအားလုံး တော်တော်များများက သူနှင့် သူမကို ဘယ်အချိန်မှာ တရားဝင်ချစ်သူတွေ ဖြစ်သွားမလဲလို့ ... မျှော်လင့်နေကြသူတွေ များပါသည်။ မိဘချင်းလည်း အင်မတန် ရင်းနှီး၊ ခြံချင်းကလည်း ကပ်လို့အပြင် သူမမေမေကလည်း သူမကို ဆိုလျှင် ချစ်ခင်၊ သူနှင့် သူမတို့ နှစ်ဦးဆိုတာကလည်း ညအိပ်ရာဝင်ချိန်မှသာ ခွဲခွာတတ်ကြသူများ ဖြစ်တာမို့ သူနှင့် သူမဟာ တစ်ချိန်ချိန်မှာ အမှန်ပင် ချစ်သွားကြလိမ့်မည်ဟု ထင်ကြေးပေးထားတာ ဖြစ်သည်။

"ပေါချင်ယောင်ဆောင်မနေစမ်းပါနဲ့ ... နင်နဲ့ ထက်သန့်ရဲ့ အခြေအနေကို ပြောနေတာ ..."

"အခြေအနေက ဘာဖြစ်ရမှာလဲ ... ဒီအတိုင်းပဲပေါ့ ... နင်တို့က လျှောက်လျှောက်ပြောမနေနဲ့ ..."

"အမလေး ... ဒီလောက် ချစ်နေကြတာ အသိသာကြီးများ။ ဟဲ့ ... ထက်သန့်က နင့်ကို ဖွင့်မပြောသေးဘူးလား ..."

"ဟာ ... ဘာပြောရမှာလဲ ... မိနီတာနော် ... တော်ပြီ တော်ပြီ ... ငါ မအားဘူး ... ပေရေစုတ်ပြတ်နေတာ ... မုန်းဝိတ်တော့မယ် ..."

"ဝိတ်ပေါ့ ... ဝိတ် ဝိတ် ... ညည်း ရှက်ရမ်း ရမ်းသွားတာ ကျုပ် သိပါတယ် ... ထမင်းစားခန်းထဲဝင်ပြီး ရေခဲရေလေး





ဘာလေး သောက်လိုက်ဦး ... ရင်ခုန်ပြေသွားအောင်လို့ ဟား ... ဟား ..."

သူမကို အနိုင်နှင့်ပိုင်းကာ နီတာက ဖုန်းအရင်ချသွားခဲ့လေသည်။ သူမကတော့ အမှန်ပင် နားမှာ နားကြပ်ကြီးတပ်လျက် ငူငူကြီး ကျန်နေခဲ့တာ ဖြစ်သည်။ တကယ်တော့ သူတို့မှန်းထားသလို သူမလည်း ထက်သန့်ရဲ့ ရင်ခုန်သံတွေကို တိတ်တဆိတ် မျှော်လင့်ခဲ့ရတာဖြစ်ပါသည်။

သူမအပေါ်မှာ သူ သိပ်တွယ်တာလှတာကို သိသော်လည်း ဒါဟာ အချစ်တစ်ခုဟု သူ ဝန်မခံမချင်း သူမ ပျော်ရမည် မဟုတ်ပါ။ သူ့အပေါ်ထားသော သူမရဲ့မေတ္တာတွေ ဘယ်တုန်းက များ အရောင်ပြောင်းသွားပါလိမ့်ဟု စဉ်းစားမိတိုင်း ရှက်၍ ရင်ဖိုရကာ နီတာပြောသလို ရေခဲရေ မော့သောက်ရတာကလည်း အကြိမ်ကြိမ်ပဲ ဖြစ်လေတော့သည်။



သူနှင့် ပတ်သက်၍ သူမမှာ ကြီးမားသော ချစ်ခြင်းကြီးတစ်ခုက ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းကြီး ဖြစ်တည်လျက်ရှိသည်ဆိုတာကို သိပ်မကြာခင်မှာပဲ သိခွင့်ရခဲ့သည်။ အချပ်မှန်လျှင် သဝန်တိုမြဲ အူတိုတတ်စမြဲဆိုတာလည်း တကယ်ကို အမှန်ပင်ဖြစ်သည်။ သူ့ကို မိန်းကလေးအတော်များများက သဘောကျ ကာ စိတ်ဝင်စားကြသော်လည်း သူက နည်းနည်းမှ ပြန်၍ စိတ်မပင်စားသဖြင့်





သူမကလည်း ဘယ်နဲ့မှ မနေချေ။ စိတ်ထဲကတော့ ကျိတ်၍ ဝမ်းသာရသည်။ သူ့ကို မိန်းကလေးတိုင်းနှင့် အီဆီကလီ မဖြစ်စေချင်လှပါ။ လုံးဝကို အသန့်စားလေး ဖြစ်စေလိုသည်မှာ သူမရဲ့ အတ္တပဲလားတော့ မသိပေ။

ဒါပေမဲ့ ... သူက ပြန်လည်စိတ်ဝင်စားကာ နွယ်ပစ်ချင်သော အဖြစ်အပျက်တစ်ခုကို သူမက တားဆီးပစ်ခဲ့သည်။ ဒါကိုပင် သူက သူမကို သူငယ်ချင်းကောင်းဟူသော ခေါင်းစဉ်တစ်ခု ချီးမြှင့်ပေးရုံမျှအပ သူမရင်ထဲက ချစ်ခြင်းကို နားမလည်တတ်ခဲ့ချေ။ အဖြစ်အပျက်မှာ Bagan Net စတော့ချိုးပွဲက စတင်ခဲ့တာ ဖြစ်ပါသည်။ အဆိုတော်ပေါင်းမြောက်မြားစွာ၊ လူငယ်ပရိသတ်ပေါင်း မြောက်မြားစွာဖြင့် မြရိပ်ညို၏ညသည် အထူးသက်ဝင်စည်ကားလျက် ရှိသည်။ ထိုပွဲကို သူရယ်၊ သူမရယ်၊ နီတာရယ် အတူတူသွားခဲ့ကြခြင်းဖြစ်သည်။

သူက အနက်ရောင်ကပ်(ပ်)ဦးထုပ်ကို ဆောင်းထားကာ မီးခိုးရောင် လည်တီဖစ်တင်တီရှပ်၊ အနက်ရောင် ဘောင်းဘီဖြင့် အထူးတလည် သပ်ရပ်ချောမောနေခဲ့သည်။ နားတစ်ဘက်ဖောက်ထားပြီး နားကွင်းသေးသေးလေး ဝတ်ထားကာ၊ ကပ်(ပ်)ဦးထုပ် အမျိုးမျိုးကို လဲဆောင်းတတ်သော သူ့စတိုင်လ်ပဲဖြစ်သည်။

ဘာရယ်ကြောင့်မှန်း မသိချေ။ သူမ တွေ့ဖူးသမျှ ယောကျ်ားလေးများထဲတွင် သူ ကပ်(ပ်)ဦးထုပ်ဆောင်းကာ အလှ



Scanned by CamScanner

ဆုံးဖြစ်သည်။ ကပ်(ပ်)ဦးထုပ်ဆောင်း၊ နားကွင်းသေးသေးတစ်ဖက်နှင့် မျက်မှန်တပ်၍ ကားမောင်းသွားသော သူ့စတိုင်လ်ဟာ ဘယ်လိုကြည့်ကောင်းမှန်းကို မသိချေ။ သူမောင်းတဲ့ဘေးက တစ်ဘက်ခုံမှာ ထိုင်လိုက်ရင်း သူ့မျက်နှာကို ငေးရတာလောက် သူမ ကျေနပ်သဘောကျတာ မရှိ။ သူ့ဘေးမှာ သူမကလွဲ၍ ဘယ်မိန်းမတစ်ယောက်မှ မထိုင်ဘူးတာကိုလည်း သူမက ကျေနပ်မဆုံးခဲ့ပေ။

ထိုညက သူနှင့် သူမတို့ စကားတပြောပြောဖြင့် စတေ့ချ်ရှိုးရှိရာသို့ အသွားမှာ မိန်းမတစ်ယောက်က သူ့ပခုံးကို အင့်ခနဲနေအောင် ဝင်တိုက်မိလိုက်တာဖြစ်သည်။ သူနှင့် သူမက ကပ်လျက်မို့ သူမတောင် ဘေးကို အနည်းငယ်စောင်းသွားခဲ့ရသည်။

"ဆောရီး ..."

တောင်းပန်လိုက်သော မိန်းမကို သူရော သူမပါ ပြိုင်တူကြည့်မိလိုက်ကြသည်။ ထိုမိန်းမ တော်တော်လှသည်ဆိုတာကို သူရော သူမပါ ချက်ချင်းသတိပြုမိသွားပါသည်။ ရွှေရောင်ဆံပင်တွေက ကျောလယ်လောက်ရှိကာ လှပစွာ ကွေးကောက်နေကြသည်။ အနက်ရောင်ကြိုးတစ်ချောင်း လက်ပြတ်အင်္ကျီဟာ စိန်မှုန်တွေ တလက်လက်တောက်ပလျက် နူးညံ့ဝင်းမွတ်နေသော ပခုံးသားတွေကို အထင်းသား မြင်တွေ့စေလေသည်။

ဘောင်းဘီရှည်အနက်က ဘေးမှာ ခြေသလုံးထိ ခွဲထားသေးသည်။ ခန္ဓာကိုယ်တစ်ခုလုံးက ကောက်ကြောင်းအပြည့်





အဝ ပေါ်လွင်လျက်ရှိသော ထိုမိန်းမသည် လှသည်ဆိုတာထက် ကျော်ကာ Sexy တောင် ဆန်သည်ဟု သူမကတော့ ဝေဖန်ပစ်လိုက်သည်။ မဟုတ်ပင် ထိုမိန်းမရဲ့အလှက ပူလောင်စူးရှကာ ပြင်းထန်သောအလှမျိုးပင် ဖြစ်သည်။

"ရတယ် မ ... နီးပရော်ဘလမ် ..."

ကြည့်စမ်း ... ။ သူက ထိုမိန်းမကို 'မ'ဟု ခေါ်လိုက်တာပေါ့လေ။ သူမရင်ထဲ ချက်ချင်းကိုပင် သဝန်တိုသွားသည်။ ဒီလိုခေါ်စရာလား။ ထိုမိန်းမက သူမတို့ထက် အသက်ကြီးမှာတော့ အမှန်ပဲ ဖြစ်သည်။ ရုပ်ကိုက ပညာသည်ရုပ်၊ ပညာပြည့်ဝနေသောရုပ်ဟု သူမကတော့ တန်း၍ မှတ်ချက်ချလိုက်သည်။

ထိုမိန်းမက သူ့ကို ချိုမြရီဝေစွာ တစ်ချက်ပြုံးပြလေသည်။ ထိုအပြုံးထဲမှာ ဆေးခပ်ထားသလားဟု ထင်ရလောက်အောင်ပင် စေးစေးပိုင်ပိုင် ပျစ်ခဲလွန်းသည်။ သူကလည်း ပြန်လည်ပြုံးပြသည်။ ပြုံးပုံမှာ တစ်မျိုးပင်။ သူတို့နှစ်ဦးသည် အပြုံးထဲမှ တစ်စုံတစ်ခုကို ဖလှယ်နေကြသည့် သဏ္ဍာန်တွေပင်။ သူမနှင့် နီတာက တစ်ယောက်နှင့်တစ်ယောက် မျက်စတွေပစ်ပြလျက် အကြည့်တွေနှင့် စကားပြောနေကြသော သူတို့ကို ဖျက်ဆီးဖို့ ကြံရွယ်လိုက်သည်။

"သွားမယ်လေ ... ထက်သန့်ရဲ့ ... ဘာလုပ်နေတာလဲ"

သူမက လက်တို့လိုက်တော့မှ သူက သတိဝင်လာ



Scanned by CamScanner

သလို ခေါင်းတစ်ချက်ဆတ်ကာ ...

"စွင့်ပြုံးနော် မ ... ဆီးယူ ... "

ဆီးယူ ... ။ ဘာဆီးယူလဲ ... ။ သူနှင့် ထိုမိန်းမမှာ ဘာမှ ထပ်တွေ့စရာအကြောင်းလည်း မရှိချေ။ သို့သော် သူမရင်ထဲတွင် ဘဝင်ကိုမကျခဲ့ပါ။ ထိုမိန်းမ၏ ညှို့ရီရီအကြည့်တွေ၊ သူ့ရဲ့ ခပ်နက်နက်အကြည့်တွေကို သူမ မယုံချေ။ သူတို့ဟာ ဒီမှာတင် ဇာတ်လမ်းရပ်မှာ မဟုတ်ဘူးဆိုတာ သူမရင်ထဲမှာ အလိုလိုကို သိလေသည်။ အထူးသဖြင့် သူမရဲ့မျက်နှာကို ကြည့်လိုက်တာနှင့် သူ့ရဲ့အတွင်းသဘောကို ရိပ်မိအကဲခတ်နိုင်စွမ်းလည်း ရှိပါသည်။

သူမမှာ စတော့ချ်ရှိုးကိုတောင် ဖြောင့်ဖြောင့်မကြည့်အားဘဲ သူ့ကိုသာ တစ်ချိန်လုံး Check လုပ်နေရတာဖြစ်သည်။ ဟိုမိန်းမနှင့် သူမတို့ထိုင်သော နေရာမှာ သိပ်မဝေးလှချေ။ မျက်စောင်းထိုးလောက်ကျသဖြင့် သူတို့နှစ်ဦးကတော့ ဟန်ကျစွာဖြင့် မျက်ဝန်းစကားတွေ ဖွင့်လှစ်နေတာကို ကြာလာတော့ သူမ သည်းမခံနိုင်တော့။

ဟိုမိန်းမရှိရာဘက်သို့ လှည့်ရှိုးနေသော သူ့ရဲ့ နားရွက်တစ်ဖက်ကို သူမဘက်သို့ ဆွဲလှည့်ကာ ခေါ်လိုက်လေသည်။ သူ့နားရွက်က သူမရဲ့လက်ထဲမှာ ပါလာလျက် မျက်နှာတစ်ခုလုံးပါလိုက်လည်လာခဲ့သည်။

"အား လား လား ... နာလိုက်တာ ... ဘာလုပ်တာလဲဟ"





"နင် စတော့ချ်ရှိုး လာကြည့်တာလား ... ငမ်းပွဲ လာကျင်းပတာလား ... တော်တန်ရုံ ကောင်းတယ်နော် ... ငါ သိပ်မပြောချင်ဘူး ... "

သူက နာလည်း နာသွားရသလို သူ့ နားရွက်ဆွဲခံရတာ ဟိုမိန်းမလည်း မြင်သွားမှာဖြစ်သဖြင့် စိတ်တိုသွားပုံရှိသည်။

"ဘာလဲကွ ... နင့်ဘာသာ ကြည့်ပါလား ... ငါ့ဘာသာ ဘာပဲလုပ်လုပ်ပေါ့ ... တောက် ... မုန်းဖို့ကောင်းလိုက်တာ"

သူ တိုးတိုးရေရွတ်လိုက်သော နောက်ဆုံးစကားကို သူမ အတော်လည်း အခံရခက်သွားသလို ဝမ်းလည်း နည်းသွားရပါသည်။ ကျန်သည့်အချိန်မှာ သူ ဘာပဲပြောပြော သူမ အပြုံးမပျက်ပေမယ့် မိန်းမတစ်ယောက်အတွက်နှင့် အပြောခံရတာတော့ ခံစားမိရလေသည်။

ချက်ချင်းပင် သူမရဲ့ မဟုတ်မခံစိတ်ကလည်း ခေါင်းပြူလာခဲ့ကာ

"မုန်းရင် လဲသေလိုက်ပေါ့ ... ဖြစ်ပျက်နေလိုက်တာ ... ဣန္ဒြေတောင် မရဘူး ... "

"ဟာ ... နင် ဘာဖြစ်နေတာလဲ ... ပလိန်းကြီး လာဖွဲ့နေတယ် ... အေးဆေးနေနော် သေက် ... ကွိုင်လာမရှာနဲ့"

"ငါက ဘာရှာလို့လဲ ... နင့်ခေါင်းကြီး တစ်ချိန်လုံး လည်နေလို့ ပြောနေတာ ... ဇာတ်လမ်းတွေ ထွင်ဖို့ ဖန်နေတာ

မသိဘူးများ မှတ်နေလား ... အရှုပ်ထုပ်တွေ သွားဖြည်
(ဖြေ)မနေနဲ့ ... ငါ မကြိုက်ဘူးနော် ... "

သူက သူမကို အံ့သြသလို မျက်စိုးပင်ကြည့်ကာ ရယ်ဟာဟာဖြင့် ...

"ဟာဟ ... နင်နဲ့ငါ အကြိုက်ချင်း အမြဲပဲ တူခဲ့တာ ... ဒီ တစ်ခါ ကွဲလွဲသွားပြီပေါ့ ... နင်ကလည်းဟာ ကြည့်သာစမ်း ပါ ... ဟိုမှာ မြင်လား ... မမ ဘယ်လောက်ချောလဲ ... အပြုံးတွေက ရေလည်စားတယ် ... ဟုတ်တယ်မလား"

သူမသည် သူ့စကားတွေကို အတော်ကြီး နားကြား ပြင်းကတ်ကာ ရင်ထဲမှာလည်း စံရခက်လွန်းသည်။ ရင်ထဲမှ အခံက မျက်နှာပေါ်တွင် လာပေါ်လျက် သူမရဲ့မျက်နှာက အစွမ်းကုန် ရှုံ့မဲ့ သွားပြီးလျှင် ...

"အမလေး ... ကြားရတာ အော်ဂလီဆန်လိုက်တာ ... လာနှုပြမနေနဲ့ ... အပြုံးတွေက ရိုးရိုးစားတာ မဟုတ်ဘူး။ နင့်ကို ဖမ်းစားနေတာ ... ဒီနိုင်းက ဆရာကြီးဒီနိုင်းနဲ့ ... နင့်လောက်တော့ ပျင်းတယ်ဆိုတဲ့အထာနဲ့ ပြုံးပြနေတာ အဟုတ်မှတ်မနေနဲ့ ... "

သူမရဲ့စကားက သူ့ရဲ့ ယောကျာ်းမာနကို ပိုပြီး တောင် နှိုးဆွပေးလိုက်သလို ရှိလေသည်။ ဒီစကားကြောင့် ဟိုမိန်းမ ကို သူ ပို၍ စိတ်ဝင်စားသွားတာ ဖြစ်သည်။ ယောကျာ်းတွေဟာ





သူတို့ကို မိန်းမတစ်ယောက်နှင့်ယှဉ်၍ ပြောလာလျှင် မနှစ်မြို့တတ် ကြမှန်း၊ မခံချင်ဖြစ်တတ်ကြမှန်း သူမ ထိုစဉ်က သဘောမပေါက်ခဲ့ သေးချေ။

သူမရဲ့စကားက သူ့ကို ပို၍ Pressure ပေးလိုက်သလို ဖြစ်သွားသဖြင့် သူမ ကိုယ့်ကိုယ်ကို အတော်ဒေါသထွက်ရလေသည်။

သူက သူမ နားလည်ရခက်သော အပြုံးတစ်မျိုး ပြုံး ကာ ...

"ငါကလည်း အဲဒါမျိုးမှ စိတ်ဝင်စားတာကွ ... ရိုးရိုးလေး တွေ ဘာလုပ်မှာလဲ ... ပျင်းဖို့ကောင်းတယ် ... ဒီလို ပညာ သည်မျိုးမှ ယှဉ်ဖိုက်ရတာမိုက်တာ ... နင် စောင့်ကြည့်လေ၊ ဘယ်သူက ဆရာကြီးလဲဆိုတာ သိသွားစေရမယ် ... "

သူမသည် ချက်ချင်းပင် ထိတ်ထိတ်ပြာပြာ ဖြစ်လာ ရသည်။ ဘုရားရေ ... သူ တကယ့်ကိုပဲ ထိုမိန်းမကို ... ။

သူမ အတွေးမဆုံးခင်မှာ သူက သူမရဲ့စိတ်ကို သိနေ သောဟန်ဖြင့် သူမရဲ့ဆံပင်တွေကို စ,နေကျအတိုင်း တစ်ချက် ဆောင့်ဆွဲလိုက်ကာ ...

"ဘာလဲ ... နင်က ငါ ခံရမှာ စိုးရိမ်နေတာလား ... စိတ်မပူ ပါနဲ့ ရဲဘော်ရယ် ... ဒီလောက်တော့ အီဖေကိုယ်ကလည်း အုန်း(ဦး)မစားပါဘူး ... "

မဟုတ်ဘူး ထက်သန်။ နင် ရည်းစားထားမှာကို ငါ



Book Sharing

Scanned by CamScanner

ပူပင်နေရတာ။ နင် ဘယ်သူနဲ့တွဲတာကိုမှ ငါ လက်မခံနိုင်တာ။ ဒါတွေကို နင် နားလည်အောင် ငါ ဘယ်လိုဖွင့်ပြောပြရမလဲ။

သူမက ခေါင်းကို ခါယမ်းပစ်လိုက်ကာ ...

"ထက်သန် ... နင် စိတ်ကူးပေါက်ရာတွေ လျှောက်မလုပ်နဲ့ဟာ ... တော်ပြီ ... ဒီအကြောင်းတွေ မေ့လိုက်တော့"

"ဟာ ... ခုမှ တွေ့တယ်၊ ခု ဘယ်လို မေ့ရမလဲ ... စဉ်းစဉ်းစားစားလည်း ပြောပါ ဒေါ်အသက်ထက်ရယ် ... စိတ်ချပါဟာ ... ငါ သူ့ကို ဟတ်ထိ မထိပါဘူးဟ ... "

သူမက ဘာမှမပြောတော့ဘဲ စတော့ချ်ရှီးကိုသာ အာရုံစိုက်နေဟန်ဆောင်လိုက်သည်။ ရင်ထဲမှာတော့ သူ့အတွက် စိတ်ပူပင်နေရပြီဖြစ်လေသည်။ အင်း ... ဒီပွဲကို လာမိတာကိုက သူမ အမှားပါ။ ဒီလိုတော့လည်း မဟုတ်သေးပါဘူး။ အရင်ကလည်း သူနှင့်အတူ အကြိမ်ပေါင်းများစွာ ပွဲတွေ သွားဖူးသည်။ ဘယ်ကောင်မလေးနှင့်မျှ ဘာဇာတ်လမ်းမှ မဖြစ်ခဲ့။ ဒီတစ်ခါမှ ထိုမိန်းမကို တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းရခြင်းသည် ကံကြမ္မာက သူမကို ရက်စက်ခြင်းသာ ဖြစ်ပါသည်။

သူမက သူ မသိအောင် သက်ပြင်းတွေကို အခါခါ နှိုးချလျက် စတော့ချ်ရှီး ပြီးပါစေဟုသာ ဆုတောင်းနေရလေသည်။ စိတ်လည်း မပါတော့။ သူ့ကို ဒီကွင်းထဲက ဆွဲထုတ်ပြီး အိမ်မြန်မြန်ပြန်စေချင်ပြီ ဖြစ်သည်။ သို့သော် ... ပွဲပြီးသွားသော်လည်း သူက





အိမ်သို့ တန်းမပြန်သေးပေ။ ထိုမိန်းမရဲ့ ကားနောက်သို့ ရှဲဦးလိုက်သေးသည်။ သူမက အသံတွေတုန်အောင် ဒေါသထွက်လာလျက်

"ထက်သန် ... နင် တော်ပြီနော် ... ပြန်မယ်ဟာ ... ငါ အိပ်ချင်ပြီ ... "

သူက သူမစကားကို ဂရုမစိုက်ဟန်ဖြင့် ဂီယာပြောင်းကာ အရှိန်ထပ်တင်လိုက်ရင်း ...

"အိုဗာတင်းတွေ ဖျော်တိုက်မနေနဲ့ ... နင်လား ဒီအချိန်လောက်နဲ့ အိပ်ချင်မှာ ... ဘောလုံးပွဲရှိရင် တစ်ညလုံး မအိပ်တဲ့ မိန်းမကများ ... ခဏလေးပါကွာ ... ပလိစ် ... လိမ္မာတယ် ... ချစ်တယ်ရင်လေးက ... သူ့အိမ်ကို သိရင်ပြီးပါပြီ"

"သူ့အိမ်ကို သိတော့ ဘာလုပ်မှာလဲဟဲ့ ... ထက်သန် ... နင် တကယ်ပဲ ရူးသွပ်နေပြီလား ... ဟမ် ... "

"ကျွတ် ... အသာနေစမ်းကွာ ... နင် ဘယ်လိုဖြစ်နေတာလဲ အသက် ... နင် ဒီလို ဂျိုဂျောင် တစ်ခါမှ မလုပ်ဖူးပါဘူး ... ခုမှ အသံတွေ ကြားနေရတယ် ရဲဘော်ရယ် ... နင်နဲ့ ငါ အမြဲပဲ အကြိုက်တူခဲ့တာပါကွ ... "

သူ့စကားကို သူမက ဘာမှ ပြန်မပြောတော့ချေ။ ဘယ်လောက်ပဲ နေရာတိုင်းမှာ အကြိုက်ချင်း တူပလေ့စေ၊ ဒီလိုနေရာမှာတော့ တစ်စက်မှ တူမှာမဟုတ်ဆိုတာ သူ မသိနိုင်ပါ။ သူမက အသာပင် ပါးစပ်ပိတ်လိုက်တော့သည်။ ထိုမိန်းမအိမ်ကို



Scanned by CamScanner

သူ သိသွားသောအခါ အသာပင် ပြန်လှည့်လာခဲ့သည်။

သူမကတော့ အိမ်ရောက်သည်အထိ သူ့ကို စကား မပြောတော့ချေ။ ကားတံခါးကို အကျယ်ကြီး ဆောင့်ပိတ်ပစ်ခဲ့ခြင်း အားဖြင့် သူ့ကို စိတ်ကောက်သွားပြီဖြစ်မှန်း သူ သိစေမှာဖြစ်သည်၊ သူ ထိုမိန်းမကို Heart မထိပါဘူးဆိုသော စကားနှင့်တင် ထိုညက သူမ အိပ်ပျော်အောင် ကြိုးစားအိပ်ခဲ့ရခြင်း ဖြစ်ပါသည်။ သူ့ကိုတော့ တကယ်ပင် မကျေနပ်ခဲ့။







နောက်တစ်နေ့ နံနက်ခင်း သူမ မနိုးသေးခင်မှာပင် သူက ဖုန်းဆက်၍ နှိုးလေသည်။ ညက အိပ်ရာဝင်တာ နောက်ကျ သဖြင့် သူမက အိပ်ရေးမဝသောအသံဖြင့် စောစောစီးစီး လာမြည် သောဖုန်းကို ကောက်နားထောင်လိုက်သောအခါ သူ ဖြစ်နေသည်။ သူမ စိတ်ကောက်သွားမှန်းသိ၍ ချော့တာဖြစ်သည်။ ဒီလိုဆိုတော့ လည်း သူ့ရဲ့ အပြုအမူတွေအတွက် စိတ်ကျေနပ်ရပြန်လေသည်။

"ရဲဘော် နိုးပြီလား ... မောနင်းဟေ့ ... ထထ ... နည်း



Scanned by CamScanner

နည်းပါးပါးလေး လှလှပြင်လိုက် ... Breakfast သွားကစ်ရအောင်ကွာ ... "

သူ့ရဲ့ ချော့နည်းက သူမကြိုက်သော အစားအစာတွေနှင့် မျှားခြင်းဖြစ်သည်။ ဒီနည်းက ဘယ်တော့မှ ရိုးမသွားသလို သူမကလည်း ဒီနည်းနဲ့မှပဲ ကျေနပ်တာ ဖြစ်လေသည်။

စိတ်ထဲမှာ ပီတိဖြစ်သော်လည်း သူ့ကို မကျေနပ်သေးတာမို့ ...

"နင့်ဘာသာ ကစ် ... ငါ အိပ်ရေးမဝသေးဘူး ... "

"ဟာကွာ အသက်ကလည်း ... အဲဒီလို မလုပ်ပါနဲ့ ... နင်နဲ့ငါ အမြဲတမ်း စိတ်တူနေကြပါ ... ငါ ဒီနေ့ စောစော ရှမ်းခေါက်ဆွဲ စားချင်နေတယ်ဟာ ... နင်ရော မစားချင်ဘူးလား ... ဝက်သားနဲ့လေ ... တို့ဟူးကြော်လေးတွေနဲ့ ... ရှမ်းမုန့်ညင်းချဉ်နဲ့ ... ဟဲ ဟဲ ပြီးရင် Gold Tea နဲ့ အစာပိတ်မယ်လေ ... မကောင်းဘူးလား ... "

သူက သူမ သွားရည်မကျ ကျအောင် ပြောနေတာဖြစ်သည်။ သူမကလည်း တကယ်ကိုပဲ စားချင်လာမိပါသည်။ သူပြောသလို နံနက်ခင်း စောစောစီးစီးမှာ ရှမ်းအစားအစာက စားချင်စဖွယ် ဖြစ်နေခဲ့တာ အမှန်ပင်။

"ဟိတ် ... စားမယ်မလားကွာ ... ထ ထ ... "

ချစ်သူနိုးသော မနက်ခင်းဟာ ဘယ်လောက်များ





ချိုမြိန်လတ်ဆတ်သလဲဆိုတာ ခံစားဖူးသောသူတွေမှပဲ သိကြပါမည်။ ထိုတစ်နေ့လုံးသည် သာယာမှုဖြင့် စတင်၍ သက်ဝင်လှုပ်ရှားတော့မှာဖြစ်သည်။

"အေးပါ ... သူ့ စားချင်တိုင်း လာအဖော်ညှိနေတယ် ... ခဏစောင့် ... "

"အေး အေး ... ငါ စောင့်နေမယ် ... နင် ပြီးရင် အိမ်ဘက်ကူးလာခဲ့ ... "

သူက ဖုန်းချလိုက်ပြီးနောက် သန့်ရှင်းရေးတွေ မြန်မြန်လုပ်ကာ ကြည့်ကောင်းအောင် ပြင်ဆင်လိုက်သည်။ ပခုံးထိရှည်သော ဆံပင်တွေကို ဘီးဖြင့် တစ်ချက်နှစ်ချက် ဖြီးသင်ကာ မျက်နှာကို နို့ရည်သုံးလေးစက်ချကာ ပွတ်လျက် 2 way cake ရိုက်ပြီးသွားသောအခါ အလှပြင်ဆင်မှု ပြီးသွားပြီဖြစ်သည်။

နှုတ်ခမ်းနီကတော့ တမင်ကို မဆိုးတော့တာ ဖြစ်သည်။ ရှမ်းခေါက်ဆွဲနှင့် တို့ဟူးကြော်ကို အားရပါးရ စားမှာမို့ ဆီတွေပေမှာ၊ တစ်သျှူးများများသုံးရတော့မှာ၊ အဲဒီကျ နှုတ်ခမ်းနီလည်း အလိုလိုပျက်ပြီးသားဖြစ်မှာကို သိနေသောကြောင့် မဆိုးတော့ချေ။

ကော်ဖီရောင် ရိုးရိုးဘလောက်စ်လေးနှင့် အညိုရောင် အကွက်စကတ်ကို ဝတ်ပြီးသွားသောအခါ သူမရဲ့ ပြင်ဆင်မှုက ပြီးဆုံးသွားပြီဖြစ်သည်။ သူက သူမကို သဘောကျသည့်အထဲ



Scanned by CamScanner

တွင် အချိန်မြန်ဆန်မှုလည်း အဓိက ပါသည်ဟု ပြောဖူးသည်။ တစ်နေရာသွားမည်ဆိုလျှင် သူမကို စောင့်ရသည်ဆိုတာ ဘယ်တော့မှမရှိချေ။ ဘယ်သွားမည်ပြောလိုက်တာနှင့် ယောကျ်ားလေးတစ်ယောက်လို ကောက်ခနဲ ထပါလာတတ်စမြဲ။

သူမ အိမ်ပေါ်ကနေ မြောက်မြောက်လေး ပြေးဆင်းလာတာကို စုစုက တအံ့တသြ မော့်ကြည့်ကာ ...

"အံမယ် ... မိုးတွေဘာတွေ အချိန်ခါမဟုတ် ရွာအောင်လုပ်နေပြန်ပြီ ... ဒါက ဘယ်ကို လိမ့်ဦးမလို့လဲ ... "

"ဝါးတီးသွားမလို့ ... စု စားဦးမလား ... ပါဆယ် ဆွဲခဲ့မယ်လေ ... ရှမ်းလား ... တို့ဟူးနွေးလား ... "

"ရှမ်းခေါက်ဆွဲ ဝယ်ခဲ့ဟယ် ... တို့ဟူးကြော်ပါ ဝယ်ခဲ့ ... လက်စသတ်တော့ အစားတွယ်ရမှာမို့ စောစောထတာကိုး"

"သိလည်း ပြီးတာပဲ ... ဝယ်ခဲ့မယ် ... မာမီဖို့ရော ဝယ်ခဲ့မယ်လို့ ... သွားပြီ ... "

သူက ကားတံခါးကို မှီလျက် ရပ်စောင့်နေပါသည်။ သူမကို လှမ်းပြုံးပြတာမို့ နှုတ်ခမ်းတစ်ချက်မဲ့ပြကာ သူမက ကားပေါ်တက်ထိုင်လိုက်သည်။ သူမ ထိုင်ပြီးတာနှင့်တစ်ပြိုင်နက် သူက မောင်းထွက်လိုက်ပါသည်။ TRI ကပ်ဦးထုပ် အစိမ်းဖျော့ဖျော့လေး ဆောင်းထားလျက် ဖစ်တင်တီရှပ်အဖြူ၊ စစ်စိမ်းရောင် ဂျော်ဒန်းနိုးဘောင်းဘီနှင့် သူ့ပုံစံဟာ သူမထက်တောင် ပိုကြည့်ကောင်း ချောမောသည်။





သူနှင့် သူမ တွဲသွားလျှင် သူက ပို၍အကြည့်ခံရသည်။ သူ့ပုံစံက ယောကျ်ားပီသကာ စွဲဆောင်မှုရှိသည်ဟု ပြောရပါမည်။ အထူးသဖြင့် သူ့ရဲ့အကြည့်တွေသည် တစ်ဖက်သားကို မွေ့ယမ်းပစ်လိုက်နိုင်စွမ်းရှိသည်။ သူမက သူ့အကြောင်းကို ဘေးထားကာ တွေးတောပါလာသလို သူကလည်း Hip Hop သီချင်းတစ်ပုဒ်ကို လိုက်ဆိုရင်း နှစ်ဦးသား စကားမပြောဖြစ်ကြဘဲ ရှိကြလေသည်။

ခဏကြာမှ သူက စတင်၍ ...

"အသက် ... ယူ တို့ကို စိတ်မဆိုးတော့ဘူးနော် ... "

သူက သူမကို ဘယ်တော့မှ တစ်သမတ်တည်း မခေါ်တတ်ပေ။ မင်း နဲ့ ငါ၊ ယူ နဲ့ တို့၊ နင် နဲ့ ငါ၊ ဟောကောင်၊ ရဲဘော် သူ့ပါးစပ်ထဲရှိရာ အကုန်လျှောက်ခေါ်တတ်လေသည်။ တစ်ခါတလေ ညည်းဟုတောင် ပြောတတ်သေးသည်။ သူ ဘယ်လိုပဲခေါ်ခေါ် အဲဒီထဲမှာ သူမအတွက် ရင်းနှီးနွေးထွေးမှုတွေ အပြည့်အဝ ပါရှိတာမို့ သူမ ကျေနပ်ပါသည်။

"တော်စမ်းပါဟာ ... စိတ်ကောက်ရတာ ပျင်းလွန်းလို့"

"အယ် ... တော်ဒယ် ... နင့်ကို ငါ ချစ်တဲ့အထဲမှာ အဲဒါတွေလည်း ပါတယ် ... ငါ ရည်းစားမထားချင်တာ မိန်းကလေးတွေ စိတ်ကောက်တာကို မချော့ချင်လို့ဟ ... ပျင်းစရာကောင်းတယ် ... "

သူ့စကားက သူမကို အနည်းငယ် လှုပ်ရှားသွားစေပါသည်။



Scanned by CamScanner

"ဒါဆို ... နင် ဘယ်တော့မှ ရည်းစားမထားတော့ဘူးလား"

သူမမေးခွန်းကို သူ ပြန်မဖြေအားတော့။ ရှမ်းရိုးရာ စားသောက်ဆိုင်ရှေ့ ရောက်ပြီမို့ ဆိုင်ရှေ့မှာ ကားပါကင်ထိုးတာနှင့် သူ အလုပ်များသွားသည်။ ဆိုင်ထဲရောက်တော့လည်း စားစရာတွေ အသီးသီးမှာကာ ဗိုက်ဆာနေကြပြီမို့ စားသောက်နေတုန်းမှာလည်း စကားမဆက်ဖြစ်တော့။ သူမကတော့ စားရင်းသောက်ရင်းမှလည်း အခုနကစကားကို မမေ့ပျောက်နိုင်။ သူ ဘာပြန်ဖြေမလဲဆိုတာကို စိတ်ဝင်စားနေလေသည်။

စားသောက်ပြီးသောအခါ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်မှ Gold Tea မှာသောက်ကြရင်းမှ သူမက အခုမှ အမှတ်ရသလိုပုံစံဖြင့် စကားပြန်ဆက်ရပေသည်။

"နင် ... ငါမေးတာ ဖြေဦးလေ ... ရည်းစား မထားတော့ဘူးပေါ့ ဟုတ်လား ..."

"ခု ထားတော့မယ် ..."

သူက ဘာမှမဖြစ်သလို အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။ အစေပိုင်း ကြည်နူးရှင်ပျမှု အားလုံးသည် သူ့စကားတစ်ခုထဲအောက်တွင် ကြေကွဲသွားခဲ့ရသည်။

"ဘယ်သူလဲ ... ငါလည်း မသိရပါလား ..."

"နင် သိပါတယ် ..."

သူက ပြုံးစစဖြင့် ပြန်ဖြေပုံမှာ အသည်းယားချင်စရာ





ကောင်းလှသော်လည်း ဒီတစ်ခါ သူမ ဒါတွေကို မခံစားနိုင်တော့ချေ။

"မသိဘူး ... ရှုပ်နေတာပဲ ... ငါ စိတ်လည်း မဝင်စားဘူး"

"ဝင်စားပါ ရဲဘော်ရာ ... နင် မပါဘဲနဲ့ ငါ ဘယ်လိုလျှပ်ရှားရမလဲ ... သူ့ကို နင် သိပါတယ် ... ခက်နေတော့ ... မ,ရဲ့ နာမည်လေးက လှတယ်နော် ... ကဗျာပဲ ..."

"ဘာရယ် ... ညက မိန်းမကို ပြောနေတာလား ... နေစမ်းပါဦး ... နင့်ရဲ့ အင်ဖော်မေးရှင်းကလည်း မြန်လိုက်တာ၊ ဒီမိန်းမ သူ့ကိုယ်သူတော့ Website တင်ထားမှာ မဟုတ်ပါဘူး ... တစ်ညပဲ ရှိသေးတယ် ... နင် ဘယ်လိုလုပ် သိလာတာလဲ ..."

သူက ပိုင်နိုင်သလို မျက်နှာထားနှင့် ပြုံးနေလေသည်။ သူမရင်ထဲမှာတော့ တစေတစနှင့် လောင်ကျွမ်းလာရပြီ။ သူ့ရဲ့ပြုံးပုံကို သူမ သဘောမကျလှ။ သူ့ပြုံးပုံထဲမှာ သူမ မသိသော လျှို့ဝှက်ချက်တစ်ခု ရှိကိုရှိနေမှန်း သူမ သိ၏။

"နင် စိတ်ဝင်စားနေပြီမလား ..."

"မပြောလည်း နေဟော့ ... သိပ်ပဲကိုင်မနေနဲ့ ..."

"ပြောပါ့မယ် ရဲဘော်ရာ ... နင် သတိမထားမိလို့ပါ ... ငါ့ရဲ့ တံခါးဘက်မှာ ချွမ်းဂန်က စာရွက်လေးနဲ့ ဖုန်းနံပါတ်တစ်ခု ရေးပြီး ကပ်ထားခဲ့တယ်ဟ ... ကျန်တာ ဘာမှ



Book Sharing

Scanned by CamScanner

ရေးမထားဘူး … ဖုန်းနံပါတ်တစ်ခုပဲ … ဒါပေမဲ့ ငါ သေချာသိလိုက်တယ် … အဲဒါ သူပဲဆိုတာ … အိမ်ရောက်တော့ ဖုန်းဆက်ကြည့်လိုက်တယ် … တကယ်ပဲ သူ ဖြစ်နေတယ်၊ သူ့နာမည်က ခက်နဝေတဲ့ … သူနဲ့ငါ မိတ်ဆွေတွေ ဖြစ်သွားပြီ … ”

သူမရင်ထဲတွင် ခါးသီးမှုတစ်မျိုးဖြင့် ကြမ်းရှသွားခဲ့လေသည်။ သူ့ကိုလည်း ပထမဆုံးအကြိမ် အံတော်ပင် အမြင်ကတ်သွားခဲ့ပါသည်။ အမြဲပင် ချစ်စဖွယ်ကောင်းခဲ့သော သူ့ရုပ်သွင်သည် ဒီတစ်ခါတော့ မုန်းစရာကောင်းလွန်းလှသည်။

ရှေးစကားတွေဟာ တယ်မှန်တာပဲ။ ချစ်ရင် အပြစ်မမြင်တတ်ကြဘူးတဲ့။ သူမကတော့ သူ့ကိုရော … ကဲလွန်းကာ အထာတွေ ပေးတတ်လွန်းသော အခုမှ နာမည်သိရသည့် ခက်နဝေဆိုသော မိန်းမကိုရော မုန်းလေသည်။ ခက်နဝေကို ပိုလို့တောင် မုန်းသေးသည်။ တစ်ချိန်လုံး သူမ စောင့်ကြည့်နေသည့်ကြားမှ ဘယ်အချိန်ကများ စာကပ်သွားရတာပါလိမ့်။ တစ်ညလေးတွေ့ တစ်ညလေးတွင်းမှာပင် သူနှင့် ထိုမိန်းမက မိတ်ဆွေ ဖြစ်သွားကြပြီ။ နောက်တစ်ပတ်လောက်နေလျှင် ရည်းစားမဖြစ်ဘူးဟု အာမခံနိုင်ချေ။

“ဘာလဲ … နင်က အဲဒီလေဒီကြီးကို ကြိုက်သွားပြီလား”

“ဟာ … လေဒီကြီးလို့ မသုံးစမ်းပါနဲ့ … မိ,က ငါတို့ထက်





တောင် Alter ဖြစ်သေးတယ် … မိ,က ခင်ဖို့ကောင်းပါတယ်၊ နင့်ကိုတောင် ချစ်စရာလေးတဲ့ … မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့တဲ့ … ”

သွားစမ်းပါ။ အပိုတွေ ပြောနေတာမှန်း သူမ သိသည်။ ထိုမိန်းမ ကြည့်သွားသော အကြည့်တွေကို သူမ ကောင်းကောင်း သဘောပေါက်လေသည်။ သူမတို့ကို သူငယ်နှပ်စားလေးတွေ ဆိုသောအကြည့်။ ဒါကို သကောင့်သားက မရိပ်မိရှာဘဲ သူ့ကိုယ်သူလည်း ရွှေဘဝင်လေဟပ်နေသည့် အဖြစ်ကို … သူမက အတော်ချဉ်လာလေပြီ။ ချက်ချင်းပင် ဦးနှောက်ထဲက ဉာဏ်နီဉာဏ်ဝါမီးတွေ တဖျတ်ဖျတ်လင်းလာလျက် လှပစွာ တစ်ချက်ပြုံးလိုက်ကာ …

“ထားလိုက်ပါဟာ … နင် ကြိုက်ရင်လည်း လိုက်ပေါ့”

“နင်က သဘောတူတယ်ပေါ့ … ”

“သေစမ်း … ငါနဲ့ ဘာဆိုင်လဲ … နင် ဒီလောက်ပြောနေမှတော့ ကြိုက်နေမှန်း အသိသာကြီး … လိုက်တာ မလိုက်တာ နင့်ကိစ္စ … ငါ့ဆီက ဘာအကြံဉာဏ်မှ လာမတောင်းနဲ့ … ”

“အေးလေ … ဒါဆိုလည်း ပြီးတာပဲ … ဒီတစ်ခါတော့ နင်နဲ့ငါ ဆန္ဒချင်း ကွဲလွဲပြီပေါ့ … ”

သူမက ဘာမှပြန်မပြောဘဲ အသာနှုတ်ဆိတ်ကာ



Scanned by CamScanner

နေလေသည်။ အပြန်လမ်းမှာ သူကလည်း နှုတ်ပိတ်၊ သူမကလည်း နှုတ်ဆိတ်လျက်။ သူမ နှုတ်ဆိတ်ခြင်းမှာ အကြောင်းတစ်ခု ပါဝင်လျက်ရှိပြီး သူ နှုတ်ပိတ်နေတာတော့ သူက တပြန် သူမကို စိတ်ကောက်သွားခြင်း ဖြစ်သည်။ သူ စိတ်ကောက်လျှင် မျက်နှာက အပိုးမကျိုးဘဲ ခနဲ့တဲ့တဲ့ပြုံးကာ ... အေးလေ ပြီးတာပဲဆိုသော စကားကို တွင်တွင်သုံးတတ်ကာ ရိုးနေပြီဖြစ်သည်။ သူရော သူမရောက အကြိုက်ချင်းတူညီလျက် ခဏခဏလည်း စိတ်ကောက်တတ်ကြသည်။ ဒီတစ်ခါတော့ သူမက သူ့ကို လှည့်မကြည့်ဘဲ ဖာသိဖာသာပင် နေလေသည်။ အိမ်ရောက်တော့လည်း ခပ်တည်တည်ပင် မုန့်ထုပ်တွေဆွဲလျက် ကိုယ့်အိမ်ဘက် ကိုယ်ကူးလာခဲ့သည်။

သူမ ရောက်သွားတာနှင့် အချိန်ကိုက်ပင် မာမီနှင့် စုကလည်း ကော်ဖီသောက်ရင်း စောင့်နေပြီ။ မာမီက မုန့်စားပြီးသောအခါ သူမတို့ကို နှုတ်ဆက်လျက် ရုံးသို့ ထွက်သွားသည်။ ထမင်းစားပွဲမှာ ထိုင်ကာ တစ်ခုံတစ်ခုကို အပြင်းအထန် အကြံထုတ်လျက်ရှိသော သူမကို စုက အကဲခတ်ကာ ...

"ငြိမ်လို့ပါလား ... ဘာလဲ ထက်သန်နဲ့ ရန်ဖြစ်လာပြန်ပြီလား ..."

"မဖြစ်ပါဘူး စုရာ ..."

"ဒါဆို စိတ်ဆိုးလာကြတာမှလား ..."

သူမက ပြန်မဖြေချေ။ ကော်ဖီကရားကိုသာ တွေ





တွေ စိုက်ကြည့်နေမိသည်။

"ဘာလဲ ... ထက်သန်က မိန်းကလေးတစ်ယောက်ကို ကြိုက်တယ် ပြောလိုက်လို့လား ..."

ဒီတစ်ခါတော့ သူမက စုကို တအံ့တဩနှင့်ပင် မော့ကြည့်မိလေသည်။ သူမကို ပြန်ကြည့်သော စုရဲ့ အပြုံးတွေဟာ ဝိုင်နိုင်ကာ သေချာလို့နေသည်။ ခပ်တိုတိုညှပ်ထားသော်လည်း ပုံကျလှပသည့် ဆံပင်တိုလေးကြောင့် စုရဲ့ နားနှစ်ဖက်က စိန်နားကပ်သည် တဖျပ်ဖျပ်တောက်ပနေသလို မျက်ဝန်းတွေဟာလည်း စိန်ပွင့်တွေလိုပင် တဖျပ်ဖျပ်လက်တောက်ပလျက်။ အင်း ... စုဟာလည်း သိပ်ကို ချောမောတာပါပဲ။

ပညာလည်းတတ်၊ ထက်မြက်တဲ့ အတွေးအခေါ်လည်းရှိ၊ ငွေကြေးဥစ္စာလည်း ကြွယ်ဝချမ်းသာကာ လှပမှုဘက်မှာလည်း ပြောစရာမရှိသော စုဟာ ဘာကြောင့် အပျိုကြီး ဖြစ်ခဲ့ရပါသလဲ။

ကြည့်စမ်း ... ။ ဒါကို သူမ ဘာကြောင့် ခုမှတွေးမိရတာလဲ။ စုရဲ့အပြုံးဟာ သူမ ဘာတွေဖြစ်နေလဲဆိုတာကို ကောင်းကောင်းသဘောပေါက်သော အပြုံးပင်။ စုဟာ ... သူမတို့အရွယ်က ဖြတ်သန်းလာခဲ့သော သူတစ်ယောက်ဆိုတာ သူမ ဘာလို့မေ့လျော့နေခဲ့မိတာပါလိမ့်။

သူမက လက်ရှိဖြစ်ပျက်နေသော အဖြစ်ထက် စုကို

ပို၍ စိတ်ဝင်စားသွားခဲ့သည်။

"စု ... စု ဘာလို့ ယောက်ျားမယူတာလဲ ... အင်း ... ဘာလို့ အပျိုကြီးလုပ်တာလဲ ... "

စုက မမျှော်လင့်သော မေးခွန်းကို အမေးခံလိုက်ရသဖြင့် ရုတ်တရက်တော့ မျက်မှောင်ကြုတ်သွားလျက် ချက်ချင်းပင် ညစ်ကျယ်ကျယ် ပြန်ပြုံးပစ်ကာ ...

"နင်တို့လို အပူမရှာချင်လို့ပေါ့ဟာ ... ရှင်းရဲ့လား ... "

"အံမယ် ... သက်က ဘာအပူရှာနေလို့လဲ ... သက်မှာ ရည်းစားလည်း မရှိဘူး ... "

"ရည်းစားတော့ မရှိဘူး ... နှလုံးသားတော့ ရှိတယ်မှလား ဟား ဟား ... "

စုရဲ့ ရယ်သံကြီးကို သူမ မကြိုက်ချင်ပေ။ စုရဲ့ ရယ်သံဟာ တစ်စုံတစ်ခုကို သိနေသလိုလို ပိုင်နိုင်သေချာနေတာမို့ သူမ နောက်ကျောထဲကနေတောင် စိမ့်တက်လာခဲ့သည်။ ဘုရားရေ ... စု ရိပ်မိနေတာများလား ... ။

"ဟာ ... နှလုံးသားကတော့ လူတိုင်းရှိတာပဲ ... စု ရော မရှိလို့လား ... "

"ရှူးချင်ယောင်ဆောင်မနေစမ်းပါနဲ့ အသက်ထက်ရယ် ... ငါလည်း နင့်အရွယ်က ဖြတ်သန်းလာရတာပါ ... နင့်ကို တစ်ချက်ကြည့်လိုက်တာနဲ့ နင် ဘာဖြစ်နေတယ်ဆိုတာ ငါ





တန်းသိတာပေါ့ ... "

သူမက ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသော်လည်း ဟန်ဆောင်ဖုံးကွယ်ပစ်ရင်း ...

"ဘာဖြစ်လို့လဲ ... ဘာမှ မဖြစ်ဘူး ... "

စုက သူမကို ဘာမှမပြောတော့ဘဲ ခပ်တွေတွေ တစ်ချက်စိုက်ကြည့်ကာ နှုတ်ခမ်းကိုက်လျက် ခဏမျှ စဉ်းစားနေပြီးလျှင် သူမ အံ့အားသင့်ရမည့် စကားတစ်ခွန်းကို ပြောခဲ့ပါသည်။

"အေးလေ ... ဒီအချိန်က နင် ဝန်ခံဖို့ စောချင်စောဦးမှာပေါ့ ... ဒါပေမဲ့ ခုနက နင့်ကို ငါမေးလိုက်တဲ့ မေးခွန်းကတော့ မှန်သွားတယ်မဟုတ်လား ... နင် နားလည်အောင် တစ်ခုပြောရရင် လူတွေဟာ ကိုယ်တိုင်ခံစားဖူးမှ ကိုယ်ချင်းစာတတ်ကြတာပါ ... ငါ နင့်ကို စာနာနားလည်တယ် ... ငါက သူများတွေထက် တမူထူးပြီး အာရုံရနေတာ မဟုတ်ဘူး ... ငါကိုယ်တိုင်ကလည်း နင့်လိုမျိုး တစ်ချိန်က ခံစားခဲ့ဖူးလို့ပဲ ... ဒါပေမဲ့ ဒီကိစ္စလေးဟာ အပရိကလေးပါဟာ၊ ထက်သန်ဟာ ခုမိန်းကလေးကို တကယ်မချစ်ပါဘူး ... သူတို့ ရည်းစားတောင်ဖြစ်မှာမဟုတ်ဘူး ... စောင့်ကြည့်လိုက် ... "



Scanned by CamScanner



စု ပြောသလို စောင့်ကြည့်ဆဲ အနေအထားမှာပင် တစ်ပတ်ပြည့်ပြီးနောက် သူမဆီ ထက်သန် ပေါက်ချလာခဲ့လေသည်။ ဒါပါနှင့်ဆို သူနှင့်သူမ မခေါ်တာ တစ်ပတ်ပြည့်သွားပြီ ဖြစ်သည်။ သူ့ကို အလွန်အမင်း လွမ်းဆွတ်လှသော်လည်း ဒီကိစ္စမျိုးမှာတော့ အလျှော့မပေးချင်၍ တမင်ကို မခေါ်တာဖြစ်သည်။ သူကလည်း တင်း၊ သူမကလည်း တင်းနှင့် တစ်ပတ်ပြည့်သောအခါ သူက ရှုံသိုးသိုးနှင့် ပေါက်ချလာခဲ့လေသည်။





ဒီတစ်ပတ်အတွင်းမှာ သူနဲ့ မဆုံဖြစ်သော်ငြားလည်း သူမ အိမ်မကပ်ရပေ။ တစ်ပတ်တွင်းမှာပင် သူ့ရဲ့လေဒီကြီးကို ရှုံးလိုက်ရတာဖြစ်သည်။ ရှုံးမှာ များများမလိုက်ရချေ။ ထိုမိန်းမသည် ဆရာကြီးတင်မကဘဲ ဆရာ့ရဲ့ ဆရာမဟာကြီး ဖြစ်နေတာကို အချိန်တိုတွင်းမှာ သိခွင့်ရခဲ့သလို သူမနှင့် နီတာတို့ လက်စွမ်းပြကာ နှိုးရိုက်ထားသော အခွေလေးကိုလည်း သူ့ဆီသို့ စာတိုက်က တစ်ဆင့် ပို့ပေးလိုက်သဖြင့် သူလည်း သဘောပေါက်လောက်ပြီ။ ထိုမိန်းမနှင့် သူ့ရဲ့ အနကယ်ကြီးတို့ စုံတွဲခုတ်သော ပုံများကို သူမတို့က ပါပါရာဇီတွေ အရှုံးပေးရအောင် လက်စွမ်းပြထားခြင်း ဖြစ်လေသည်။ ဒါကြောင့် သူမက သူ့ကို ဒူးနန့်၍ လက်နက်ချလာချိန်ကို စောင့်ခဲ့ခြင်းပင် ဖြစ်ပါသည်။

"တယ်လည်း တော်တဲ့ သတင်းထောက်မကြီး ... ဟော်မီသော်ဖော် လုပ်ချင်လို့ Mr. Guitar ကို လိုက်ခဲ့ပါလား"

"ဘာလဲ ... လူတွေအများကြီးရှေ့ရောက်မှ ဒူးထောက်ချင်တာလား ... ဒီမှာထောက်လည်း ရပါတယ် ... "

သူမရဲ့ အပိုးမကျိုးသော မျက်နှာကို သူက ဒေါသထွက်သလို ကြည့်သည်။ ပြီးတော့မှ တဖြည်းဖြည်းနှင့် ပြုံးလာကာ သူမနံဘေးမှာ ဝင်ထိုင်ရင်း ရယ်လေသည်။ သူမကလည်း သူ့ရယ်သဖြင့် လိုက်ရယ်သောအခါ နှစ်ဦးသားကြားမှာ တစ်ခဏအတွင်း



Scanned by CamScanner

၌ပင် ဘယ်သူဘယ်သူမှ ချော့စရာမလိုဘဲ ငြိမ်းချမ်းရေးရသွားကြလေသည်။

"ဘယ်လိုလဲ ... မ,ဆိ ဖုန်းမဆက်တော့ဘူးလား ... "

သူမက မေးလျှင် သူက ရှုံ့မဲ့သွားကာ ...

"တော်ပါကွာ ... တကယ့်မိုင်းဗုံးပဲ ... ဒါမျိုးတွေ ငါက နည်းနည်းမှတောင် ပတ်သက်ချင်တာမဟုတ်ဘူး ... "

"မ,က Alter ပဲဆို ... "

သူမက သူ မခံချင်အောင် အမျိုးမျိုးစ,နေလျှင် သူက ဘာမှပြန်မပြောနိုင်ဘဲ အောင့်သက်သက်နှင့် ပြုံးနေရလေသည်။ ကြာလာသောအခါ သူက သည်းမခံနိုင်တော့ဟန်ဖြင့် သူမဆံပင်တွေကို ဆွဲဖွပစ်တော့ကာ ...

"ကဲ ... ဒါတွေ မပြောပါနဲ့တော့လားကွာ ... အင်း ဒါပေမဲ့ နင့်ကို ငါ ကျေးဇူးတင်တယ် ... နင်က ငါ့ရဲ့ သူငယ်ချင်းကောင်းအစစ်ပါဟာ ... "

"သူငယ်ချင်းကောင်း ... "

သူမက သူ့စကားကို တီးတိုးရေရွတ်မိကာ သူ့မျက်နှာကို ငေးစိုက်ကြည့်မိလေသည်။ သူ ... တကယ်ပဲ နားလည်သဘောမပေါက်ဘူးလားကွယ်။ သူမရဲ့ နှလုံးသားခံစားချက်ကို သူ တစ်စွန်းတစ်စလေးမှ မရိပ်မိတော့ဘူးလား ... ။

"ဒါပေမဲ့ ... ဆံပင်ကောက်ထားတဲ့ မိန်းမတွေက ပိုပြီး





Attraction ရှိတာကိုတော့ ငါ လက်ခံသွားတယ်ဟ ... ဆံပင်တွေဖြောင့်တာ ခဏတာ ပေါ်ပြူလာပါကွာ ... ငါ့မျက်လုံးထဲ ဆံပင်စင်းစင်းတွေက ဆွဲဆောင်မှု လုံးဝမရှိဘူး ... နင်ကြည့်ပါလား ... မစ်စ်ယူနီဗာ့စ်တွေက ဆံပင်ကောက်တွေနဲ့ချည်းပဲ ... အသက် နင်လည်း ဆံပင်ကောက်လိုက်ရင် ပိုမိုက်သွားမယ် ... "

"ဟမ် ... စိတ်ချင်းကလည်း တူပြန်ပြီ ... ငါလည်း ခုတလော Hair Style ပြောင်းဖို့ စဉ်းစားနေတာ ... ဆံပင်ကောက်ရင် ငါနဲ့ လှပါ့မလားဟဲ့ ... "

"ဟာ ... လှတာပေါ့ကွ ... မင်းက Oval Shape မျက်နှာနဲ့ပဲဟာ ... စပလိမ်ကောက်တော့ မကောက်နဲ့ပေါ့ကွ ... ခွေခွေနွဲ့နွဲ့လေးလေ ... "

သူ ပြောပုံလေးကကို သူမအတွက် ရင်ခုန်ကျေနပ်စရာ ဖြစ်လာခဲ့ပါသည်။ သူက အဲဒါမျိုးတွေ သိပ်ချစ်ဖို့ကောင်းသည်။ Shopping သွားလျှင်လည်း သူမက သူ့ကို ခေါ်သွားတတ်တာ သူ ရွေးပေးတာတွေပဲ ဝယ်တတ်သည်။ နှုတ်ခမ်းနီ အရောင်ကအစ သူက စိတ်ရှည်လက်ရှည် ရွေးပေးတတ်သည်။ ဈေးရောင်းသည့် Sale Girl တွေကဆိုလျှင် သူမကို တလေးတနက် အဝတ်အစားရွေးချယ်ပေးတတ်သော၊ လှတပတ တိုလီမုတ်စလေးတွေ ရွေးချယ်ပေးတတ်သော သပ်ရပ်ချောမောသည့် သူ့ကိုတစ်လှည့်၊ အဲဒီအပြုံ



Book Sharing

Scanned by CamScanner

အယုယတွေကို ရလျက်ရှိသော သူမကိုတစ်လှည့် အားကျသလို ငေးမောကြည့်တတ်ကြလေသည်။

တကယ်တော့ ... သူမမှာ ကိုယ့်ဝမ်းနာ ကိုယ်သာ အသိဆုံးပင်။ သူ ... သူမကို ဂရုတစိုက် ကြင်နာမှုသည် တကယ့်ဖြူစင်သော နှလုံးသားနှင့်ဆိုတာ သိရသောအခါ သူမမှာ ကျိတ်၍ မချင့်မရဲဖြစ်ရုံမှအပ မတတ်နိုင်ချေ။ သူ ... တကယ်ချစ်သော သူမတွေ့ပါစေနဲ့ဟုသာ ဆုတောင်းရပြီး ဘယ်မိန်းကလေးကိုမှလည်း သူ စေ့စေ့ပင် လိုက်မကြည့်ဖြစ်အောင် ရှေ့မှ ကားဆီးပိတ်ပင် ပစ်လေ့ရှိတတ်သည်။ ဒါကိုလည်း သူက သဘောမပေါက်နိုင်ဘဲ သူချစ်သူရသွားလျှင် သူမ ဘက်ပဲ့ကျန်ခဲ့မှာစိုးလို့ ဟူသော အထင်တစ်မျိုးနှင့်သာ လှောင်ရယ်မဆုံး ရှိလေသည်။

"ဟောကောင် ... ဘာတွေ စဉ်းစားနေတာလဲ ... ကြာတယ်ကွာ ... လာ ခုပဲ Beauty Saloon သွားမယ် ... "

သူက သူမလက်ကို ချက်ချင်းဆွဲခေါ်ကာ ညှပ်နေကျ Beauty Saloon သို့ မောင်းလာခဲ့သည်။ ဆိုင်ရောက်သောအခါတွင်လည်း ခင်နေသည့်အစ်မကြီးကို သူကိုယ်တိုင်ပင် ပြောလေသည်။ သူမကတော့ ရင်ခုန်ကျေနပ်သည့်စိတ်ဖြင့် သူပြောသမျှ အပြုံးလေးတစ်ခုသာ စွက်လျက် ဘာမှဝင်မပြောချေ။ သူ့ကိုသာ တိတ်တခိုး ငေးမောနေခဲ့သည်။

"အစ်မ ... သူ့ဆံပင်ကို ကောက်ချင်တယ် ... အရောင်လည်း





ထည့်ချင်တယ် ... ဇီးရောင်လေးပေါ့ ... ကောက်တာက လှလှပပ ခွေခွေနွဲ့နွဲ့လေး လိုချင်တယ် ... အရမ်းလည်း ကောက်တိကောက်ကွေး မလိုချင်ဘူး ... သဘောပေါက်လား မသိဘူး ... ကျွန်တော် ပြောတာ ... "

ဆိုင်က အစ်မကြီးက သူ့ကို ပြုံးစစဖြင့်ကြည့်ကာ "ပေါက်ပါတယ်ကွယ် ... မောင်လေး စိတ်ကျေနပ်မှု ရစေရပ့ါမယ် ... ကဲ ... ဟိုခုံမှာ မဂ္ဂဇင်းတွေဖတ်ပြီး ထိုင်စောင့်ပါနော် ... "

သူက သူမကို မျက်စိတစ်ဖတ် မှိတ်ပြကာ လက်မထောင်ပြလျက် ခပ်လှမ်းလှမ်းက ဆိုဖာပေါ်မှာ မဂ္ဂဇင်းတစ်အုပ်ဖတ်ကာ အေးအေးလူလူကို ထိုင်စောင့်လေသည်။ သူမရဲ့ဆံပင်ကို ဆေးထည့်ပေးလျက်ရှိသော အစ်မကြီးက ...

"သူကြည့်ရတာ ညီမလေးကို တော်တော်ချစ်ပုံပဲနော် ... စိတ်လည်း ရှည်တတ်မဲ့ပုံပဲ ... တချို့ယောကျ်ားလေးတွေဆို ဒီလို အလှပြင်ပေးတာ စောင့်ဖို့ လုံးဝ စိတ်ပါတတ်ကြတာ မဟုတ်ဘူး ... သူကြည့်ရတာ ညီမလေးကို လှလည်း လှစေချင်တယ်နော် ... ကာယကံရှင်က ဘာမှမပြောဘဲ သူကပဲ ပြောသွားတာ ... "

"နုလည်း သက်ကို သူပဲ ဆံပင်ကောက်နိုင်းတာ မမရဲ့ ... သက်နဲ့ လိုက်ရောလိုက်ပ့ါမလားဟင် ... "



Scanned by CamScanner

"လိုက်တာပေါ့ ... ညီမလေးရဲ့ မျက်နှာက ဘဲဥပုံပဲဟာ၊ အသားလေးက နုဖတ်ဖြူနေပြီး မျက်လုံးလေးတွေက ဝိုင်း စက်နေတာ ... ဒီဆံပင်ခွေခွေလေးတွေနဲ့ အရမ်းဘိုဆန် သွားမယ် ... ပြီးရင်ကြည့်လေ ... သူတောင် စိတ်ချနိုင်မှာ မဟုတ်တော့ဘူး ..."

သူမက ရှက်စနိုးပြုံးကာ ကျေနပ်နေခဲ့ပါသည်။ အဲဒီ လိုမျိုးဆိုရင်လည်း အကောင်းသားပဲနော်။

အားလုံးပြီးစီးသွားသောအခါ တကယ့်ကိုပင် သူမ နှင့် ဆံပင်ပုံသစ်မှာ လိုက်ဖက်နေခဲ့ပါသည်။ တစ်ခါတည်း ပေါင်း တင်လိုက်သဖြင့် စီးရင့်ရောင်ဆံနွယ်တွေဟာ နူးညံ့မွေးအိစွာဖြင့် ပခုံးပေါ်မှာ၊ နောက်ကျောဘက်မှာ လှပစွာ ခွေခွေ့ကောက်နေကြ သည်။ သူက သူမရဲ့ ဆံနွယ်အဖျားလေးတွေကို ကိုင်ကြည့်ကာ သူမကို တကယ်ရိုးသားသော မျက်ဝန်းတွေဖြင့် Appreciate လုပ်ပါ သည်။

"လှတယ် အသက်ရယ် ... နင် အခုမှ တကယ်ပိုလှသွား တာ ..."

ဒီစကားဟာ သူမကို တကယ်ပဲ အသက်ရှူမှားစေ ပါတယ်။ ဆံပင်ကောက်ခကိုလည်း သူကပဲ ရှင်းပေးသေးသည်။ သူမတို့နှစ်ဦး ဆိုင်ထဲမှ ပြန်ထွက်လာကြသောအခါ သူက တစ်လမ်း လုံး သူမရဲ့ဆံပင်ကိုသာ အရိပ်တကြည့်ကြည့်ဖြင့် ရှိလေသည်။





"အသက်ရေ ... ပြီးရင် ရန်ကင်းစင်တာကို ဝင်ရအောင်ကွာ၊ Roxy မှာ နင့်ဖို့ အဝတ်အစားဝယ်ပေးမယ် ..."

သူ ဘာကြောင့် သဘောကောင်းနေသလဲတော့ မသိပါ။ သူမကတော့ တစ်နေ့တခြား သူ့ကို လက်လွှတ်အဆုံးရှုံး မခံနိုင်အောင် ချစ်မိပြီဆိုတာ သေချာလာခဲ့သည်။ သူငယ်ချင်းသံ ယောဇဉ်နှင့်တောင်မှပင် သူမအပေါ်မှာ ဂရုတစိုက် ကြင်နာလွန်း သော သူဟာ ချစ်သူတွေသာ ဖြစ်သွားခဲ့လျှင် သူမကို ဘယ်လောက် ချစ်လိုက်မလဲဆိုတာ တွေးကြည့်တာနှင့်ကို ရင်ခုန်ရလေသည်။

"Roxy က အဝတ်အစားလေးတွေက သေးသေးကျပ်ကျပ် လေးတွေဟဲ့ ... ငါ မဝတ်တတ်ပါဘူးဟာ ... ဒီပြင်ဟာ ဝယ်ပေးပေါ့ ..."

"နင်ကလည်းကွာ ငါ ဆင်တာ ဝတ်စမ်းပါ ... နင့်ကို အဲဒါ လေးတွေ တမင်ဆင်ပေးတာ ... ဒါမှ နင် အစားတွေ နင်း ကန်မစားမှာ ..."

"အစားတော့ မလျှော့နိုင်ဘူးနော် ... အကျီမှ ဝယ်ပေးရင် မုန့်ပါကျွေး ..."

"သြော် ... ဒါမှ အကျီ ယူမယ်လား ... ကောင်းပါပြီ ခင်ဗျာ၊ ကျွေးပါ့မယ် ... ကျွေးပါ့မယ် ..."

အဲဒီလိုကျတော့လည်း ... သူက လူကြီးလေးတစ် ယောက်လို သူမအပေါ်မှာ လိုက်လျောသဘောကောင်းပြန်ပါ

သည်။ သူဟာ တစ်နေ့တခြား သူမကို ညှို့ယူဖမ်းစားနေတော့တာပဲဖြစ်သည်။ သူကတော့ ဘာမှမသိရှာပေ။ Roxy ဆိုင်ရောက်သောအခါ သူမကို ချစ်စဖွယ်အင်္ကျီလေးတွေ၊ စကတ်အတို၊ ဘောင်းဘီအတို တို့ကို အားလုံး သူပဲ စိတ်ကြိုက်ရွေးချယ် ဝယ်ယူပေးတာဖြစ်သည်။

သူ သဘောအကျဆုံး အဖြူရောင်လက်ပြတ်အင်္ကျီသေးသေးလေးနှင့် ဂျင်းမှိုတက် စကတ်တိုလေးကိုဆို အဲဒီဆိုင်မှာတင် တန်းဝတ်ခိုင်းတာကိုလည်း သူမက သူ့စိတ်ကြိုက် ဝတ်ပေးရသည်။ တစ်မနက်ခင်းလေးအတွင်းမှာကို ဆံပင်ပုံစံလည်းပြောင်း၊ အဝတ်အစား Style လည်းပြောင်းကာ တမူထူးကဲလှပသွားသောသူမကို သူက ဖန်တီးထားသော အရုပ်လေးတစ်ရုပ်အား စိတ်တိုင်းကျ ကြည့်ရှုသလိုမျိုးဖြင့် စေ့စေ့စပ်စပ်ကြည့်ကာ ...

"နောက် ဒီအတိုင်းပဲ ဝတ်ရမယ်နော် အသက် ... နင့်ကို ငါ တမင်ဆင်ပေးတာ သိလား ... နို့မို့ဆို နင်က ကွာတား ဘောင်းဘီကြီးတွေ တကားကားနဲ့ ပြေးလွှားခုန်ပေါက် တတ်လွန်းလို့ ... "

လက်စသတ်တော့ သူက သူမကို စိတ်လွတ်ကိုယ်လွတ် မပြေးလွှားနိုင်အောင် ပရိယာယ်ဖြင့် စီမံလိုက်တာမှန်း အခုမှ သဘောပေါက်ရလေသည်။ သို့သော် ဘာပဲပြောပြော သူ့ရဲ့ ဂရုစိုက်မှုအတွက် ပီတိတော့ ဖြစ်ရတာပင်။ အဲဒီကအပြန် Fuji





Resturant မှာ ဝင်စားသောက်ရင်း သူမက သူ့ကို အရဲစွန့်၍ သိချင်တာတစ်ခုကို မေးကြည့်ခဲ့သည်။

"နင် ... ငါ့အပေါ်မှာ ဘာလို့ ဒီလောက်တောင် ဂရုစိုက်ရတာလဲဟင် ... "

သူမအသံမှာ မျှော်လင့်ချက်တစ်မျိုးဖြင့် ပူနွေးလှိုက်တုန်လျက်ရှိသည်။ သူ ဘာပြန်ဖြေမလဲ စောင့်ရသော စက္ကန့်လောက်မျှ အချိန်လေးမှာကို ရင်တွေ တထိတ်ထိတ်ခုန်လျက်ဖြင့် သူ့မျက်နှာကိုသာ ငေးနေမိလေသည်။

သူက သူမစကားကို မျက်ခုံးလေးတစ်ချက် ဝင့်လိုက်ရင်း ...

"ဒီစကားဟာ နင် မေးဖို့တောင် မလိုဘူးကွ ... နင်နဲ့ငါက ဟိုး သုံးလေးနှစ်အရွယ်တည်းက အတူတူကြီးပြင်းလာခဲ့တာ ဒီအချိန်ထိပဲ ... နင်ဟာ ငါ့ရဲ့ သူငယ်ချင်းဆိုလည်း ဟုတ်တယ် ... ညီမဆိုလည်း ဟုတ်တယ် ... ရဲဘော်ဆိုလည်း ဟုတ်တယ် ... နင်ဟာ ငါ့အတွက် ဘယ်တော့မှနှစ်ယောက်ရှိမလာမဲ့သူပဲ ... နင့်အပေါ်မှာထားတဲ့ ငါ့ရဲ့သံယောဇဉ်နဲ့ မေတ္တာဟာ တော်ရုံအချစ် လိုက်မမီပါဘူးကွာ ... ဒါဆို နင့်ကို ဘာကြောင့် ဂရုစိုက်လဲ သိပြီလား ... "

သူ့အဖြေစကားကြောင့် သူမရင်ထဲမှာ စားမကုန်သော ပီတိတွေဖြင့် ပြည့်လျှံသွားခဲ့ပါသည်။ သူမဟာ သူ့အတွက်



Scanned by CamScanner

ဘယ်တော့မှ နှစ်ယောက်ရှိမလာနိုင်တော့မည့်သူတဲ့။ ဒီစကား တစ်ခွန်းနဲ့တင် သူမ အရည်ပျော်သွားခဲ့ရပြီဖြစ်သည်။ သူ့ရဲ့မေတ္တာကို သူမ အကြွင်းမဲ့ ယုံကြည်လှပါသည်။

သူမက မျက်ရည်လည်လာမတတ် ဖြစ်သော ပီတိနှင့်အတူ သူ့ကို ရွှန်းရွှန်းစားစား ပြန်ကြည့်ကာ ...

"သိပါပြီဟယ် ... ငါ သိပ်ဝမ်းသာပါတယ် ... "

သူက သူမကို ချစ်စဖွယ် နှာခေါင်းရှုံ့ပြလေသည်။ ထိုအခိုက်အတန့်မှာ သူမသည် သူ့ကို ဘာနှင့်မှ မတူအောင် မြတ်နိုးစုံမက်သွားခဲ့ရသည်။ သူဟာ သူမအတွက်တော့ လမင်းတစ်စင်းသာ ဖြစ်လေသည်။







သူမ အိမ်သို့ ပြန်ရောက်လာသောအခါ စုက သူမကို တအံ့တသြကြည့်ရင်း ...

"ဟဲ့ ... ဒါက ဘယ်လိုဖြစ်လာတာလဲ ... "

ခါတိုင်းလိုဆိုလျှင်တော့ သူမက ရွှန်းရွှန်းဝေအောင် ပြောပြလိုက်မှာ ဖြစ်ပေမဲ့ ခုတော့ ကိုယ့်စိတ်ကလည်း မလုံတာမို့ သူ့စိတ်ကူးတွေဆိုတာ ဖွင့်မပြောချင်တော့ပေ။ သို့သော်လည်း စုဟာ ဘာကြောင့်မှန်းမသိ သူမ ငြိမ်သွားသော အခိုက်အတန့်လေး

မှာပင် ချက်ချင်း သဘောပေါက်သွားကာ လှစ်ခနဲပြုံးလိုက်ရင်း

"လှတော့ လှသားပဲ ... ဒါပေမဲ့ နင်က ဒီပုံစံအတိုင်း အမြဲ နေနိုင်မှာမို့လို့လား ..."

"Sometimes ပေ့ါ စုရာ ..., ဘယ်လိုလဲ သက် ဒီဆံပင်နဲ့ လိုက်ရဲ့လား ..."

"ဒါလည်း ထက်သန့်ရဲ့ အိုင်ဒီယာပဲမှလား ..."

"စုကလည်း ဘာကိစ္စ ထက်သန့်ကိုပဲ ဆွဲထည့်ပြီး ပြောနေတာလဲ ... ပြီးတော့ စုရဲ့အကြည့်တွေ ... အပြုံးတွေ သက် မကြိုက်ဘူးနော် ..."

သူမက ဆိုဖာပေါ်မှာ ပစ်ထိုင်ချလိုက်ရင်း စူပွပွ ပြောလေသည်။ စုက သူမကို ပြုံးမဲ့မဲ့ဖြင့် ကြည့်ကာ ...

"နေပါဦး ... ဘာအတွက်ကို မကြိုက်တာလဲ ..."

"အို ... စု ပြောချင်တဲ့ အဓိပ္ပာယ်ကို သက် သိတယ် ..."

"ဘုရားရေ ... ရှင်က အဲလောက်တောင် စွမ်းတယ်လား။ ကဲ ... ဒါဖြင့် ပြောပါ ... ဘာအဓိပ္ပာယ်တွေလဲ ..."

ဒီလိုဆိုတော့လည်း သူမက ပါးစပ်က မထွက်ရဲချေ။ "စုက ထက်သန့်ကို သက် ချစ်နေတယ်လို့ ဆိုလိုချင်နေတာမှလား" ဟု သူမ ဘာကြောင့် ပြန်မမေးရဲရတာလဲ။ သေချာတာကတော့ ဖြူစင်သည့် သံယောဇဉ်တွေကို စတင်စည်းဖောက်သူ ဖြစ်မှာကို သူမ စိုးထိတ်မိတာပဲဖြစ်သည်။ သိချင်းသိ ထက်သန့်ပဲ သိပစေ။





ကျန်တဲ့သူတွေ သိစရာမလိုဟူသော ခံစားချက်အစစ်အမှန်က သူမ ရင်ထဲမှာ ခိုအောင်းလျက် ရှိနေတာ ဖြစ်ပါသည်။

"စုနော် ... သက်ကို 'ချောင်မပိတ်ပါနဲ့ ..."

"ဟောတော့် ဘုရားရေ ... အဟား ... ဟား ... ဟား"

သူမကို အံ့သြတကြီးနဲ့ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သော စုရဲ့သဏ္ဍာန်လေးဟာ ခါတိုင်းထက် အများကြီးနုပျို သွားလျက် ပိုပြီးတောင် ချစ်စရာကောင်းသွားပါသည်။ ခေါင်းထဲမှာလည်း တစ်နေ့က စု ပြောသွားသောစကားကို ချက်ချင်း ပြန်၍ သတိရမိလေသည်။ အဲဒီစကားရဲ့ အဓိပ္ပာယ်ဟာ ... ။

သူမရဲ့ခေါင်းထဲမှာ လက်ခနဲဖြစ်သွားပြီးလျှင် တန်း၍သဘောပေါက် နားလည်သွားခဲ့လေသည်။ သူမက ရယ်ရွှင်မြူးသောမျက်လုံးတွေဖြင့် စုကို ပြန်ကြည့်လျှင် စုကလည်း ရယ်ဟဟမျက်နှာပေးဖြင့် တန်ပြန်စိုက်ကြည့်နေခဲ့ပါသည်။

ခဏအတွင်းမှာပင် သူမနှင့် စုက စိတ်ချင်းအပြန်အလှန်ဖတ်မိကြလျက် နားလည်မှုရသွားကြလေသည်။ ဘာမှတောင် မေးစရာမလိုတော့။ သူမအတွက်တော့ အရင်ကထက် ပို၍ လုံခြုံနွေးထွေးလာသည်ဟု ခံစားမိလေသည်။ ကိုယ့်ရဲ့ ခံစားချက်တွေကို နားလည်စာနာတတ်သော၊ ရင်ဖွင့်စကားတွေကို နားထောင်ပေးမည့်သူဖြစ်သော ရင်ဘတ်ငှားသူတစ်ယောက်သာ သူမရဲ့အဒေါ် စု ဖြစ်နေလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့ဘူးချေ။



Book Sharing

Scanned by CamScanner

"ပြောပါဦး စုရဲ့ ... စုမှာလည်း ဒါဆို ကျောင်းနေတုန်းက ချစ်သူ ရှိခဲ့မှာပေါ့နော် ... "

"ကျောင်းနေတုန်းက ချစ်သူမဟုတ်ဘူးတော့ ... ရှင်လိုပဲ ငယ်ငယ်တည်းက ချစ်သူပဲ ... "

"ဟယ် ... ဟုတ်လား၊ စုအဖြစ်နဲ့ သက်အဖြစ်ဟာ သိပ်ကိုပဲ ဆင်လားဟင် ... "

"အင်း ... ခုထိတော့ ဆင်တယ်ပြောရမှာပဲ ... "

"ဟင် ... ဒါဖြင့် ... "

သူမက ဆက်မမေးနိုင်တော့ဘဲ ရုတ်တရက် ငိုင်သွားရလေသည်။ သူမရဲ့အဖြစ်နှင့် စုရဲ့အဖြစ်ဟာ ဆင်တူတွေဆိုတော့ စုဟာ ဒီနေ့ဒီအချိန်ထိ အပျိုကြီး ဖြစ်နေခြင်းဟာ သူ့ရဲ့ ငယ်ကျွမ်းဆွေနဲ့ မဆုံစည်းခဲ့တာမို့လို့ပေါ့။

သူမမှာ ခုနက ဖျတ်ခနဲ တက်ကြွလာသော စိတ်ဓာတ်လေးတောင် ဘယ်ချောင်နား သွားကပ်သည်မသိဘဲ ပြေးပုန်းသွားရလေသည်။ ပါးနပ်သော စုဟာ သူမအဖြစ်ကို ချက်ချင်း ရိပ်မိသွားခဲ့သည်။

"လောကကြီးမှာ ... လူတစ်ယောက်ရဲ့ဘဝနဲ့ နောက်ထပ် another one တို့ Aကနေ Zအထိ ချွတ်စွပ်တော့ မတူနိုင်ပါဘူး သက်ရယ် ... စုတို့ ဝေးသွားခဲ့တယ်ဆိုပေမဲ့ သက်တို့ ဆုံစည်းခွင့် ရှိပါသေးတယ် ... နောက်ပြီး စု တွေ့ကြုံခဲ့တာ





တွေက သက်ကို ဆောင်ရန်ရှောင်ရန်တွေ သိစေနိုင်မှာပါ၊ သက် ဘာမှ စိတ်မညစ်သွားပါနဲ့ ... "

သူမက စုကို သနားသွားရသလို စုရဲ့ နွေနှစ်ဆယ်ဇာတ်လမ်းကိုလည်း စိတ်ဝင်စားသွားခဲ့သည်။ အချစ်ဦးနဲ့ လွဲခဲ့တဲ့ စုရဲ့ နှလုံးသားကိုလည်း ကိုယ်ချင်းစာမိသည်။ စု သိပ်များ ခံစားသွားရရှာမလား၊ စိတ်နာနာနှင့် အပျိုကြီးပဲ လုပ်နေတော့တာလား၊ ဒါတွေကို ခုမှ တန်းစီ၍ စဉ်းစားမိတာဖြစ်သည်။ အခုချိန်ထိ စုကို နှစ်သက်ပိုးပန်းနေသူတွေ ရှိတုန်းပဲဖြစ်သည်။ စုရဲ့အသက်ဟာ သုံးဆယ့်ခုနစ်နှစ်ဆိုသော်လည်း သုံးဆယ်လောက်ပင် ထင်ရအောင် နုနယ်ပါသည်။ တစ်သက်လုံး သောကကင်းကင်းနှင့် ချမ်းချမ်းသာသာနေခဲ့ရသလို ပျော်ပျော်လည်း နေတတ်ခဲ့သော စုဟာ များစွာ အရွယ်တင်၍ နုပျိုသည်။

"စုရဲ့အကြောင်းကို ပြောပြပါလား ... "

"အင်း ... နင် ဒီလိုမေးမယ်ဆိုတာ ငါ သိသားပဲ ... နင့်ကို ဖော်ဖို့အတွက် ငါ ကိုယ်တိုင်လည်း အတိတ်လမ်းကို ပြန်လျှောက်ရဦးမှာပေါ့လေ ... နင်ကလည်း သူခိုးသေဖော်ညှိတာကတော့ လွတ်ဖြစ်ပဲနော် ... "

"အဲလိုတော့ မထင်ပါနဲ့ စုရာ ... တကယ် စိတ်ဝင်စားလို့ပါ"

"နင်ကလည်း ... နင့်အရေးကြုံမှ ငါ့ကို စိတ်ဝင်စားတာ မဟုတ်လား ... "

"စုကလည်းကွာ အဲဒီလို မဟုတ်ပါဘူး ... သက်က စုဟာ အပူမရှာချင်လို့ အပျိုကြီးပဲ လုပ်နေတယ်ထင်တာပါ ... စုမှာ ဒီလို ရင်နင့်အောင်ဆွေး ဇာတ်လမ်းမျိုး ရှိလိမ့်မယ်လို့ ထင်မထားဘူးလေ ... စု ဒီလောက်ချောတာများ စုရဲ့ ဘဲကြီးက ဘာလို့ပစ်သွားတာလဲ ... မမိုက်ဘူးနော် ... "

စုက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးနေပါသည်။

"တကယ်တော့ ... ယောကျ်ားတစ်ယောက်အဖို့ လှပခြင်းဟာ အချိန်တော်ကြာ မစွဲဆောင်နိုင်ပါဘူးဟာ ... ဒါတွေဟာ မမြဲတဲ့တရားတွေပဲ၊ ဟုတ်တယ်မှလား ... ယောကျ်ားတွေဟာ သူတို့ကိုနားလည်တဲ့ ... မျှဝေခံစားပေးတဲ့ ရင်ခွင်တစ်စုံကိုပဲ မက်မောကြတာဟ ... ယောကျ်ားတစ်ယောက်ကို လှပမှုတစ်ခုတည်းနဲ့ မစွဲဆောင်ထားနိုင်ဘူး ... လိုက်လျောဖြည့်ဆည်းပေးတတ်ခြင်းတွေကသာ သူတို့ကို အမြဲတမ်း စွဲဆောင်ထားနိုင်တာ ... "

"ဟင် ... ဟုတ်လား ... အချစ်မှာ ဒါတွေလည်း လိုတယ်ပေါ့ ... သိပ်ချစ်နေရုံနဲ့ မပြီးသေးဘူးပေါ့ ... "

စုက သူမကို ကြင်နာစွာ ပြုံးကြည့်လာကာ ...

"စုဟာ ... ကျော်စွာကို ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်မတတ် ချစ်ခဲ့တာပေါ့ သက်ရယ် ... ဒါပေမဲ့ စုဟာ ချစ်ရုံပဲ ချစ်တတ်ခဲ့တယ် ... အချစ်ကလွဲပြီး ဘာမှနားမလည်ခဲ့တဲ့





မိန်းမတစ်ယောက်ပေါ့ ...

"စုသာ ပါးနပ်လိမ္မာခဲ့ရင် ... ခုလောက်ဆို ကျော်စွာကို ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နေမှာပါ ... အတိအကျကြီးတော့ ပြောလို့မရဘူးပေါ့ဟာ ... ဒါပေမဲ့ စုမှာ လိုအပ်ချက်တွေ အများကြီးရှိခဲ့တယ် ... မှားတာတွေ အများကြီး ရှိခဲ့တယ်

"အေးပေါ့ ... ကျော်စွာက စုကို မချစ်ခဲ့တာလည်း ပါပါတယ် ... မချစ်ခဲ့ပေမဲ့ သူ စုအပေါ်ထားတဲ့ မေတ္တာဟာ သိပ်နက်ရှိုင်းတယ် ... သိမ်မွေ့တယ် ... စုသာ ပါးနပ်ခဲ့မယ်ဆိုရင် ... အဲဒီလောက်ကြီးမားနက်ရှိုင်းတဲ့ သံယောဇဉ်နဲ့ မေတ္တာကနေ သနားချစ်တွေ ချူချလို့ရတယ် ...

"ဒါပေမဲ့ ... စုက မပါးနပ်ခဲ့ဘူး ... အလိမ္မာ မရှိခဲ့ဘူး ... ကျော်စွာ မိန်းကလေးတစ်ယောက်ကို ချစ်နေပြီဆိုတာကို သိတဲ့အချိန်ကစပြီး စုက နည်းမျိုးစုံနဲ့ နှောင့်ယှက်ခဲ့တာ၊ ကျော်စွာကိုလည်း အမျိုးမျိုးရန်လုပ်တယ် ... နှောင့်ယှက်တယ် ... အဲဒီမိန်းကလေးကိုလည်း နှောင့်ယှက်တယ် ... အဲဒါတွေဟာ အဲဒီမိန်းကလေးနဲ့ ကျော်စွာကိုတော့ ပိုမိုနီးကပ်သွားစေပြီး ... စုနဲ့ ကျော်စွာကိုတော့ ပိုမိုဝေးကွာသွားစေတဲ့ အကြောင်းတရားတွေမှန်း စု အချိန်တွေ အများကြီး နောက်ကျခဲ့ပြီးမှ သိခွင့်ရခဲ့တယ်လေ ...

"အဲဒီမိန်းမကတော့ သိပ်လိမ္မာပါးနပ်တယ် ... သူက စုရဲ့



Scanned by CamScanner

အားနည်းချက်ကို ကောင်းကောင်းကြီး သိတယ်လေ … စုက အဲဒီအချိန်တုန်းက ချစ်တာကလွဲ၍ ဘာမှနားမလည်တဲ့ နလပိန်းတုံး မိန်းမတစ်ယောက်ပေါ့ … ကျော်စွာ့ရဲ့ ဦးစားပေးဂရုစိုက်မှုတွေကို မရတော့မှာ စိုးရိမ်စိတ်နဲ့ ပွဲကြမ်းခဲ့သမျှ … ဟိုမိန်းမကတော့ ဘာမှမသိတဲ့ မျက်နှာပေးနဲ့ ကျော်စွာ့ဆီက မေတ္တာတွေ၊ ကရုဏာတွေကို ချူချခဲ့တာ၊ "ကျော်စွာ့အမြင်မှာ စုဟာ တဖြည်းဖြည်းနဲ့ အတ္တကြီးပြီး ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်လာခဲ့တယ်၊ နောက်ဆုံးတော့ သူ အဲဒီမိန်းမကို လက်ထပ်သွားခဲ့တယ်လေ … "

"ဩော် … စုရယ် … "

သူမက စုကို အတော်ပဲ သနားကရုဏာသက်သွားခဲ့သည်။ အဲဒီအချိန်တုန်းက စု ဘယ်လောက် ခံစားခဲ့ရှာမလဲ … သူမ တွေးကြည့်တာနဲ့ သိပါသည်။

"ကျော်စွာက ပြောသွားခဲ့တယ် … စုဟာ အင်မတန် အတ္တကြီးတယ် … ကိုယ်ဖြစ်ချင်တာပဲ သိတယ် … သူတစ်ပါးရဲ့ ဆန္ဒကို အလေးမထားဘူး … နားမလည်ဘူးတဲ့ … အဲဒါတွေ ပြင်ပါတဲ့ … ဒီလိုဆို စုရဲ့ အချစ်ရေး … အိမ်ထောင်ရေးဟာ ဘယ်တော့မှ သာယာမှာမဟုတ်ဘူးတဲ့ …

"ကျော်စွာ့အမြင်မှာတော့ စုဟာ သူများချစ်ခြင်းကို နှောင်





ယှက်တဲ့ စိတ်ပုပ်မကြီးပေါ့ကွာ … ဒါက သူ့ကို စုက ရင်ထဲကအတိုင်း ဆက်ဆံခဲ့တာလေ … ဘာပရိယာယ်မှာယာတွေမှ မသုံးခဲ့ဘူး … ဒါပေမဲ့ စု လောကကြီးရဲ့ အချစ်အကြောင်းကို ကောင်းကောင်းသဘောပေါက်သွားခဲ့တယ် "တကယ်တော့ အချစ်ဆိုတာ အတ္တတစ်ခုပါပဲ … ဘယ်သူမဆို အတ္တရှိတယ် … အဲဒီအတ္တတွေဟာ လူသိတာနဲ့ လူမသိတာ ဒါပဲကွာတယ် … စုကတော့ စုရဲ့ အတ္တတွေကို လူသိအောင် လုပ်ခဲ့မိတယ် … ဒါကြောင့်လည်း ကျော်စွာ့ကို ဆုံးရှုံးခဲ့ရတာလို့ပဲမှတ်တယ် …

"အသက်ရဲ့ အလှည့်မှာတော့ … ထက်သန်ကို မဆုံးရှုံးပါစေနဲ့ … အသက်ရဲ့အတ္တတွေကိုလည်း ထက်သန် လုံးဝမသိပါစေနဲ့ … အထူးသဖြင့် အသက်အပေါ်မှာ ထက်သန် မေတ္တာလျော့မဲ့ကိစ္စမျိုး လုံးဝမလုပ်မိပါစေနဲ့ … အလျှင်လိုခြင်းသည် နှောင်တရခြင်း၏ အစ်မဖြစ်သည်တဲ့ … စု ကြားဖူးတဲ့စကားပုံတစ်ခုပဲ … တစ်ခုခုဆို အသက် ဘာမှ အလျှင်မဆိုပါနဲ့ … လိမ္မာပါးနပ်ဖို့ စု အထူးမှာမယ် … "

စုရဲ့ စကားတွေက ချစ်တတ်ရုံ၊ အူတိုရုံအပြင် ဘာမှနားမလည်သော သူမအတွက် အများကြီး မှတ်သားစရာ ဖြစ်ပါသည်။

"အဲဒီ ဦးကျော်စွာနဲ့ စုကလည်း မြို့ချင်းကပ်ရပ်ပဲလား … "



Scanned by CamScanner

"စုတို့ရဲ့ မျက်စောင်းထိုးက နိုင်ငံခြားသား ငှားထားတဲ့ခြံကြီးက ကျော်စွာတို့ရဲ့ ခြံပေါ့ ... ကျော်စွာတို့က တစ်အိမ်လုံး ကနေဒါကို ပြောင်းသွားကြတာလေ ... "

"စု ... အဲဒီတုန်းက သိပ်ခံစားခဲ့ရလားဟင် ... "

"အင်း ... ဘယ်လိုပြောရမလဲ ... သူများတွေက အသည်းကွဲတယ် ပြောကြရင် ... စုကတော့ အသည်းကြွေကျသွားတယ် ပြောရမှာပဲ ... သိပ် ဟက်ဗိုးကြီး ပက်ပက်စက်စက် ဆိုးဆိုးဝါးဝါး ခံစားခဲ့ရတာတော့ မဟုတ်ဘူး ... ဒါပေမဲ့ စုရဲ့ နှလုံးသားတစ်ခုလုံး ထုတ်ယူသွားသလို ခံစားခဲ့ရတယ်၊ ရင်ထဲမှာ ဘာမှမရှိတော့သလို လစ်ဟာဟာကြီးနဲ့ မျောနေရသလိုပဲ ... "

"ဒါကြောင့် ... စု ထပ်မချစ်တော့တာလားဟင် ... "

"အင်း ... အဲဒီလိုလည်း ဖြစ်နိုင်ပါတယ် ... မချစ်တတ်တော့တာ ... ချစ်စရာနှလုံးသားလည်း မရှိတော့တာ အမျိုးမျိုးဖြစ်နိုင်တယ် ... စု ကိုယ်တိုင်တောင် မရေရာဘူး အသက်ရေ ... သေချာတာတော့ စု ခုချိန်မှာ ကျော်စွာကို ချစ်မနေတော့ပါဘူး ...

"အသက်ဟာ စု ငယ်ငယ်ကနဲ့ အရမ်းတူတယ် ... ရုပ်လည်းတူတယ် ... ပုံစံလည်းတူတယ် ... မမက အသက်ကိုမွေးတဲ့အချိန်မှာ ... အသက်ကိုထိန်းရင်းနဲ့ စု ဒဏ်ရာတွေ ပြန်





သက်သာလာခဲ့တာ ... အသက်နဲ့ ထက်သန် ငယ်ငယ်က ကစားနေကြတာမြင်ရင် စုရဲ့ ငယ်ဘဝကို သိပ်သတိရမိတယ် ...

"အဲဒီအချိန်တည်းက စု ဆုတောင်းခဲ့တာတစ်ခုက သက်တို့နှစ်ယောက်မှာ ... သက်ကစတင်ပြီး ချစ်တဲ့လူ မဖြစ်ပါစေနဲ့လို့ ... ဒါပေမဲ့ ... စုရဲ့ဆုတောင်း မပြည့်ခဲ့ပါဘူး အသက်ရယ် ... "

စုရဲ့ စကားကြောင့် သူမမျက်နှာမှာ ပူဇွေးသွားခဲ့ပါသည်။ ဘယ်တတ်နိုင်မလဲ စုရယ်။ အချစ်ဆိုတာ တားဆီးထားလို့ရတဲ့အရာမှ မဟုတ်တာ။ တတ်နိုင်တာဆိုလို့ ရင်ထဲက မွေးဖွားလာတဲ့အချစ်ကို ရင်ထဲမှာပဲ သိမ်းဆည်းထားရတာတစ်ခုပဲ တတ်နိုင်ပါတယ်။

စုက သူမရဲ့ လိပ်ခွေခွေဆံနွယ်လေးကို တယုတယနှင့် သဘောတကျ ကိုင်ကြည့်လျက် ...

"အသက်ကို အပြစ်ပြောနေတာ မဟုတ်ပါဘူး ... စုလည်း ချစ်ခဲ့တာပဲ ... တစ်ဖက်သတ်အချစ်က လွတ်ဆိုးတာကိုး အသက်ရဲ့ ... စုရဲ့ တူမလေးကို ဒါမျိုး မခံစားစေချင်တာပါ၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲလေ ... ထက်သန်ဟာ ကျော်စွာလိုပဲ ... အသက်အပေါ်မှာ သူထားတဲ့ သံယောဇဉ်က ကြီးမားနက်ရှိုင်းတယ် ...

"ဒါပေမဲ့ အချစ်မဟုတ်ဘူးကွယ် ... ဒီအတွက်ကြောင့် သူချစ်မိတဲ့မိန်းကလေး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပေါ်လာနိုင်တယ် ... ပေါ်လာတဲ့အခါကျရင်သာ အသက် မပေါက်ကွဲပါနဲ့ ... ရှိပြီးသား ရပြီးသား သံယောဇဉ်တွေကို လက်လွှတ်မခံပါနဲ့ ... လောကမှာ နူးညံ့ခြင်းဟာ အကြီးမားဆုံးလက်နက်ပဲ အသက်ရေ ...

"ထက်သန်မှာ ... ချစ်ရမဲ့သူရှိလာလည်း စိတ်ဓာတ်မကျလေနဲ့ ... လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေရတာ၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး ... ပညာသားပါဖို့ ... လိမ္မာပါးနပ်ဖို့ပဲ လိုတယ် ... တွေးကြည့်ရင် ဒါဟာ စိတ်လှုပ်ရှားဖို့တောင် ကောင်းပါတယ် ... ကိုယ်ချစ်တဲ့သူကို ကိုယ်ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရတာဟာ ခံစားချက်ဆန်းတွေ အများကြီးပေးပါတယ် ...

"အထူးသဖြင့် ... သူ့မှာ ချစ်သူရှိလာလည်း ဘာမှကြောက်စရာမလိုဘူး ... ပြိုင်ပွဲတစ်ခုလို သဘောထားလိုက် ... ပိုပြီးတောင် Active ဖြစ်လာဦးမယ် ... ဒီအတိုင်းဆိုရင် ... တောင် နှလုံးသားက Lazy ဖြစ်နေဦးမှာ ... ပြိုင်ဘက်ရှိလာတော့ နိုးနိုးကြားကြားနဲ့ ပျော်စရာကောင်းလာတာပေါ့ ...

"Result အတွက်လည်း ရင်ခုန်ရတယ် ... ဒီလို မြင်တတ်စမ်းပါ အသက်ရယ် ... အသက်ဟာ ဒုတိယ စုသဇင် ဘယ်



Book Sharing



တော့မှ မဖြစ်စေရဘူး သိလား ... စု ရခဲ့တဲ့ Experience တွေဟာ အသက်အတွက် အောင်မြင်ဖို့ Key တွေပဲ ... သဘောပေါက်လား ..."

စုက သူမရဲ့ လက်ဖဝါးလေးကို လာရောက်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သဖြင့် စုရဲ့ ကိုယ်ထဲက အင်အားဓာတ်တွေ၊ သတ္တိတွေဟာ သူမရဲ့ သွေးကြောများမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးကို စီးဝင်သွားသလို ခံစားရလေသည်။ သူမက စုကို တိကျသေချာသော မျက်ဝန်းများဖြင့် ရဲရဲတောက် ပြုံးပြလိုက်သည်။

ထက်သန်ရေ ... ငါမှာ ဒီနေ့ပဲ ရင်ဖွင့်ဖော်သူငယ်ချင်းတစ်ယောက် တိုးသွားခဲ့ပြီ။ နှလုံးသားတစ်ခု အရင်းပြုရတဲ့ စစ်ဆင်ရေးမှာ ငါ့ကိုယ်ငါလည်း ယုံကြည်ချက် အပြည့်ရှိသွားခဲ့ပြီ။ နင်နဲ့ ပတ်သက်လာရင် ငါဟာ အချစ်အရူးတွေ ကြီးမားလာခဲ့ပေမဲ့ အဲဒါတွေကို နင်မသိအောင် ဘယ်လိုသိမ်းဆည်းထားရမလဲဆိုတာလည်း နားလည်လာခဲ့ရပြီ။ ဒါတွေဟာ နင့်ကို ချစ်မိတဲ့နောက်ဆက်တွဲ အကျိုးရလာဒ်တွေပါပဲ။

သူမဟာ နှလုံးသားစစ်ဆင်ရေးတစ်ခုအတွက် ရင်ခုန်လို့ နေခဲ့ပါသည်။



သူမရဲ့ နှလုံးသားခံစားချက်တွေကို နားလည်စာနာပေးကာ ... အကောင်းဆုံးနည်းလမ်းတွေ ပေးတတ်သော စုတစ်ယောက်ရှိလာခြင်းဟာ သူမကို ခါတိုင်းထက် များစွာယုံကြည်မှုပိုလာစေခဲ့ပါသည်။ အခုဆို တူဝရီးနှစ်ယောက်ဟာ အရင်ကထက်ပို၍တောင် အတွဲစိပ်လာကြသဖြင့် မာမီကတောင် ခုတလော စုနဲ့အသက် တယ်လည်းတည့်နေကြပါလားလို့ ထုတ်ဖော်ပြောရတဲ့အထိပင်။ ထက်သန်ကတောင် သူမကို ထုတ်ဖော်မေးလာခဲ့သည်





အထိ စုနှင့် သူမက ဘော်ဒါအရင်းအချာတွေလို ဖြစ်လို့နေသည်။

"အသက် ... ခုတလော နင် အန်တီစုနဲ့ တယ်တွဲနေပါလား"

"အဒေါ်နဲ့ တူမ တွဲတာ ဆန်းလားဟ ... "

"မဟုတ်ပါဘူး ... နင်တို့ အရင်က ဒီလောက်ကြီးမဟုတ်ပါဘူး ... အန်တီစုကလည်း ကလေးလိုနေတော့ အိမ်မှာ နင်တို့နှစ်ယောက်က ဗိုလ်လုနေကြတာနဲ့ အမြဲရန်ဖြစ်နေတတ်တာမဟုတ်လား ... ခုတလော တတွဲတွဲနဲ့ တည့်လည်းတည့်နေတယ် ... ဘာအကြောင်းတွေ ရှိနေလဲတော့ မသိဘူး ... "

သူ့စကားကို စိတ်ထဲကနေ ပခုံးတွန့်မိလေသည်။ သူကလည်း မခေဘူးကိုး။ အင်းလေ ... အသက်ရဲ့သူငယ်ချင်းပဲဟာ ဒီလောက်တော့ ရှိမှာပေါ့ ... ။

"ဘာမှ မရှိပါဘူးဟာ ... အိမ်မှာက စုနဲ့ ငါနဲ့ကလွဲရင် ကျန်တဲ့လူတွေက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာ ... ဒီတော့ သူနဲ့ ငါနဲ့ပဲ တွဲမိရတော့တာပေါ့ ... အပြင်တွေ ဘာတွေသွားတာကတော့ စုတစ်ယောက်တည်းမို့ အဖော်လိုက်ပေးတာပါ ... စု အပြင်သွားတာ ငွေသွားသိမ်းတာလေ ... ဒီတော့ လိုက်သွားရင်း Shopping လည်းလုပ်ကြတာပေါ့"

ညီအစ်မနှစ်ယောက်တည်းသာရှိသော မာမီနှင့် စုတို့ကို မိဘတွေ မဆုံးခင်ကတည်းက အမွေခွဲပေးပြီးသား ဖြစ်သည်။

မာမီက သူညီမကို တစ်ယောက်တည်း စိတ်မချတာရော၊ မိဘတွေလည်း တိမ်းပါးကုန်ကြပြီဖြစ်သဖြင့် အစ်မကြီး အမိရာအဖြစ်လည်း စောင့်ရှောက်မှုပေးနိုင်အောင်ကြောင့်ရော အိမ်မှာ အတူတူ လာနေစေတာဖြစ်၍ သူမဟာ စုရဲ့ လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာ ဖြစ်ပါသည်။ စုဟာ မာမီလို အလုပ်တွေ မရှုပ်နေသော်ငြားလည်း စုကိုယ်တိုင်က သူဌေးမလေးတစ်ဦးဖြစ်သည်။ ဘာအလုပ်မှ လုပ်စရာမလိုဘဲ ငှားထားသော မြေနှစ်မြေ၊ ကွန်ဒိုတိုက်ခန်းကျယ်များ၊ ဗိုလ်ချုပ်ဈေး၊ FMI မှဆိုင်ခန်းများ၊ အကျိုးဆောင်လုပ်ငန်းများတွင် ထည့်ဝင်ထားသော ရှယ်ယာငွေများ၊ ခရီးသွားလုပ်ငန်းတစ်ခုတွင် ထည့်ဝင်ထားသော ရှယ်ယာငွေများကို လစဉ်လတိုင်း သုံးယူသလိုရနေသောသူ ဖြစ်သည်။ အစ်မဖြစ်သူက တင်ကျွေးထားပြီး သူ့ရဲ့ဝင်ငွေတွေက ဘယ်တစ်ဦးတစ်ယောက်အတွက်မှ ကုန်ကျစရာမလိုဘဲ စိတ်ထင်တိုင်း သုံးရုံပင်။

"ဩော် ... နင်က ဒါကြောင့် အန်တီစုကို ကပ်ဖားနေတာပေါ့လေ ..."

"အံမယ် ... မဆိုင်ပါဘူးနော် ... ငါမှာလည်း မာမီပေးထားတာ အလျှံအပယ်ပါပဲ ..."

အဲဒီအချိန်မှာပဲ သူနှင့် သူမတို့ ထိုင်နေသော လသာဆောင်ပေါ်ကနေ စုရဲ့ ကားလေး ဝင်လာတာကို လှမ်းတွေ့လိုက်ရပါသည်။ ကားပေါ်က ဆင်းလာသော စုရဲ့သဏ္ဍာန်ဟာ အဝေးက





ကြည့်လျှင် အသက်သုံးဆယ်ဟုတောင် မထင်ရချေ။ ချောကလက်နရောင် ဝတ်စုံဝတ်ထားသော ထက်မြက်သည့် သဏ္ဍာန်အဆင်းရှိသည့် စုဟာ ဒီဘက်ကို အမှတ်တမဲ့ မော့ကြည့်လျက် သူမနှင့် ထက်သန်ကို မြင်သွားသောအခါ လက်ဝှေ့ယမ်းပြ နှုတ်ဆက်ပြီး အိမ်ထဲ ဝင်သွားလေသည်။

သူက စုကို လိုက်ငေးကြည့်နေပြီးမှ သူမဘက်ကို ရုတ်တရက်လှည့်ကာ ...

"အန်တီစုက တော်တော်ချောတာပဲနော် ... အဘက်ဘက်က ပြည့်စုံရဲ့သားနဲ့ အပျိုကြီးဖြစ်နေတာ တစ်ခုခုတော့ တစ်ခုခုပဲ ..."

"အံမယ် ... ဘာတစ်ခုခုလဲ ... အဘက်ဘက်က ပြည့်စုံနေလို့ ယောကျ်ားမယူတော့တာပေါ့ ... စုကိုများ လိုချင်တဲ့သူတွေ ခုထိ ဝိုင်းတုန်း ... သဘောပေါက် ..."

"အေးလေ ... သဘောပေါက်လို့ပဲ ပြောနေတာပေါ့ ... စုကို သဘောကျတဲ့လူတွေကလည်း အချောတွေမှ မဟုတ်တာ ... ဒီလူတွေကို လက်မခံနိုင်တာ စုမှာ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့ ... ဟိတ် အသက် ... နင် ဒီလို မထင်မိဘူးလား ... အန်တီစုဟာ သူအချစ်ဆုံးလူနဲ့ လွဲသွားလို့ တခြား ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့တာ မဖြစ်နိုင်ဘူးလားဟင် ..."



Scanned by CamScanner

သူ့မေးခွန်းကြောင့် သူမ ရင်ထဲ ဒိတ်ခနဲ တုန်လှုပ်သွားရလေသည်။ သူ မှန်းတာ တော်လှချည်လား။ ဒါဖြင့်ရင် သူ သူမရဲ့ ခံစားချက်တွေကိုရော မရိပ်မိနိုင်ဘူးတဲ့လား။ သူမက သူ့မျက်ဝန်းတွေထဲ ကဗျာကယာ အဖြေရှာကြည့်သောအခါ သူ့မျက်ဝန်းတွေက ရိုးသားလျက် ရှိကာ သူ့မေးခွန်းအတွက် သူမ ထင်မြင်ချက်ကိုသာ ငံ့လင့်နေပုံဖြင့် တောက်ပရုံသာ ရှိပါသည်။

သူမက စုရဲ့ အတိတ်ဇာတ်လမ်းကို သူ့အား လုံးဝ ဖွင့်မပြောပြဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။ သူ သိ၍ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

"ဟာ ... နင်ကလည်း ထင်ရာတွေ စွတ်ပြောနေပြန်ပြီ ... စုမှာ ဘာရည်းစားမှတောင် မရှိဘူး ... "

"အသက်မ ... ဒီတစ်ခါတော့ နင် အသွားပြီ ... သူ ရည်းစားထားတာ နင့်ကို ပြောမလားကွ ... ဝေးလိုက်တာကွာ"

သူမကို လှောင်ချင်ဟန်ရှိသော သူ့အပြုံးတွေကို ဥပေက္ခာပြုပစ်လိုက်ပါသည်။ ငါ မဝေးပါဘူး ထက်သန်ရယ်။ နင်နဲ့ နီးချင်လွန်းလို့ ခက်နေတာပါ။

"ငါ မဝေးဘူး ငှေ့ရဲ့ ... စု ဘယ်လောက်ပွင့်လင်းလဲ နင်လည်းအသိဆုံးပဲ ... ငါ့မာမီကိုလည်း မေးပြီးပြီ ... စုဟာ တကယ့်ကို ရည်းစားတစ်ယောက်မှ မရှိခဲ့တာတဲ့ဟ ... ဟုတ်တယ် ... ထူးတော့ ထူးဆန်းတယ် ... စုဟာ မချစ်





တတ်တာများလား ... အသည်းနှလုံးမရှိတာဘဲလား တစ်ခုခုပဲဟ ... "

သူမက အိုက်တင်ကောင်းစွာဖြင့် မျက်လုံးပေကလပ် ပေကလပ်လုပ်ကာ ပြန်ပြောပါသည်။

"အဲဒါဆို ပိုလို့တောင် ကောင်းနေပြီ ... မချစ်တတ်တာတော့ မဖြစ်နိုင်ဘူး ... လူတိုင်းမှာ ချစ်တတ်တဲ့ အသည်းနှလုံးပါတာပဲဟ ... တစ်နေ့ရောက်၊ တစ်ချိန်ချိန်မှာတော့ ချစ်မိကြမှာပဲ ... ငါ့အထင်တော့ စုရဲ့ အချစ်ဟာ လူမသိ သူမသိနဲ့ပဲ ပြီးဆုံးသွားခဲ့တယ် ထင်တယ် ... စု ကြည့်ရတာတော့ သိပ်ချစ်တတ်မဲ့ပုံပဲ ... "

"အံမယ် ... နင်ကများ ငါ့အခေါ်ကို ဝေဖန်လို့ ... နေစမ်းပါဦး ... နင်က သိလှချည်လား ... ဒါဆို ငါလည်း Guess လုပ်ပေးစမ်းပါဦး ... ငါကရော သိပ်ချစ်တတ်မဲ့ ပုံလားလို့"

သူမက သွေးတိုးစမ်း၍ မေးလိုက်သောအခါ သူက သူမမျက်နှာကို ရှေ့တိုးကြည့်လိုက် နောက်ဆုတ်ကာ မျက်မှောင်ကုတ်၍ လက်ပိုက်ကြည့်လျက်၊ ဘယ်ညာနှစ်ဖက်ယိမ်းကြည့်လိုက်နှင့် သူမကို တမင်နောက်နေသေးသည်။ သူ ... သူမမျက်နှာတည့်တည့် စိုက်ကြည့်နေစဉ်မှာ ခြေဖျားလက်ဖျားတွေတောင် အေးစက်လာသည်ဟု ထင်ရလေသည်။ အချစ်ဆိုတာ ဒါပဲ ဖြစ်မည်။ သူ့ရှေ့ရောက်လျှင် အလိုလိုကို ရင်ခုန်သံတွေ မြန်ဆန်လာလျက် အလိုလို



Scanned by CamScanner

လှိုက်ဖိုရင်တုန်နေရသည်မှာ အချစ်ရဲ့ လှုံ့ဆော်မှုပဲ ဖြစ်ပါမည်။

သူမက သူ့ ဘာရေးပြာမလဲ ငုံလင်နေစဉ်မှာပဲ ...

"သိပ်ချစ်တတ် မတတ်တော့ ငါလည်း မသိဘူးဟ ... ဒါပေမဲ့ နင် သိပ်သဝန်တိုတတ်တာတော့ ငါ သိတယ် ... ဟဲ ဟဲ ..."

ဟု ပြန်ဖြေလေသည်။

"ဘာရယ် ... ငါက သဝန်တိုတတ်တယ် ဟုတ်လား ..."

"အေးလေ ... သူငယ်ချင်းဖြစ်တဲ့ ငါတောင် နင် ဒီလောက်တိုထွာနေရင် နင့်ရည်းစားသာဆို ဘယ်လောက်တိုထွာမလဲလို့ ... ငါ တွေးကြည့်တယ် ... ဟား ဟား ... အဲဒီကောင်တော့ ခြေချုပ်မိမှာ သေချာတယ် ..."

"ဒီမှာ ... နင် သိထားဖို့က ငါ လုံးဝရည်းစားမထားဘူးဆိုတာပဲ ..."

"ဟာ ... မထားဘဲတော့ မနေပါနဲ့ဟာ ... နင် ဘဲရသွားမှ ငါလည်း အတွဲချိတ်ရမှာဟ ..."

သူ့စကားကြောင့် သူမရင်ထဲ နာကျင်အောင့်မျက်သွားခဲ့လေသည်။ ချက်ချင်းပင် ဝေ့သီလာသော မျက်ရည်စများကိုပင် မသိမ်းအားဘဲ ...

"နင့်ဘာသာ ရည်းစားထားချင် ထားပါ ထက်သန့် ... ငါ့ကိုတော့ နင် လာပြီးမြှောက်မပေးပါနဲ့ ... နင် မြှောက်ပေး





တိုင်းလည်း ငါ ဘယ်တော့မှ မလုပ်ဘူး ... နောက် နင် ငါ့ကို ရည်းစားထားဖို့ ဘယ်တော့မှ လာမပြောနဲ့ ... ဒါပဲ"

သူမက ပြောပြီးတာနှင့် ထိုင်ရာမှထကာ ဖျတ်ခနဲလှည့်ထွက်စဉ်မှာ သူက အံ့အားသင့်သော မျက်ဝန်းများဖြင့် ကြည့်လျက် သူမကို လှမ်းဆွဲထားသည်။ သူက သူမကို နားမလည်သလိုကြည့်လျက် ရှိလေသည်။

"အသက် ... နင် ဘာဖြစ်သွားတာလဲ ... ဒီလောက်လေးက နင် စိတ်ဆိုးရောလား ... အရင်လည်း နင့်ကို ငါ ဒီလိုပဲ နောက်နေတာပဲ ..."

"တခြားဟာ နောက်ဟာ ... ငါ့ကို ဒါမျိုးတွေ လာမနောက်နဲ့ ..."

"အသက် ... နင် တစ်ခုခုတော့ တစ်ခုခုပဲ ... နင် ဘာဖြစ်နေတာလဲ ပြော ... ဘယ်ကောင်ကြောင့် ဘာဗီလင်တွေ ခံစားနေရလဲ ... နင့်ပုံစံက မဟုတ်သေးဘူး ..."

နင့်ကြောင့် ... နင့်ကြောင့်ဟု အော်ဟစ်ပင်ချင်စိတ်ကို မနည်းမျိုသိပ်ထားရလေသည်။ သွားပြီ ... ခုတ်ရာတခြား ရှရာတခြားတော့ ဖြစ်ကုန်ပြီ။

သူမက သူ့လက်ထဲ ရုန်းထွက်လိုက်ရင်း မျက်နှာကိုလည်း ချက်ချင်းပြင်ယူလိုက်သည်။ သူနှင့်ပတ်သက်၍ သူမ ဟန်ဆောင်ထိန်းချုပ်ဖို့ အတော်လေး ကြိုးစားရဦးမှာဖြစ်သည်။



Scanned by CamScanner

"ဘာမှ မဟုတ်တာ ငါ မဟုတ်ဘူး ... နင် ... နင် ... နင့်ကို ကြည့်မရလို့ ရှင်းလား ... သူငယ်ချင်းချင်း ချစ်ခင်နေတာကို နင်က အတွဲကိုယ်စိနဲ့ ပျက်ပြားချင်နေတဲ့ နင့်ရဲ့ စိတ်ဓာတ်ကို အမြင်ကတ်လို့ပေါ့ ရှင်းပလား ... "

"ဟာ ... အသက်ရာ ... ငါက နင့်ကို နောက်နေတာပါ ... ငါ့မှာ ဒီလိုစိတ်မျိုး မရှိပါဘူး ... နင်နဲ့ ချစ်ခင်မှုကို ဘာလို့ ပျက်ပြားချင်ရမှာလဲ ... အဓိပ္ပာယ်မရှိတာ ... "

"မသိဘူးလေ ... ခုတလော နင်က ဒါပဲ ပြောနေတာကိုး။ ထက်သန် ... နင့်မှာ ချစ်ရမဲ့သူ ရှိနေပြီလားဟင် ... "

သူမရဲ့အသံက တိုးဖွဖွ ... ။ သူက သူမကို စာနာသော မျက်ဝန်းများဖြင့် ကြည့်ကာ ...

"မရှိပါဘူး အသက်ရာ ... "

"ဒါပေမဲ့ ... ငါ သိပါတယ်ဟာ ... နင် ချစ်တဲ့လူ တွေ့လာရင် နင် ငါ့ကို ဒီလောက် ခင်မင်ဂရုစိုက်တော့မှာ မဟုတ်ပါဘူး ... ဟုတ်တယ်မှုလား ... "

"ဘာမှ မဆိုင်ဘူးကွာ ... နင့်အပေါ်ထားတဲ့ သံယောဇဉ်က အနှစ်နှစ်အလလက ဖွဲ့တည်လာတဲ့ သံယောဇဉ်တွေ ... နင့်အပေါ်မှာ ငါ ဘာလို့ပြောင်းလဲရမှာလဲ ... နင်ဟာ ငါ့ ညီမလေးဆိုလည်း ဟုတ်တယ် ... စိတ်ချကွာ ... နင့်ကို ငါ ကတိပေးတယ် ... ငါ ချစ်သူ ရှိလာတဲ့အခါမှာလည်း





နင့်အပေါ် ဒီအတိုင်းပဲ ... ပြောင်းလဲသွားတာ လုံးဝမရှိစေရဘူး ... နင့်ကို ဘယ်တော့မှ ချန်မထားခဲ့ဘူး ... ကျေနပ်လား ... "

သူက သူမရဲ့နဖူးကို သူ့လက်မဖြင့် တွန်းတင်လျက် ကြင်နာစွာ စိုက်ကြည့်၍ မေးဆတ် မေးပုံလေးကို သူမ သိပ်ချစ်မြတ်နိုးရပါသည်။ သူဟာ သိပ်ကို ချစ်ဖို့ကောင်းသော လူသားလေးပဲ ဖြစ်သည်။ သူ့ရဲ့ အပြုအမူ၊ အပြောအဆို၊ ပုံစံ၊ စတိုင်လ် တို့ဟာ ဘယ်မိန်းကလေးကိုမဆို ရင်ခုန်စွဲငြိစေမှာ အမှန်ပဲဖြစ်သည်။ သူ့ကို ဘယ်မိန်းမကမှ မချစ်ဘဲနေနိုင်မှာ မဟုတ်ချေ။

သူ ဘယ်သူ့ကို ချစ်မှာလဲကွယ်။ သူမကို ဒီတစ်သက်မှာ တကယ်ပဲ ချစ်မလာနိုင်တော့ဘူးလား။ ဒီအတွေးဟာ သူမရင်ကို များစွာနှိပ်စက်လေသည်။

တစ်နေ့နေ့မှာ ... သူ ချစ်သောမိန်းမတစ်ယောက် ပေါ်ကို ပေါ်ပေါက်လာမယ်ဆိုတာ သူမ သိပြီးသားဖြစ်ပေမဲ့ အဲဒီ အချိန်တွေကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ တွေးကိုမတွေးရဲချေ။ သံယောဇဉ်တွေ ဘယ်လောက်ပဲ နှောင်ဖွဲ့ပါစေ ... ချစ်သူဆိုသည့် ရင်ခုန်ဖွယ် ဝေါဟာရအောက်မှာ ပို၍ နှောင်တိုးပတ်သက်ကြမည့် ပတ်သက်မှုတွေကို သံယောဇဉ်ကြိုးက လိုက်လို့မီမှာ မဟုတ်ပါ။

စုရဲ့ စကားတို့ကို နားထဲမှာ ပြန်ကြားယောင်လျက် အကြိမ်ကြိမ်မာန်တင်းရသော်လည်း အကြိမ်ကြိမ် လဲပြိုရှုံးနိမ့်ရတယ်



Book Sharing

Scanned by CamScanner

ဆိုတာ သူမဘာသာပဲ သိပါသည်။ အချစ်ဆိုတာ စတင်စံစားတဲ့သူ အဖို့ အရှုံးပါပဲ။ အရှုံးတစ်ခုကို ပေးဆပ်လိုက်လို့ တစ်ဖက်က အချစ်ကို ပြန်ပေးသနားလိုက်မှ အချစ်ချင်းညီပြီး ပိုမိုလှပလာတတ်ကြတာပါ။ အချစ်ဆိုတာ တကယ်ရှုံးပါတယ် ထက်သန်ရယ်။

"နင် တတ်နိုင်ရင် မချစ်တတ်အောင် နေပါဟာ ... အချစ်ဆိုတာ ကိုယ်ရှုံးဖို့ချည်း ဖြစ်လာတဲ့ ဝေဒနာတစ်ခုပါ ..."

ထက်သန်က သူမကို အတန်ကြာ ငေးစိုက်လို့ ကြည့်နေခဲ့လေသည်။







ပြီးခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ စုက သူမကို ကောင်းကောင်းကြီး ဝေဖန်ခဲ့တာ ဖြစ်ပါသည်။

"အဲဒါ ... နင် မှားတယ်အသက်ရဲ့ ..."

"ဟင် ... ဘာလို့လဲ ... အသက်က သူ့ကို စွာကျယ် စွာကျယ် မအော်ခဲ့ပါဘူး ..."

"အော်တာ မအော်တာကို ပြောနေတာ မဟုတ်ဘူး ...



Scanned by CamScanner

အော်ပစ်ရင်တောင် ရတယ် ... ဒီလိုမျိုး ခံစားချက်တွေကို ဖွင့်မပြသင့်ဘူး ... အေးလေ ဖွင့်တော့မပြဘူးပေါ့ ... ဒါပေမဲ့ ထိန်းချုပ်နိုင်ဖို့လည်း လိုတယ် ... "

"ဘာလို့ ထိန်းချုပ်ရမှာလဲ ... သူ သိလေ ကောင်းလေ မဟုတ်ဘူးလား ... "

စုက သူမကို ကျွတ်ခနဲ စုတ်တစ်ချက်သတ်ကာ

"နင့်ဘက်က မရိုးသားမှန်းသိနေရင် ... နင့်ကို သူ့နှလုံးသား ရေးရာကိစ္စတွေ ဘယ်လိုလုပ် ထုတ်ပြောတော့မလဲဟဲ့ ... သူ မဂ်လာဆောင်တော့မှပဲ နင် သိတော့မှာပေါ့ ... "

စုရဲ့စကားကြောင့် သူမက ရုတ်တရက် ငိုချင်းချချင် စိတ်ပေါက်အောင်ပင် စိတ်ညစ်ရလေသည်။

"အဲဒီ စုကလည်းကွာ နိမိတ်မရှိတဲ့ စကားတွေ ပြောနေတော့တာပဲ ... "

"ငါပြောတာတွေက အမှန်တွေချည်းပဲ ... နင် သူ့ကို ဘယ်လောက်ပဲချစ်ချစ် ရင်ထဲက အချစ်ကို ရင်ထဲမှာပဲ သိမ်းထားသင့်တယ် အသက် ... ဘာလို့လဲဆိုတော့ နင်တို့ဟာ သူငယ်ချင်းတွေဖြစ်နေလို့ပဲ ... သူ့ဆီက ယုံကြည်မှုကို နင် အပြည့်အဝရအောင် ကြိုးစားသင့်တယ် ... ဒါမှ နင်က သူ့ခြေလှမ်းတိုင်းကို သိနေပြီး ... သူ့ထက် အရာရာမှာ တစ်ကွက်ကျော်မယ် ... နေရာတိုင်းမှာ ဖှက်ပဲလေးတွေ ဒိုင်လျှိုလေးတွေ





ရှိတယ်ဟ ... ငါက အဲဒါတွေကိုမသိလို့ ခံခဲ့ရပြီးပြီ ... နင့် အလှည့်မှာ ဒါမျိုး မဖြစ်စေနဲ့တော့ ... "

"ရှုပ်နေတာပဲကွာ ... ဖဲလည်း မကစားတတ်ဘူး ... ခေါက်ဆွဲလည်း မစားဘူး ... "

စုက သူမကို ပြုံးတော့တော့ဖြင့် စိုက်ကြည့်ရင်း ...

"ကိုယ် လိုချင်တာ ရဖို့အတွက် ကြိုးစားရမှာပဲ အသက်ထက်ရေ ... ဒါဟာ သမားရိုးကျ ကိစ္စလည်းမဟုတ်ဘူး ... နှလုံးသားနဲ့ဆိုင်တဲ့ကိစ္စ ... အချစ်ဆိုတာ သိပ်နူးညံ့ပြီးတော့ ပါးလွှာတဲ့ ပိုးကြိုးလေးလိုပဲ ... လုံးဝအကြမ်းတမ်း မခံနိုင်ဘူး၊ နူးနူးညံ့ညံ့ ကိုင်တွယ်မှပဲ ရနိုင်တယ် ...

"လောကမှာ ကိုယ် လိုချင်တာတွေရဖို့ ဟန်ဆောင်သင့်ရင်လည်း ဟန်ဆောင်ရတယ် ... မပြုံးချင်ရင်လည်း ပြုံးရတယ်၊ အခြေအနေတွေကိုလည်း နားလည်တတ်ရတယ် ... အားလုံးကို ကြိုမြင်ပြီး အကွက်ကျကျ စီမံတတ်ရတယ် ... ကိုယ်ချစ်တဲ့သူရဲ့မျက်လုံးထဲမှာတော့ ကိုယ်ဟာ အပြစ်အကင်းဆုံး စင်းလုံးချော ဖြစ်နေရမယ် ... "

"ဒါဆို ... တရားပါ့မလား စုရယ် ... "

"အချစ်မှာ မတရားတာ မရှိဘူး အသက် ... ကိုယ့်ချစ်သူကို ကိုယ်ပိုင်ဆိုင်အောင် ကြိုးစားတာဟာ တရားမျှတတယ်၊ ဦးနှောက်နဲ့ ယှဉ်ကစားတဲ့ပွဲမို့ ညစ်တာလေးတွေ ပါချင်ပါ



Scanned by CamScanner

မယ် ... ဒါဟာ အပြစ်တစ်ခု မဟုတ်ပါဘူး ... ကိုယ်က သူ့ဘဝကို ဇွတ်ပြတ်သတ် ထိန်းကိုက်အောင် လုပ်မှာမှ မဟုတ်ဘဲ

"အသက်ကို နားလည်အောင်တစ်ခုပြောရရင် ယောက်ျားတွေဟာ သူတို့ကို နားလည်အပေးနိုင်ဆုံးမိန်းမကို ပိုမက်မောချင်ကြတယ် ... သူတို့ကို မှုဝေခံစားပေးနိုင်တဲ့သူ ... သူတို့ လိုအပ်တာကို ဖြည့်ဆည်းပေးနိုင်တဲ့သူ ... ယုယကြင်နာတတ်တဲ့ ... ချိုသာတဲ့သူတွေကိုပဲ မက်မောကြတယ်၊ မိန်းမတစ်ယောက်ရဲ့ နွေးထွေးတဲ့ ရင်ခွင်စစ်ကို မက်မောတောင့်တကြတယ် ...

"ဒါတွေပေးနိုင်ရင် ... သူတို့ ငြိတွယ်တမ်းတကြတာပဲ ... ယောက်ျားဆိုတာ မွေးကာစကလေးလိုပဲ ... လက်သာရာကို စီးတတ်ကြတာပဲ အသက်ရဲ့ ... အသက်ဟာ ထက်သန်အတွက် နားလည်အပေးနိုင်ဆုံးလူ ဖြစ်ပါစေကွယ် ... ဒါဆို အသက်ကို သူ ယုံကြည်လာလိမ့်မယ် ... အစစ အရာရာ ဘာမဆို ဖွင့်ဟတိုင်ပင်လာလိမ့်မယ် ... ဒါဆိုရင် အသက် ဘာလုပ်ရမလဲ အသက်ဘာသာ သိလာမှာပါ ... "

သူမက စုရဲ့ စကားတွေကို ငြိမ်သက်စွာ တွေးတောရင်းကနေ သိပ်မကြာခင်မှာ တွေ့ရတော့မည့် ကံကြမ္မာသစ်တစ်ခုကို ကြိုတင်ရင်ခုန်လျက် ရှိလေသည်။ တကယ်တော့ ကံကြမ္မာသစ်





ဟာ သူမထံသို့ ထင်ထားတာထက်တောင် မြန်မြန်ဆန်ဆန်နှင့် အနားနားမှာ နီးနီးကပ်ကပ် တိတိကျကျကို ရောက်ရှိလာခဲ့တော့တာပဲ ဖြစ်လေသည်။



## "အလယ်"

တိမ်ပြာပြာ နေသာသာလျက်ရှိသည့် ဆန်းဒေးတစ်နေ့မှာ သူ သိပ်ချစ်သွားမည့် မိန်းမတစ်ယောက်ကို သူနှင့်အသက်တို့ ပြိုင်တူတွေ့ခဲ့ကြခြင်း ဖြစ်ပါသည်။ နောင်တစ်ချိန်မှာ သူ့ရဲ့ ပြန်ပြောချက်အရ ထိုမိန်းကို တွေ့တွေ့ချင်း သူက ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာ ဖြစ်ပြီး သူ့ဘဝမှာ တစ်ခါမှ မဖြစ်ဘူးသော ခံစားချက် အသစ်





အဆန်းတစ်မျိုးလည်း ဖြစ်ခဲ့သည်တဲ့။ သူမကတော့ ... ထိုမိန်းမကို တွေ့တွေ့ချင်းမှာ သူမသည် အသက်ရဲ့ လျော့မတွက်သင့်သော၊ ကိုယ့်ထက် နှာတစ်ဖျားသာမကပဲ အဆပေါင်းများစွာ ကံကောင်းလွန်းနေသော မိန်းမတစ်ယောက်ဖြစ်ကြောင်း မုန်းမုန်းနှင့် လက်ခံလိုက်ရတာ ဖြစ်ပါသည်။

ထိုနေ့က သူနှင့် အသက်တို့သည် သူတို့အိမ်ရဲ့ လသာဆောင်ပေါ်မှာ ချက်စ်ထိုးနေကြခြင်း ဖြစ်သည်။ အဲဒီအချိန်မှာပဲ သူတို့ခြံရဲ့ မျက်နှာချင်းဆိုင် ရှေ့ခြံသို့ ကားတစ်စီး ထိုးရပ်လာတာကို သူရော အသက်ပါ ဘာရယ်မဟုတ် ပြိုင်တူလှမ်းကြည့်မိကြခြင်း ဖြစ်လေသည်။ ရှေ့ခန်းမှ ဆင်းလာသူတွေက လူကြီးမိဘဖြစ်ပုံရသော စုံတွဲတစ်တွဲ၊ နောက်ခန်းတစ်ခန်းကို ဖျတ်ခနဲဖွင့်၍ ဆင်းလာခဲ့သူမှာ သူ့နှလုံးသားကို အပိုင်သိမ်းသွားသည့် မိန်းမတစ်ယောက်ပဲ ဖြစ်လေသည်။

"ဟာ ... လှလိုက်တဲ့ ဆံပင်တွေပါလား ..."

သူ့နှုတ်မှ ရုတ်တရက် ထပြီး ရေရွတ်ရလောက်အောင်ပင် ထိုမိန်းကလေးရဲ့ ဆံပင်တွေဟာ တင်ပါးဖုံးထိ ညီညီတိတိရှည်လျက် မည်းနက်တောက်ပြောင်ကာ ကတ္တီပါတစ်စ ခြုံထားသလိုကို တောက်ပအသက်ဝင်ကာ လှပလွန်းသည့် ဆံကေသာတွေပဲဖြစ်သည်။ နိုင်ငံခြား ခေါင်းလျှော်ရည်ကြော်ငြာတွေထဲကလို ထူးထူးခြားခြားကို လှပလွန်းလေသည်။

အဝေးက လှမ်းကြည့်တာတောင် ... ဤမျှ လှပနေခဲ့လျှင် အနီးနားကပ်ကြည့်ပါက ဘယ်လောက်များ လှပနေလိမ့်မလဲ မသိချေ။ ထူထူထဲထဲ ဆံပင်ကြီးမှာ အုံလည်းကောင်းလှသလို ရနံ့တစ်မျိုးလည်း မွှေးပျံ့နေပေလိမ့်မည်။ အသက်ဟာ တစ်ချိန်လုံး လှသည်ဟုထင်ထားခဲ့သော ကိုယ့်ရဲ့ ဆံပင်ကောက်တွေကို ယောင်ယမ်းကာ ကိုင်ကြည့်မိလေသည်။ စိတ်ကူးထဲမှာကို ယှဉ်ကြည့်လျှင် သူမက ဆံပင်ရဲ့ကောင်းခြင်းနဲ့ အင်မတန် ပြည့်စုံနေချေပြီ။

သူရော အသက်ပါ ပြိုင်တူငေးကြတုန်းမှာပင် သူမရဲ့ မျက်နှာရော ကိုယ်လုံးပါ ဖျတ်ခနဲ ဒီဘက်လှည့်လာခဲ့ပါသည်။ သူမက ဘေးပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲအကြည့်မှာ လသာဆောင်ပေါ်က အသက်တို့ထံ အကြည့်တစ်စုံက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ပကတိ တည်ငြိမ်အေးဆေးသော မျက်နှာလေးပင်ဖြစ်သည်။

အထူးသဖြင့် အင်မတန် မြန်မာဆန်သော ဝတ်စုံကို ဝတ်ထားလျက် သိပ်ကို သိမ်မွေ့နူးညံ့သော ပုံစံလေးပင် ဖြစ်ပါသည်။ ဆံပင်ရှည်ရှည်၊ မြန်မာဆန်ဆန် ရင်စေ့ ခါးတိုနှင့် လုံချည်ဆင်မှာ အသားရောင်အမွှင့်နုတ်နုတ်လေးတွေ ဖြစ်၍ အတော့်ကို မြင်ရခဲသောပုံစံပင်။

သူမက အသက်တို့ကို ဖျတ်ခနဲကြည့်ကာ အကြည့်လွှဲသွားပါသည်။ ထို့နောက် လူကြီးတွေနှင့်အတူ ခြံထဲဝင်သွားခဲ့



BookSharing



လေသည်။ အဲဒီကျမှ မျက်လုံးလွှဲသွားသော သူက သူမဘက်သို့ လှည့်လာရင်း ...

"ဒါ ... အဲဒီခြံကို ပြောင်းလာတဲ့ လူသစ်တွေဖြစ်မယ်ဟ"

"ဟမ် ... ဘာဆိုင်လို့လဲ ... နင်က ဘာလို့ ပြောနိုင်ရတာလဲ ..."

သူ့အပြောက အသက်ကို တုန်လှုပ်သွားစေပါသည်။ ဘုရား ... ဘုရား ထိုမိန်းကလေးဟာ အဲဒီခြံကို ပြောင်းလာတဲ့သူ မဟုတ်ပါစေနဲ့။ သူ့အကြည့်တွေက ဒီလောက်ကဗျာဆန် နုနွဲ့နေလျက် ထိုသိမ်သိမ်မွေ့မွေ့ မြန်မာဆန်ဆန် မိန်းကလေးအပေါ်မှာ သိပ်ကို တောက်ပအသက်ဝင်လျက် ရှိတာကို အသက်က အတိုင်းသား မြင်တွေ့နေရသည်လေ။ သူက ထိုမိန်းကလေးကို မချစ်သွားနိုင်ဘူးဟု မပြောနိုင်ပေ။

"တလောက မေမေ ပြောဖူးတယ်ဟ ... ရှေ့ခြံကို ဖောရိန်နာတွေ ပြန်အပ်သွားပြီတဲ့ ... ပိုင်ရှင်တွေ ပြန်နေတော့မယ်တဲ့ ..."

သူမစိတ်ထဲမှာ ဖျတ်ခနဲ တုန်ယင်သွားခဲ့ပါသည်။

"ပိုင်ရှင်တွေ ... ပိုင်ရှင်တွေက ကနေဒါမှာ အပြီးနေတဲ့ဥစ္စာကို ..."

"အပြီးလည်း ပြန်လာလို့ရတာပဲ ... မသိဘူးဟာ ... မေမေပြောတာပဲ ..."

အသက်ရဲ့ ရင်ခုန်သံတွေကား တိုးလို့ပင် မြန်ဆန်လာချေပြီ။ စု ဘာလုပ်နေလဲ။ စုဟာ ဒီသတင်းကို မသိဘူးတဲ့လား။ အသက်ရဲ့ အတွေးတွေ ပြေးလွှားနေတုန်းမှာပဲ သူ့မေမေက ကောင်မလေးတစ်ယောက်ကို လင်ပန်းတစ်ခု သယ်ဆောင်လာစေကာ အနားရောက်လာခဲ့ပါသည်။ အငွေ့တထောင်းထောင်း ထနေသော အစားအသောက်များကို အရင်လို စိတ်မဝင်စားအားဘဲ အန်တီ့ကို ကမျာကယာ လှမ်းမေးလိုက်ပါသည်။

"အန်တီ ... ရှေ့ခြံကို ပိုင်ရှင်တွေ ပြန်လာနေတော့မယ်ဆို ဟုတ်လားဟင် ... "

"ဟုတ်တယ် အသက်ရဲ့ ... ဘာလို့လဲ ... "

"ဒါဆို ... ဟို အန်ကယ်ကျော်စွာတို့ပေါ့နော် ... "

အသက်ရဲ့စကားကြောင့် အန်တီ့မျက်နှာမှာ အပြုံးရိပ်လဲ့လဲ့ ပေါ်သွားပါသည်။ အန်တီက အသက်ရဲ့ခေါင်းလေးကို ချစ်စနိုးပုတ်ရင်း ...

"အသက်က ကျော်စွာ့ကို သိတယ်ပေါ့ ... သူတို့ပြောင်းသွားတာ အသက်တို့တောင် မမွေးသေးဘူး ... "

"ဟို ... ဟို ... "

သူမက လက်ညှိုးတထောင်ထောင်ဖြင့် ထစ်အနေတုန်းမှာပဲ အန်တီက နားလည်စွာဖြင့် တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြလျက် ...





"စု ပြောင်းလာမှာ ကျော်စွာတို့ မဟုတ်ပါဘူး သမီးရဲ့ ... ကျော်စွာတို့က မောင်နှမနှစ်ယောက်ရှိတယ် ... ခုပြောင်းလာမှာ သူ့အစ်မကြီးပါ ... အမျိုးသားက အရာရှိဆိုတော့ မော်လမြိုင်မှာနေရတာ ... ခုတော့ အငြိမ်းစားယူလိုက်လို့ ဒီကို ပြန်ပြောင်းလာကြတာ ... သူတို့မှာလည်း သမီးလေး တစ်ယောက်ပဲ ရှိတယ် ... အသက်လိုပဲပေါ့ ... "

အခုနက မိန်းကလေးကို ဖျတ်ခနဲ ပြေးမြင်သွားပါသည်။ သေချာပါတယ် ... သေချာသလောက်ရှိတယ်။ သူမ ရင်ထဲမှာ ဘာကိုပူပင်မှန်းမသိ ပူပင်လာခဲ့လေသည်။

"ကဲ ... ဒီမှာ အန်တီ မန္တလေးမြီးရှည် လုပ်လာတာ ... စားလိုက်ဦး ... "

"စားလေ အသက် ... ဒီတစ်ခါ ငြိမ်နေပါတယ် ... "

အသက်က စကားပြောလာသော သူ့ကို ဖျတ်ခနဲ ကြည့်ရင်း ပန်းကန်ကိုယူကာ စိတ်မပါစွာဖြင့်ပင် တူနှင့်မွှေရင်းမှ ရှေ့ခြံကို လှမ်းအကဲခတ်နေခဲ့ပါသည်။ အသက်လိုပဲ ကြည့်ကွက်ကြည့်ကွက် လုပ်နေသောသူတစ်ဦးမှာပဲ သူပဲ ဖြစ်သည်။ စားလိုက်သောက်လိုက်နှင့် အိမ်ထဲကို လှမ်းအကဲခတ်နေသော သူ့ကိုကြည့်ကာ စိတ်တွေပင် တိုလာရသည်။ ခဏနေတော့ သူ အသက်ကို စကားစလာခဲ့သည်။

"အသက် ... ခုနတစ်ယောက်က အရမ်းယဉ်တယ်နော်"

"အင်း ... "

အသက်ရဲ့ အသံက စိတ်မပါလက်မပါ ... ။ သူကတော့ ဘာမှမသိချေ။

"ဆံပင်ကြီးကလည်း အရမ်းမိုက်တယ်ကွာ ... သိပ်ကျက်သရေရှိတာပဲ ... လှတယ်နော် အသက် ... "

"အေး ... "

ဒါတော့ သူ တရားလွန်နေချေပြီ။ အသက်ရဲ့ ဖြောင့်ဖြောင့်စင်းစင်း ကျောလည်လောက် ရောက်နေသော ဆံပင်တွေကို သူပဲ ပုံသွင်းညှပ်စေပြီး ကောက်စေခဲ့ပြီးကာမှ တစ်ဘက်မိန်းမရဲ့ ဆံပင်နှင့်အလှကို တဖွဖွ ချီးကျူးနေတာ သူ လွန်နေပြီဖြစ်သည်။

"Body လည်း အရမ်းလှတယ်ကွာ ... မြန်မာဝတ်စုံလေးနဲ့ သိပ်လိုက်တာပဲ ... တကယ့်ရှားပါးပဲနော် ... ဒီခေတ်ထဲမှာ ဒီပုံစံလေးက ပိုတောင်ဆန်းနေသလိုပဲ ... အသားလေးကလည်း ညိုညိုဝင်းဝင်းလေးနဲ့ တစ်မျိုး Attrection ရှိတယ် ... ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ ... ညိုသူတွေချောရင် ဖြူသူတွေ လိုက်မမီဘူးတဲ့ ... "

သူ့ကို အသက် လည်ပင်းညှစ်ပစ်ချင်လောက်အောင် ဒေါသထွက်နေခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း အသက်ရဲ့ ဒေါသတွေကို နည်းနည်းမှ အပြင်သို့ မထုတ်ဝံ့သေးချေ။ အသက်ရဲ့ နားထဲမှာ စုရဲ့ စကားသံတွေက အပြန်ပြန်အလှန်လှန် ကြားနေခဲ့ရပြီးသား





ဖြစ်သည်။ သူ့ရဲ့ ယုံကြည်မှု၊ အားကိုးတိုင်ပင်မှုတွေ အသက် မရလို့ မဖြစ်ပါ။ ဒါတွေ သိရမှ အသက် သူ့ကို ပိုင်ဆိုင်ရမှာ ဖြစ်လေသည်။

"အေးပေါ့ ... မှည့်မှချို ညိုမှ လှတဲ့ ... စကားပုံတောင် ရှိသေးတာပဲ ... ဟုတ်တယ် ... ဟုတ်တယ် ... "

အလကား ... ညိုတဲ့အသားများ ဘာလှတာမှတ်လို့ သူများတွေ မဖြူ ဖြူအောင်တောင် ငွေကုန်ကြေးကျခံနေရတာ။ ဘယ်အသားရောင်က ပိုလှတယ်ဆိုတာ အသိသာကြီးပဲဥစ္စာ။

အသက်က သူ့အကြိုက်ကို လိုက်ပြောပေးနေသော်လည်း စိတ်ထဲကတော့ ထိုမိန်းမကို စတင် မျက်မုန်းကျိုးလျက် ရှိနေချေပြီ။ ဘာလို့ ကြည်ဖြူရမှာလဲ။ ကိုယ့်ချစ်သူရဲ့ စိတ်ဝင်စားမှုကို တစ်ခဏလေးနှင့် သိမ်းကျုံးရယူသွားတဲ့ မိန်းမကို အသက်ကတော့ နည်းနည်းမှ မကြည်ဖြူနိုင်ချေ။

သူကတော့ အသက်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လာရင်းပင် ...

"အံမယ် ... မယ်အသက်တို့ ဒီနေ့ တယ်လည်း စိတ်ကောင်းဝင်နေပါလား ... "

"သေပါလား ... နင့်လိုများ မှတ်မနေနဲ့ ... ငါက အမြဲစိတ်ကောင်းရှိပြီးသား ... "

"အရင်က နင် ဒီလိုမဟုတ်ပါဘူး ... ငါက လှတယ်ပြောတဲ့ မိန်းကလေးဆို နင် အမြဲပဲ အပြစ်ရှာနေကျပါ ... "

တွေ့လား … သူက အသက်ကို အဲဒီလိုတောင် မြင်ထားခဲ့ပြီ။ ဒီက ရှေ့လျှောက် အသက် တော်တော်ဆင်ခြင်ရတော့မှာ ဖြစ်လေသည်။ သူ သတ်မှတ်ထားခဲ့သည့်အတိုင်း သူ့ရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် ရဲဘော်တစ်ဦး အဖြစ်ကနေ အသက် ဘယ်တော့မှ အဆုံးရှုံးခံမှာမဟုတ်ပါ။ အသက်သည် သူ့အတွက် အစစအရာရာ ယုံကြည်စိတ်ချစွာ ဖွင့်ဟတိုင်ပင်ရသောသူတစ်ဦး ဖြစ်ကို ဖြစ်ရမည်။

အသက်က အရေးမပါသလို တစ်ချက်ပြုံးကာ ဘူဖြင့် ပါးစပ်ထဲသွင်းကာ ပလုတ်ပလောင်းသံဖြင့် …

"ဟဲ့ … အဲဒါတွေက အရှုပ်ထုပ်တွေကိုး … ငါ ကြည့်မရပါဘူး … ပုံတန်တန်တွေနဲ့မို့ … နင့်ကိုမြင်တာနဲ့ ပါးစပ်က နားရွက်တက်ချိတ်နေတာ … ဒါမျိုးတွေနဲ့တော့ နင့်ကို သဘောမကျနိုင်လို့ပေ့ါဟဲ့ … "

"သူကတော့ တကယ်ယဉ်ကျေးတယ်နော် … ဂန့်ဝင်အလှတစ်လေးပဲ … "

"အင်း … ဘာတုန်း နင် စိတ်ဝင်စားသွားပြီလား … "

အသက်က စိတ်မဝင်စားသလို ဟင်းရည်တစ်ဇွန်း ခပ်သောက်ရင်းမှ မေးသော်လည်း ရင်ထဲမှာတော့ တထိတ်ထိတ်နှင့်ပင်။ သူက အသက် တစ်ခါမှ မမြင်ဘူးသော အဓိပ္ပာယ်တစ်မျိုး





နက်ရှိုင်းပျော်ဝင်နေသည့် အကြည့်တွေနှင့် ရှေ့ကခြံထဲ လှမ်းကြည့်ကာ လေးလေးနက်နက်ပြောလေသည်။

"စိတ်ဝင်စားသွားတယ် ဆိုတာထက် … တစ်မျိုးပဲဟ … သူ့ကို မြင်သွားတဲ့ အချိန်မှာ ရင်ထဲ ဖျတ်ခနဲခုန်သွားတယ်၊ သူ ဒီဘက်ကို မော့ကြည့်လိုက်တဲ့အချိန်မှာ ငါ့ရင်ထဲ လျှပ်အသေးစားလေး လှုပ်သွားသလိုပဲ … တစ်မျိုးပဲဟ … အဲဒီခံစားချက်က ဆန်းတယ် …

"ငါ သိပ်မပြောပြတတ်ဘူး … ဒါပေမဲ့ သေချာတာတစ်ခုကတော့ … အဲဒီခံစားချက်မျိုး ငါ အရင်က လုံးဝမခံစားဖူးဘူး၊ ခုဟာ ငါ့ဘဝမှာ ပထမဆုံး အကြိမ်ပဲ …

"ဘာနဲ့မှ မတူဘူး ကွာ … သူ့ကို မြင်လိုက်တာ ရင်ထဲမှာ လမင်းကြီးတစ်စင်း သာသွားသလိုပဲ … သိပ် လင်းသွားတယ် … အထူးသဖြင့် သူ့ဆံပင်ရှည်တွေ … သိပ် ကဗျာဆန်တယ်ကွာ … ငါ K ဇာနည်ဆိုတဲ့သီချင်းကို သူ့ရှေ့မှာ ပြေးတောင် ဆိုလိုက်ချင်တယ် … သူ ငါ့ကို တော်တော်ဖမ်းစားနိုင်သွားတယ်ကွာ … ခဏလေးပဲ … ခဏလေးနဲ့ကို … "

သူက သူ ကြွေသွားသော မိန်းမတစ်ယောက်ရဲ့ အလှဒဏ်ကို တဖွဲ့တနွဲ့ ပြောဆိုရင်ဖွင့်ပြနေတာ ဖြစ်ပါသည်။ အသက် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရသော်လည်း ရင်ထဲမှာ အောင့်ပစ်ချင်လှပြီဖြစ်သည်။ သူ ထိုမိန်းမကို ဘယ်လောက်

တောင် ငြိတွယ်သွားသလဲဆိုတာ သူ့မျက်ဝန်းတွေက သက်သေခံနေပါသည်။ သူမ ရှိနေမည့် အိမ်ထဲသို့ ငေးစိုက်နေပုံမှာ မျှော်လင့်ချက်တွေဖြင့်တောင် တောက်ပလို့နေသည်။

"သူက ... မေမေ ပြောသလို ဒီခြံကို ပြောင်းလာတဲ့သူတွေလား မသိဘူးနော် ... "

သူက မျှော်လင့်တကြီးဖြင့် တက်ကြွစွာ ဆိုလေသည်။

"အင်း ... ဟုတ်ချင် ဟုတ်မှာပေါ့ ... "

"ဟုတ်ရင် သိပ်ကောင်းမှာပဲကွာ ... မဟုတ်ရင်တော့ ဘယ်လိုလုပ်ရမလဲ အသက် ဟင် ... သူတို့ကားနောက်က လိုက်ကြည့်မလား ... "

ဟော ... တွေ့လား။ သူ အသက်ကို စတင်ပြီး အကြံဉာဏ်တောင်းခံလာပြီ။ သူက ဘာပဲလုပ်လုပ် အသက်ကိုသာ တိုင်ပင်ပြီး လုပ်တတ်သည်။ တစ်နည်းအားဖြင့် သူက အသက်ကို သူ့ရဲ့ ယောကျ်ားလေးသူငယ်ချင်းလို သဘောထားတာဖြစ်သည်။ သူ မိန်းမပိုးလျှင်တောင် အသက်က ကန့်လန့် ကန့်လန့် ပါရဦးမှာ ဖြစ်သည်။

"ဟာ ... နေပါဦး နင်ကလည်း ... လူကြီးတွေ ပါနေတာ လိုက်လို့မကောင်းပါဘူး ... သူတို့က ပိုင်ရှင်တွေ ဖြစ်နိုင်ပါတယ်ဟ ... "





"အေး ... မဖြစ်ရင် ဘယ်နှဲ့လုပ်မလဲကွာ ... "

"ဖြစ်ပါတယ်ဆိုဟာ ... လောင်းမလား ... ငါ အတတ်ပြောရဲတယ် ... "

အသက်က ရင်နာစွာနှင့်ပင် သူ့ကိုရော ကံကြမ္မာကိုပါ စိန်ခေါ်လိုက်တာ ဖြစ်သည်။ အသက် ထင်ပါတယ်။ အသက် ဝမ်းနည်းရမဲ့ကိစ္စဟာ မလွဲမသွေကို ဖြစ်လာမှာပါ။

"လောင်းတယ်ကွာ ... ရှုံးပါစေတောင် ဆုတောင်းသေးတယ် ... ငါ ရှုံးရင် နင့်ကို MK က Gucci တစ်ရံ ဝယ်ပေးမယ် ... ဘယ်လိုလဲ ... "

"အိုခေလေ ... စိန်လိုက် ... "

အသက်က ဘောင်းဘီအိတ်ထဲ ထည့်ထားသော လက်တစ်ဝါးစာ ဖုန်းလေးကိုဖွင့်ကာ စုရဲ့ဖုန်းကို ခေါ်လိုက်ပါသည်။ ပိုင်ရှင်တွေ ဟုတ်မဟုတ် စုသာလျှင် အဆုံးအဖြတ်ပေးနိုင်မှာ ဖြစ်သည်။ တစ်ဘက်မှ ဖုန်းဖွင့်နားထောင်သံကြားရလျှင် ...

"စု ... အသက်ပါ ... အသက်တို့ရဲ့ မျက်စောင်းထိုး ဖောရိန်နာတွေကို ငှားထားတဲ့ခြံကို ပိုင်ရှင်တွေ လာနေတာမယ် စု ... ခုရောက်နေတာ ပိုင်ရှင်တွေလို့ပဲ သက်က ထင်တယ်၊ အဲဒါ ဟုတ်မဟုတ် စု တစ်ချက်လောက် Check ပေးစမ်းပါ၊ စု အခန်းကနေ ကြည့်ရင် မြင်ရပါတယ် ... အင်း ကြည့်နေ ဝင်သွားတာ ကြာပြီ ... ထွက်လာတော့မယ် ... "

တစ်ဘက်မှ စုရဲ့ အသံတိတ်သွားပြီး စုပါ စိတ်ဝင်တစား စောင့်ကြည့်နေပုံရလေသည်။ သုံးယောက်စလုံးက ခံစားချက်တွေ ကိုယ်စီဖြင့် ငြိမ်သက်နေကြပေမဲ့ အတွင်းစိတ်တွေကတော့ ပြေးလွှားလှုပ်ရှားနေကြမှာ အသေအချာပဲဖြစ်သည်။ သူက တက်ကြွကာ မျှော်လင့်နေသော စိတ်သဏ္ဍာန်ဖြင့်၊ အသက်က ဆို နင့်ချင်သော စိတ်အခံဖြင့်၊ စုကတော့ ခုချိန်မှာ အဟောင်းတွေ အသစ်ဖြစ်နေမည့် စိတ်အကျန်လေးဖြင့် ကိုယ်စီကိုယ်ငှ ရင်ခုန်နေကြမှာ ဖြစ်သည်။

သူက အသက်ရဲ့ လက်ထဲက ဖုန်းကို ယူကာ စားပွဲပေါ်မှာ Speaker ဖွင့်ပြီး ချထားလိုက်လေသည်။ သူပါ ကြားချင်သည်ဆိုသော သဘော။ အသက်သည် သူ့ကို သိပ်ချစ်လွန်းသည့်ကြားမှ ဒီလို အကဲပိုတာတွေကိုတော့ အတော်ပင် အမြင်ကတ်ရလေသည်။ အင်း ... အသက်တော့ ရှေ့လျှောက် အတော်သည်းခံရဦးမှာဖြစ်သည်။

သိပ်မကြာမီမှာပဲ လူကြီးနှစ်ယောက်နှင့်အတူ ထိုမိန်းမပါ ပြန်ထွက်လာခဲ့ပါသည်။ တစ်စုံတစ်ခုကို ရယ်မောပြောဆိုလျက် ကားပေါ်တက်နေခိုက်မှာပဲ စုရဲ့ အသံက ထွက်ပေါ်လာခဲ့လေသည်။

"ဟုတ်တယ် အသက် ... အဲဒါ ပိုင်ရှင်တွေပဲ ... ကျော်စွာ





ရဲ့အစ်မပေါ့ ... ကောင်မလေးက ကျော်စွာ့တူမလေး ဆင်းကြာညိုတဲ့ ... ဒါပဲမှလား ... "

အသက် ဘာမှ မပြောနိုင်ခင်မှာပဲ သူက ဖုန်းကို ကောက်ယူကာ ...

"ဒါပဲ အန်တီစု ... Thank a lot သင့်စ်အလော့တ်ပဲဗျာ ... ကြောဝဋ္ဋာကြီးလောက် တင်တယ် ... အန်တီစုက နာမည်တောင် ပြောပြသွားသေးတယ် ... သိပ်ချစ်ဖို့ကောင်းတာပဲ၊ ဒီမှာ ... ကျွန်တော်နဲ့ အသက်နဲ့က လောင်းနေကြတာ ... ကျွန်တော် ရှုံးသွားပြီပေါ့ ... ရှုံးတာကိုပဲ ရေလည်ပျော်နေတာ ... ဟား ဟား ... ဒါပဲနော် အန်တီစု ... ဆီးယူ ... "

သူက ဖုန်းပိတ်လျက် ထခုန်ကာ လက်နှစ်ဖက်ကို လေထဲပစ်သွင်းလိုက်သေးသည်။ သူ သိပ်ပျော်နေတာကိုကြည့်လျက် သူ့ခံစားချက်ဟာ ပေါ့သေးသေးမဟုတ်မှန်း နှင့်နှင့်နဲနဲ ခံစားကာ သိရလေသည်။

သူက ဝမ်းသာနေသောစိတ်ဖြင့် အသက်ရဲ့ ဆံပင်တွေကို ဆွဲဖွပစ်လျက် ...

"ရှုပါနဲ့ သညာနဲ့ကတော့ လိုက်တယ်ကွာ ... ဆင်းကြာညိုတဲ့ ... အဆင်းက ကြာညိုဆင်းလေးပေါ့ ... စပယ်ရှယ်ကာရန်ပဲ ... ကံကောင်းလိုက်တာကွာ ... သူလေးနဲ့က



Book Sharing

Scanned by CamScanner

အိမ်နီးချင်းတွေ ဖြစ်ရဦးမှာပေါ့ ... အဟား ဟား ... အသက် နင် Guess လုပ်တာ သိပ်တော်တာပဲ ... တော်တယ် သယ်ရင်း ... မနက်ဖြန် နင် လိုချင်တာဝယ်ပေးမယ်ကွာ ဟုတ်ပြီလား ... "

"နင် သူ့ကို တကယ်ချစ်သွားတာလား ... "

"တကယ်ချစ်သွားတာလား ဘာလားတော့ မသိဘူး ... ဒါပေမဲ့ မြတ်နိုးတယ် ... သူ့ပုံစံလေးကို ငါသိပ်မြတ်နိုးတယ်၊ ဒါဟာ အချစ်ဖြစ်ချင်လည်း ဖြစ်မယ် ... ပြောဖို့ စောသေးတယ် ... ညီမလေး နိုင်လုံရင် ကြေညာပါ့မယ် ... ဟုတ်ပြီလား ... ဟဲဟဲ ... "

သူ အူမြူးနေတာကိုကြည့်လျက် အသက်ရင်ထဲများစွာဝမ်းနည်းရလေသည်။ သို့သော် နှုတ်ခမ်းတွေကတော့ ပြုံးထားရသည်။ သူ့အမြင်မှာ အသက်သည် သူ့ခံစားချက်တွေကို နားလည်ပေးဖော်ဖြစ်သည်။ တကယ်တမ်း အသက်ရင်ကွဲနေတာ သူမသိချေ။

"ကမ္ဘာမြေပေါ် မင်းဆံနွယ်တွေ လွှမ်းခြုံထားတာလားကွာ"

သူက ဂန္ထဝင်ဆည်းဆာသီချင်းကိုတောင်မှ အသံကျယ်ကျယ်ဖြင့် ဟစ်နေလိုက်သေးသည်။ သူ မိန်းမတစ်ယောက်ကို ရင်ခုန်စွာ ခံစားနေချိန်မှာ အသက်ကတော့ သူ့ဘေးမှာ တိတ်





တဆိတ်ထိုင်လျက် ဆံပင်ရှည်ရှည်မဟာဆန်ဆန် မိန်းမတစ်ယောက်ကို ဘယ်လိုနည်းနဲ့ အနိုင်ယူရမလဲဆိုတာ စတင်တွေးတောနေခဲ့ချိန်လည်း ဖြစ်လေသည်။ သူမဟာ ဦးကျော်စွာရဲ့ တူမဆိုသော အချက်ကလည်း အသက်ရဲ့သွေးတွေကို ပို၍ မြန်မြန်လှည့်ပတ်ပူနွေးစေပါသည်။



ပိုင်ရှင်တွေမြန်မြန် ပြောင်းမလာပါစေနဲ့ဟူသော အသက်ရဲ့ဆုတောင်းကလည်း မပြည့်ခဲ့ပါချေ။ သူတို့ပြောင်းလာချိန်မှာကို အသက်တို့နှင့် တိုက်တိုက်ဆိုင်ဆိုင် သွား၍ ဆုံဆည်းကြတာ ဖြစ်သည်။ သူနှင့်အသက်တို့နှစ်ဦးသား ဒင်ဆမ်းစားပြီး ပြန်လာသည့် အချိန်မှာပဲ ရှေ့ခြံမှာ ကားကြီးတွေရပ်လျှက် ပစ္စည်းတွေချကာရွှေ့ပြောင်းနေကြတာ ဖြစ်သည်။ ဆင်းကြာညိုဆိုသော မိန်းမကိုလည်း





ခြံရှေ့မှာတင် စိစဉ်ညွှန်ကြားနေတာ အဆင်သင့်တန်းတွေ့ရလေသည်။ သူမျက်နှာက ဝင်းပသွားသည်မှာ ပြောစရာတောင်လိုမည် မထင်ချေ။

"အသက် ... ဘိုးတော်နဲ့ဘွားတော်လည်းရှိတယ် ... လာကွာ ဝင်ဖောကြရအောင် နင်က တော်လ်ကီကောင်းပါတယ်"

"ဟာ ... နင်ကလည်း ဘလိုင်းကြီး မဝင်ချင်ပါဘူး ... "

"ဘလိုင်းမှမဟုတ်တာ ... ဘာအကူအညီလိုလဲ ဒီရှေ့ခြံကပါပေါ့ ... သူတို့လည်း ရွှေ့ပြောင်းနေကျတာ အလုပ်များနေကြတာပဲဟာ ... "

"ဘာလဲ ... နင်က ကူလီဝင်ထမ်းပေးဦးမလို့လား ... အခမဲ့ ကူလီထမ်းရခြင်း၏အကျိုးကတော့ ခါးနာတာပဲရှိမယ် ... အန်တီတို့နဲ့ မိတ်ဆွေပေါင်းတွေပဲဟာ ပြီးတော့လည်း ခင်မှာပဲဟာကို ... "

"ရော် ... ဝေးပါကွာ ... ဒါက လူကြီးတွေဆီမှာ အမှတ်ယူတာလေ ... သူ့ဆီမှာလည်း အမှတ်ယူတာပဲပေါ့ ... ဆင်းမယ်ကွာ ... အသက်နော် ... ပေါ့ပေါ့ပါးပါးပြုံးထား စိတ်ချမယ်နော် ရဲဘော် ရှယ်ဒိုင်တွေ ပစ်သွင်းပေတော့ ... "

သူက အသက်ကို မျက်စိတစ်ဖက်မှိတ်ပြကာ ကားကို ခြံရှေ့မှာပင် ရပ်လိုက်သည်။ အသက်က သက်ပြင်းဘစ်ခု၀ဲ

အသာခိုးရှိက်ရင်း ကားတံခါးဖွင့်ကာ ဆင်းလိုက်ပါသည်။ နှင့်သဘောတိုင်းပါ ထက်သန်ရယ်။ နှင် စိတ်တိုင်းကျသာလုပ်ပါ။ ငါဘာမဆို လိုက်လျောဖို့ အဆင်သင့်ပါပဲ။ လောကကြီးမှာ ပေးဆပ်ရင်းနဲ့ ပိုင်ဆိုင်သွားတယ်ဆိုတဲ့ ဖလော်ကို ငါ ထပ်ပြီးအတည်ပြုမှာပါ။

ခေတ်ပေါ်ဒီဇိုင်းကိုယ်စီနှင့် ခပ်ပြုံးပြုံးလျှောက်လာကြသော သူနှင့်အသက်ကို လူကြီးနှစ်ယောက်က ရည်မွန်သောမျက်နှာထားတွေဖြင့် စောင့်လို့ကြိုနေပါသည်။ အသက်ကပင် စတင်၍ ခေါင်းလေးတစ်ချက်ညွတ်ကာ ...

"အန်ကယ်လ်နဲ့အန်တီတို့က ဖြိုပိုင်ရှင်တွေ ထင်ပါတယ် ..."

ပို၍သဘောကောင်း မွန်ရည်ပုံရသော အန်တီကြီးက အသက်ကိုပြုံးပြလာကာ ...

"ဟုတ်ပါတယ်ကွယ် ... အခုမှ ပြောင်းလာကြတာလေ ... ဒါနဲ့သမီးတို့က ... "

"အသက်က ဦးသက်ဆွေ+ဒေါ်နယဉ်ယဉ်တို့ရဲ့သမီးပါ"

"အို ... ဟုတ်လား ... ဒီမှာရှိတုန်းပဲပေါ့နော် ... ဒါဆို စုရဲ့တူမလေးပေါ့ ... ကြည့်စမ်း စု အငယ်စားလေးပါပဲလား စုကို မြင်ရတဲ့အတိုင်းပဲ ... စုရော ... ဒီမှာပဲနေလား"

"ဟုတ်ကဲ့ ... စုက ဆင်ဂယ်လ်ပါပဲ ... သက်တို့နဲ့တူတူနေပါတယ် ... "

"အေးကွယ် ... မိတ်ဆွေဟောင်းတွေရှိသေးတာ ဝမ်းသာ





စရာပါပဲ ... အန်တီတို့က ရန်ကုန်မှာမနေတာ ဆင်းရဲ့တစ်သက်ပဲလေ ... သမီးမိဘတွေရော နေကောင်းကြရဲ့လား၊ ပြီးမှ လာနှုတ်ဆက်ပါဦးမယ် ... "

"နေကောင်းပါတယ် အန်တီ ... ဒက်ဒီက စင်္ကာပူမှာ ရုံးထိုင်လို့ ဒီမှာ အမြဲမရှိပါဘူး ... မာမီကတော့ရှိပါတယ် ... မာမီလည်း သိရင် ဝမ်းသာမှာပါပဲ ... "

အန်တီကြီးက ခေါင်းညိတ်ညိတ်ဖြင့် ပြုံးရင်းမှနေ သူ့ဘက်သို့ အကြည့်ရောက်လာပါသည်။ သူကလည်း အလှည့်ကျ မစွဲ့စေရပေ။ ရိုကျိုးသော အပြုံးတစ်ခု ထပ်ဆင်လျက် ခါးညွတ်ကာနှုတ်ဆက်ရင်း ...

"ကျွန်တော်က ထက်သန်ပါ အန်တီ ... ဦးအောင်ထက်နဲ့ ဒေါ်မြနီလာတို့ရဲ့သားပါ ခင်ဗျာ ... "

"သြော် ... သားကလည်း မြရဲ့သားလေးကိုး ... မြနဲ့တယ်ဆင်တာပဲ ... အေးကွယ် ... အန်တီဖြင့် သိပ်ဝမ်းသာတာပဲ ခုထိ မိတ်ဆွေဟောင်းတွေရှိသေးတဲ့အတွက်လေ၊ ဖေကြီးရေ ကြည့်ဦး မြရဲ့သားနဲ့နုရဲ့သမီးလေတို့တဲ့လေ ... ချစ်စရာလေးတွေနော် ... "

အန်ကယ်ကြီးကလည်း သူတို့ကို သဘောကောင်းစွာ နှုတ်ဆက်ပါသည်။

"အေးကွာ ... မင်းတို့ကတော့ ငယ်ငယ်ထဲက ဖြိုချင်းကပ်ရပ်

ဆိုတော့ အဖော်ရနေတာပေါ့ ... အန်ကယ့်သမီးကတော့ ငယ်ကတည်းက အန်ကယ်ပြောင်းတဲ့နောက် လျှောက်နေရတော့ အပေါင်းအသင်းလည်း သိပ်မရှိရှာဘူး ... ခုလို ပတ်ဝန်းကျင်သစ်မှာရွယ်တူအဖော်တွေရှိနေတာ သူ့အတွက် ဝမ်းသာစရာပဲပေါ့ ... ဆင်းရေ သမီး ခဏလာပါဦးကွာ"

အသက်က ဆင်းကြာညိုကို ဖျတ်ခနဲလှမ်းကြည့်ကာ အတောက်ပဆုံး ပြုံးပြလိုက်ပါသည်။ သို့သော်လည်း သူမက ပြုံးမနေချေ။ ဘယ်လိုကြီးလဲ။ မိဘနှစ်ပါးက သဘောကောင်းဖော်ရွေသလောက် သူမရဲ့မျက်နှာကား မဟာဆန်ဆန်တည်တည်တင်းတင်းဖြစ်လေသည်။ ဂေါက်ပဲ။ ရင်ဖုံးအင်္ကျီဝမ်းဆက်ဝတ်ထားပြီး ဆံပင်တွေ အုတ်လုံးသိမ်းထားကာ ချထားသောပုံဟာ သူမမျက်နှာနှင့် လိုက်ဖက်လှသော်လည်း အသက်ကတော့ ဖော်ရွေမှုကင်းသော ဆင်းကြာညိုကို စိတ်ထဲ စတင်တင်းသွားပြီ ဖြစ်သည်။ သူကတော့ တမေ့တမောငေးမောလျက်။

ဆင်းကြာညိုက အနားရောက်လာကာ သူ့အဖေကို မော့ကြည့်လျက် ...

"ဘာလဲ ဖေဖေ ... "

"ဩ ... ဖေဖေတို့မိတ်ဆွေတွေရဲ့ သားနဲ့သမီးလေ ... သမီးအတွက် အဖော်ရသွားတာပေါ့ ... "

အဲဒီကျမှ သူမက ခေါင်းတစ်ချက်ဆတ်ကာ အသိ





အမှတ်ပြုလာဖော်ရပါသည်။ အသက်ကဖြင့် စိတ်ထဲမှာ မုန်းလိုက်တာ လွန်ထွက်နေပြီဖြစ်သော်လည်း မျက်နှာကတော့ဖြင့် အင်မတန်ချိုသာစွာ ပြုံးပြထားရကာ ...

"ဆင်းတဲ့လား ... နာမည်လေးက ချစ်စရာလေးနော် ... တို့က အသက်ထက်ပါ ... အသက်လို့ပဲ ခေါ်ကြတယ်"

"ဟုတ်ကဲ့ ... "

သူမက မပွင့်တစ်ပွင့်ပြန်ဖြေလေသည်။

"ကိုယ်က ထက်သန့်ပါ ... ဆင်းလိုအပ်တဲ့ အကူအညီရှိရင် ပြောပါ ... "

သူ့ကိုတော့ သူမက သာမန်ကာလျှံကာမျှပင် ဝေ့ဝဲကြည့်ကာ ခေါင်းပဲညိတ်ပြလေသည်။ ဝမ်းသာလိုက်တာ။ အပွဲပွဲခံလာတဲ့ ထက်သန့်တစ်ယောက် ဒီမိန်းမနဲ့ကျမှ ခံနေရတာကိုအသက်ကတော့ ဒီတစ်ခုတော့ ချီးကျူးလေသည်။ တွေ့တဲ့မိန်းကလေးတိုင်းက ပစ်ကျသွားတတ်တဲ့ ထက်သန့်ရဲ့ရုပ်ကိုတောင် အရေးမစိုက်နိုင်သော ဒင်းရဲ့နေစိမ့်မှု ဥပေက္ခာတရားကို အသက်က ကျိတ်၍ ထောပနာပြုရလေသည်။

"သမီးက ဒီလိုပဲ စကားနည်းတယ်ကွယ် ... အပေါင်းသင်းလည်း သိပ်မရှိတော့လေ ... သူ ခင်တွယ်ပြီဆိုရင်လည်း အဲဒီလူကို တခြားဘယ်သူမှ ခင်တာ မကြိုက်တော့ဘူး ... သူ့ပဲ အပိုင်လိုချင်တာမျိုး ... မွေးလာထဲက တစ်ယောက်

တည်း ကြီးခဲ့ရတော့ သူ့စိတ်က နည်းနည်းဆဲလ်ဖ်ရှ်ဆန်ချင်တယ်ကွယ် ... "

"အိုမေမေကလည်း အကုန်လျှောက်ပြောနေတော့တာပဲ"

သူမက အမေကိုတော့ ဝင်ဟန့်လိုက်သေးသည်။ သူကတော့ ချစ်နှစ်သက်နေသော မိန်းကလေးရဲ့ အပြုအမူတွေကို သဘောတကျ ပြုံးစိုက်ငေးနေသလောက် အသက်ကတော့ ဘယ်လိုမှ ခင်ချင်စရာမကောင်းသောမိန်းကလေးကို အော့ကြောလန်ချင်နေပြီဖြစ်သည်။ သို့သော်လည်း သူ့ စိတ်ကျေနပ်ဖို့အရေးအတွက် အလိုက်လိုက်ဆုံးအပြုံးတွေကို မချွတ်တမ်းဖန်ဆင်းထားရလေသည်။

"ရပါတယ် အန်တီရယ် ... အသက်တို့နဲ့နေရင် ဆင်း ပျော်သွားမှာပါ ... သူငယ်ချင်းတွေလည်း အများကြီးထပ်ရဦးမှာပါ ... ပြီးတော့ ရန်ကုန်မှာ ပျော်စရာတွေလည်း အများကြီးပဲဟာ ... ပျော်သွားမှာပေါ့ ... အသက်တာဝန်ထားပါ ... အဟင်း ... ဟင်း ဟုတ်တယ်မလား ဆင်း ... "

"ဟို ... ဆင်းက လူအများကြီးနဲ့လည်း မပေါင်းတတ်ဘူး၊ ဟိုဟိုဒီဒီလျှောက်သွားတာလည်း ဝါသနာမပါဘူး ... ဆင်းက အိမ်ထဲမှာပဲ နေရတာ ကြိုက်တယ် ... "

အသက်ကတော့ အတော်စိတ်ပေါက်လာချေပြီ။ အန်ကယ်ကပင် အားနာပြုံးဖြင့် ...

"သမီးက ဒီအတိုင်းပဲကွာ ... ကြည့်ကျက်သာပေါင်းပေတော့





အသက်ထက်ရေ ... အန်ကယ်က သူ့ကို Sharp ဖြစ်စေချင်တာ ... ဟောဟောဒိုင်းဒိုင်း ပျော်ပျော်ရွှင်ရွှင်ပဲပေါ့၊ အသက်တို့ပဲ စည်းရုံးပါတော့ကွယ် ... "

"ဟုတ်ကဲ့ အန်ကယ် ... နောက်တော့ သူ နေတတ်လာမှာပါ ... ကဲ ... သမီးတို့ကို ခွင့်ပြုပါဦးနော် အန်ကယ် ... နောက်မှ လာလည်ပါ့မယ် ... အသက်တို့အိမ်ကိုလည်း ညနေရောက်ရင် လာလည်ပါဦး ... မာမီရော စုရောရှိပါတယ် ... "

"ကျွန်တော်တို့အိမ်ကိုလည်း လာလည်ပါခင်ဗျ ... လိုအပ်တာရှိရင်လည်းပြောပါအန်ကယ်... ကိစ္စအဝဝကို ကျွန်တော်တို့ ကူညီနိုင်ပါတယ် ... "

"အေးကွာ ... အေး ... အေး ... ကျေးဇူးတင်တယ်၊ မောင်ထက်သန်နဲ့အသက်ထက်ရေ စိတ်ချပါ ... အန်ကယ်တို့လာခဲ့ပါ့မယ် ... မင်းတို့မိဘများကိုလည်း နှုတ်ဆက်ပါတယ်လို့ ဒီမှာ အားလုံးပြီးစီးသွားရင် လာခဲ့မယ်ကွာ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ အန်ကယ် ... ခွင့်ပြုဦးနော် ... "

အားလုံးကို နှုတ်ဆက်ပြီးနောက် သူနဲ့အသက်က ရပ်ထားသော ကားဆီသို့ပြန်လာခဲ့ကြပါသည်။ သူ စက်နှိုးပြီး ဖြိထဲမောင်းဝင်တော့မှပင် အသက်ရဲ့မျက်နှာပုံးလည်း ကွာကျတော့ ကာ

စူပုပ်ပုပ်ရုပ် ပြန်ထွက်လာလေသည်။

"သယ်ရင်းက တော်ကီရေလည်ကောင်းတာကွာ ... ဒါတွေကြောင့် အားကိုးနေရတာ ... ငါ ဆက်ပြီး အားကိုးပါရစေဟာ ... ဒီပုံအတိုင်းဆို နင့်အကူအညီက လုံးဝကိုလိုမှာဟ"

"တော်စမ်းပါဟာ ... နင့်ဟာမက ဘာဒီဇိုင်းကြီးလဲ ... ရိုးပုံရိုးပန်းဖမ်းပြီး ပုံစံက မာရေကျောရေနဲ့ မဝွတ်ဒ်လိုက်တာ"

"သူ့ဗီဇကိုက ဒီအတိုင်းလေးနေမှာပေါ့ဟ ... ဘိုးတော်နဲ့ ဘွားတော်ကတော့ ... ပြေလည်တာပဲဟာ ... သူ့ပုံစံက အလွယ်နဲ့တော့ ချဉ်းကပ်ရမဲ့ပုံ မပေါ်ဘူးကွ ... အသက်နင်ပါမှရမှာနော် နင် ပိုင်ဖို့လိုတယ် ..."

"အို ... ကိုယ်ကြိုက်ရင် ကိုယ့်ဟာကိုယ် ကြိုးစားပေါ့ ..."

"ဟာ ... အသက်ကလည်းကွာ ... ဒါ ကိုယ်တိုင်ကြိုးစားလည်း သိပ်မလွယ်တဲ့ဟာမျိုးမို့ပေါ့ ... နင့်ကိုအားကိုးတယ်ဆိုမှပဲ ..."

"မကိုးနဲ့ ... မကိုးနဲ့"

သူကားက သူတို့အိမ်ရဲ့ပေါ်တီကိုအောက်မှာ ထိုးရပ်နေပြီမို့ အသက်က လွှားခနဲခုန်ဆင်းကာ ခြံဘက်ကူးဖို့ပြေးလာခဲ့သည်။ စုကို အသက်စကားပြောချင်လှပြီ ဖြစ်သည်။ သူက အသက်နောက်မှ အပြေးလိုက်လာသည်။

"အသက် ... နင်ကလည်းဟာ ... ငါ တကယ်ခံစားနေရတာ





ပါ ... ဒီလိုမလုပ်ပါနဲ့ ... ငါ့ချည်းသက်သက်ဆို သူ့ကိုဝင်ရောလို့ ဘယ်ရမလဲဟ ..."

"နင်နော် ငါ့ကိုဆို အမြဲအနိုင်ကျင့်နေတယ် ..."

"အနိုင်ကျင့်တာ မဟုတ်ပါဘူး အသက်ရယ် ..."

သူက အသက်ရှေ့မှပိတ်ရပ်ကာ ပြောသည်။ သူ့ရဲ့တောက်ပနေသော မျက်ဝန်းတွေကိုကြည့်ကာ အသက်ရင်ထဲမှာ အတိုင်းမသိ ဝမ်းနည်းရလေသည်။

အဲ့ဒီမျက်ဝန်းတွေဟာ အသက်အတွက်ဘာကြောင့် မဖြစ်ရတာလဲ။ အသက်ရင်ထဲမှာ ဆို့နင့်ကာ ငိုချင်လာသည်။ သူ့အကြည့်တွေကို လွှဲဖယ်ပစ်လိုက်ကာ ...

"ကဲပါ ... အနိုင့်ကျင့်တာ မဟုတ်ဘူး ... အကူအညီတောင်းတာ ... အကူအညီတောင်းတာလည်း မဟုတ်ဘူး ... နိုင်းတာ ဟုတ်တယ်မလား ..."

"မဟုတ်ပါဘူးကွာ ... နင့်ကိုငါ ဒါမျိုးဘယ်တုန်းက request လုပ်ဖူးလို့လဲ ... သူ့ပုံစံကိုမြင်တာနဲ့ ငါ သဘောပေါက်တယ်၊ နင်လည်း သဘောပေါက်မှာပါပဲ ... သူက သူလိုငါလို့ မိန်းကလေးမဟုတ်ဘူးဟ ... ဒါပေမဲ့ ငါက ချစ်မိသွားပြီကိုး"

"အမလေး ... မြန်လိုက်တာ စစ်ရဲ့လားဟဲ့ ..."

သူက အစိပ္ပာယ်တစ်မျိုးလဲ့ဖြာသော မျက်ဝန်းတွေဖြင့် ပြုံးကာ ...

"အချစ်ဆိုတာ ... လျှပ်တစ်ပြက်အတွင်း မိနစ်ပိုင်းအံ့တွင်းလည်း မွေးဖွားသွားနိုင်တာပဲ ... အချိန်ကာလတွေနဲ့မဆိုင်ပါဘူးဟာ ... ဒါတွေ နင် ခံစားမှုတော့ သိလာမှာပေါ့"

သိပါသကော ထက်သန်ရယ်။ သိလွန်းမကာပဲ ခံစားတတ်လို့လည်း နင်နဲ့ပတ်သက်လာရင် ငါ့နှလုံးသားက အရွှံ့တွေချည်း ရင်ဆိုင်တိုးနေရတာပေါ့။

အသက်က မျှော်လင့်တကြီး စောင့်စားနေသော ထက်သန်ကို နူးညံ့ကြင်နာစွာဖြင့် တစ်ချက်ပြုံးပြလိုက်လေသည်။ သူ စိတ်ချမ်းသာဖို့ဆိုလျှင် အသက် ဘာမဆိုပေးဆပ်နိုင်ပါသည်။ သို့သော် စ ပြောထားသလိုပင် အသက်ရဲ့စေတနာတွေကိုတော့ သူ့ထံမှ အသိအမှတ်ပြုမှုကို လိုချင်လေသည်။

"ထားပါတော့ ... နင် ဒီလောက်ဖြစ်ပျက်နေတာ ငါ ကူညီရမှာပေါ့ ... ဒါပေမဲ့ နင့်ရဲ့ဖွေးတုတ်စိတ်ကိုလည်း သိတယ်နော် ... ငါ့စိတ်နဲ့ဖွေးတုတ်ပုံစံနဲ့က ဖြစ်မှာမဟုတ်ဘူး ... နင့်အတွက် ငါ အစစအရာရာ သည်းခံလိုက်လျှော့ပြီး ပေါင်းရမှာ ... ပုံစံကိုက ထန်းသီးဂဲလ်ပဲ ... "

"နင်ကလည်းဟာ ပြောလိုက်တာ ရစရာမရှိတော့ဘူး ... ဖွေးတုတ်ရော ... ထန်းသီးရော စုံနေပြီ ... အဲလောက်လည်း မဟုတ်ပါဘူး ... သူက ရိုးရိုးယဉ်ယဉ်ဝတ်စားတတ်လို့ပါ ... ပုံစံလေးက ခေတ်မီသားပဲ ... ငါကလည်း အဲဒီလို





မြန်မာဆန်ဆန်နဲ့ ဆံပင်ရှည်ရှည်လေးကို သိပ်မြတ်နိုးသွားတာ ... "

ယောက်ျားတွေများအတော်တရားကျစရာကောင်းလေသည်။ အသက်ကို ဆံပင်ကောက်နိုင်း၊ စကတ်အတို ဟော့ရှော့အကျီတွေဝတ်နိုင်းတာ သူမဟုတ်သလိုပင်။ တခြား မိန်းမတစ်ယောက်ရဲ့ ထန်းသီးအလှကို စာဖွဲ့ပြနေသော သူ့ကို အသက်က မြင်ပြင်းကတ်စွာဖြင့် တေးမှတ်ထားလိုက်လေသည်။ သူ့ အသက်ရဲ့ ပညာပြမှုလည်း ကြုံရဦးမှာ ဖြစ်သည်။

"အေးပါ ... တော်ပါတော့ ကိုယ်ကြိုက်နေရင် နွားခေါင်းတို ဝင်နေလည်း လှနေတာပဲ မဟုတ်လား ... ဒါပေမဲ့ နင်သိအောင် တစ်ခုပြောမယ် ... နင့်အပေါ်မှာထားတဲ့ ငါ့စေတနာကိုတော့ နင်နားလည်ထားနော် ... နောက်ပြီး ငါ့အပေါ်မှာထားတဲ့ နင့်ရဲ့ဦးစားပေးမှုတွေလည်း မလျော့ရဘူး ... ဘယ်လိုလဲ ... "

သူက ဘာမှမသိချေ။ ဝမ်းသာသွားသော မျက်နှာထားဖြင့်သာ ...

"ဟာ ... ငါ့အပေါ် ကူညီမဲ့နင့်ကို ငါက ဘာကြောင့်ဦးစားပေးတာလျော့ရမှာလဲ ... ပိုလို့တောင် ဦးစားပေးရဦးမယ်၊ နင်မို့လို့ ငါ့ကိုကူညီတာ ... စိတ်ချ ... နင့်အပေါ်ထားတဲ့ ငါ့ရဲ့ ငယ်သံယောဇဉ်တွေ ... ခင်မင်မှုတွေဟာ ငါချစ်သူ



Scanned by CamScanner

တွေ့တာနဲ့ ဘာမှမဆိုင်ဘူး ... နင့်စိတ်ထဲမှာ worry လုံးဝ မဖြစ်နဲ့ ... နင်ဟာ ငါ့အတွက် အမြဲတမ်း သူငယ်ချင်းပဲ ... ငါပြောထားတဲ့အတိုင်းပါပဲဟာ ... နင်ဟာ ငါ့ဘဝမှာ နှစ်ယောက်ရှိမလာမဲ့သူပါလို့ ... ကဲ ... ကျေနပ်လား ... "

အသက်က ပြန်တောင်မဖြေနိုင်ဘဲ သူ့ကို ရွှန်းရွှန်းစားစားကြည့်လျက် ခေါင်းညိတ်ပြလိုက်ပြီးနောက် သူနဲ့အသက် လက်ဝါးချင်းရိုက်ကြလေသည်။ သူကလည်း သူ့အတွေးနဲ့သူ ပြုံးပျော်ကာ ကျေနပ်ပီတိဖြစ်လျက် ...

အသက်ကလည်း အသက်ရဲ့အတွေးနဲ့ပဲ ဖြစ်သည်။ စု ပြောသလို Lazy ဖြစ်နေတဲ့ သက်ရဲ့နှလုံးသားဟာ အခုမှ ခပ်မြန်မြန်ခုန်လျက်ပူနွေးစိုစွတ်လာခဲ့တာဖြစ်သည်။ ပြိုင်ဘက်တစ်ယောက်ရှိလာကာ ... အလျော်အစားကြီးမားသည့် နှလုံးသားပြိုင်ပွဲတစ်ခုအတွက် အသက်က ပိုလို့ပင် တက်ကြွလာခဲ့သည်။ အချစ်ဆိုတာကိုလည်း အသက်ပို၍ သဘောပေါက်လာခဲ့ပြီ။ အသက်အတွက်တော့ အချစ်ဆိုတာ ပေးဆပ်ခြင်းမှ ပိုင်ဆိုင်ခြင်းဆီသို့ပဲ ဖြစ်လေသည်။

နင် ဆင်းကြာညိုကို ချစ်ပါထက်သန်။ ငါပြုံးလို့ကြည့်နေမယ်။ နင်လိုတာဖြည့်ဆည်းပေးမယ်။ မိန်းမသားတွေဟာ မိန်းမသားချင်းပဲ ပိုနားလည်သိမြင်တတ်ကြပါတယ် ထက်သန်ရယ်။ နင်ချစ်တဲ့ မိန်းကလေးဟာ နင့်အပေါ်မှာ ငါ့လောက်နားလည်ပေးဆပ်





နိုင်မှာ မဟုတ်တဲ့အပြင် သူဟာ အတ္တခပ်ကြီးကြီးမိန်းမတစ်ယောက်ဖြစ်နေရုံသာမက အဲဒီအတ္တတွေကို လူမြင်အောင် ထုတ်ပြတတ်တဲ့ မိန်းမတစ်ယောက်ဖြစ်နေခဲ့တဲ့အတွက် သူ့ကို ငါ သိပ်ရင်မခုန်တော့ဘူး။



မာမီက မိတ်ဆွေဟောင်းတွေကို ထမင်းစားဖိတ်ကျွေးသောအခါ သူလည်း ရှိနေပါသည်။ သူ့အိမ်က မနက်စာ ထမင်းဖိတ်ကျွေးတာဖြစ်ပြီး အသက်တို့က ညစာဖိတ်ကျွေးတာဖြစ်သည်။ ညနေ ခြောက်နာရီမှာ ဆင်းကြာညိုတို့မိသားစု ရောက်ရှိလာခဲ့သည်။ ဆင်းကြာညိုသည် ဗေဒါဖျော့ဖျော့ ပိုးရင်ဖုံးလက်စကလေးကို ပန်းထိုး၍ ဝတ်ဆင်ထားကာ အောက်ခံထဘီကလည်း အဖြူခံပေါ်မှာ ဗေဒါရောင်အမွှင့်ရှည်ရှည်လေးများ ခပ်ကျဲကျဲပါဝင်သော





အဆင်ဖြစ်သည်။

ဆံနွယ်ရှည်တွေကို စိန်ပွင့်လေးများပါသော ဘီးကုပ်ဖြင့် ပင့်တင်ထားသဖြင့် မဟာဆန်သောနဖူးလေးက ထင်းထင်းလင်းလင်း ပေါ်လွင်လှပလို့နေသည်။ သူမဟာ ... ညိုစိမ့်စိမ့်နှင့် အတော်အကြည့်ခံသော အလှဟုဆိုရပါမည်။ အမြဲတည်ထားသော မျက်နှာနှင့် မြန်မာဆန်ဆန် ဝတ်စားတတ်မှု၊ လှပသည့်ဆံနွယ်ရှည်တွေကြောင့် စိတ်ဝင်စားစရာကောင်းနေသော်လည်း ထူးထူးကဲကဲ လှပခြင်း မရှိချေ။ သူမကို အသက်နည်းတူ စုကလည်း အကဲခတ်နေမှာ သေချာပါသည်။

"ကြည့်စမ်းကွယ် ... နုနဲ့စုနဲ့က သိပ်မပြောင်းလဲဘူးနော်... နုလည်း ချောတုန်းပဲ ... သားအမိ တူဝရီး သုံးယောက်စလုံး ညီအစ်မတွေလား ကျလို့ပဲ ... စုလည်း ပိုတောင်ငယ်သလိုပဲ ... "

"မမယုက ထင်လို့ပါ ... စုလည်း အသက်ကြီးပါပြီ"

"ဒါကြီးတယ် မခေါ်သေးပါဘူးကွယ် ... စုက လှကိုလှတာပါ ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... "

"စုရဲ့တူမလေးနဲ့စုက သိပ်ဆင်တာပဲနော် ... "

စုက အသက်ကို ဖျတ်ခနဲဆိုရုံမျှ လှမ်းကြည့်ကာ...

"ဟုတ်တယ် ... အသက်နဲ့စုကို တော်တော်တူတယ်ပြော

ကြတယ် ... မမယုရဲ့သမီးလေးကလည်း ချစ်စရာလေးနော် ဆင်းက စုကိုမှတ်မိတော့မှာ မဟုတ်ပါဘူး ... ဆင်းတစ်ယောက်တည်းပျင်းရင် ဒီဘက်ကို အမြဲလာလည်လိုက်လေ၊ ဝဲလ်ကမ်းပဲဆင်း ... ဒီမှာ စုလည်းရှိတယ် ... အသက်လည်းရှိတယ် ... ဆင်းကြိုက်တဲ့နေရာပြော လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့ ... ရပါတယ်ရှင် ... "

"အဲဒါသာကြည့်တော့ စုရေ ... ဆင်းက သိပ်စကားနည်းတာ ငယ်ငယ်ထဲက အပေါင်းအသင်းကလည်း မရှိတော့ ... သူတစ်ယောက်တည်းနေတာက အကျင့်ဖြစ်နေပြီ ... စုတို့လက်ထဲပဲ အပ်ထားရတော့မှာပဲ ... "

"ဒါပေါ့ ... ကျော့ရှာတူမလေးဟာ စုရဲ့တူမလေးပဲပေါ့"

စုရဲ့စကားဟာ ဘာအဓိပ္ပာယ်မှန်း အသက်အတိအကျ မသိသော်ငြားလည်း စုဟာဖြင့် ဆင်းကြာညိုကို ဘယ်လိုမှ နှစ်သက်နိုင်မှာ မဟုတ်ဆိုတာကို အသက်က အလိုလိုသိနေလေသည်။ ရွှန်းရွှန်းဝေပြုံးနေသော စုရဲ့နှုတ်ခမ်းတွေထဲမှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေလဲဆိုတာ အသက် အတိအကျမသိလှပါ။

"ကဲ ... ထမင်းစားကြစို့နော် ... မယုရေ ရှိုင်နိုစ်ဖုဉ်တွေပဲ စီစဉ်ထားတာနော် ... စိတ်ကြိုက်သာ သုံးဆောင်ပါ ... ဘာမှအားမနာနဲ့ ... မြလို ကိုယ်တိုင်ချက်တာတော့ မဟုတ်ဘူးပေါ့ကွယ် ... မြကတော့ သိပ်တော်ပါတယ် ... လက်ရာက အလွန်ကောင်းပဲ ... "





"အိမ်ကသမီးဆို မြတို့ဘက်ပဲ ကူးကူးစားနေတာ ... နဲ့တို့ကလည်း ပြောရမှာတောင် ရှက်တယ် ... သုံးယောက်စလုံး အချက်အပြုတ်သိပ်ညံ့ဖျင်းကြတယ်လေ ... ထောပ်ချက်ကျွေးတာပဲစားနေတာ ... နုက သွေးတိုးနှလုံးသမားဆိုတော့ အစားအသောက်ဆင်ခြင်နေရတာနဲ့ အရသာရှိတာတွေလည်း မစားနိုင်ဘူး ... ဒါကြောင့် အသက်လေးက ထက်သန့်တို့အိမ်ပဲ ပြေးစားနေတာ ... "

"နောက် အိမ်မှာလည်း လာစားပေါ့သမီးရဲ့ ... ဆင်းက အချက်အပြုတ်အကုန်ရတယ် ... သမီးစားချင်တာသာပြော"

ဆင်းကြာညိုရဲ့မေမေက အသက်ကို ထပ်မံဖိတ်ခေါ်လေသည်။

"ဟုတ်လား ... ဒါဆို ထောက်နဲ့အသက်ကို ချက်ကျွေးနော် ဆင်း ... "

"အင်း ... ဆင်း ဖိတ်လိုက်ပါ့မယ် ... "

ပြောပုံက သူဖိတ်မှ လာစားရမည့်သဘော။ ဒီမိန်းမနဲ့တော့ အသက် သိပ်ဖြစ်မည်မထင်ချေ။ သူ့မျက်နှာကြောင်သာရယ်မောပြောဆိုနေရသော်လည်း အသက်ဆန္ဒကတော့ဖြင့် ဝေးဝေးက တပ်ခေါက်ချင်ပြီ ဖြစ်သည်။

ထမင်းဝိုင်းမှာ လူကြီးတွေက စကားတွေဝေဆာနေသလောက် အသက်တို့ကတော့ ခပ်ဆိတ်ဆိတ်ပင် ဖြစ်သည်။



Book Sharing

Scanned by CamScanner

အသက်က သူ့ကို ပြောနေကျအတိုင်း စကားတွေဖောင်ဖွဲ့သော်
လည်း သူကတော့ မှန်းစရာကောင်းလောက်အောင်ကိုပင် သူ့မ
မျက်နှာကို အရိပ်တကြည့်ကြည့်ရှိသဖြင့် စိတ်တိုရလေသည်။

ဆင်းကြာညိုကိုသာ စကားပြောဖို့အရေးပါနေတာ
ဖြစ်သဖြင့် အသက်က စိတ်တိုကာ စကားသိပ်မပြောတော့ချေ။
ဒါကို သူက ရိပ်မိဟန်ဖြင့် ထမင်းစားအပြီး ဘေစင်နားမှာ လူလစ်
တုန်း အသက်နားကိုကပ်ကာ ခပ်တိုးတိုးဖြင့် ...

"အသက် ဘာလို့နှုတ်ပိတ်ကြီးလုပ်နေတာလဲ ... စကား
လေးဘာလေး ပြောဦးလေ ... နင်က အိမ်ရှင်လုပ်နေပြီး
တော့ ..."

"ငါက ဘာပြောရမှာလဲ ... နင် ပြောနေတာပဲ မဟုတ်လား"

"နင်မပြောလို့ ငါပြောနေရတာလေ ..."

"သေလိုက်ပါလား ... ငါက နင့်ကိုပြောနေတဲ့ဟာကို နင့်
မျက်လုံးတွေက ဘယ်ရောက်နေတာလဲ ... ငါ ပြောတာ
တောင် အာရုံမစိုက်နိုင်လောက်အောင်ကို ဣန္ဒြေပျက်နေ
တာ နွားငတ်ရေကျပဲ ... နွားပြာကြီး အောက်သွားမရှိသလို
တဟဲဟဲနဲ့ ..."

သူ့ကို မှန်းမှန်းနှင့်အသက်က တမင်ဖိပြောပစ်လိုက်
သည်။ သူ့မျက်နှာတွင် ဒေါသဖြစ်သွားသော အရိပ်အယောင်တချို့
ဖြစ်သွားကာ ...





"ဟာ နင် ဘယ်လိုပြောလိုက်တာလဲ ... ရိုင်းလှချည်လား
ကွ ..."

သူ့စကားကြောင့် အသက်ရင်ထဲမှာ ပိုမိုခံပြင်း
နာကျင်သွားရလေသည်။ ကိုယ်ချစ်တဲ့သူ တစ်ယောက်လုံးက ကိုယ့်
ကို ဥပေက္ခာပြုကာ ကိုယ့်ရှေ့မှာတင် တခြားမိန်းမတစ်ယောက်ကို
အရည်ပျော်မျက်လုံးတွေဖြင့် ငေးမောစိုက်ကြည့်နေတာ ဘယ်သူ
မဆို ကြည်ဖြူနိုင်မှာ မဟုတ်ချေ။ ဒါ့အပြင် ဆင်းကြာညို့ရဲ့ မိန်းမ
ပီသသိမ်မွေ့သော အရည်အချင်းတွေကို ထုတ်ဖော်ချီးကျူးပြနေတာ
ကိုလည်း အသက်က နည်းနည်းမှ မကြည်ဖြူနိုင်ပါ။

"ငါ ဒီလိုပဲ ရိုင်းတတ်တယ်ဆိုတာ နင်မသိဘူးလား ... နင်
ကရော ဘယ်လောက်ယဉ်ကျေးမှုရှိနေလို့လဲ ... ငါပြောတဲ့
စကားကိုရော အာရုံစိုက်လို့လား ..."

"နင်က ညှိုသည်ကိုတော့ စကားမှမပြောတာ ..."

"သြော် ... နင့်ညှိုသည်ရဲ့ပုံကရော စကားပြောတော့ ပြန်
ပြောလို့လား ... ပြောချင်သလိုလို မပြောချင်သလိုလိုနဲ့
ဒီလိုမိန်းမမျိုးကို အောက်ကျို့ပြီး ပြောမနေနိုင်ဘူးဟေ့ ရှင်း
လား ..."

အသက်ရဲ့အသံက ကျယ်လောင်သွားသဖြင့် သူ့
မျက်နှာ ပိုမိုရှုံ့မဲ့သွားစဉ်မှာပဲ စုက အနားကိုရောက်လာခဲ့ပါသည်။

"ဟဲ့ ... ဘာတွေအော်နေတာလဲ အသက်ရဲ့ ... ဘာလဲ
ရန်ဖြစ်ကြပြန်ပြီလား ..."

"မဖြစ်ပါဘူး စု … စု အိမ်ရှေ့မသွားဘူးလား … "

"သွားမှာပေါ့ … ဟိုမှာ ဆင်းတစ်ယောက်တည်းဖြစ်နေမယ် သွားလိုက်ဦးလေ အသက်ရဲ့ … ရှေ့မှာ လူငယ်တွေဖို့ တစ်ဝိုင်းလုပ်ထားပေးတယ် … သွား … သွား … သုံးယောက်သား စကားသွားပြောချည်ဦး … "

စုက အသက်ကို အဓိပ္ပာယ်ပါသောမျက်လုံးများဖြင့် မျက်စတစ်ချက်ပစ်ပြကာ ပြောသည်။ အသက်က ရှေ့ကိုဘောက်ဆတ်ဆတ်ဖြင့် ထွက်လာခဲ့ပါသည်။ အသက်ဘယ်သူနဲ့မှလည်း စကားပြောချင်စိတ် မရှိတော့ချေ။ အသက် စိတ်ထဲကအတိုင်းပဲ နေချင်လှသည်။ ဟန်ဆောင်ပန်ဆောင်လည်း မဆက်ဆံချင်တော့။ အသက်စိတ်ထဲမှာ ဘာကိုမုန်းမှန်းမသိ မုန်းနေခဲ့သည်။

အိမ်ရှေ့ဧည့်ခန်းမှာ မာမီနှင့်လူကြီးနှစ်ယောက်က စကားလက်ဆုံကျလျက်ရှိကာ ဆင်းကြာညိုကတော့ TV ကြည့်သည့်နေရာမှာ တစ်ဦးတည်းထိုင်လျက်ရှိလေသည်။ အသက်က အပြုံးတစ်ခုကို လျှော့တိလျှော့ရဲ တပ်ဆင်ကာ ဝင်ထိုင်လိုက်သည်။ အသက်ရဲ့နောက်မှာ သူကလည်း ကပ်ပါလာလျက်ရှိတာမို့ အသက်က သူ့ကို မျက်စောင်းတစ်ချက်ထိုးဖြစ်အောင် ထိုးလိုက်သေးသည်။

"ပျင်းနေပြီလား ဆင်း … "

"မပျင်းပါဘူး … "

"ဆင်းရဲ့ဆံပင်တွေက အရမ်းလှတယ်နော် … ပေါင်းတင်ထားတာလား … "





သူကဝင်မေးတာဖြစ်သည်။ သူ့မျက်လုံးတွေသည် ဆင်းကြာညိုရဲ့ ဆံနွယ်တွေပေါ်မှာ အတော်ကြီးနှောင်တွယ်သက်ဝင်နေဟန် အပြည့်ရှိလေသည်။ ချစ်သူတွေများဖြစ်သွားလျှင် သူကိုယ်တိုင်တောင် ခေါင်းလျှော်ပေးမည့်သဘောရှိသည်။

သူ … သူမကို တယုတယချစ်တတ်မည့်ပုံကို တွေးမြင်လာလျှင် အသက်သည် ထိုအတွေးစတို့ကို ဝေးဝေးသို့ မောင်းထုတ်ရ၏။ သူဟာ သူငယ်ချင်းစိတ်ပဲ သဘောထားသည့် အသက်အပေါ်မှာတောင် အစစအရာရာ လိုက်လျောတတ်လေရာ သူ သိပ်ချစ်သော မိန်းမတစ်ယောက်သာဆို ပြောဖွယ်ပင်ရှိမှာ မဟုတ်တော့။

ဆင်းကြာညိုက ခေါင်းအသာရမ်းရင်း …

"မတင်ထားပါဘူး … ဆင်း တရော်ကင်ပွန်းနဲ့ပဲလျှော်တယ် … "

"ဆင်းရဲ့ဆံပင်ကြီးကို ကိုယ့်ဘာသာလျှော်တော့ ပင်ပန်းမှာပေါ့နော် … ဟောဒီအသက်မကတော့ သိပ်အပျင်းကြီးတာ သူ့ဆံပင် ဝခုံးလောက်လေးကို ဆိုင်မှာပဲ အမြဲသွားသွားလျှော်တာလေ … "

သူက … အသက်ကိုပင် အပုပ်ချလိုက်သေးသည်။ မဟုတ်မခံတတ်သော အသက်ကလည်း သူ့ကိုစွန်းတုံ့ပြန်ဖို့ ဝန်မလေးချေ။



Scanned by CamScanner

"ငါနဲ့အတူ နင်ပါ ဝင်လျှော်တာကိုရော ထည့်ပြောဦးလေ၊ သိလားဆင်း ... သူကမှ ယောက်ျားတန်မဲ့ သိပ်အလှကြိုက်တာ ... မျက်နှာသွားဆေးရတာနဲ့ ... ဆယ့်ငါးရက်တစ်ခါ ဆံပင်တိပေးရတာနဲ့ ... shaving လည်း ဆိုင်မှာပဲလုပ်တာ သူ့ကိုယ်သူ ကျော့မော့နေအောင် ပြင်ဆင်ရတာ အမောပေါ့ ... "

ဒီတစ်ခါတော့ ဆင်းကြာညိုက သူ့ကိုဖျတ်ခနဲကြည့်ကာ ပြုံးလေသည်။

"အလကားပြောတာ ဆင်း ... သူက ကိုယ်လှတာကို မနာလို ဖြစ်နေတာလေ ... "

"အမလေး ... ပေါရဲလိုက်တာ အဟား ... ဟား ... "

အသက်က သူ့ကို လှောင်ပြောင်လိုက်သောအခါ သူ့အနည်းငယ်ရှက်သွားသော်လည်း ဟန်မပျက်ချေ။ ဆင်းကြာညို၏ မျက်နှာကျောလည်း နည်းနည်းလျော့လာကာ ပြုံးလာလေသည်။ ဒီတော့မှ သူက အားတက်သွားသည့်ပုံစံဖြင့် ...

"ဆင်းက ရန်ကုန်ရောက်လာတာ သိပ်မပျော်ဘူးနဲ့တူတယ်၊ ဘာလဲ မော်လမြိုင်မှာ သူငယ်ချင်းတွေ ကျန်ခဲ့လို့လား ... "

"မဟုတ်ပါဘူး ... ဆင်းက ဒီလိုပဲနေတတ်တယ် ... အဲဒါကြောင့်ပါ ... "

"ဆင်းက အသက်တို့ကိုရော ခင်ရဲ့လား ... "





"ခင်ပါတယ် အသက်ရဲ့ ... စိတ်တော့မရှိပါနဲ့ ဆင်းက ဒီလိုပဲ နှုတ်နည်းတယ် ... ငယ်ငယ်ထဲက သူငယ်ချင်းများများစားစား မရှိတာလည်း ပါတယ် ... အဲဒါကြောင့်ပါ ... "

အသက်က ရင်ဘတ်ကို ဖိလျက်အလုံးကြီးကျသွားဟန်ဖြင့် ...

"တော်ပါသေးရဲ့ ... ဆင်းက မခင်ရင် ဝမ်းနည်းမဲ့သူရှိတယ် ဆင်းရဲ့ ... "

အသက်က ပထမဆုံးအဖြစ် စတင်ကာ သူ့ကိုပို့ပေးလိုက်လေသည်။ သူ့မျက်နှာဝင်းပသွားသောအခါ အသက်ကျေနပ်ရသော်လည်း ရင်ထဲမှာ သိပ်မကောင်းချေ။ ဆင်းကြာညိုက ဘယ်သူလဲလို့ ပြန်မမေးပါ။ အသာပဲပြုံးကာ နှုတ်ပိတ်နေလေသည်။ သူ အသည်းတယားယား ဖြစ်နေမှာတော့ သေချာသည်။ အသက်က ထပ်မံ၍ စပ်စုလိုက်သည်။

"ဆင်း ... ဘွဲ့ရပြီးပြီလား ... ဘာနဲ့ကျောင်းပြီးတာလဲ ..."

"Lawနဲ့ပါ ... အသက်တို့ကရော ... "

"အသက်တို့နှစ်ယောက်စလုံး Business Menagement နဲ့ ပြီးသွားပြီ ... အခုမှ အလုပ်လုပ်ဖို့ တိုင်ပင်တုန်း အဟဲ ဟဲ"

"အသက်တို့နှစ်ယောက်က တော်တော်ချစ်ပုံရတယ်နော်"

သူမက အေးဆေးစွာ မှတ်ချက်ချသောအခါ သူက ဘယ်လိုဖြစ်သွားမယ် မသိပေမဲ့ အသက်ရင်ထဲမှာတော့ အေးခနဲ



Scanned by CamScanner

ဖြစ်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းတောင် မသိချေ။ ဟုတ်တယ်ပဲ ပြောရမလား၊ မဟုတ်ဘူးလို့ပဲ ပြောရမလား ချိတုံချတုံနှင့်ဝေခွဲမရဖြစ်နေတုန်းမှာပဲ သူက ဝင်ပြောလေသည်။

"ကိုယ်နဲ့အသက်နဲ့က ဟိုးသုံးလေးနှစ်အရွယ်ထဲက အတူတူ ကစားလာခဲ့ ... ကြီးလာခဲ့တာဆိုတော့ မောင်နှမတွေလိုပဲ ဆင်း ... သူရော ကိုယ်ရောပါ မောင်နှမလည်းမရှိကြဘူးဆိုတော့ မောင်နှမလိုရော သူငယ်ချင်းလိုရောပါ သံယောဇဉ် က အများကြီးရှိတယ် ...

"သူ့ကို ကိုယ့်မျက်လုံးထဲမှာတော့ မိန်းကလေးလို့တောင် သိပ်မမြင်တော့ဘူး ... သူကလည်း မိန်းကလေးအလုပ်ဆို တစ်ခုမှမတတ်ဘူး ... ယောကျ်ားလေးအလုပ်ဆို အကုန် လုပ်တတ်တယ် ... ကားမြင်လည်း ရတယ် ... Air Con မျက်လည်းပြင်တတ်တယ် ... ကိုယ့်အတွက်တော့ အသက် က ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်လိုပါပဲ အစစ အရာရာ အားကိုးရတယ် ... "

သူ ရှင်းပြတာတွေကို ဆင်းကြာညိုက ခေါင်းညိတ် ညိတ် နားထောင်ကာ ပြုံးနေလေသည်။

အသက်ကတော့ သူစကားတွေကို နားထောင်ကာ ပီတိဖြစ်ရလေသည်။ သူနဲ့အသက်ကြားရှိ နှိုင်းဆမရသော မေတ္တာ တွေကို သူက ထုတ်ဖော်ပြောပြသည့်အတွက် ဒီတစ်ခါတော့ သူ့ကို





စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်ရသည်။ သူ့ရဲ့သံယောဇဉ်တွေ အရောင်ပြောင်းလာမည့်အချိန်ကို တိတ်တခိုးမျှော်လင့်ခဲ့တာ ဖြစ်ပါ သည်။ ခုတော့လည်း ပြောင်းလဲစရာအကြောင်းရှိမှာလည်း မဟုတ် တော့။

သူ ဆင်းကြာညိုကို ချစ်မိနေခဲ့ပြီ။

"ဟုတ်လား ... အဲဒီလို ခင်မင်မှုမျိုးရှိတာ ကောင်းတာပေါ့ နော် ... ဆင်းမှာတော့ အဲဒီလို စိတ်ရောကိုယ်ရော နှစ်ပြီး ခင်ရတဲ့ သူငယ်ချင်းမျိုးလည်း မရှိဘူး ... "

"အခု ကိုယ်တို့နဲ့ ခင်သွားပြီပဲ ... နောက်ကျ ဆင်းမှာ close friends တွေ ရှိလာတော့မှာပေါ့ မဟုတ်ဘူးလား"

သူက ရွှန်းစိုရီဝေသော အပြုံးတွေနှင့် ဆင်းကြာညို ကို မေးဆတ်၍ မေးသောအခါ သူမက ဘာမှပြန်မဖြေဘဲ အသာ ပင် ပြုံးနေခဲ့သည်။ သူတို့နှစ်ယောက်ကိုကြည့်ကာ အသက်ကတော့ သက်ပြင်းတစ်ခုကို ကျိတ်၍ချမိသည်။ သူ့ကိုချစ်သွားခဲ့လျှင် အသက် အဖို့ နိဝင်စရာ ရင်ခွင်ကျယ်တစ်ခု ပျောက်ဆုံးသွားရတော့မှာ ဖြစ် သည်။ အသက်သည် ရစ်ဝဲလာသော မျက်ရည်တချို့ကို သိမ်းကာ ခံနိုင်ရည်အားတချို့ကို ဖျစ်ညှစ်မွေးထုတ်ရလေသည်။



Scanned by CamScanner



နောက်တစ်နေ့ အသက်အိပ်ရာက နိုးလာသောအခါ ကော်ဖီဝိုင်းမှာ မာမိကို မတွေ့ရတော့ မာမီက ရုံးသို့ထွက်သွားပြီ ဖြစ်သည်။ စုကိုသာ တွေ့ရလေသည်။ စုက အသက်ကို ကော်ဖီငှဲ့ပေးရင်းမှ ...

"ညက အိပ်ပျော်ရဲ့လား အသက် ..."

"အင်း ပျော်ပါတယ် ... ဘာလို့လဲ စုရဲ့ ..."

"ဘာမှ မဖြစ်ပါဘူး မေးကြည့်တာ ..."





အသက်က ကော်ဖီကို တစ်ငုံ ငုံလိုက်ပြီးလျှင် ...

"စု ... ဆင်းကြာညိုက လှလားဟင် ..."

"ကြည့်ကောင်းပါတယ် ... ဘာလို့လဲ ..."

"ထက်သန့်က သူ့ကိုချစ်နေပြီတဲ့ စုရဲ့ ..."

အသက်ရဲ့အသံနှင့်ဟန်ပန်က လူကြီးကို တိုင်ကြားသလို ငိုသံပေါက်ကာ မျက်နှာကပါ မဲ့လာခဲ့လေသည်။ စုက သိပ်အံ့သြဟန်မပြဘဲ ခေါင်းတညိတ်ညိတ်ဖြင့် ...

"စုလည်း နည်းနည်းတော့ ရိပ်မိသလို ရှိပါတယ် ... အဲဒါ ဘာဖြစ်သလဲ အသက်ရယ် ... ဒါ ဝမ်းနည်းစရာမဟုတ်ပါဘူး၊ အသက်ကို စု ပြောခဲ့ဖူးသားပဲ ... တစ်နေ့ကျရင် ထက်သန့်ချစ်သွားမဲ့ မိန်းကလေးရှိလာမှာပါလို့ ... အင်း လောကကြီးဟာ ထူးတော့ထူးဆန်းတယ် ... ထက်သန့်ချစ်သွားတဲ့ မိန်းကလေးဟာ ကျော်ဇွာရဲ့တူမလေးဖြစ်နေလိမ့်မယ်လို့တော့ စု တစ်ခါမှ တွေးမထားခဲ့ဘူး ..."

"သူက ဆံပင်ရှည်ရှည်လေးကို စွဲလမ်းသွားတာလား မသိဘူးနော် ..."

စုက အသက်ကိုကြည့်ကာ ရယ်လေသည်။ ကလေးတစ်ယောက်ကို ချစ်စနိုးရယ်ပုံမျိုးဖြစ်သည်။

"ဘာလဲ အသက်ရယ် ... ဆံပင်တွေ သွားပြန်ဖြောင့်ပြီး အရှည်ဆက်လာဦးမလို့လား ... မလုပ်ပါနဲ့ဟယ် ... ဒီ

အကောက်နဲ့ နင်နဲ့သိပ်လှတာ ... "

"အဲဒီ စုကလည်းကွာ ... အရေးထဲမှာ လာနှောက်နေပြန်ပြီ ... စု အဲဒီဆင်းကြာညိုကို guess လုပ်ပေးပါဦး ... ထက်သန်က သူ့ကို crazy ဖြစ်နေတာနော် ... သက်ကို cupid လုပ်ပေးဖို့ ကိုကျနေတာ ... သက်ဖြင့် သိပ်ငိုချင်တာပဲ သိလား ... သက်ဘက်လည်း စဉ်းစားကြည့်ပါဦး ... ကိုယ်ချစ်တဲ့သူကို အောင်သွယ်လုပ်ပေးရမဲ့ကိစ္စက ဘယ်လောက်များဆိုးဝါးလိုက်မလဲဆိုတာ လောကကြီးက တကယ်မတရားဘူးကွာ ... "

စုက အသက်ရဲ့လက်လေးတွေကို အားပေးသလို လာရောက်ဖျစ်ညှစ်ပါသည်။

"လောကကြီးက တရားပါတယ် အသက်ရယ် ... တရားလို့လည်း အသက်ကို ထက်သန်က အားကိုးတကြီးနဲ့ အောင်သွယ်လုပ်ခိုင်းတာပေါ့ ... လုပ်ပေးလိုက်စမ်းပါကွာ ... အပြည့်အဝကူညီပေးလိုက်စမ်းပါ ... ဒါတွေဟာ နောင်တစ်ချိန်မှာ သူ့ အသက်ကိုငဲ့ညှာတောက်တားရာတွေ ဖြစ်လာမှာပါ ... "

"စုကတော့ ပြောလိုက်ရင် အပိုင်ချည်းပဲနော် ... ပြီးတော့မှ သက် ရင်ကွဲရက်နီးဆိုက်နေဦးမယ် ... သက် တကယ်ပဲ ထက်သန်ကို အဆုံးရှုံးမခံနိုင်ဘူး စုရယ် ... သူ့ကို ဆုံးရှုံးရင်





ဆိုတဲ့အတွေးမျိုး သက်ယောင်လို့တောင် မတွေးရဲဘူး ... တကယ်ပြောတာ သိလား ... သူနဲ့ဆင်းကြာညိုနဲ့ ချစ်သူဖြစ်သွားတာကို သက် ဘယ်လိုအင်အားမျိုးနဲ့ ပြုံးကြည့်ရမလဲ ... စုတုန်းကရော ဦးကျော်စွာနဲ့ သူ့ချစ်သူကို ဘယ်လိုပြုံးကြည့်ခဲ့လဲ ... "

"အမလေးတော် ... တဆိတ်ရှိ ဒီပိန္နဲပင်ပဲ ဆွဲထည့်နေတယ်၊ စုကတော့ ပြုံးမကြည့်ခဲ့ဘူး အသက်ရေ ... ဘီလူးဆိုင်းရောသရဲဆိုင်းရော အကုန်တီးပြီး ကခဲ့တာ ... အဲဒါကြောင့်လည်း ဆုံးရှုံးခဲ့ရတာလဲ ... ဒါကြောင့် သက်အလှည့်မှာ ဒီလိုမဖြစ်စေဖို့ပြောတာ ...

"ကျော်စွာ့မေမေတုန်းကလည်း ခုလိုပဲ သက်ကို မမြကချစ်သလိုပဲ ချစ်တာ ... အန်တီစုကိုပဲ ချွေးမတော်ချင်ခဲ့တာ၊ စုကသာ ရပြီးသားအခွင့်အရေးတွေကို မိုက်မိုက်မဲမဲနဲ့ ဆုံးရှုံးအောင်လုပ်ခဲ့တာ ... ဒါကြောင့် ထက်သန် ဖြစ်ချင်တဲ့ဆန္ဒတွေ သက် ကူညီဖြည့်ဆည်းပေးလိုက် ... အဲဒါဟာ သူ့အနားမှာ သက်ရှိနေဖို့အတွက်ပဲ ...

"သူ့အနားကနေ သက် ဘာမှ ဖယ်ခွာပေးစရာမလိုဘူး ... ဆင်းကြာညိုရှိလည်း ဖယ်ပေးစရာမလိုဘူး ... သူ့အနားမှာသာ မခွဲဘဲပိုပြီး alone ဖြစ်အောင်နေ ... နောက်ဆုံးမခံနိုင်တဲ့လူက ခွာသွားလိမ့်မယ် ... "



Scanned by CamScanner

စုရဲ့စကားကြောင့် အသက်ရဲ့မျက်ဝန်းတွေ တဖျတ်ဖျတ်လက်လာခဲ့ပါသည်။

"ဟင် ... ဒါဆို စု ဆိုလိုတာက ထက်သန့်နဲ့ဆင်းကြာညီတို့ ပြတ်သွားကြမှာကိုပြောတာလား ..."

စုက ဘာမှပြန်မဖြေဘဲ ဒါပဲပေါ့ဆိုသော အပြုံးမျိုးနှင့် ထမင်းစားခန်းထဲမှ TV ကို စိတ်ကြိုက် chanel တွေ ရွေးဖမ်းလျက်ရှိသည်။ အသက်ကတော့ ဖြိုးဖြိုးဖျတ်ဖျတ်ခုန်လာသောရင်အစုံနှင့် အတူ စိတ်တွေလှုပ်ရှားလာရလေသည်။ ဘုရားရေ ဒါဆို အသက်ဟာ သူများချစ်ခြင်းကို ခွဲရမဲ့မိန်းမတစ်ယောက်ပေါ့။ အဲဒီလိုကြီးတော့ အသက်မဖြစ်ချင်ပေ။ အသက်ရဲ့တစ်သက်နဲ့တစ်ကိုယ်မှာ သူများချစ်ခြင်းကို ခွဲရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေ့ခဲ့ဘူးချေ။ အထူးသဖြင့် ထက်သန့်ရဲ့ချစ်ခြင်းကို ခွဲဖို့ဆိုတာ အသက်မလုပ်ရဲဆုံး အလုပ်တစ်ခုပဲ ဖြစ်ပါသည်။

"အသက်က သူများချစ်ခြင်းကို ခွဲရမှာလား စုရယ် ... ဒါမျိုးတော့ အသက်မလုပ်ချင်ဘူး ..."

"ခက်ပါလား အသက်ရယ် ... ခုထိပြောတဲ့အဓိပ္ပာယ်ကို နားမလည်သေးပါလား ... သူများချစ်ခြင်းကို မခွဲရပါဘူး... စုတုန်းကသာ စုက သူများချစ်ခြင်းကို ခွဲခဲ့တာပါ ... ဒါပေမဲ့ စုပဲ ရှုံးခဲ့တာ ... စုက သွေးရူးသွေးတန်းနဲ့ ခွဲခဲ့ပေမဲ့ ရိုးသားခဲ့တယ် အသက်ရဲ့ ... ဘာလှည့်ကွက်မှ မရှိဘူး ...



"ယဉ်မူယာကတော့ အပြင်ဘက်မှာ ရိုးသားချင်ယောင်ဆောင်ထားပေမဲ့ နာမည်နဲ့လိုက်အောင်ကို အမူအရာယဉ်ယဉ်လေးတွေနဲ့ လှည့်စားခဲ့တာ ... ပြောရရင် နူးညံ့ခြင်းတွေနဲ့ အနိုင်ရခဲ့တာပေါ့ ... နူးညံ့တယ်ဆိုတာ ပြောရလွယ်သလောက် ပြုရတာသိပ်ခက်ပါတယ် သက်ရာ ...

"နူးညံ့သိမ်မွေ့တာဟာ နူးညံ့လေလေ အင်အားကြီးမားလာလေလေပဲ ... အချစ်မှာ အနူးညံ့ဆုံးလူက အသာစီးရသွားတာပဲ ...

"ပြီးခဲ့တဲ့ အတိတ်က နူးညံ့ခြင်းပြိုင်ပွဲမှာ ယဉ်မူယာက အနိုင်ရသွားခဲ့တာဟာ အနူးညံ့ဆုံးလက်နက်တွေနဲ့ ထုတ်သုံးခဲ့လို့ပဲ သက် ... အခု သက်ကို ကြုံတွေ့လာရမဲ့အဖြစ်တွေကို ပြိုင်ပွဲတစ်ခုလို သဘောထားပါ ... နူးညံ့ခြင်းပြိုင်ပွဲပေါ့ ... အနူးညံ့ဆုံးလူက အနိုင်ရမှာပဲ သက် ..."

"ဒါဆို ... သက်က သူများချစ်ခြင်းကို ခွဲတာမဟုတ်ဘူးပေါ့နော် ..."

စုက အသက်ကို ကြင်နာစွာဖြင့် ပြုံးကြည့်ကာ ခေါင်းကို တဖြည်းဖြည်းခါယမ်းသည်။

စုရဲ့အကြည့်တွေဟာ သက်ရဲ့ရင်ခွင်တစ်ခုလုံးကို ထိုးဖောက်မြင်နိုင်စွမ်းရှိပါသည်။

"မဟုတ်ပါဘူးကွယ် ... ဒါဟာ ပြိုင်ပွဲတစ်ခုလို သဘောထား

ပါ အသက် ... ပရိယာယ်တွေ မာယာတွေမပါတဲ့နူးညံ့ခြင်း ပြိုင်ပွဲသက်သက်ပါ ... မတရားတာ ဘာမှမရှိပါဘူး ... အသက် စိတ်သန့်သန့်နဲ့ ပြိုင်နိုင်ပါတယ် ... " ၊

အသက်က စု ပြောတာကစားလုံးတချို့ကို အသံထွက်၍ ရွတ်ဆိုမိသည်။ နူးညံ့ခြင်းပြိုင်ပွဲတဲ့။ သိပ်ကိုပြောင်မြောက်သော စကားလုံးလေးပဲ ဖြစ်သည်။ ကိုယ့်ထံက ချစ်ခြင်းမေတ္တာကို ကိုယ်ချစ်တဲ့လူတစ်ယောက် သိသာစွာမြင်လာစေဖို့အတွက် နူးညံ့ခြင်းတွေကိုပဲ အသုံးပြုရမတဲ့။

ဒေါသတွေ၊ မောဟတွေ၊ လှည့်ဖြားမှုတွေ၊ပရိယာယ် မာယာတွေ ဘာတစ်ခုမှ ပါဝင်စရာမလိုသော သိမ်မွေ့ခြင်းသက်သက် ချစ်ခြင်းပြယုဂ်တစ်ခု။ အနူးညံ့ဆုံးချစ်ခြင်းမေတ္တာတွေကို ဖော်ကျူးရမည့်ပြိုင်ပွဲ ... ။

သိပ်ကို နက်ရှိုင်းကာ သိပ်လည်းလေးနက်သော ပြိုင်ပွဲတစ်ခု ဖြစ်လေသည်။ ချစ်ခြင်း၏သဘာဝကိုက နူးညံ့သိမ်မွေ့သော ခံစားချက်တစ်ခုဖြစ်လေရာ ထိုခံစားချက်တို့ကို နူးနူးညံ့ညံ့လေး ပြသရမည့် ပြိုင်ပွဲတစ်ခုအတွက် အသက် ရင်ဖိုစိတ်လှုပ်ရှားကာ နူးညံ့စွာ တက်ကြွနေခဲ့ပြီး ဖြစ်လေသည်။

ဒီပွဲမှာ သုံးယောက်စလုံးသည် နှလုံးသားမှ အချစ်အစစ်တွေကိုပဲ မက်မောခုံမင်ခဲ့ကြပါမည်။ သို့သော်လည်း အချစ်ကို နူးညံ့စွာ ပြသနိုင်ရမည်။ အနူးညံ့ဆုံးပြသနိုင်သူသည် အနိုင်ရမည်ဆို





သော လျှို့ဝှက်ချက်တစ်ခုကို အသက်က ကြိုသိနေရုံကလွဲ၍ ကျန်တာအားလုံး တရားမျှတသည်ဟု အသက်က ခုမှစတင်ကာ ရဲရဲကြီးလိပ်ပြာသန့်စွာဖြင့် ပြိုင်ပွဲဝင်ဖဲကြိုးကို စတင်ဖွင့်လှစ်ဖြတ်တောက်ခဲ့တာ ဖြစ်ပါသည်။



## နှုတ်ဆိတ်ခြင်းပြိုင်ပွဲ

### ၁၁၀

အသက်သည် ပြိုင်ပွဲမှာ နိုင်ကို နိုင်ရမည်ဟူသော ယုံကြည်ချက်ကို ရဲရဲကြီးချထားကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း အပြည့်အဝရှိသောကြောင့် တော်တန်ရုံကို ဥပေက္ခာပြုနိုင်သွားပြီ ဖြစ်သည်။ သူ ဘာလိုအပ်သလဲဆိုတာတွေသာ အချိန်ပြည့်စောင့်ကြည့်လျက် ဖြည့်ဆွမ်းပေးဖို့ အဆင်သင့်ဖြစ်နေခဲ့ပြီ။ ဒါဟာ





ပြိုင်ပွဲတစ်ခုကို စတင်ယှဉ်ပြိုင်နေပြီဟု သဘောထား,ထားသောကြောင့် သူ့ရှေ့မှာ သူ ပြိုငြင်သွားမည့်ကိစ္စမျိုး၊ သူ မနှစ်သက်တာမျိုး ဘာမှမလုပ်မိအောင် အထူးဂရုစိုက်သည်။ အရာရာမှာ သူနှင့်တစ်သားတည်းဖြစ်အောင် ကြိုးစား၍ နေလေသည်။ သူ စိတ်ချမ်းသာတာ မြင်ရတော့လည်း အသက် ပျော်ရွှင်ရတာပင်။ ဒါသည်လည်း အချစ်ရဲ့ ခံစားချက်တစ်မျိုးပင် ဖြစ်ပါလိမ့်မည်။

မနက်ခင်းစောစောတွင် သူက အသက်ထံ ဖုန်းဆက်လာလေသည်။ အသက်ပင် အိပ်ရာက မနိုးသေး။ သူက ဖုန်းဆက်နှိုးတာဖြစ်သည်။ ချစ်သူနှိုးသော မနက်ခင်းဟာ အရာရာထက် ပြီးပြည့်စုံခမ်းနားသော်လည်း သူ့စကားတွေကတော့ အသက်အတွက် ကြည်နူးသာယာဖွယ် မရှိချေ။ နေပစေ အသက်က မှုမနေတော့။ အသက်ရင်ထဲမှာ နှုတ်ဆိတ်ခြင်းဆိုသောစကားက သံမှိုနှက်ထားသလို စွဲနေပြီဖြစ်သည်။

"မောနင်း အသက်ရေ ... နိုးပြီလားကွ ... "

"နင်နှိုးလိုက်တော့ နိုးသွားပြီပေါ့ ... ကဲ ... ဆို ဘာကိတ်"

"ကိတ်တော့ မကျွေးဘူးကွာ ... မုန့်ဟင်းခါး ကျွေးမယ် ... စိန်ဥသျှားစားရအောင်ကွာ စားမယ်မလား ... "

"စားမှာပေါ့ ... ခဏလေးစောင့် ... "

"ဟော့ ... ဟော့ ... နေဦး ဖုန်းမချပစ်နဲ့ဦးကွ ... ဟိုဟာလေကွာ ... အဟင်း ... "

သူက ဆက်မပြောဘဲ ရှူးချင်ယောင်ဆောင်နေတာကို အသက်တန်း၍ သဘောပေါက်လေသည်။ အရင်လို ကျိတ်၍ ခံစားမနေတော့ဘဲ ရွှင်ရွှင်ပျပျလေသံနှင့်ပင် ...

"ငါ သိပါတယ် ထက်သန့်ရယ် ... နင် ပါးစပ်ဟလိုက်တာနဲ့ ဘာပြောတော့မယ်ဆိုတာ ငါ သိပြီးသားပါ ... ဆင်းကြာညို ကိုပါ ခေါ်ရမယ် ဒါပဲမဟုတ်လား ... နင်က ငါ့ကိုကျေးချင်တာထက် ... သူနဲ့တွေ့ချင်တာက အဓိကပါ ဟုတ်တယ်မလား ..."

အသက်က ဗိဇမဖျောက်နိုင်စွာဖြင့် သူ့ကို ခနဲ့လိုက်သေးသည်။

"ဟာ ... အဲလိုမထင်ပါနဲ့ အသက်ရာ ... ဒီမယ် နင့်စိတ်ထဲမှာ အဲဒါမျိုးတွေ လုံးဝမတွေးစမ်းပါနဲ့ ... ငါ့စိတ်ထဲမှာ အဲလို လုံးဝမရှိဘူးကွာ ... နင် အဲဒါကို မြဲမြဲမှတ်ထားလိုက် ..."

သူ အဲဒီလိုပြောတော့လည်း အသက်မှာ ပီတိဖြစ်ရလေသည်။

"အေးပါ ... ငါနောက်တာပါဟာ ... နင်ကလည်း ဒီလောက် နှမနေပါနဲ့ ..."

"နှတာမဟုတ်ဘူး အသက်ရာ ... ငါ ဘယ်လိုပြောရမလဲကွာ something ပေါ့ နင့်အပေါ်မှာ ... "





သူ ဘာကိုဆိုလိုချင်မှန်း အသက်တန်း၍သိသည်။ သူနှင့်အသက်ကို တစ်ချိန်ချိန်မှာ ချစ်သူတွေအဖြစ် ပွင့်လင်းပြောင်းလဲသွားကြလိမ့်မည် အများက ထင်ကြေးပေးထားကြတာကို သူလည်း သိမှာ အမှန်ပင်။ နှစ်ဦးစလုံးဟာ တစ်စုံတစ်ရာ ပြန်လည်ဖြေရှင်းခြင်း မပြုခဲ့ကြ။ ကိုယ်စီခံစားချက်တွေနှင့် ကိုယ်ဖြစ်သော်လည်း သူက အသက်ကို အားနာနေဟန် တူပါမည်။ ဒီအတွက် အသက်က သူ မမြင်နိုင်မှန်းသိသောကြောင့် မချိပြုံးလေး ပြုံးကာ...

"ငါ နားလည်ပါတယ် ထက်သန့်ရာ ... နင့်စိတ်ထဲမှာ ဘာ worry မှ မဖြစ်နဲ့ နင်လိုချင်တာသာရအောင် ကြိုးစား ဟုတ်ပြီလား ..."

"အသက် ... ဒီလိုဆို မင်းက ငါ့ကို လုံးဝနားလည်သွားပြီပေါ့ ဟုတ်လား ..."

"အင်း ... ဆိုပါတော့ ..."

"ဟား ... ကျေးဇူးတင်တယ် အသက်ရာ ... ငါ့မှာလေ သူ့ကို ချစ်သာချစ်ရတယ် ... နင်မကြည်ဖြူမှာတော့ ငါ တကယ်ကြောက်တယ်ဟာ ... သိလား ... နင်ကြည်ဖြူတဲ့ ကိစ္စမျိုးပဲ ငါလုပ်ချင်တယ် ... တစ်ကြိမ်တစ်ခါတည်း ပေါ် ပေါက်ဖူးသေးတဲ့ ငါ့အချစ်လေးကို နင်က ကြည်ကြည်ဖြူဖြူ နဲ့ဝင်ပြီး Advise လုပ်တာပဲ ငါအလိုရှိတယ်ကွာ ..."



Book Sharing

Scanned by CamScanner

အသက်သည် သူ့ရင်ထဲက စကားတချို့ကို ကြားလိုက်ရသောအခါ ရင်ထဲမှာ အတော်ပီတိဖြစ်သွားခဲ့ရသည်။ ကြည့်စမ်း သူဟာ ဒီလောက်တောင်ပဲ အသက်ကို နေရာပေးအလေးထားသတဲ့လား ...။ သူ့ရဲ့ အလေးအနက်ထားမှုတို့ကို သိလိုက်ရလျှင် အသက်က သူငယ်ချင်းဆိုသောနေရာမှာတင် ကျေနပ်လိုက်ချင်လေသည်။

သို့သော် အသက်လည်း လောဘနဲ့ပုထုဇဉ်ပဲကွယ် ဒီလောက်နဲ့လည်း မတင်းတိမ်နိုင်သေးချေ။ သူ့ထံမှ ရင်ခုန်ချစ်ခြင်းတစ်ခုကိုလည်း အဆစ်လိုချင်သေးသည်။

"အေးပါ ... အေးပါ ... ကဲ ... အခု ငါက ဆင်းကြာညိုကို ခေါ်ပေးရမှာလား ..."

"ဒါပေါ့ကွ ... နင့်အနေနဲ့ပေါ့ ... မုန့်သွားစားမယ် ဘာညာပေါ့ ... ရအောင်ခေါ်ခဲ့ပေးနော် အသက်လေး ကြားလား"

"အေးပါဟယ် ဒါပဲမလား ..."

"အိုကေ ... အိုကေ ... အိုင် ဗလိဗ် ယူ ..."

သူက ... ရွှင်မြူးစွာဖြင့် ဖုန်းပိတ်သွားသောအခါ အသက်က ခေတ္တမျှ ငိုင်နေသေးသည်။ ပြီးတော့မှ ခပ်သွက်သွက် ပြင်ဆင်ရလေသည်။ ဆင်းကြာညိုဘာဝတ်စားမယ် မသိသော်လည်း အသက်ကတော့ လှပအောင်ပြင်ဆင်သည်။ အလှအပဟာလည်း





အရေးကြီးသေးတယ်။ သူ အမြဲချီးကျူးသော ဗိုလ်ဆန်ဆန်အလှကို အသက်က ပြောင်းလဲဖို့ စိတ်ကူးမရှိသေး။

အသက်ရဲ့ ဆံနွယ်တွေက ခွေလိပ်လိပ်တွေမို့ အထူးတလည် ဖီးသင်ရှင်းမနေတော့။ နဂို လှပြီးသားမျက်နှာလေးကို ငါးမိနစ် မိတ်ကပ်လိမ်းနည်းအတိုင်း ချယ်မှုန်းပြီးသောအခါ အသက် သိပ်လှသွားပြီ။ ဆောင်းဝင်ခါနီးပြီမို့ ချမ်းစိမ့်စိမ့်ဖြစ်နေသော နံနက်ခင်းမှာ အဖြူရောင်ဆွယ်တာခပ်ပါးပါးနှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်လိုက်သောအခါ အသက်ရဲ့ ပြင်ဆင်မှုက ပြီးသွားချေပြီ။ မှန်ထဲမှာ တစ်ပတ်လှည့်ကြည့်လျက် ဖုန်းကို ဘောင်းဘီထဲ ထိုးထည့်ကာ အသက်က အပြေးဆင်းလာခဲ့လေသည်။

ပေါ်တီကိုအောက်မှာ သူ့ကို အသက်ရဲ့ကားနှင့်အတူ တွေ့ရသဖြင့် အသက်က မျက်ခုံးပင့်ကာ ...

"ဟဲ့ ... ငါ့ကားနဲ့သွားမှာလား ..."

"အေးလေ ... နင်မောင်းပေါ့ ... ငါက ရင်ခုန်နေတော့ သိပ်မောင်းလို့ ကောင်းမှာမဟုတ်ဘူး ... ပြီးတော့ သူ့ကို ငါ show ရှိုးချင်လို့ ဟဲ ဟဲ ..."

"ဟွန်း ကောင်စုတ် ... သိပ်ပိုတယ် ... ကဲ ... ကဲ နင့်အိမ်ကို ပြန် အိမ်ရှေ့ကစောင့် ဟုတပြီလား ..."

ကိုယ့်ချစ်သူက ကိုယ်မဟုတ်သော အခြားတစ်ယောက်ကို သိပ်သည်းကာ ချစ်တတ်နေပုံကို သူများတွေတော့

Scanned by CamScanner

ဘယ်လိုခံစားမလဲ မသိ။ အသက်ကတော့ ယုံကြည်ချက်တစ်ခုဖြင့် ရင့်ကျက်သောနှလုံးသားကို မွေးမြူထားနိုင်ပြီ ဖြစ်သည်။

ကျေးဇူးတင်ပါတယ် စုရယ်။

အသက်က ကားကိုမောင်းထွက်လာကာ ဆင်းကြာညိုတို့ခြံရှေ့မှာ ရပ်လျက် ဟွန်းနှစ်ချက်လောက် ဆင့်တီးကာ ခေါ်လိုက်လျှင် တံခါးဖွင့်လာသူမှာ ဆင်းရဲ့အမေဖြစ်နေသဖြင့် ကားပေါ်မှဆင်းကာ ...

"အန်တီ ... ဆင်းရောဟင် ... အသက် မုန့်သွားစားမလို့ ဆင်းကို ဝင်ခေါ်တာပါ ..."

"ဩော် ... ဆင်းက လိုက်ပါ့မလားမသိဘူး ... ခေါ်ကြည့်ပေါ့ သမီးရယ် ခဏလေး ..."

သူ့အမေ အိမ်ထဲဝင်သွားပြီး မကြာမီမှာပင် ဆင်းကြာညို ထွက်လာလေသည်။

"အသက် မုန့်သွားစားမလို့လား ..."

"ဟုတ်တယ် ဆင်း ... စိန်ဥမုန့်ဟင်းခါးလေ ... ဆင်းလည်း စားဖူးတယ်ရှိအောင်ပေါ့ Breakfast စားပြီးပြီလား ..."

"စားပြီးပြီ အသက်ရဲ့ ... ဆင်းက မနက်ငါးနာရီလောက်ထဲက ထပြီး ဘုရားရှိခိုး စားသောက်ပြီးတာ ... ဆင်း မလိုက်တော့ဘူးနော် ..."

"ဟာကွာ ... ဆင်းကလည်း ... ငါးနာရီက စားထားတာ





ခု ခုနစ်နာရီဆိုတော့ နှစ်နာရီတောင် ခြားသွားပြီ၊ မုန့်ဟင်းခါး တစ်ပွဲတော့ ဝင်ပါတယ် ... လိုက်ခဲ့ပါကွာ ..."

အဲဒီအချိန်မှာပဲ သူ ရောက်လာခဲ့သည်။ သူကပါ ဆင်းကြာညိုကို ဝင်ခေါ်ပါသည်။

"ဟုတ်သားပဲ ဆင်းရဲ့ ... ကိုယ်တို့ကို ခင်ရင်လိုက်ခဲ့ပါ ..."

"ဆောရီးပဲ ထက်သန့်ရယ် ... တကယ်ပါ ဆင်း မအားလည်း မအားဘူး ... မုန့်ဟင်းခါးလည်း စားဖူးပါတယ် ... ဟင်းရည်ကောင်းရင် ကောင်းတာပါပဲ ... ထက်သန့်တို့ကြိုက်ရင် ဆင်း နောက်နေ့ချက်ကျွေးပါ့မယ် ... ဆင်း မလိုက်တော့ဘူး ..."

အသက်နှင့် ထက်သန့်ကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေသည်။ ဘာဆက်လုပ်မလဲဟူသော သူ့မျက်ဝန်းအမေးစကားတွေကို အသက်က နားလည်သဘောပေါက်သည်။

"ဆင်းကလည်းကွာ ... လူငယ်မဟုတ်တာကျနေတာပဲ ... အလုပ်တွေရှိလည်း ပြန်လာမှလုပ် ခဏလေးပဲဟာ ..."

ဆင်းကြာညိုက သူမရဲ့မူပိုင်ဟန်လေးအတိုင်း ပြုံးပြုံးလေးနှင့် ခေါင်းအသာယမ်းပါသည်။

"အသက်ရယ် ဆင်းတကယ်မလိုက်ချင်လို့ပါ ... အဲဒီလို အပြင်သွားရလာရတာတွေလည်း ဆင်း ဝါသနာမပါလှပါဘူး၊

တစ်ခုခုစားချင်ရင် အိမ်မှာပဲ လုပ်စားလိုက်တာပဲ အသက် တို့ပဲ သွားစားကြပါ ... "

အသက်က သူ့ဘက်လှည့်ကာ မတတ်နိုင်တော့ဘူး ဆိုသောပုံစံဖြင့် လက်ဝါးနှစ်ဖက်ဖြန့်ပကာ ပခုံးတွန့်ပြလိုက်သည်။ သူက ဆင်းကို ခပ်နက်နက်ဖြင့် တစ်ချက်စိုက်ကြည့်ကာ ...

"ဆင်းက ရေလည်စိမ်းတယ်ကွာ ... ဆင်းကြာညိုထက် စိမ်းကြာညိုပဲ ဖြစ်သင့်တယ် ... "

သူ့ကို ပြန်မော့ကြည့်သော ဆင်းကြာညိုရဲ့အကြည့် တွေက အရည်တွေတဖျတ်ဖျတ်လက်ကာ နှုတ်ခမ်းဖျားအစွန်းတွေ က ကော့တက်၍ ပြုံးနေလေသည်။ သူတို့နှစ်ဦးတစ်ယောက်နှင့် တစ်ယောက် အဓိပ္ပာယ်ပါပါ ပြုံးကြည့်နေကြတာကို အသက်က မျက်နှာလွှဲကာ ကားပေါ်တက်၍ စက်နှိုးလိုက်သည်။ သူက နေရာ မှမရွေ့သေးဘဲ ဆင်းကြာညိုကို ဆက်ကြည့်တုန်းပင် ...

"နောက်တစ်ခါတော့ ဆင်း မလိုက်လို့ မရတော့ဘူး ... "

"ဘာဆိုင်လို့လဲ ထက်သန့်ရဲ့ ... ဒါ ဆင်းရဲ့ right ပါ ... "

"ဆင်း လိုက်ချင်လာအောင် ကိုယ် ကြိုးစားမယ်ဆိုရင်ရော"

ဒီတစ်ခါတော့ ဆင်းက မျက်ခုံးပင့်သွားကာ ... တဆတ်ဆတ်ပြုံးရင်း ... 'သဘောပဲလေ'ဟု မပွင့်တပွင့်ဆိုတာကို အသက်က ကက်ဆက်နားထောင်နေဟန်ဆောင်သော်လည်း ကြား နေရလေသည်။ ဘာသဘောပဲလေလဲ။ ဆင်းဟာ ထက်သန့်ကို





တကယ်ပဲ စိတ်မဝင်စားတာလား၊ စိတ်မဝင်စားချင်ဟန်ပဲ ဆောင် နေတာလားဆိုတာကို အသက် ခုမှ တွေးမိလာရသည်။

သူတို့နှစ်ယောက်ရဲ့အကြည့်တွေဟာ တစ်မျိုးပဲ။ အထူးသဖြင့် ဆင်းကြာညိုဟာ ကိုယ့်ကို အသည်းအသန် ကြွေနေ သောမျက်ဝန်းတစ်စုံရဲ့အဓိပ္ပာယ်ကိုမသိဘဲနေမှာ မဟုတ်ချေ။ မင် သိသွားရင်တော့ ပြိုင်ပွဲဟာ ပိုလို့ပင် စိတ်ဝင်စားစရာ ကောင်းလာ မှာပဲ ဖြစ်သည်။

သူ ကားပေါ်တက်လာသောအခါ အသက်က အခါ ကို မောင်းထွက်လိုက်သည်။ သူက စကားစမပြောသဖြင့် အသည်း ကလည်း မပြောချေ။ ခဏကြာမှ သူက စိတ်ဝင်စားဖွယ်ရာ စကား စတင်လာလေသည်။

"အသက် ... "

"ဟမ် ... "

"နင် သူ့ကို ဘယ်လိုမြင်လဲ ... "

လာပြီ အကဲဖြတ်မည့်မေးခွန်းတွေ။ အသက်သည် အဆင်တော်တော်ချောမည့်အဖြေကို ခေါင်းပူမတတ် အလျင်အမြန် ပင် စဉ်းစားရွေးချယ်ရသည်။ အပြုံသဘောဆောင်သည့် အဖြေမျိုးပဲ ဖြစ်ရမည်။ ပြိုင်ပွဲဆိုသောအသိသည် အသက်ကို အချိန်တိုင်းတပ်လှန့် နှိုးဆော်ထားခြင်းပဲ ဖြစ်ပါသည်။

"ဆင်းက တစ်မျိုးပဲပေါ့ဟာ ... ငါလည်း သိပ်တော့ မပြော

တတ်ဘူး ... သူကြည့်ရတာ သိမ်မွေ့ပုံပေါ်ပေမဲ့ မာကျော မယ်နဲ့တူတယ် ..."

သူက အသက်ရဲ့အဖြေကို သဘောကျသွားသလို လက်ဖျောက်တစ်ချက်တီးကာ ...

"ရိုက် ... ဟုတ်တယ်ကွ ... ငါလည်း ဒီလိုပဲထင်တယ် ... တကယ်တမ်းတော့ သူက သိပ်မာမဲ့ပုံပဲ ... ပြုံးပြုံးလေးနဲ့ ခေါင်းမာမဲ့ပုံကွ ..."

"ဘယ်လောက်ပဲမာမာ အပူပေးရင် အရည်ပျော်သွားတာပဲ မဟုတ်လား ... နင့်ရဲ့ Heat တက်နေတဲ့အချစ်တွေနဲ့ အပူ ပေးလိုက်ပေါ့ဟာ ..."

သူက အသက်ကို တောက်ပစွာတစ်ချက် ပြုံးကြည့်လာခဲ့သည်။ သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်ကို အသက်ကောင်းကောင်းသိသည်။ သူ အသက်ကို တဖြည်းဖြည်းနှင့် စတင်ယုံကြည်လာခဲ့ပြီ ဖြစ်သည်။ သူ့ နှလုံးသားရေးရာကိစ္စနှင့်ပတ်သက်၍အသက်ကို အိတ်သွန်ဖာမှောက် တိုင်ပင်တော့မည်ဆိုတာ အသက် အလိုလိုကို ခံစားပြီးသိလေသည်။

"နင်တောင် စကားတွေပြောတတ်လာပြီ ... ဝမ်းသာတယ်ကွာ ... နင်ဟာ ငါ့ရဲ့တကယ့်ရဲဘော်စစ်စစ်ပါ ... နင်ဟာ ငါ့အတွက်တော့ ဘုရားပေးတဲ့ဆုပါပဲ ..."

အသက်က ဒီတစ်ခါတော့ သူ့စကားကို ဟက်ဟက်





ပက်ပက် ရယ်မောမိသည်အထိ သဘောကျရလေသည်။ သူဟာ အသက်အပေါ်မှာ သိပ်ကိုဖြူစင်လွန်းသည်။

"မြှောက်မနေပါနဲ့ ... နင်နဲ့ဆင်း ပြေလည်သွားအောင် ငါ 100% ကူညီပေးမှာပါ ... နင်တို့ လုံးဝချစ်သူတွေ ဖြစ်သွားတဲ့ အထိပေါ့ ..."

"ကျေးဇူးတင်တယ်လို့ မပြောတော့ဘူးကွာ ... သိပ်မလေးနက်လို့ ..."

အသက်က သူ့ကိုမျက်စောင်းလှည့်ထိုးသောအခါ သူက ချစ်စဖွယ်နှာခေါင်းရှုံ့ပြလေသည်။ သူ့ပုံစံလေးကိုသိပ်အသည်းယားသွားကာ သူ့ပါးလေးကို ဖျစ်ညှစ်လိမ်ဆွဲပစ်ချင်စိတ်ကို မနည်းပြန်မျိုချရသည်။ ငယ်ငယ်ကတော့ သူ့ပါးဖောင်းဖောင်းလေးကို အသက် ဆွဲဆွဲလိမ်ခဲ့တာ မှတ်မိသေးသည်။ ခုတော့ ဘယ်သင့်တော့မလဲကွယ်။ ချစ်သူချင်းဆိုရင်တော့ ဘာမှ ဂရုစိုက်စရာ မလိုပေမဲ့ သူငယ်ချင်းဆိုသော စည်းတစ်ခုဟာ သူနှင့်အသက်ကို ခပ်ဝေးဝေး စည်းခြားစေလေသည်။

မုန့်ဟင်းခါးစားပြီး ပြန်လာသောအခါ သူကအသက်ကို ဆင်းကြာညိုထံသွားဖို့ တိုက်တွန်းပြန်ပါသည်။

"အေးပါဟာ ... ငါပို့ပေးမယ် နင်ကလည်း သိပ်သည်းတာပဲ ..."

"ပိုရင်းနဲ့ သူ့ရဲ့စိတ်နေစိတ်ထားလေး ဘာလေးလည်း အကဲ

၆ စ တ နှ ၁ စ ၁ ၆ ပ

ခတ်ခဲ့ဟာ ... သူနဲ့စကားများများပြောပေး ... ငါ့ကိုရော နင့်ကိုရော ယုံကြည်လာအောင်ပေါ့ ... "

အသက်က သူ့ကို အမြင်ကတ်စွာဖြင့် မျက်စောင်းရွယ်လိုက်ကာ ...

"ကဲ ... မှာလို့မပြီးတော့ဘူးလား ... ဒီတစ်နေ့တည်းအပြီးလုပ်ရမှာလား ... "

ဒီတော့မှ သူက အားနာသွားဟန်ဖြင့် တဟဲဟဲရယ်ကာ ...

"ဆောရီးပါဟာ ... နင့်အစွမ်းကို ယုံကြည်ပါတယ် ... ကားကို ငါပဲယူသွားပြီး သွင်းပေးလိုက်မယ် ... နင်တစ်ခါတည်းဝင်သွားတော့ ... "

ဆင်းကြာညို့တို့ခြံရှေ့မရောက်ခင်မှာပင် အသက်က ကားပေါ်မှဆင်းကာ လမ်းလျှောက်လာခဲ့သည်။ သူက ကားကိုမောင်းယူသွားလေသည်။ အသက်သည် ခပ်ဖြည်းဖြည်းလျှောက်လာရင်းမှနေ ဆင်းကြာညို့ကို ဘယ်လိုစတင် ဝင်လုံးရမလဲဆိုတာကိုတွေးတောလာခဲ့သည်။ အသက်ရဲ့တစ်သက်မှာ မိန်းကလေးချင်းဒီလိုဝင်ရောရတာမျိုးကို မရှိဘူးသေးချေ။ တွေ့တာနှင့် အချင်းချင်းမွှင့်လင်းစွာ ခင်သွားတတ်စမြဲ။ ဆင်းကြာညို့လို နားလည်ရခက်သော သူမျိုးတွေလည်း မပါဝင်။ အသက်သည် ထက်သန်ကို ချစ်သည့်စိတ်တစ်ခုတည်းဖြင့် အရာရာကို နားလည်လိုက်လျောခဲ့ရတာဖြစ်ပါသည်။

ဆင်းကြာညို့တို့ရဲ့ ခြံရှေ့အရောက်မှာ အသက်က ဘဲလ်တီးရင်း ခဏစောင့်နေလိုက်သည်။ အင်း တစ်ချိန်တုန်းက စုလည်း ဒီလိုပဲ ဒီအိမ်ကို ခဏခဏ ဝင်ခဲ့ဖူးမှာပဲ။ စုကတော့ တံခါးမရှိဓားမရှိဝင်ခဲ့ရမှာပင်။

အသက်ရဲ့ အတွေးမဆုံးခင်မှာပဲ တံခါးလာဖွင့်ပေးပါသည်။ အသက်က အိမ်ထဲသို့ ဝင်လာခဲ့ရင်းမှ ဆင်းကို မျက်စိဝေ့ဝဲကာ ရှာဖွေလိုက်သည်။ ထိုအချိန်မှာပဲ ဆင်းက အပေါ်ထပ်မှ ဆင်းလာခဲ့တာဖြစ်သည်။ အသက်ကို လှမ်းပြုံးပြသောအပြုံးဟာ ရိုးရိုးပဲပြုံးပြတာလား၊ လှေကားထက်မှ ဆင်းလာတုန်းပြုံးပြတဲ့အပြုံးမို့ မြင့်မြင့်ပဲ ပြုံးသလားဆိုတာ သူမကိုယ်တိုင်မှ သိမှာပင် ... ။ ဆင်းရဲ့လက်ထဲမှာ ခြင်းလေးတစ်ခု ကိုင်လာသည်။

"ထိုင်လေ အသက် ... မုန့်စားပြီးပြန်လာတာလား ... "

"အင်း ... ဆင်းနဲ့စကားပြောချင်လို့ ဝင်လာတာ ... ဆင်းအားရဲ့လား ဘာလုပ်စရာရှိလဲ ... "

အသက်က တမင်အကဲခတ်ချင်၍ ဆင်းနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လေသည်။ သူမက အသက်ကို မကြည့်အားသေးဘဲ ခြင်းထဲက သိုးမွေးတံနှစ်ခုကိုယူကာ လက်မှာ စနစ်တကျတပ်ဆင်ရင်း' သိုးမွေးစတင်ထိုးလျက်ကပင် ပြန်ဖြေသည်။





ဓ စ တ န ၁ စ ၁ ဓ ပ

"မရှိတော့ပါဘူး ... သိုးမွေးထိုးမလို့ ... အသက် စကားပြော ချင်ရင်ပြောလေ ရပါတယ် ... ဩော် ... အသက် ကော်ဖီ သောက်မလား ... "

အသက်က တမင်ရင်းနှီးဟန်ပေါက်အောင် ခေါင်း ညိတ်ပြလိုက်သောအခါ သူမက ကောင်မလေးတစ်ယောက်ကို ကော်ဖီယူခဲ့ပေးဖို့ မှာသည်။ အသက်က စကားပြောရင်းမှ ကျွမ်း ကျင်ပိုင်နိုင်စွာဖြင့် သိုးမွေးထိုးနေသော ဆင်းရဲ့လက်လေးတွေကို ငေးကြည့်မိသည်။ အသက်ကတော့ ရိုးရိုးအပ်ပေါက်တောင် မထိုး တတ်ချေ။

"ဆင်းက တယ်တော်ပါလား ... ဒါတွေလည်း ရတာပဲနော်၊ အဲဒါ ဘာထိုးနေတာလဲ ... "

"ဖေဖေ့အတွက် ဆွယ်တာပါ ... နောက်တစ်ပတ်ဆို ပြီးပြီ လေ ... ပြီးရင် မေမေ့ဖို့ တဘက်တစ်ထည်စမယ် ... အဲဒါက တက်တင်းထိုးမှာ ... "

"ဩော် ... ဩော် ... အသက်ကတော့ အဲဒါတွေ မတတ်ဘူး ဆင်းရဲ့ ... "

"အသက်စိတ်ဝင်စားရင် သင်ပေးမယ်လေ ... "

"အိုး ... တော်ပါပြီဆင်းရယ် ... အသက်ဝါသနာလည်း မပါ ဘူး ... အသက်က - မိန်းကလေးအလုပ်ဆို ဘာတစ်ခုမှ မတတ်ဘူး ဆင်းရဲ့ ... ထမင်းဟင်းလည်း မချက်တတ်ဘူး၊





ဒီလိုတစ်ချောင်းထိုးနှစ်ချောင်းထိုးတွေကတော့ ဝေလာဝေး ပဲ ... "

"ဩော် အသက်ရယ် ... ဒါတွေက တတ်ထားရင်တော့ ကောင်းတာပေါ့ ... မတတ်တော့လည်း ဘာမှတော့ မဖြစ် ဘူးပေါ့လေ ... ဆင်းက စက်ချုပ်လည်းတတ်တယ် ... ဖေဖေ့ရှပ်တွေ မေမေနဲ့ဆင်းရဲ့အင်္ကျီတွေ ဆင်းပဲချုပ်တာ"

အင်း ... မိန်းမအရည်အချင်းတွေကတော့ လက် ဖျားခါအောင်ကို တတ်ပါပေရဲ့။ အဲဒီအရည်ချင်းတွေနှင့်သာ ယှဉ်ပြိုင် စတမ်းဆိုလျှင် အသက်ကတော့ ခွက်ခွက်လန်အောင်ရှုံးမှာ သေချာ လေသည်။ တကယ်တော့ ဒါတွေဟာလည်း ဘောင်ဝင်သည့် အရည် အချင်းတစ်ခုမှ မဟုတ်တာဘဲကွဲ။ အချစ်မှာ နားလည်လိုက်လျော မှုတွေနဲ့ ဆုံးဖြတ်ရတာပဲဟာ့။

အသက်က ကိုယ့်ဘက်ကိုယ်တွေးရင်း နှစ်နှစ်ခြိုက် ခြိုက်ကြီးပြုံးကာ ခုမှဝင်စရာအကွက်ရသွားသလို စကားစတင်လိုက် လေသည်။

"ဆင်းက သိပ်တော်တာပဲနော် ... အိမ်ထောင်မှုနိုင်နင်းတဲ့ မိန်းကလေးတစ်ယောက်ပေါ့ ... ဆင်းကို လိုချင်တဲ့သူတွေ ဝိုင်းနေမှာပဲ ဟုတ်တယ်မလား ... "

"အင်း ... မေမေတို့ကို ပြောတာတွေတော့ ရှိတာပေါ့ ... ဆင်းက စိတ်မဝင်စားပါဘူး ... "

"အင်းပေါ့ ... လူကြီးတွေစီစဉ်တဲ့ကိစ္စက ဘယ်ကောင်းပါ့မလဲ ... ဖူးစာရေးကောင်းတာပေါ့ ... ဆင်းမှာချစ်သူမရှိဘူးလားဟင် ... "

သူမက ပြုံးနေကျဟန်အတိုင်းပြုံးကာ ...

"မရှိပါဘူး ... ဆင်းကို propose လုပ်တာတွေတော့ ရှိတာပေါ့ ... ဆင်းက အဲဒါတွေလည်း စိတ်မဝင်စားဘူး ... "

"ဆင်း မချစ်တတ်သေးတာနေမှာပါ ... မတွေ့သေးတာနေမှာပေါ့ ... ဟုတ်တယ်မလား ... "

အဲဒီအချိန်မှာပင် ... ကော်ဖီပန်းကန်လာချတာမို့ စကားခဏပြတ်သွားပါသည်။ အသက်ကို ပြန်မဖြေသေးဘဲ သောက်နိုင်နေ၍ အသက်က ဆင်းကျေနပ်အောင် တစ်ငုံ ငုံလိုက်မှ သူမက စကားပြန်ဆက်လေသည်။

"အင်း ... အဲဒီလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ... အချစ်ကို မတွေ့သေးတာဖြစ်နိုင်ပါတယ် ... "

"ဒါဖြင့်ရင် ဆင်းမှာချစ်သူမရှိတာ သေချာတာပေါ့နော် ... ဆင်းချစ်သူရွေးရင် ဘယ်လိုလူမျိုးကို ဆုံးဖြတ်ထားလဲဟင်၊ ဥပမာ အရပ် ဘယ်လောက်ရှိရမယ်တို့ ဘာတို့ပေါ့ ... "

အသက်ရဲ့စကားကို ဆင်းက တစ်ချက်ရယ်ရင်းမှနေ ပြန်ဖြေလေသည်။

"အဲဒါတွေ ဆင်းတစ်ခါမှတောင် မစဉ်းစားမိပါဘူး အသက်





ရယ် ... အင်း ဒါပေမဲ့ ဆင်းရွေးချယ်မဲ့သူက ဆင်းကိုအလိုလိုက်မဲ့သူတော့ ဖြစ်ရမယ် ... ဆင်းအပေါ်မှာ အစစအရာရာ လိုက်လျောပေးနိုင်မဲ့သူ ... ဆင်းကိုပဲ ရူးရူးမူးမူး crazy ဖြစ်နေမဲ့သူမျိုး အထူးသဖြင့် ဆင်းကို သိပ်ချစ်မဲ့လူမျိုးပေါ့! ... ဆင်းက လောဘမကြီးပါဘူး ... အဲဒီလို အချစ်မျိုးလည်း ဆင်းဘက်က ပြန်ပေးဆပ်မှာပါ ... သူကလည်း ဆင်းမှဆင်း ဆင်းကလည်း သူမှသူ ဒါမျိုးအချစ်ကိုပဲ ဆင်းလိုချင်တယ်"

သူမရဲ့အယူအဆကို ကြားရသောအခါ အသက် ပထမဦးဆုံး ပြေးမြင်သည့်သူမှာ စုပဲဖြစ်ပါသည်။ ဒီစကားတွေကြားရင် စု ဘယ်လိုအကဲဖြတ်ဦးမလဲ မသိချေ။ ပြိုင်ပွဲတစ်ခုတွင် ဆင်းသည် နူးညံ့စွာ ယှဉ်ပြိုင်မည့်သူ မဟုတ်ဆိုတာ အသက်အလိုလိုကို သိလာခဲ့သည်။ ဒါဟာ ဘာသဘောပါလိမ့်။ အသက်သည် အကဲဖြတ်တတ်သောပညာကို ဘယ်အချိန်ထဲက သင်ကြားတတ်မြောက်နေမှန်း ကိုယ့်ဘာသာတောင် မသိခဲ့ချေ။

"ဒါဖြင့်ရင် ဆင်းက အချစ်ကြီးတဲ့သူတစ်ယောက်ဖြစ်မှာပေါ့နော် ... "

"ဒါပေါ့ That is may be! ဆင်းက မေမေပြောသလိုပါပဲ သံယောဇဉ်တွယ်ခဲတယ် ... ချစ်ခဲတယ် ... ဆင်းချစ်ပြီဆိုရင်လည်း အဲဒီလူက တခြားဘယ်သူကိုမှ ချစ်တာ ဆင်းမလိုချင်တော့ဘူး ... ဆင်းတစ်ယောက်တည်းကိုပဲ ချစ်ရ



Scanned by CamScanner

မယ် ... အလိုလိုက်ရမယ် ... ဦးစားပေးရမယ် ... သူ့အတွက် ဆင်းဟာ နှစ်ယောက်ရှိမလာရဘူး ... ဆင်းက ဘယ်လောက်ထိဆိုရင် မေမေ့ကိုတောင် ကလေးထပ်မယူနိုင်းတဲ့အထိပဲ ... ဆင်းသာလျှင် တစ်ဦးတည်းသောသမီးဖြစ်ချင်ခဲ့တာလေ ... "

သူမရဲ့စကားတွေကိုကြားရလျှင် အသက်က ပန်းနှစ်ဖက်ကို အသာပင်တွန့်မိလေသည်။ ဆင်းကြာညိုသည် ထင်တာထက်တောင် ပိုရှုပ်ထွေးသားသည်။ မာကျောသည်။ အတ္တကြီးလေသည်။ အပြင်ဘက်မှာ နူးညံ့သိမ်မွေ့ဟန်အပြည့်ရှိသော်လည်း တကယ်တမ်းမှာ တစ်စက်လေးမှ နူးညံ့စွာ ချစ်တတ်မည့်သူမဟုတ်မှန်း အသက် ရိပ်မိရသည်။ သူ့အချစ်ကို ရသူအဖို့ ပျော်ရွှင်စရာတွေထက် ကျဉ်းကြပ်စရာတွေက ပိုများမှာ အမှန်ပဲဖြစ်လေသည်။

"အသက်က ဆင်းကိုပဲ မေးနေတယ် ... အသက်မှာရော ချစ်သူမရှိဘူးလား ... "

သူမစကားကြောင့် ငြိမ်သက်နေသော အသက်က လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

"ဟင် ... သြော် ... မရှိပါဘူးကွာ ... "

"အံမယ် မယုံပါဘူးနော် ... အသက်က ဒီလောက်ချောတာများ ... အသက်ပုံစံလေးက attraction အပြည့်ရှိတဲ့ဟာ ... အသက်ကိုလည်း ကြိုက်တဲ့လူတွေပေါ့မှာပါ ... "





"ရှိတော့ရှိတာပေါ့ ဆင်းရဲ့ ... ဒီလိုတွေပါပဲ ... သက်က စိတ်လည်းမဝင်စားဘူး ... သက်စိတ်ဝင်စားတာက sleeping and eating ပဲ ... ဟဲ ... ဟဲ ... ဟိုပစ္စည်း ဒီပစ္စည်းကလိမယ်၊ ကားပြင်ချင်တယ် အဲဒါပဲ ... "

"အသက်က တစ်မျိုးပဲနော် ... "

"အင်း ... အသက် ဘာမှလည်း မချက်မပြုတ်တတ်ဘူး ... ဒါကြောင့် ထက်သန်ကဆို အမြဲပဲ ငြူချနေတာ ... ဆင်းကိုတော့ သိပ်သဘောကျနေပုံရတယ်သိလား ... "

"အို ... အသက်ကလည်း တာဆိုင်လို့လဲ ... "

အသက်ရဲ့ အမှတ်တမဲ့ ပစ်သွင်းလိုက်သော ဒိုင်ကြောင့် သူမ မျက်နှာလေး အနည်းငယ်ရဲသွားတာကို သတိထားမိလေသည်။ ရှက်သွားတဲ့ပုံစံလေးဟာ အမှတ်တမဲ့ငေးမိသွားအောင်ပင် အသက်ဝင်လှပသည်။ ဒီပုံကို ထက်သန်မြင်ရင် ဘယ်လောက်များ ရင်ခုန်စိတ်လှုပ်ရှားသွားမလဲဆိုတာ အသက်တွေးမကြည့်ချင်ပေ။

မိန်းကလေးတစ်ယောက်ရဲ့ ရှက်မျက်နှာဟာ ဒီလောက်ပဲ ဆွဲဆောင်မှုရှိသလားဆိုတာ အခုမှပင် တွေးမိရသည်။ ထက်သန်ရဲ့အမြင်မှာ အသက်ဟာ တစ်ခါမှလည်း အရှက်မသည်းခဲ့ဖူး ရှက်စနိုးအပြုံးလည်းမရှိ နူးညံ့တိုးသက်သည့် အပြုံးနုနုနှင့် စကားသံတွေလည်း မရှိခဲ့။ ဒါတွေဟာ ယောက်ျားလေးတစ်ယောက်ကို

စွဲဆောင်နိုင်တာများလား။ အို ... မဖြစ်ပါဘူးကွယ်။ စု ပြောသလို နားလည်လိုက်လျောပေးဆပ်ခြင်းကသာ ကြာရှည်စွဲဆောင်နိုင်မှာပါ။

ရွှန်းမြမြနှင့် ရှက်ရိပ်သန်းနေသော ဆင်းကြာညိုကို အသက်က မချိုမချဉ်ပြုံးကြည့်လျက် ...

"ဆိုင်တာပေါ့ ... ဆင်းကို သူက နှစ်သက်နေတယ်"

"အို ... တော်ပြီကွာ ... အဲဒီအသက်က ပေါက်ကရတွေ လာပြောနေတာပဲ လျှောက်မပြောပါနဲ့ ... "

"ရော် ... ခက်ပြီ ... လျှောက်မပြောပါဘူး ဆင်းရှေ့မှာပဲ ငုတ်တုတ်ထိုင်ပြီး ပြောနေတာပဲ ... တကယ်ပါ ... ဆင်းက သူ့ကို ခင်လိုက်ပါဦး ... "

"ဆင်း ခင်ပါတယ် ... "

သူမက ခေါင်းငုံ့ကာ မပွင့်တပွင့်ဆိုသည်။ ထက်သန်သာဆိုလျှင် မေးစေ့ကိုအပေါ်ပင့်တင်မကာ တစိမ့်စိမ့်မြတ်နိုးစွာ စိုက်ကြည့်မည့်ပုံစံမျိုး။ အဲဒီလိုအပြင်ပန်းမှာ နူးညံ့ချစ်စရာကောင်းတဲ့ ပုံစံတွေနဲ့ ထက်သန်ကို ဖမ်းစားနေတာလား ဆင်းကြာညိုရယ်။

"တကယ်နော် ... သူက သူ့ကိုမခင်မှာ ဆင်းက အသိအမှတ်မပြုမှာ သိပ်စိုးရိမ်နေတာ ... ဆင်းက တည်တော့လေ ... အဲဒါ ဆင်းကို ပြောပေးဖို့ သက်ကိုဂျီကျနေတာလေ ... သက် သူငယ်ချင်းက မိကောင်းဖခင်သားသမီးပါ ဆင်းရယ်





ခင်မယ်နော် ဟုတ်လား ... "

"အင်းပါ ... ဆင်းက ခင်တတ်ပါတယ် ... "

"အိုကေ ... သူသိရင် သိပ်ပျော်မှာပဲ ... "

"စု သူက ဘာလို့လိုက်မလာတာလဲ ... "

"အမလေး သက်ကိုရှေ့ပြေးလွှတ်တာလေ ... ဒီကောင်က အသက်ကို အမြဲပဲနိုင်းစားနေတာ ... ဒါပေမဲ့ သူ ဒီလိုနိုင်းတာမျိုးကတော့ ဆင်းတစ်ယောက်ပဲ ရှိပါသေးတယ် ... ကဲ ... အသက်ပြန်လိုက်ဦးမယ် ဆင်းရေ ... နောက်နေ့မှ သူ့ကိုခေါ်ပြီး လာလည်မယ် ... ဆင်းလည်း အိမ်ကို လာလည်ကောင်းပါတယ်နော် ... "

"အင်းပါ ... ဆင်း လာခဲ့မယ်နော် ... "

"အိုကေ ... အိုကေ ... ဆီးယူ ... သွားပြီဆင်းရေ ... "

အသက်က ဆင်းကိုနှုတ်ဆက်ပြီး အိမ်ဘက်သို့ ပြန်လာခဲ့သည်။ ဆင်းရဲ့ပုံပန်းသဏ္ဍာန်အရဆိုလျှင် ဆင်းကလည်း ထက်သန်ကို စိတ်ဝင်စားတယ်ဆိုတာ မလွဲချေ။ ထက်သန့်လိုယောကျ်ား တစ်ယောက်ရဲ့အကြည့်နက်နက်တွေ၊ ပြောင်မြောက်တဲ့စကားလုံးတွေ၊ ရိုဝေချိုမြတဲ့ အပြုံးတွေကို ဘယ်လောက်များကြာကြာ ဥပေက္ခာပြုထားနိုင်မှာမို့လို့လဲ။ ဒါတွေမရခဲ့တဲ့အသက်တောင် အရူးအမူး ဖြစ်နေခဲ့ရလျှင် ဒီလိုခံစားချက်တွေရရှိမည့် ဆင်းဟာ ဘယ်နည်းနဲ့မဆို ပြန်လည်ကြည်မှာ အမှန်ပဲ ဖြစ်လေသည်။



Scanned by CamScanner

အသက်သည် လေပွတစ်ချက်ကို စောစောစီးစီး မှုတ်ထုတ်ကာ ဖြီထဲသို့ ဝင်လာခဲ့ရင်း တစ်ခုခုကို နက်နက်နဲနဲ စဉ်းစားလာခဲ့ပါသည်။







ထက်သန့်သည် အသက်ပြန်ပြောပြသောစကားတို့ကို နားထောင်ကာ ရင်ထဲမှာလည်း ကြည်နူးလာသလို အသက်ကိုလည်း သိပ်ကျေးဇူးတင်ရလေသည်။ သူ့ရဲ့သူငယ်ချင်းမလေးသည် အမှန်တကယ်ပင် ချစ်ဖို့ကောင်းလောက်အောင်ကို သူ့အပေါ်မှာ နားလည်ဖြည့်ဆည်းတတ်သူ ဖြစ်သည်။ စိတ်သဘောမနောလေးမှာလည်း ဖြူဖြူစင်စင်လေးဖြစ်ကာ မိန်းကလေးသိပ်မဆန်ဘဲ သူနှင့်အတူ ဒိုးတူပေါင်ဘက် လှုပ်ရှားနိုင်သူ ဖြစ်သည်။



Book Sharing
Scanned by CamScanner

ယယ်စဉ်ကတည်းက အတူကြီးပြင်းလာခဲ့သော သူနှင့် အသက်တို့၏မေတ္တာကား တုနှိုင်း၍မရအောင် ကြီးမားလေသည်။ စိတ်တူကိုယ်တူလည်းဖြစ်သည့်အပြင် သူ မကြိုက်သည့်အရာကို အသက်ကမလုပ်သလို အသက်ရဲ့ တော်ရုံတန်ရုံဆန္ဒမှန်သမျှလည်း ငြင်းပယ်သည်ဟု မရှိခဲ့ချေ။

အခုလည်း အသက်ပြန်လည်ပြောပြသောစကားတို့ဟာ သူ့အတွက် တန်ဖိုးရှိလှပါသည်။ နူးညံ့ချစ်စဖွယ်ကောင်းသော မြန်မာဆန်သော အိမ်တွင်းပုန်းမလေးရဲ့အချစ်ကိုရဖို့ အသက်ရဲ့အကူအညီတွေ ဆက်လက်လိုအပ်သည်။ သူ့သူငယ်ချင်းမလေးက ဟောဟောဒိုင်းဒိုင်းနှင့် ချစ်စရာကောင်းသလို ဆင်းသည်လည်း နူးညံ့စွာဖြင့် သူ့ရင်ကို ဖမ်းစားနိုင်ပေသည်။

"ဒါဆို ငါ့ဝိ သူ့ဆီကို သွားလည်ကြရအောင်လေ ... ဟိုရောက်တော့ နင်က ချောင်ပေးပေါ့နော် အသက် ..."

"ငါက ချောင်ပေးရင် နင်က ဖက်နမ်းမလို့လား ..."

အသက်က သူ့ကို စတင်အငေါ်တူးလေသည်။ တစ်ခါတစ်ရံမှာ အသက်ရဲ့အငေါ်တူးမှုလေးတွေဟာ ချစ်ဖို့ကောင်းသော်လည်း တစ်ခါတစ်ရံမှာတော့ အမှန်ပင် စိတ်ပျက်ဖို့ကောင်းလေသည်။

"ဟာ ... နင်ကလည်း ပေါက်ကရလေးဆယ်က လာပြီး ငါ့ကိုပြောတာ ဘာမှမဖြစ်ဘူးနော် ... သူ့ရှေ့မှာ လျှောက်





မပြောဖို့အရေးကြီးတယ် ..."

"အမလေး လာကဲမနေနဲ့ ... နင် ဒီလိုကဲနေရင် ငါက ပြောမှာပဲ ... နင် ဘယ်လိုနာဘူးထတဲ့အကြောင်း ပြောမှာပဲ"

"ဟာ ... မပြောပါနဲ့ကွာ ... ငါ ဘယ်မှာနာဘူးထလို့လဲ၊ မိသက်နော် လိုမှာတယ် မပွစိပါနဲ့ဟာ ..."

သူ တကယ်ပြောတော့လည်း အသက်က နှာခေါင်းရှုံ့ကာ ရွှမ့် ရွှမ့်နှင့် လက်ခံတာပင်။ အဲဒီအချိန်မှာပဲ အသက်ရဲ့ စကတ်မှာထိုးချိတ်ထားသော ဟန်းဖုန်းမြည်လာသဖြင့် အသက်က ဖြုတ်နားထောင်သည်။

"ဟယ်လို ... ဩော် ... ဆင်း ပြောလေ ... ဟုတ်လား စားရချည်သေးတာပေါ့ ... ခုလေးတင်ပြောနေတာ ... လာခဲ့မယ်လေ အင်း ဒါပဲနော် ..."

အသက်က ဖုန်းကိုဖတ်ခနဲပြန်ပိတ်ကာ မဲ့ရွဲ့သော မျက်နှာထားဖြင့် သူ့ကိုပြောပြသည်။

"ဟဲ့ ... ဆင်းက သူ့အိမ်မှာ ထောပတ်ထမင်းချက်ထားတယ်တဲ့ ... အဲဒါ လာစားပါတဲ့ ... ဒီမိန်းမကလည်း မနေကပဲ ပြောပြီးတယ် ... ဒီနေ့ တန်းခေါ်ကျွေးတော့တာပဲ ... ဘယ်အချိန်ထဲကများ ကျွေးချင်နေလဲ မသိဘူး ..."

"ကောင်းတာပေါ့ကွ ... လာ ... လာ ... သွားရအောင်"

သူက ရောက်ချင်ဇောဖြင့် အသက်ရဲ့လက်ကိုဆွဲ



Scanned by CamScanner

ကာ တစ်ချက်ရှေ့ဖြံ့သို့ အပြေးလာခဲ့ရင်း လမ်းမှာလည်း အသက်ကို တတွတ်တွတ်သွန်သင်လာရလေသည်။ ထမင်းစားပြီးရင် ခဏရှောင်ပေးဖို့ကို အာပေါက်မတတ်ပြောရသည်။

သူနှင့်အသက်ကို ဆင်းက အပေါက်ဝမှာ ကြိုနေခဲ့သည်။ သူသည် ဘာကြောင့်မှန်းမသိ အသက်ကို ဆွဲခေါ်လာသည့်လက်ကို ယောင်ယမ်းလွှတ်မိသည့်အထိ ဆင်းရဲ့အကြည့်တစ်စုံက သူ့ရင်ကို ထိုးဖောက်မွှေနှောက်နိုင်စွမ်းရှိလေသည်။ သူ လက်လွှတ်ပစ်လိုက်တာကို အသက်ကလည်း ရိပ်မိမှာပင်။ ဆောရီး အသက်ရယ် ငါ့ကိုခွင့်လွှတ်ပါ။ ငါချစ်တဲ့မိန်းကလေး ရှေ့မှာ နင့်လက်ကိုငါတွဲမထားချင်ဘူး။

သို့သော် အသက်က သူထင်တာထက် အများကြီးပိုတော်ပါသည်။ အသက်စိတ်ကောက်စိတ်ဆိုးသွားမည်ထင်သော်လည်း တစ်စက်မှ မျက်နှာမပျက်သွားချေ။ သူ့ရဲ့နဂိုရွှင်လန်းသောမျက်နှာထားလေးနှင့်ပင် ...

"ဆင်းရေ တို့သူငယ်ချင်းကိုခေါ်လာခဲ့ပြီ ... သူက နည်းနည်းတော့ အစားပုတ်တယ်နော် ..."

"ရပါတယ် ... အဝသာစားပါ ... အများကြီးချက်ထားတာပဲဟာ ... အသက်တို့ပြန်ရင်လည်း အန်တီတို့ဖို့ ထည့်ပေးလိုက်မယ် ... လာ ... လာ ပူပူနွေးနွေးလေး စားရအောင် ..."

ဆင်းက သူ့ကို အသိအမှတ်ပြုသလို တစ်ချက်ပြုံးပြ





တာကိုပင် သူ့ရင်မှာ များစွာကျေနပ်နေရပြီ။ ဆင်းက သူတို့နှစ်ဦးကို ထမင်းစားခန်းထဲခေါ်သွားကာ ကိုယ်တိုင်ပြင်ဆင်ဧည့်ကျွေးမွေးတာဖြစ်သည်။ ဆံပင်ရှည်တွေကို နောက်ဘက်မှာ ကျစ်ဆံမြီးတစ်ချောင်းကျစ်ကာ ရိုးရိုးလေးချထားလျက် အပွင့်နုတ်နုတ်အဆင်လေးကို ဝမ်းဆက်ဝတ်ထားသော ဆင်းရဲ့ပုံသဏ္ဍာန်လေးဟာ မြတ်နိုးချင်စရာအတိပင်။ ခုခေတ်ကြီးထဲမှာ မတွေ့ရသလောက်ကို ရှားပါးသွားသော မြန်မာဆန်ဆန်အိမ်တွင်းပုန်းမလေးဟာ သူ့ရင်ကို များစွာကြီးစိုးစေပါသည်။

ဆင်းက ပန်းကန်တွေကို ချပေးရင်းအဝစားဖို့လည်း တတွတ်တွတ်ပြောလေသည်။

"စားမှာပါ ဆင်းရဲ့ ... ဆင်းရဲ့လက်ရာက သိပ်ကောင်းတာပဲနော် ... ဒါတွေအားလုံး ဆင်းကိုယ်တိုင်ချက်တာပေါ့ ဟုတ်လား ..."

အသက်ကတော့ ပြောလည်းပြော စားလည်းစားလေသည်။ သူကတော့ တို့ကန်န်းဆိတ်ကနန်းမျှသာစားကာ ဆင်းရဲ့မျက်နှာလေးကိုပဲ ခိုးငေးနေတာဖြစ်သဖြင့် ထောပတ်ထမင်းဟာ ဘယ်လိုအရသာဆိုတာတောင် တိတိကျကျ မသိလှပေ။

"ဟုတ်တယ် ... ဆင်းကိုချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ် ... အသက်တို့စားချင်ရာသာပြောပါ ... ဆင်းအမြဲချက်ကျွေးပါ့မယ် ... ဟို ... ထက်သန်လည်းစားလေ ...

စားမကောင်းဘူးလား ... ဒါမှမဟုတ် မကြိုက်လို့လားဟင်"

ဆင်းက သူ သိပ်မစားတာကို သတိထားမိသဖြင့် သူမှာ ဝမ်းမြောက်ရသေးသည်။

"ကြိုက်ပါတယ် ... စားပါတယ် ဆင်းရဲ့ ... ကောင်းလွန်းလို့ အရသာခံပြီး ဖြည်းဖြည်းစားနေတာပါ ... "

သူ့ရဲ့အလျှောက်ကောင်းကို ဆင်းက ကျေနပ်စွာဖြင့် ပြုံးသည်။ အသက်က သူ့ကို မျက်စောင်းလှမ်းထိုးတာကို သူမှာ ဆင်း မြင်မှာစိုးသဖြင့် ပြန်မပြောရဲချေ။ သူက ထမင်းမြန်မြန်စားပြီး ချင်လှပြီ ဖြစ်သည်။

ဆင်းနှင့်အတူ နှစ်ယောက်တည်း စကားပြော ချင်နေပြီဖြစ်သော်လည်း အသက်က အလိုက်ကန်းဆိုးပဲ မသိတာလား။ အချိန်မကျသေးဘူးဟု သတ်မှတ်ထားလို့လားပဲတော့ မသိချေ။ လိုက်ပွဲပင် ထပ်ယူကာ ဆင်းနှင့်အတူ စကားစမြည်ပင် ပြောနေသေးသည်။

သို့သော် သူဆုတောင်းပြည့်သည်ဟု ပြောရအောင်ပင် အသက်ရဲ့လက်ကိုင်ဖုန်းမြည်လာသဖြင့် အသက်ဟာ ဆောင့်ဆောင့်အောင့်အောင့်ပင် ဖုန်းဖွင့်နားထောင်ပြီးသောအခါ ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြန်ပိတ်လျက် ထိုင်ရာမှ ထလေသည်။

"ကွာ ... စားကောင်းသောက်ကောင်းနေရင် အဇ္ဈတ္တနဲ့ အယှက်က ပေါ်ပြီ ... အင်း ဗိုက်လည်းဝနေပါပြီ ... ထက်





သန့်ရေ နင်မပြီးသေးရင် နေခဲ့လေ ... ငါ့ကို စုကခေါ်လို့ အပြင်လိုက်သွားရဦးမယ် ... နင် နေခဲ့မယ်မလား ... "

သူသည် အနိတ်စုကို စိတ်ထဲမှ အကြိမ်တစ်ရာလောက် ရှိခိုးပစ်ကာ အသက်ကိုတော့ တအားကြီး ဝမ်းသာသွားဟန် သွားမပြရဲဘဲ ...

"အင်းလေ ... ကိစ္စရှိလို့ခေါ်ရင်လည်း သွားပေါ့ ... ပြီးရင် ငါတို့သုံးယောက် စကားပြောမလို့ပါဆို ငါက စားလို့မပြီးသေးဘူး ... သွား ... သွား ... "

အသက်က သူ့ကို ငါသိပါတယ်ဆိုသော အကြည့်မျိုးဖြင့် ကြည့်ကာ ဆင်းဘက်ကိုလှည့်လည်း နှုတ်ဆက်ပြုံးပြလေသည်။

"ဖြစ်တယ်နော် ဆင်း ... သူ့ကိုထားခဲ့မယ် ရတယ်မလား"

ဆင်းရဲ့ ရှက်တတ်တတ်မျက်နှာလေးကို သူကအသည်းယားစွာ ငေးနေမိသည်။ ဆင်းက ရှက်မျက်နှာလေးနှင့်ပင် ခေါင်းညိတ်ကာ ...

"ရပါတယ် ... "

"အိုကေ ... ဒါဆို သွားပြီနော် ... ဟဲ့ထက်သန့် ကောင်မလေးကို လွှတ်လိုက်လို့ ဗိုလ်အောင်ဒင်က လာမအော်မချင်း ဘာမှမလုပ်နဲ့နော် အဟိ ... ဟိ ... သွားပြီ ဆင်းရေ သူနဲ့ စကားပြောရင် သတိထားပြော ... သူက ဒါ သိပ်မကောင်းဘူး ... "



Scanned by CamScanner

အသက်က သူ့နားထင်ကို လက်ညှိုးနှင့်ထိုးပြကာ လက်ခါပြလျက် ဆင်း မမြင်အောင်ပင် အပြီလှုပ်ရှားတော့ဆိုသော သဘောနှင့် လက်မထောင်ပြသွားကာ ထွက်သွားလေတော့သည်၊ ထမင်းစားခန်းထဲမှာ သူရယ် ဆင်းရယ်ပဲ ကျန်ရစ်ခဲ့သည်။ အစောက အသက်ရဲ့ ရွှန်းသံ၊ ခက်ရင်းသံ၊ ရယ်မောသံ စကားပြောသံတို့ဖြင့် လှုပ်ရှားသက်ဝင်နေသော အခန်းသည် သူ့ရင်ခုန်သံမှအပ ထူးခြားစွာ တိုးတိတ်သွားခဲ့လေသည်။

သူက စတင်ပြီးတော့ ဆင်းကို စကားပြောလိုက်ပါသည်။

"ဆင်း ခုနက အသက်နောက်သွားတာကို စိတ်ထဲဘယ်လိုမှ သဘောမထားနဲ့နော် ... အသက်က အဲဒီလိုပဲ စကားကို လျှောက်လျှောက်ပြောတာ ... "

"ရပါတယ် ... ဆင်း ဘယ်လိုမှ သဘောမထားပါဘူး"

"ဆင်းက အချက်အပြုတ်တော်တော်ကောင်းတယ်နော် ... အချုပ်အလုပ်လည်း ဖြစ်တယ်လို့ အသက်က ပြောပြတယ်၊ အရမ်းတော်တာပဲနော် ... "

သူ့စကားကို ဆင်းက ရှက်ပြုံးလေး အသာပြုံးကာ ...

"အဲဒီလောက်လည်း မဟုတ်ပါဘူး ... ဆင်းက အပေါင်းအသင်း ညီအစ်ကိုမောင်နှမလည်းမရှိတော့ ဒါတွေနဲ့ပဲအပျင်းဖြေနေရတာ ... ချည်ထိုးပြီး သီချင်းလေးနားထောင်နေ





တော့ စကားပြောစရာလူလည်း မလိုတော့ဘူး ... အပျင်းလည်းပြေ ... အကျိုးလည်းရှိတာပေါ့ ... "

"ကိုယ်တို့နဲ့ခင်နေပြီပဲ ဆင်းရဲ့ ... အပြင်တွေ လိုက်လည်ပါလား ... လည်မယ်မဟုတ်လား ... "

"အင်း ... ဆင်းသွားချင်ရင်ပြောပါ့မယ် ... ခုတော့ ဆင်း သိပ်စိတ်မပါသေးလို့ပါ ... "

"ကိုယ်တို့ကို မခင်တာတော့ မဟုတ်ပါဘူးနော် ... "

သူက ဆင်းရဲ့မျက်ဝန်းတွေထဲကို တည့်တည့်ကြည့်မေးလိုက်သည်။ ဆင်းက သူ့ကို ဖျတ်ခနဲမော့ကြည့်ကာ အကြည့်လွှဲသွားခဲ့လေသည်။

"မဟုတ်ပါဘူး ... ဘာလို့လဲ ထက်သန်ရဲ့ ... "

"မသိဘူးလေ ... မခင်ဘူးလားလို့ ... "

"မဟုတ်ပါဘူး ... "

သူနှင့် ဆင်းကြားတွင် ပြောစရာစကားမရှိတော့သလို တိတ်ဆိတ်သွားပြန်သည်။ ဘာပြောရမှန်းလည်း သူ မသိချေ။ တကယ်ချစ်လာလျှင် ပြောစရာစကားတွေ ရှားပါးကုန်တတ်တယ်ဆိုတာ သူ လက်မခံချင်ခဲ့သမျှ လက်ခံသွားခဲ့ရသည်။ အရင်ကဆို မိန်းကလေးတွေနဲ့ စကားပြောလျှင် စကားတွေ ဘယ်ကမှန်းမသိ ထွက်လာတတ်လေသည်။ ခုတော့ ရှားပါးကုန်ပြီ၊ ဘာအကြောင်း စကားစရမှန်း မသိခင်မှာဘဲ ဆင်းက စကားစလာခဲ့သည်။



Scanned by CamScanner

"အသက်က ထက်သန်ကို တော်တော်ခင်တယ်နော် ... သူ့ပုံစံလေးက ချစ်စရာလည်းကောင်းတယ် ... အသက်နဲ့ထက်သန်တို့ တော်တော်ချစ်ကြပုံရတယ် ... အသက်ကြည့်ရတာ ထက်သန်အတွက် ဘာမဆိုဖြည့်ဆည်းပေးမဲ့ပုံပဲနော် ..."

ဟု မှတ်ချက်ပေးလေသည်။ သူက ဆင်းရဲ့စကားတွေကို နားစိုက်နားထောင်ရင်းမှနေ၍ အသက်ပြန်ပြောပြသော စကားတို့ကို ပြန်လည်ကြားယောင်မိကာ ဆင်းဟာ သူနဲ့အသက်ရဲ့ ခင်မင်မှုအပေါ် ဘယ်လိုများ သဘောထားသလဲဆိုတာ သူ တွေးမိလာခဲ့သည်။

"နင်သိတဲ့အတိုင်း ... ငါက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်နော် ... ဆင်းကို guess လုပ်ရရင် သူဟာ တစ်ယောက်တည်းနေလာခဲ့သူပီပီ အထွာကြီးမယ်လို့ ငါထင်တယ်"

အသက်က သူ့ကို အဲဒီလို ပြောခဲ့ဖူးလေသည်။ အသက်ပြန်ပြောသောစကားတွေအရဆိုလျှင် ဆင်းဟာ အထွာလေးလွန်ကဲမှာကို သူ သတိထားမိသားပင်။ သို့သော် သူက ဆင်းကို တစ်ခါမှ မချစ်ဘူးသော အချစ်မျိုးဖြင့် ချစ်မိခဲ့ပြီ။ သူ့ဘဝမှာ အသက်ဟာလည်း အရေးပါတာပင်။ ဆင်းအပေါ်မှာ အသက်က နားလည်ကြည်ဖြူပေးနိုင်သလို အသက်နဲ့သူ့ရဲ့ဖြူစင်တဲ့ ခင်မင်မှုကိုလည်း ဆင်း သဘောပေါက်ပေးစေချင်သည်။ ဒါဟာ ဆင်းနဲ့ပတ်သက်လို့ သူ့ရဲ့ခံစားချက်အစစ်တစ်မျိုးလည်း ဖြစ်လေသည်။





အင်း ... မဖြစ်တော့။ ဆင်းကို စုကတည်းက နားလည်မှုရှိအောင် တဖြည်းဖြည်း စည်းရုံးသွားရပေတော့မည်။ ဒါ့အပြင် အသက်ကိုလည်း အောင်သွယ်တော်အဖြစ် လုံးဝလုပ်ပေးဖို့ အောက်ကျို့ခယရတော့မည်။ ဒါမှပင် ဆင်းသည် အသက်နဲ့သူ့ရဲ့နက်ရှိုင်းသော ခင်မင်မှုတွေကို နားလည်စွာ မြင်တတ်လာမှာ ဖြစ်လေသည်။

"ဟုတ်တယ် ဆင်း ... ဆင်းပြောသလို အသက်ဟာ ကိုယ့်အပေါ်မှာ အစစအရာရာ ဖြည့်ဆည်းပေးတတ်ပါတယ် ... သူနဲ့ကိုယ်နဲ့က ဟိုးပိစိညှောင့်တောက်ဘဝလေးထဲက အတူတူ ကြီးလာရတာဆိုတော့ မောင်နှမတွေလိုပဲ သူဟာ ကိုယ့်ညီမလေးလိုပဲ ... သူနဲ့ကိုယ်နဲ့ဟာ သူငယ်ချင်းဆိုလည်း ဟုတ်တယ် ... မောင်နှမဆိုလည်း ဟုတ်တယ် ...

"ပွင့်ပွင့်လင်းလင်းပြောရရင် သူနဲ့ကိုယ်နဲ့ကို တချို့က ဘယ်အချိန် ရည်းစားဖြစ်မလဲဆိုပြီး စောင့်နေတာတွေရှိတယ် ... ကိုယ်တို့က အဲဒီလိုဘယ်တော့မှ ဖြစ်မှာမဟုတ်ပါဘူး ... သူ့အပေါ် ကိုယ်ထားတဲ့မေတ္တာဟာ သိပ်ဖြူစင်နက်ရှိုင်းလွန်းလို့ ... အဲဒီလိုစိတ်မျိုး ဖြစ်လာဖို့ဆိုတာ တကယ်မလွယ်လှပါဘူး ..."

"အသက်နဲ့ထက်သန်က ... တကယ့်ကို နက်နက်ရှိုင်းရှိုင်း ခင်မင်နေတဲ့ပုံပေါ်ပါတယ် ... အဲဒီခင်မင်မှုကို ဆင်းတောင်အားကျတယ် ..."



Book Sharing

Scanned by CamScanner

ဆင်းက ရွှန်းရွှန်းလက်လက်လေးပြောလျှင် သူက ထိုပုံစံလေးကို မြတ်နိုးစိတ်ဖြင့် ရင်ထဲမှာ ပြည့်သွားခဲ့လေသည်။ ထမင်းတောင် ဆက်မစားနိုင်တော့ဘဲ ပန်းကန်ကို တွန်းပစ်ကာ ဆင်းရဲ့မျက်နှာငယ်လေးကို တစိမ့်စိမ့်စိုက်ကြည့်မိသည်။ ညိုဝင်းဝင်း ပါးပြင်လေးတွေဟာ ဘာအမှုအထစ်မှမရှိဘဲ ချောမွတ်လျက် တစိမ့်စိမ့်အကြည့်ခံလေသည်။ သူ့ဘဝတွင် ဆံပင်ရှည်ရှည် မြန်မာဆန်ဆန် မိန်းကလေးတစ်ယောက်ကို သိပ်သည်းစွာ ချစ်မိသွားလိမ့်မည်ဟု မတွေးခဲ့ဘူးချေ။ ဆင်းသည် သူ့အတွက် သေချာသောအချစ်ဦး ဖြစ်လေသည်။

သူက ဆင်းကို ရွှန်းမြမြနှင့် လက်နှစ်ဖက်ကို စပ်ယှက်မေးထောက်လျက် စိုက်ကြည့်ကာ ...

"အားကျရင် ကိုယ်တို့နဲ့တူတူ လိုက်ခဲ့ပေါ့ ... "

"ဟင် ... ဘယ်လိုက်ရမှာလဲ ... "

ဆင်းက ... မျက်လုံးလေးပြူးကာမေးပုံကို သူက သဘောတကျနှင့်တဟားဟားရယ်မောရလေသည်။ ဆင်းဟာ တည်တည်ငြိမ်ငြိမ်ရှေ့လေး နေတတ်သလို ကလေးလည်းဆန်ကြောင်း အချိန်တိုတွင်းမှာ သူ ရိပ်မိခဲ့ချေပြီ။ ချစ်ဖို့ကောင်းတဲ့ ဆင်းပေပဲ။ တွေ့ခဲ့ဖူးသမျှ မိန်းကလေးတွေနှင့် ဘာမှမဆိုင်ချေ။ ဆင်းသည် သူ့အတွက်တော့ ကဗျာသစ်တစ်ပုဒ်ပင် ဖြစ်လေသည်။

"ပါတီတို့ နိုက်ကလပ်တို့ပေါ့ ... "





"ဟယ် ... ရှင်တို့က ဒါတွေသွားတယ်ပေါ့ ... အသက်ရော လား ... "

"အသက်က ကိုယ်သွားတဲ့နေရာ အကုန်ပါတာပဲ ... "

"ဟင် ... ဒီလိုလား"

သူက ရှုံ့မဲ့သွားသော ဆင်းရဲ့မျက်နှာလေးကို ချစ်စနိုးရိပ်ဖြင့် ပြုံးစိုက်ကြည့်နေမိလေသည်။ ဆင်းရဲ့ နှုတ်ခမ်းလေးတွေ ရှေ့ကို ချွန်ထွက်လာပုံမှာ အသည်းယားစရာကောင်းသည်။

"နောက်တာပါ ဆင်းရာ ... ဒါတွေ အမြဲတမ်းမသွားပါဘူး၊ အသက်ကလည်း မကြိုက်ဘူး ... ရောက်ဖူးတယ်ဆိုရုံ တစ်ခါတလေလောက်ပါပဲ မညာပါဘူး ... "

ဒီတော့မှ ဆင်းရဲ့နှုတ်ခမ်းအထော်လေးက လျော့စပြလေသည်။ သူက ဆင်းရဲ့ကလေးဆန်ဆန် ဂျစ်ကျတတ်မည့် ပုံလေးကို တမြတ်တနိုးငေးစိုက်ကြည့်ကာ ...

"ဆင်းက club တက်တာတွေ မကြိုက်ဘူးလား ... "

"မသိဘူးလေ ... "

ဆင်းက လက်သည်းလေးကိုက်ကာ ရှောင်လွှဲလွှဲ ဖြေတာကို သူက သဘောတကျနှင့် တဟားဟားအော်ရယ်ရသည်။ ဆင်းသည် တကယ့်ကို အရိုင်းဆန်လေသည်။

"စိတ်ချပါကွာ ... ဆင်း မကြိုက်ရင် မတက်ပါဘူး ... "

"အံမယ် ဘာဆိုင်လို့လဲ ... "

"ဩော် ... something ပေါ့ကွာ ... ဟုတ်တယ်မလား ... something ပေါ့ တစ်ခုခုတော့ ဆိုင်နေမှာပေါ့ ... "

သူ့ရဲ့ ရီသွဲ့သွဲ့စကားတွေကို ဆင်းက အရှက်သည်းသောမျက်နှာဖြင့် ခေါင်းငုံ့နေတာကို သူက စုံမက်စွာ ငေးကြည့်နေမိလေသည်။ ဆင်းရဲ့ခေါင်းငုံ့နေသော ရှက်မျက်နှာလေးကို ငေးရင်းမှနေ ပြောင်တိပြောင်စပ် နှာခေါင်းရှုံ့ပြတတ်သော သူ့ရဲ့ရဲဘော်မလေးကို ဘာရယ်မဟုတ် ဖျတ်ခနဲ သွားသတိရမိကာ အသက်ကိုပါ အနားမှာ ရှိနေစေချင်ပြန်လေသည်။







နောက်တစ်နေ့နံနက်နိုးနိုးချင်းမှာ သူ ဦးဆုံးသတိရမိသူမှာ အသက်ဖြစ်သည်။ အသက် သူ့ကို စိတ်ဆိုးနေမလားဟူသော အတွေးကို ညထဲက သူ တွေးနေမိခဲ့ခြင်း ဖြစ်သည်။ ဆင်းရဲ့ရှေ့မှာ အသက်ရဲ့လက်ကို လွှတ်ချမိလိုက်သည့်အဖြစ်သည် အသက်အပေါ် သူ့အပြစ်တစ်ခု ကျူးလွန်မိသလို ခံစားရလေသည်။ အရင်လည်း တစ်ခါတလေဆို အသက်ရဲ့လက်ကို သူ တွဲသွားနေကြပင်။

အခုမှ လက်တွဲဖြုတ်ချပစ်ခဲ့သည်ဆိုသောအဖြစ်ဟာ စကားအနေနဲ့လည်း မကောင်းသလို ခံစားမှုအနေနှင့်လည်း ကောင်းမှာမဟုတ်ချေ။

အသက်များ စိတ်ထိခိုက်သွားမလားဆိုသောအတွေးတွေဖြင့် သူဟာ ခါတိုင်းလို အသက်ကို ဖုန်းဆက်မခေါ်တော့ဘဲ အသက်နိုးမည့်အချိန်လောက်ကိုမှန်းကာ အသက်တို့အိမ်ဘက်ကူးလာခဲ့လေသည်။ ဧည့်ခန်းထဲမှာ အန်တီစုကို တွေ့ရသဖြင့် သူက ဦးညွတ်ကာ နှုတ်ဆက်လိုက်သည်။

"အသက်နိုးပြီလား အန်တီစု ..."

"နိုးပါပြီ ... ခုနလေးတင်ကပဲ ထမင်းစားပွဲမှာ ကော်ဖီသောက်နေတယ် ... ဒီနေ့တော့ ဘယ်မှာမှ သွားမစားကြဘူးလား ..."

သူ့ရောအသက်ပါ အိမ်ကမုန့်တွေကို သိပ်စားလေ့စားထမရှိကြချေ။ နံနက်စာ Break fast ကို အပြင်ကစားတာပဲ များပါသည်။ အဲဒီအစားအသောက် အကြိုက်ချင်းမှာလည်းသူနှင့်အသက်က ထပ်တူထပ်မျှ ဆန္ဒတွေပင်။

"ဟုတ်ကဲ့ ... ဒီနေ့တော့ အပြင်စာ ဓာတ်မကျဘူး"

"အေး ... အသက်ကလည်း ထက်သန်မခေါ်တာနဲ့ အိမ်မှာပဲ ထမင်းကြော်လွေးနေလေရဲ့ မစားရသေးရင် ဝင်စားသွား





နော် ... ရှယ်ထမင်းကြော် ... သူ့အကြိုက်ကြော်ပေးထားတာ"

"ဟုတ်ကဲ့ ... စားသွားမယ် ... ကျွန်တော်လည်း ဘာမှ မစားခဲ့ရသေးဘူး ..."

သူက ထမင်းစားပွဲရှိရာအခန်းထဲသို့ ဝင်လာခဲ့သည်။ စားပွဲမှာ အသက်သည်ထိုင်ကာ ထမင်းကြော်စားလိုက်၊ ကော်ဖီမော့လိုက်နှင့်တစ်ယောက်တည်း အလုပ်တွေရှုပ်လျက် ရှိလေသည်။ ညက ဝတ်ထားသော အဝတ်အစား ညဝတ်အင်္ကျီ ဘောင်းဘီနှင့်ဖြစ်ကာ ခွေခွေနွဲ့နွဲ့လျက် အလိပ်ကျနေသော မဖြီးမသင်သည့် ဆံနွယ်တွေ ခပ်ပွပွကြားမှ အိပ်ရာထစ အခြယ်အသကင်းသည့် မျက်နှာလေးဖြင့် ပကတိကြည်ကြည်စင်စင်ပင်။

"ဟော့ အစားပုတ်မ ... တစ်ယောက်တည်း ကျိတ်တွယ်နေတာပေါ့လေ ... ထမင်းကြော်စားတာတောင် ငါ့ကိုလှမ်းခေါ်ဖော် မရဘူး ..."

အသက်က သူ့ကို အိပ်ရေးမဝသော မျက်လုံးဖြင့် မျက်စောင်းတစ်ချက်ရွယ်ကာ ...

"ခု နင်အနံ့ရလို့ ပြေးလာတာပဲမလား ... အပိုတွေပြောမနေနဲ့ ... ဒေါ်ကြီးရေ တစ်ပွဲပြင်ခဲ့ပါဦး ..."

"ပြင်မနေနဲ့တော့ ဒေါ်ကြီး ... ဒီပန်းကန်ထဲပဲ ထည့်ခဲ့တော့ ဒီမှာ ကုန်ခါနီးနေပြီ ... သူနဲ့ပဲ တူတူစားလိုက်တော့မယ်"

သူက … အသက် စားလက်စပန်းကန်ကိုယူကာ ဒေါ်ကြီးက ထမင်းကြော်ထပ်ထည့်ပေးသောပန်းကန်ကို လာပေးသောအခါ ထိုပန်းကန်ထဲကပင် ယူစားသည်။ ဟိုးကလေးဘဝထဲကပင် သူနှင့်အသက်ကား တစ်ပန်းကန်တည်းလည်း နှစ်ယောက်စားနေကျဖြစ်သည်။ ဇွန်းတစ်ချောင်းကို တစ်ယောက်တစ်လှည့်စားတတ်ကာ စားကောင်းလျှင် ဇွန်းမပေးဘဲ အပိုင်သိမ်းထားတတ်ပုံခြင်းလည်း အတူတူပင်။

သူက တစ်ဇွန်းကော်စားပြီး အသက်ဘက်ကို ထိုးပေးလိုက်လျှင် …

"စားစား နှင်ပဲစားပါ … ငါက ဝပါပြီ … "

"ဘာလို့လဲ … အရင်က နှင် ငါနဲ့လုစားနေကြပါ … ငါ့ကို စိတ်ဆိုးနေတာလား … "

"မဟုတ်ပါဘူး … ဘာကိုစိတ်ဆိုးရမှာလဲ … ငါ ဝပြီလို့ ပြောတဲ့ဟာကို … "

သူက ရှေ့တည့်တည့်လှည့်နေသော အသက်ရဲ့ ဦးခေါင်းကို သူ့မျက်နှာဘက်တည့်တည့်ဆွဲလှည့်ပစ်လိုက်ရာ အသက်ရဲ့ မျက်ဝန်းတွေထဲ စူးစိုက်ကြည့်လျက် အဖြေရှာလိုက်လေသည်။ အသက်ရဲ့မျက်ဝန်းတွေထဲမှာ ဘာမှထူးခြားမနေချေ။ သူ့ကိုမျက်မှောင်ကုတ်ကာ ပြန်ကြည့်လျက်ပဲ ရှိသည်။

"ဘာပေါက်လာတာလဲ … နှင်မလာခင်ကတည်းက ငါ စား





နေတာ နှင်မြင်တဲ့အတိုင်းပဲ တစ်ပန်းကန်ကုန်ပြီပဲဟာ … ကော်ဖီလည်း သောက်နေတယ် … ဗိုက်ပြည့်ပြီမို့ မစားတော့တာ ဘာကိုစိတ်ဆိုးရမှာလဲ … "

အသက်ရဲ့မျက်နှာကိုကြည့်ကာ သူ နည်းနည်းတော့ စိတ်အေးသွားရသည်။ ဒါပေမဲ့ တစ်ခုခုတော့ ထူးဆန်းနေသလိုပင်။ အခါများစွာက တစ်ခုခုမကျေနပ်စရာရှိလျှင် သူ့ကို အော်ဟစ်မာန်မဲကာ ထုရိုက်လိုရိုက် စိတ်ဆိုးတတ်သော၊ နှုတ်ခမ်းစူကာ စိတ်ကောက်တတ်သော အသက်သည် ဒီတစ်ခါ ဘာမှမဖြစ်သည်မှာ သူ့အဖို့တော့ ထူးဆန်းနေသည်ပင်။

"အသက် နှင် ငါ့ကိုတကယ်ဘာမှမဖြစ်ဘူးလား … "

"ဘာတုန်းဟာ … ခုမှ တကယ်စိတ်တိုတော့မှာ … စောစောစီးစီး ဘာလာပေါက်နေတာလဲ … ဘာလဲ ညက အံ့ရှိန်မသေသေးဘူးလား … "

"ဟာ … ညက ဘာမှမသောက်ဘူး … ငါပြောတာကဟာ နှင့်လက်ကို ငါဆွဲခေါ်လာပြီး ဟို ဆင်းရဲ့ရှေ့မှာ အမှတ်တမဲ့ လွှတ်မိတာကိုဟာ နှင် စိတ်ဆိုးလားလို့ အဲဒါ … "

ပြောပြီးမှ ခုမှသတိရသွားပြီး စိတ်များတကယ်ဆိုးသွားမလားဟု သူမျှော်လင့်ထားသော်လည်း အသက်က သွားဖွေးဖွေးလေးတွေ ပေါ်အောင်ပင် ဟက်ဟက်ပက်ပက်-ရယ်မောလိုက်တာကို ကြုံရသဖြင့် သူ ခဏတောင်မှက်တက်သွားရသည်။ အိပ်ရာ

ထစါစ ဘာအပြင်အဆင်အခြယ်အသမှုမရှိသော အသက်ရဲ့မျက်နှာ ဖူးဖူးလေးဟာ အပြစ်ကင်းစွာ ချစ်စရာကောင်းနေလေသည်။

"ဟား ... ဟား ... ဖြစ်ရလေ ထက်သန့်ရယ် ... ဘာများလဲ လို့ ငါ့ကဖြင့် ဘာမှန်းတောင် မသိဘူး ... ဟုတ်လား အဲဒီ တုန်းက နင် ငါ့ကိုလက်ဆွဲထားတာလား ... ငါဖြင့် ဆွဲလို့ ဆွဲမှန်းတောင် မသိဘူး ... လွှတ်လို့လွှတ်မှန်းလည်း မသိ ဘူး ...' ခက်တာပဲ ငါ့သယ်ရင်းလေးလည်း အချစ်ကိစ္စနဲ့ ပတ်သက်လာရင် အရာရာမှာ serious ဖြစ်နေပြီနော် ... စိတ် လျှော့ သယ်ရင်း စိတ်လျှော့ ... ပေါ့ပေါ့ပါးပါးပြုံး ဟုတ်ပြီ လား ..."

မျက်ရည်တွေစို့လာအောင် ရယ်မောသောအသက် ကို သူက ခုမှ စိတ်အေးသွားဟန်ဖြင့် ပြုံးကြည့်ကာ မျက်နှာပြန် လည်ရှင်လန်းဖော်ရလာလျက် ထမင်းပန်းကန်ကို ကိုင်ဖော်ရလေ သည်။ တကယ်တော့ အသက်ရဲ့မျက်ရည်စတွေဟာ ဟက်ဟက် ပက်ပက်ရယ်မောမှုကြောင့်ကျသော မျက်ရည်တွေမဟုတ်ချေ။ အသက်ရင်ထဲမှာ နင့်နေသော မျက်ရည်စတွေပဲ ဖြစ်လေသည်။

သူ့ရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင်ထားရသော် ငြား အသက် အတော့်ကို ခံစားသွားခဲ့ရတာ ဖြစ်သည်။ သူ ချစ်သော မိန်းကလေးရှေ့မှာ အသက်ကိုတွဲထားသော လက်ကို ဖြုတ်ချချန် ထားပစ်ခဲ့သည်ဆိုသောအဖြစ်ဟာ အသက်ထက် ... ဆင်းကို ပို





အလေးထားတယ်ဆိုတာ ပြလိုက်သလိုပင် ဖြစ်လေသည်။

စိတ်ဆိုးရတာထက် ဝမ်းနည်းစွာ နာကျင်ခံစားရ တာက ပိုလေသည်။ သူ့ကို အသက်က နာမည်နှင့်လိုက်အောင် အသက်ထက်ချစ်ရသော်လည်း သူက ခုမှတွေ့သည့် မိန်းကလေး တစ်ယောက်ကို ခပ်သည်းသည်းချစ်ပြခြင်းသည် ဘယ်လောက်ပဲ နားလည်ခွင့်လွှတ်ထားရပလေ့စေ ရင်တွင်းတစ်နေရာမှတော့ နာကျင်အောင့်မျက်ရတာပဲ ဖြစ်သည်။

သူ့ရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင်ထားရသော် လည်း အသက်ရင်ထဲမှာ တကယ့်ကို မချိတာဖြစ်သည်။ သို့သော် အသက် ဟန်ဆောင်ရကျိုးနပ်အောင်ပင် သူက အသက်စိတ်ဆိုးသွား မှာ ဝမ်းနည်းသွားမှာ စိုးတယ်ဟူသော ခံစားချက်တစ်မျိုးက အသက်ကို ပြန်လည်ဖြေသာစေပြန်ပေသည်။

"အေးကွာ ... ငါလည်း ဘာရယ်မဟုတ်ပါဘူး ... ငါတို့ချင်း ဖြူစင်ရိုးသားတာ ငါတို့ပဲ သိပေမဲ့ သူ့စိတ်ထဲမှာကျတော့ တစ်မျိုးမြင်သွားမှာစိုးလို့ပါ ... နင် ခုလို နားလည်ပေးတာ ငါ ကျေးဇူးတင်ပါတယ်ဟာ ..."

"အလကားရတဲ့ကျေးဇူးတွေ စွတ်တင်မနေနဲ့ ... နားလည် ပေးရအောင်လည်း ... ငါက ဘာမှတောင် စိတ်ထဲရှိတာ မဟုတ်ဘူး ..."

"အေးပါ ... အေးပါ ... ငါ့သူငယ်ချင်းက သဘောကောင်း



Book Sharing

Scanned by CamScanner

မနောကောင်း အသားဖြူရုပ်ချောမှန်း သိပြီးသားပါ ..."

သူက ပြောရင်းမှနေ အသက်ဆံပင်တွေကို လှမ်းဖွကာ ဝလိုက်သေးသည်။ ထမင်းစားရင်းမှနေပင် အသက်ရဲ့ဆံပင်ကို တစ်ချက်ကြည့်လျက် ...

"ဆံပင်တွေတောင် နည်းနည်းရှည်ပြီး ပုံကစွေနေပြီ ... ပေါင်းတင်ပြီး ပုံပြန်သွင်းမလား အသက် ... ငါလိုက်ပို့မယ်လေ ..."

အသက်သည် အမှတ်မထင် သူ့ရဲ့ဂရုစိုက်မှုကို ကြားလိုက်ရသောအခါ တကယ်ငိုချပစ်ချင်လာအောင်ပင် ဝမ်းနည်းသွားရသည်။ သူ့ရဲ့ အကြင်နာတွေကို ဘာလို့အသက်တစ်ဦးတည်း အပိုင်မရ ရတာလဲကွယ်။ သူနှင့်သာ ချစ်သူဖြစ်ခွင့်ရခဲ့လျှင် အသက်တစ်ကမ္ဘာလုံးတောင် ပတ်ပစ်ချင်သည်။ ဘုရားရေ သူ့ကို အသက်ဘယ်လိုနည်းနဲ့မှ ဆုံးရှုံးမခံပါရစေနဲ့။ အသက် တစ်ဘဝလုံးစာ ပိုင်ဆိုင်ပါရစေ။

"အင်း ... သွားတာပေါ့ ... ဆင်းကိုရော ခေါ်ဦးမှာလား"

"မခေါ်တော့ပါဘူး ... သူ လိုက်မှာမဟုတ်မှန်း သိနေတော့ ခေါ်မနေတော့ဘူး ..."

အသက်က စိတ်ထဲက ကျိတ်ဝမ်းသာသွားသော်လည်း အပြင်ကို ထုတ်မပြရဲချေ။ သူ့အမြင်တွင် အသက်သည် သူ့အပေါ် နားလည်အပေးနိုင်ဆုံး၊ လိုက်လျောအပေးနိုင်ဆုံး စိတ်





သဘောအဖြူစင်ဆုံး အဖြစ်သာ ရှိစေချင်လေသည်။

အသက်က ချက်ချင်းပင် တက်ကြွရွှင်လန်းသွားသော သဏ္ဌာန်ဖြင့် ...

"ဘယ်အချိန်သွားမှာလဲဟင် ..."

"ခုသွားမလား ... ဒီပုံနဲ့လေ ... အဟင်း ... ဟင်း"

သူက အသက်ရဲ့ အိပ်ရာထခါစ ရှုပ်ပွပွဆံပင်၊ ကျေတွန့်တွန့် ညဝတ် ဝတ်စုံတို့ကို ကြည့်ကာ ပြောခြင်းဖြစ်သည်။ ဒီလိုပုံစံနှင့်လည်း အသက်က သူ့ရှေ့မှာ ရှက်ရကောင်းမှန်းမသိချေ။ တခြား မိန်းကလေးတစ်ယောက်သာဆိုလျှင် ... ကိုယ်ချစ်သော ယောကျ်ားတစ်ယောက်ရှေ့မှာ ဒီပုံမျိုးနှင့် ထိုင်ဖို့ဝေးစွပင်။ အသက်ကတော့ ဒါတွေကို မှုမနေပါ။

"အံမယ် ဘာလို့မသွားရဲရမှာလဲ ... သွားရဲရင် ဘာဝယ်ပေးမှာလဲ ..."

"ဘာမှမဝယ်ပေးဘူး ... ခုတောင် နင့်ဆံပင်ပေါင်းတင်ခ ငါပေးရမှာ ... နင်က ဒီပုံနဲ့ အရှက်မရှိသွားရဲပေမဲ့ ငါက မသွားရဲဘူး ... ဘဲက သန့်ပြန့်နေသလောက် မဒီက ပွဲနေရင် မဖိုက်ဘူး ... သွား ... သွား ... ရေချိုး အလှပြင်ခဲ့"

"မချိုးဘူး ... ဒီအတိုင်းပဲ သွားမယ် ..."

"ဟာ ... သိပ်ညစ်ပတ်တာပဲကွာ ... မင်းကို Miss dusty ဘွဲ့ပေးမယ် ... ငါကိုယ်တိုင် စလွယ်နှင်းပေးမယ် ... ဝုန်နီ



Scanned by CamScanner

အိတ်ကို ကြိုးတစ်ချောင်းနဲ့ မက်ဆိဂါဝန်ချုပ်ဝတ်ကွာ သိပ်ငှာမှာ ... ဟား ... ဟား ... ကလော်ဒီယာ့တောင် ငိုသွားမဲ့ မြန်မာပြည်ရဲ့ Miss dusty ဝူး မိုက်တယ်ဟေ့ ... "

"ကြည့်စမ်း ... ခွေးစုတ် ... သေဦးမယ် ... "

အသက်က သူ့ကို ရိုက်ဖို့ဟန်ပြင်တုန်းမှာပင် သူက ထ၍ထွက်ပြေးပြီးသား ဖြစ်နေပြီ။ အသက်ပြေးလိုက်သော်လည်း မမီတော့။ သူက Miss dusty အသက်ထက်ဟု အော်ဟစ်ကာ အနိုင်ပိုင်း၍ ထွက်ပြေးသွားချေပြီ။ အမောတကောနှင့် ပြေးလိုက်လာခဲ့သော်လည်း အသက်က ညှိခန်းအရောက်မှာ စိတ်လျှော့ကာ ရပ်လျက် သူ့ကို ခါးထောက်ကာ လက်သီးထောင်ပြရင်း ကျန်ခဲ့တာကို စုက ကျေနပ်သောအပြုံးတစ်ခုဖြင့် ငေးကြည့်နေခဲ့လေသည်။







အချိန်အနည်းငယ်ကြာလသည့်အထိ သူနဲ့ဆင်းရဲ့ အခြေအနေက သိပ်မတိုးတက်သေးချေ။ ဆင်းက ဘယ်မှလည်း သိပ်မသွားလာသဖြင့် သူ့မှာ အပြင်တွင် ဆုံဖို့နည်းလမ်းဆိုတာလည်း မရှိချေ။ ဆင်းရဲ့အိမ်ကို နေ့တိုင်းသွားဖို့ဆိုတာကလည်း သူမရဲ့မိဘတွေကို မျက်နှာပူစရာကောင်းလေရာ သူ့မှာ ခြံချင်းသာမျက်နှာချင်းဆိုင်ကြလျက် အခက်ကြုံနေရတာ ဖြစ်လေသည်။ သို့သော် သူ

အခက်ကြုံလာတိုင်း၊ လိုအပ်လာတိုင်း အကူအညီတွေ အကြံဉာဏ်တွေ ယူလာတတ်သော အသက်က ဒီတစ်ခါလည်း သူ့အတွက် နည်းပေးလမ်းပြ လုပ်ခဲ့ပြန်ပါသည်။

"နင် သူ့ဆီကို ညတိုင်းဖုန်းဆက်ပါလား ထက်ရဲ့ ... သူ့အခန်းထဲမှာ ဖုန်းရှိတာပဲ ... သူက ရှစ်နာရီလောက်ဆို သူ့အခန်းထဲဝင်ပြီး ဆယ့်တစ်နာရီလောက်မှအိပ်တာ ... အဲဒီအချိန် သူအားနေတာပဲ ... စာဖတ် သီချင်းနားထောင် ဒါပဲလုပ်နေတာ ... နင် ဖုန်းဆက်မယ်ဆို အကောင်းဆုံးအချိန်ပဲ၊ ဆယ်နာရီလောက်ဆက်ပေါ့ ... လူကြီးတွေလည်း အိပ်ကုန်ကြပြီ ... နင် အေးဆေး နူးရုံပဲ ..."

သူက လက်ဖျောက်တစ်ချက်တီးကာ အသက်ကိုလည်း ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်ရင်း ...

"ဟာ ... နင်တော်လိုက်တာကွာ ... ကြည့်စမ်း ငါ ဒါကို ဘာကြောင့် မစဉ်းစားမိခဲ့တာလဲ ... တယ်ညံ့တဲ့ငါပဲ ... ငါ့ငယ်ရင်းလေးက သိပ်အားကိုးရတာပဲကွာ ... ဂျင်နီကျနေတာပဲ ... ဂျင်နီလို့တောင် ခေါ်ချင်တယ် ..."

ဂျင်နီလိုသာ လိုတာဖန်တီးနိုင်စွမ်းရှိရင် ချစ်တတ်တဲ့ နင့်ရဲ့အသည်းနှလုံးတစ်ခုလုံးကို ငါ့အပေါ်မှာ ပုံအောပြီး ချစ်တတ်လာအောင် ငါ ဖန်တီးပစ်လိုက်မှာပေါ့ ထက်သန့်ရယ်။ နင့်အပေါ်မှာ နှိုင်းမရတဲ့ ငါ့မေတ္တာတွေကို နင်ကသာ မမြင်တတ်ခဲ့တာပါ။





"တော်ပါ ... ဂျင်နီလည်း မဖြစ်ချင်ပါဘူး ... ပုလင်းထဲမှာလည်း အသက်ရှုကျပ်ပြီး မနေနိုင်ဘူး ... ရည်းစားသာထားချင်တာ သိပ်အတာပဲ ... အကြံတုံးဉာဏ်တုံး ..."

"အေးပါ ... နင်ပြောလည်း ခံရမှာပဲ ... သူနဲ့ပတ်သက်လို့ ဘာအကြံမှမထွက်ဘူးဟ ... တကယ်ချစ်လာရင် ဒီလိုပဲ ဖြစ်တတ်ကြလား မသိဘူးနော် ... ဟဲ ... ဟဲ အချစ်စစ်မို့ နေမှာပါဟာ ... နင်လည်း ချစ်တတ်လာရင် သိပါလိမ့်မယ်"

"တော်ပါ ... မချစ်တတ်ချင်ပါဘူး ... အချစ်နဲ့ဝေးဝေးမှာပဲ နေချင်တယ် ..."

သူက အသက်ရဲ့စကားကို တလေးတနက်နားထောင်ပြီးလျှင် အနည်းငယ်ထူးဆန်းသောလေသံဖြင့် စကားစတင်လာခဲ့လေသည်။

"အေးနော် ... အသက် နင့်ကိုငါ နည်းနည်းတော့ အံ့သြမိတယ်ကွာ ... နင်နဲ့ငါ အတူတူကြီးလာခဲ့တာပဲ ... လူပျိုအပျိုပေါက် အရွယ်မှာတောင် နင်က နည်းနည်းမှ စိတ်မကစားခဲ့ဘူး ... နင့်ကို ကြိုက်တဲ့လူတွေလည်း ဒီလောက်များတာ ငါသိတာပဲ ... ဖြောင့်တဲ့ဘဲတွေအများကြီးပဲ ... နင် တစ်ယောက်မှ ပြန်စိတ်မဝင်စားခဲ့ဘူးနော် ... မချစ်တာကို ငါမပြောလိုဘူး ... နင် နည်းနည်းလေးတောင် စိတ်မဝင်စားတာကို ငါအံ့သြတာ ... ငါကမှ ကြိုက်တဲ့ကိတ်လေး



Scanned by CamScanner

တွေ အများကြီးရှိသေးတယ် ... "

မတူဘူး ထက်သန်ရယ်။ ချစ်ဖို့နေနေသာသာ ကြိုက်ဖို့မပြောနဲ့ စိတ်ဝင်စားဖို့တောင် ဝေးနေခဲ့တာ။ နှင်က ငါ့အနားမှာ အမြဲရှိခဲ့လို့ပေါ့။ ငါ့ရင်ထဲမှာ နှင့်အတွက်အချစ်ဆိုတာ မဖြစ်ခင်ကတည်းက သံယောဇဉ်ထုက ကြီးလွန်းနေတဲ့အတွက် ငါ့နှလုံးသားကို ပွန်းလှုပ်ခတ်လာအောင် ဘယ်သူမှ မစွမ်းနိုင်ခဲ့တာပါ။

အသက်က သူ့ကို ပြောချင်သောစကားတွေကို ရင်ထဲမှာ ကျိတ်မှိတ်မျိုချပစ်လျက် ဘာမှမဖြစ်သလိုပင် ဟန်ဆောင်ပြုံးကာ ...

"ငါမှ ... စိတ်မဝင်စားတာပဲဟာ ... အေးဆေးနေတာပဲ ကောင်းပါတယ် ... "

"ဟုတ်တယ် အေးဆေးပဲနေကွာ ... ခုခေတ်ကောင်တွေနဲ့ နှင့်ကို စိတ်မချပါဘူး ... ငါ့သယ်ရင်း အဖြူထည်လေးကို အပျော်ကြံမှာ စိုးတယ် ... နှင်သာ ရည်းစားထားရင် နှင့်အတွက် ငါ ပူနေရဦးမှာ ... ကောင်းတယ် ဒီအတိုင်းပဲနေ အပျိုကြီးလုပ် ... ဆင်းနဲ့ငါနဲ့ရလာ့တဲ့ကလေးတွေ နှင် ထိန်းပေးပေါ့ မကောင်းဘူးလား ... "

"အမလေး စိတ်ကူးနဲ့တောင် နို့စွာနဲ့ပဲ ... အေးပါ နှင်သာ သူ့ကိုရအောင် လိုက်စမ်းပါဦး ... ဝေးဝေးကြီးတွေ စိတ်ကူးယဉ်ပစ်မနေစမ်းပါနဲ့ ... ပိုက်ဆံမပေးရတိုင်း ... "





သူက ... ယုံကြည်ချက်ဖြင့် တောက်ပနေသော မျက်ဝန်းများကို မှေးစင်းပစ်လိုက်ကာ ...

"နှင် စောင့်ကြည့်ပေါ့ အသက်မရဲ့ ... သူ့အချစ်ကို သုံးလအတွင်း ငါ ရအောင်ယူပြမယ် ... ဘယ့်နဲ့လဲ ... သုံးလဆိုတာ ပိုပိုသာသာပြောထားတာ ... ဒီထက်စောပြီးတောင် ရချင်ရဦးမယ် ... "

အသက့်ရင်ထဲမှာ အေးခနဲဖြစ်သွားကာ ခန္ဓာကိုယ်ထဲရှိ သွေးကြောတွေ တင်းကာ တုံ့ဆိုင်းသွားသလို ခံစားရသွားခဲ့လေသည်။ သူ့ပုံစံက သားကောင်ကို အမိအရလိုက်တော့မည့် မုဆိုးတစ်ဦးနှယ် ဝံ့ဝံ့ကြွားကြွား။ အို သူဟာ သိပ်ကိုညို့အားပြင်းတဲ့ ယောက်ျားတစ်ယောက်ပဲဟာ။ သူပြောသလိုပင် ဆင်းရဲ့အချစ်ကို လွယ်လွယ်နှင့် သိမ်းပိုက်နိုင်မှာ အမှန်ပဲဖြစ်သည်။ သူ့အကြည့်တွေထဲမှာ တော်ရုံမိန်းမသည် လွတ်မြောက်ဖို့ လမ်းမမြင်ချေ။

"ကြည့်ရသေးတာပေါ့လေ ... အေး ... နှင် fine သွားရင်လည်း ဒါဟာ ငါ့ရဲ့ကူညီမှုပါတယ်ဆိုတာလည်း မမေ့နဲ့ဦး"

"မမေ့ပါဘူး အသက်ရာ ... နှင့်ကို မေ့စရာလား ... ငါ ဆင်းနဲ့ စကားပြောတဲ့အချိန် ... ဆင်းအကြောင်း တွေးနေတတ်တဲ့အချိန်မှာတောင် နှင်က ငါ့ခေါင်းထဲ ရောက်ရောက်လာတယ်ဟ ... ငါတောင် အံ့သြမိတယ် ... ဒီလောက်ထိ ငါ့ရဲ့သံယောဇဉ်က နှင့်အပေါ်ကြီးပါတယ် ... "



Scanned by CamScanner

အသက်သည် သူ့စကားကို ပိတ်ဖြစ်လွန်း၍ စကားတောင် ပြန်မပြောနိုင်ချေ။ သူ့မျက်နှာကိုသာ ငေးစိုက်ရင်း ဆုံးရှုံးခါနီးအရာတစ်ခုဟာ ဆုံးရှုံးခါနီးမှ ပို၍မက်မောချင်စရာကောင်းကြောင်း တွေးနေမိတာ ဖြစ်လေသည်။

သူကတော့ အသက်ရဲ့အကြံပေးမှုအတိုင်း ည ဆယ်နာရီစန့်တွင် ဆင်းထံဖုန်းခေါ်လေသည်။ လိုင်းဝင်သွားချိန်တွင် သူ့ရင်မှာ တထိတ်ထိတ်ဖြင့် တဒုတ်ဒုတ်ခုန်နေတာကို ကိုယ့်ဘာသာပြန်ကြားရသဖြင့် တစ်ကိုယ်တည်းပင် ပြုံးမိတဲ့အသိပင်။ သံရှည်သုံးချက်လောက် ဝင်အပြီးမှာ တစ်ဘက်က ဖုန်းကိုင်လာခဲ့ပါသည်။

"ဟယ်လို ... အမိန့်ရှိပါရှင် ..."

သူ မျှော်လင့်တောင့်တသော ဆင်းရဲ့အသံ ချိုမြမြလေးပဲ ဖြစ်သည်။

"ဆင်းလား ... ကိုယ်ပါ ..."

သူမဘက်က အသံခေတ္တတိတ်သွားလေသည်။ ပြီးတော့မှ ...

"ထက်သန့် မဟုတ်လား ... ဘာကိစ္စရှိလို့လဲဟင် ..."

ကြည်ဦး ရီးပေသော မိန်းကလေး။ ညဥ့်နက်နက်မှာ ယောကျ်ားပျိုတစ်ယောက်က မိန်းမပျိုတစ်ယောက်ထံ ဖုန်းခေါ်တာကို အရေးကိစ္စတစ်စုံတစ်ရာကြောင့် ခေါ်သည်ဟု ထင်ရှားသောလေသံဖြင့် ပြန်မေးတာ ဖြစ်သည်။ ဆင်း မမြင်ရသဖြင့် သူက





အသံမထွက်ဘဲ ရယ်မိလေသည်။ ဆင်းကိုလည်း နောက်ချင်သည့်စိတ် ပေါ်လာသဖြင့် ...

"ဆင်းက စာတွေ အရမ်းဖတ်တယ်လို့ ကြားတယ် ... ဒီတော့ ဗဟုသုတစုံမှာပဲနော် ... ကိုယ် မရှင်းတာလေးတွေ မေးလို့ ရမလား ..."

"ဟုတ်ကဲ့ မေးပါ ... ဆင်းသိသလောက် ဖြေပါ့မယ် ..."

သူက ကိုယ်ကိုလှုပ်ကာ ရယ်မိလေသည်။ ဆင်းကတော့ ဘာမှမသိရှာဘဲ သူ့အကွက်ထဲ ဝင်လာခဲ့ပြီ ဖြစ်သည်။

"သတိရတယ်ဆိုတာ လွမ်းတာနဲ့တူလား ဆင်း ..."

"ရှင် ..."

"ကိုယ်ပြောတာ မရှင်းဘူးလား ... ဒီလိုလေ သတိရတယ်ဆိုတာရယ် ... လွမ်းတယ်ဆိုတာရယ် အတူတူပဲလား ... ဒါမှမဟုတ် မီးနှင်းကွဲသလားလို့ပါ ... အဲဒါကို ကိုယ် တော်တော်အုံးစားနေတယ် ဆင်းရယ် ... ဖြေနိုင်ရင် ဖြေပေးပါဦး"

"ထက်သန့်က ဆင်းကို သက်သက်လာနောက်နေတာပဲ"

"သက်သက်နောက်တာမဟုတ်ပါဘူး ... ကိုယ်တကယ်မသိတာပါ ..."

"ဆင်းလည်း မပြောတတ်ဘူး ... ဒါမျိုးက စာတွေ့ထက် လက်တွေ့ နားလည်မှုသိကြတာ ... ဆင်းမှာ လက်တွေ့လည်းမရှိဘူး ..."



Book Sharing

Scanned by CamScanner

သူမက စကားပြောတာတော့ လိမ္မာပါးနပ်လေသည်။ သူမေးသောအဖြေကို ရှောင်ထွက်သွားရုံမျှမက တစ်ခါမှ မစံစားဖူးသေးကြောင်းကိုလည်း သွယ်ဝိုက်၍ ပြောပြသွားတာဖြစ်သည်။ သူမနှင့်စကားပြောရတာ စိတ်ဝင်စားဖို့ကောင်းလာသည်။ လူခြေတိတ်ဆိတ်သော ညသန်းခေါင်မှာ ကိုယ်မြတ်နိုးခုံမင်ရသော မိန်းကလေးတစ်ဦးနှင့် နှစ်ကိုယ်ကြားစကားတွေ ပြောရသောအဖြစ်အပျက်သည် သူ့ရင်ကို ကြည်နူးဆွတ်ပျံ့စေသည်။

"လက်တွေ့ရှိမှာပါ ... ဆင်း တစ်ခါမှ မလွမ်းဖူးဘူးလား"

"ဟင့်အင်း ..."

"တကယ်ပြောတာလား ... ဆင်းလို မိန်းကလေးတစ်ယောက်က အလွမ်းနဲ့မကြုံဖူးသေးဘူးဆိုတဲ့အဖြေကို ကြားရတာ ကိုယ်တကယ်အံ့ဩဝင်ချိုပါတယ် ... ဒါပေမဲ့ ယုံကြည်ဖို့ နည်းနည်းခက်လားလို့ပဲ ..."

"အို ... ဆင်း ဘယ်တုန်းကမှ မလွမ်းဖူးဘူး ... သေချာတယ်"

"ကိုယ် ဝမ်းသာပါတယ် ... လွမ်းတယ်ဆိုတာ မကောင်းဘူး ဆင်းရဲ့ ... ဆင်းကို မခံစားစေချင်ဘူး ... ကိုယ်ကတော့ အလွမ်းတွေကို မကြိုက်ဘူး ... မလိုချင်ဘူး ..."

"ဟုတ်လား ... ထက်သန်က လွမ်းဖူးတယ်ပေါ့ ... ဒါနဲ့များ ဆင်းကို လာမေးနေသေးတယ် ... ကဲ ပြောပါဦး အလွမ်းနဲ့





သတိရတာနဲ့ ဘာကွဲလဲ ..."

"ကိုယ်လည်း သိပ်အသိကြီးတော့ မဟုတ်ပါဘူး ... သတိရတယ်ဆိုတာက အဖြစ်အပျက်တစ်ခုခု တိုက်ဆိုင်သွားလို့ သတိရတတ်ကြတာမျိုး ရှိတယ် ... ဝေးနေတဲ့လူတွေပေါ့၊ အထူးသဖြင့် မိတ်ဆွေတွေပေါ့ ... လွမ်းတယ်ဆိုတာကတော့ ... သမုဒယဆန်တယ် ဆင်းရဲ့ ... နီးနီးလေးလည်း လွမ်းချင်လွမ်းနေတာပဲ ... တစ်နည်းအားဖြင့် သတိရမှုမှာ တွေ့ချင်တဲ့ဆန္ဒသိပ်မပြင်းပြဘူး ... လွမ်းတယ်ဆိုတာတော့ မျက်နှာတစ်ခုကို အရမ်းတွေ့ချင်တဲ့ဆန္ဒတစ်မျိုးပေါ့ ... ခု ကိုယ် ဆင်းကို သိပ်တွေ့ချင်နေတယ် ... ဒါဟာ နီးနီးလေးနဲ့ လွမ်းနေတာပေါ့ ..."

"အာ ... ဘာတွေပြောနေတာလဲ ..."

"ကိုယ် တကယ်ပြောနေတာ ... ကိုယ် ဆင်းကို တွေ့ချင်နေတယ် ... လွမ်းနေတယ် ... အဲဒါ ဘယ်လိုလုပ်ရမလဲ ... ဆင်းက သိပ်အိမ်ဘွင်းပုန်းတာပဲကွာ ... တစ်ခါတလေ တစ်နေကုန်တောင် မတွေ့ရဘူး ... ရက်စက်တယ်နော်"

"ဆင်းကို တွေ့ချင်ရင် အိမ်လာလည်လို့ ရတာပဲ ..."

"အမြဲတမ်း လာလည်ဖို့ကျတော့လည်း ဘယ်ကောင်းမလဲ၊ ဆင်းက ကိုယ်တို့နဲ့ အပြင်လေးဘာလေး လိုက်လည်ပါဆိုမှပဲကွာ ... သိပ်စိမ်းကားတာပဲ ..."

"ထက်သန်တို့ သူငယ်ချင်းနှစ်ယောက်ကြားထဲ ဆင်းက ကန့်လန့် ကန့်လန့် ဖြစ်နေမှာစိုးလို့ပါ ... "

သူမရဲ့စကားကြောင့် ခေါင်းရှုပ်သွားခဲ့လေသည်။

"ဟာ ... ဘာကန့်လန့် ကန့်လန့်ဖြစ်ရမှာလဲ ... အသက်ရော ကိုယ်ရောပါ ဆင်းကို အပြင်လည်စေချင်ကြတာကို ဆင်းက ဘာကိုစိုးရိမ်နေတာလဲ ... "

"ဆင်း တစ်ယောက်တည်းကျန်နေမှာကို စိုးတာပါ ... ဆင်းက ငယ်ငယ်လေးထဲက တစ်ယောက်တည်း အထီးကျန်ခဲ့ရတော့ အဖော်သိပ်မက်တယ် ... သုံးယောက်ခင်မိပြီဆိုရင် ဆင်းကို တစ်ယောက်တည်း ကွက်ချန်ထားခဲ့မှာ ဟိုနှစ်ယောက်က ပိုခင် ပိုချစ်သွားကြမှာ ဆင်းသိပ်ကြောက်တာ "ခုလည်း ထက်သန်ပဲ့ဂျ ငယ်ငယ်ထဲက သိပ်ရင်းနှီးလာပြီးသားဆိုတော့ ဆင်းက နောက်မှခင်တယ်ဆိုပြီး ဆင်းကို အရမ်းမခင်မှာ စိုးတယ် ... ဆင်းက လူတစ်ယောက်ကို သံယောဇဉ်ဖြစ်ပြီဆိုရင် အရမ်းပြင်းထန်တယ် ... ဆင်း ချစ်သလောက် ပြန်မရရင် ဆင်း ခံစားရတယ် ... အဲဒါကြောင့် ဘယ်သူ့ကိုမှ လွယ်လွယ်ကူကူ မရင်းနှီးလွယ်တာ ... "

သူက 'ဆင်းရယ်'ဟု မချိတင်ကဲ ရေရွတ်ကာ ဆင်းအပေါ် အတော်သနားကရုဏာသက်သွားခဲ့သည်။ ဆင်း ဘာကို စိုးရိမ်နေသလဲဆိုတာ သူ အခုမှ အသေအချာမြင်တွေ့လာရတာ





ဖြစ်လေသည်။ ဆင်းရဲ့ အစိုးရိမ်ကြီးသော နှလုံးသားကို သူ့အချစ်တွေဖြင့် စာနာနားလည်ပေးနိုင်လေသည်။

"မစိုးရိမ်ပါနဲ့ ဆင်းရယ် ... ဆင်းကို ဘယ်တော့မှ ချန်မထားခဲ့ပါဘူး ... ကိုယ်တို့ကို တွယ်တာနိုင်ပါတယ် ... ကိုယ်တို့ကလည်း ဆင်းအပေါ် စတွေ့တဲ့နေ့ကတည်းက သံယောဇဉ်ရှိပြီးသားပါ ... ဘာကိုမှ မစိုးရိမ်ပါနဲ့လားကွာ ... "

"ဆင်း ဝမ်းသာပါတယ် ... အသက်ကရော ကျေနပ်ပါ့မလားဟင် ... "

"ကျေနပ်ပါတယ် ... အသက်က သိပ်ခင်ဖို့ကောင်းပါတယ်၊ ဆင်းက စိတ်ရောကိုယ်ပါ မပေါင်းဘူးသေးလို့ပါ ... ဆင်းကိုလည်း သူ ခင်မင်ပါတယ် ... ကိုယ် ကတိပေးပါတယ်ကွာ ဆင်းကို ဘယ်တော့မှ ချန်မထားဘူး ... ကိုယ်တို့ကို ဆင်း စိတ်ကြိုက်ပုံအော ခင်မင်လို့ရတယ် ဟုတ်ပြီလား ... "

သူက ရဲရဲကြီးကတိပေးမိသည်အထိဆင်းရဲ့ကရုဏာသက်ဖွယ်သအလေးက နားထဲမှာ ပျံ့လွင့်နေခဲ့လေသည်။

"ဆင်း ... ဒါဆို မနက်ဖြန် အပြင်လျှောက်လည်မယ် မဟုတ်လား ... "

"အင်း ... ပြောထားတဲ့အတိုင်းပဲနော် ... "

"စိတ်ချပါ ဆင်း ... ကိုယ် ဆင်းကို ဂရုစိုက်မှာပါ ... "

ထို့နောက် ဆင်းနဲ့စကားအနည်းငယ်ပြောပြီး ဖုန်းချ



Scanned by CamScanner

လိုက်ကြသည်။ သူ ပထမဆုံးသတိရမိသူသည် အသက်ပဲ ဖြစ်ကာ ဆင်းအပေါ် ပေးထားမိခဲ့သော ကတိတစ်ခုအတွက် အသက်ကို သူ့စိတ်ထဲမှ ကျိတ်၍ တောင်းပန်ပြီးမှ အိပ်ရာဝင်ခဲ့တာ ဖြစ်လေသည်။







ညကတည်းကပင် ထက်သန်က ဖုန်းလှမ်းဆက်၍ အသက် သူ့ကို ကူညီရတော့မည်ဆိုတာ သဘောပေါက်လေသည်။ ဒီနေ့ ဆင်းကို အပြင်သို့ အလည်အပတ်ပို့မည်။ ဒါကြောင့် အသက်ပါ လိုက်ရမှာ ဖြစ်သည်။ ဖုန်းဆက်ဖို့ အကြံပေးလိုက်တာနှင့် ချက်ချင်း တန်းဆက်ကာ နောက်တစ်နေ့အပြင်ကိုပါ လိုက်အောင်ခေါ်နိုင်သော ထက်သန့်ရဲ့စွမ်းပကားကိုတော့ အသက် ချီးကျူးလေသည်။

အင်းလေ ... သူ့ကို တော်ရုံမိန်းမကလည်း ဘယ်ငြင်းနိုင်ပါ့မလဲ။ ဒီပုံအတိုင်းဆို သူတို့ချစ်သူတွေဖြစ်သွားကြတော့မို့ သိပ်မလိုတော့ချေ။ အသက်က ရင်မောစွာတွေးရင်းကနေ အပြင်သွားဖို့ ပြင်ဆင်လိုက်သည်။ ဆင်းကတော့ မြန်မာဆန်ဆန်လေးဝတ်မှာ အထူးစဉ်းစားစရာမလိုပေ။ သူက မြန်မာဆန်လေ အသက်ကတော့ ခေတ်ရှေ့ပြေးလေသာပင် ဖြစ်သည်။ ဒီနေ့တော့ ဘာမှ သိပ်ထူးထူးခြားခြား ပြင်ဆင်မနေပါ။ ခပ်ရိုးရိုးနေလည်း အသက်ရဲ့ စတိုင်လ်က ပြီးသားဆိုတာ သိလေသည်။

တစ်နေ့က သူကိုယ်တိုင် ဆိုင်လိုက်ပြီး ပေါင်းတင်ကာ အသစ်ပြုပြင်ထားသော အသက်ရဲ့ဆံပင်တို့ကို နောက်သို့ အကုန်လှန်ပြီးကာ ခပ်မြင့်မြင့် စုချည်ထားသဖြင့် အသက်ရဲ့မျက်နှာ ရှင်းလင်းကာ ပို၍ဝင်းပစွာ ပေါ်လွင်သွားပြီ။ ရင်ဘတ်မှာ ဂဏန်းနှစ်လုံးပါသော ဖစ်တင်တီရှပ်အဖြူရောင်နှင့် ဂျင်းမှိုတက်ဘောင်းဘီတစ်ထည်ကို ဝတ်ဆင်ကာ Fancy ခါးပတ်လှလှတစ်ခု ပတ်ပြီးသွားသောအခါ အသက်ရဲ့ ပြင်ဆင်မှုက ပြီးပြီ။

ခါးပတ်မှာ ဖုံးကိုချိတ်လျက် ပိုက်ဆံအိတ်ပြားပြားလေးကို ဘောင်းဘီနောက်အိတ်ကပ်ထဲ ထိုးထည့်ပြီးနောက် ... အသက်အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။ ဧည့်ခန်းမှာထိုင်၍ စာဖတ်နေသော စုက အသက်ကိုမော့ကြည့်လာလျက် ...

"ဘယ်သွားမလို့လဲ အသက် ..."



"ထက်သန့်တို့ကို အပြင်လိုက်ပို့မလို့ပါ ... Mall တွေရောက်မယ် ... စု ဘာမှာဦးမလဲ ..."

စုက ခေါင်းယမ်းပြရင်းမှနေ၍ ...

"ထက်သန့်တို့ဆိုတော့ ဘယ်သူတွေ ပါသေးလဲ ..."

"ဆင်းလေ ... ဆင်းတစ်ယောက်တည်းပါ ..."

"ဒါမျိုး အတူတူသွားတာပဲဟာ ... လိုက်ပို့တယ်တွေ ဘာတွေ ပြောနေတယ် ..."

"မတူဘူးစု ... တကယ်ကိုပဲ သက်က လိုက်ပို့တဲ့သူပါ ... ပြောရရင် သက်သွားလည်း မသွားချင်ဘူး ... သက် မလိုက်လို့လည်း မဖြစ်ဘူး ... ဆင်း မိဘတွေ အမြင်မှာထက်သန့်နဲ့ ဆင်းနှစ်ယောက်တည်းသွားလို့လည်း မကောင်းဘူး ... သူတို့နှစ်ယောက်ရဲ့ဆန္ဒမို့ လိုက်ပို့တယ်ဆိုတဲ့စကားကို သုံးရတာပါ ..."

အသက်ရဲ့ခံစားချက်ကို စုက နားလည်သွားဟန်တူပါသည်။ ထိုင်ရာမှထလာကာ အသက်ရဲ့ပခုံးစွန်းလေးကို ဖျစ်ညှစ်ကိုင်ကာ ကြင်နာတတ်သော မျက်ဝန်းများဖြင့် ကြည့်လေသည်။ အသက်ရဲ့မျက်နှာကဖြင့် စူပုပ်ပုပ်ဖြစ်သည်။

"အသက်ရယ် ... စု ပြောတဲ့စကားတွေကိုသာ နှလုံးသွင်းထားစမ်းပါ ... အရာရာမှာ စိတ်ကဆောင်တယ် ... အသက်ရဲ့စိတ်ထဲမှာ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ရှိရင် အရာရာကို

ကျော်လွှားနိုင်မှာပါ ... စု ပြောတာတွေကိုသာ မမေ့ပါနဲ့"

"အင်းပါကွာ ... အသက် နားလည်ပါတယ် ... သူတို့ မြန်မြန် ချစ်သွားတော့လည်း ပိုကောင်းတယ် ... ပြိုင်ပွဲဟာ အဲဒါမှ သွက်လာမှာ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ကဲ ... သွား ... သွား ဖြိုး ဖြိုးလေးနဲ့ပဲသွား ဟုတ်ပြီလား ... အမြဲတမ်းပြုံးဖို့ မမေ့နဲ့"

စုက အသက်ရဲ့ခန္ဓာကိုယ်ထဲကို အားတွေထည့်ပေးလိုက်သလို ပခုံးကိုတစ်ချက် နှစ်ချက်ရိုက်ပေးလိုက်ကာ သွားတော့ဟူသောသဘောဖြင့် မေးဆတ်ပြလိုက်လေသည်။ အသက်က ကားပေါ်တီကိုအောက်ရှိ ကားပေါ်ကိုတက်ကာ စက်နှိုးနေတုန်းမှာပဲ သူက အပြေးရောက်လာကာ ဘေးတံခါးဖွင့်လျက် ဝင်ထိုင်လေသည်။ အသက်က သူ့ကိုငုံကြည့်အပြီးမှာ အံ့အားသင့်သွားတော့သည်။

သူ ထူးခြားနေသည်။ ခါတိုင်းဆိုလျှင် သူသည် ကပ်ဦးထုပ်ကို မချွတ်တမ်း (အိမ်နေရင်းတောင်) ဆောင်းထားတတ်သည်။ အခု ကပ်လည်းမပါ။ သေးကွေးချစ်စဖွယ်ကောင်းသော ပလက်တီနမ် နားကွင်းလေးလည်း မရှိတော့။ အထူးခြားဆုံးမှာ သူတစ်ခါမှ မဝတ်ဘူးသော ဂျင်းတန်းမန်းစတိုင်လ် ဝတ်လာခြင်းပင်။ အပြုခံပေါ်မှာ အနက်ရောင်ကွမ်းရိုးစင်းလေးတွေ ပါဝင်သော Arrow ရှပ်လက်တိုနှင့် သပ်ရပ်ပုံကျခမတ်ကျလှသော စတိုင်ဘောင်းဘီအနက်ရောင်၊ ပြောင်လက်တောက်ပနေသော ရှူးအနက်တို့ဖြင့်





သူ့ပုံစံသည် အခါများစွာကနှင့် လုံးဝကွဲပြားခြားနားလျက် ရှိနေလေသည်။

ခါတိုင်း နဖူးပေါ်မှာ ခပ်ဝဲဝဲကျနေတတ်သော ဘစ်မျိုးဆွဲဆောင်မှုရှိသည့် ဆံပင်တွေပင်လျှင် အခုတော့ မွှေးကြိုင်သင်းပျံ့သော Hair Cream တစ်မျိုး၏ အကူအညီဖြင့် နောက်ပါးဆီသို့ သပ်သပ်ရပ်ရပ်တည်ရှိနေခဲ့လေသည်။ သူ့မျက်နှာရဲ့ချောမောမှုဟာ ခုမှပို၍ အသက်ဝင်လာသလို ခန့်ညားမှုတောင် စွက်နေခဲ့သည်။ သူ့ပုံစံကား ခါတိုင်းပုံစံနှင့် လုံးဝကွဲပြားလို့နေတာ ဖြစ်ပါသည်။

"နင်က ဘာပုံဖြစ်လာတာလဲ ..."

"ဘာလဲ မလှဘူးလား ... ဒီဇိုင်းတစ်မျိုး ပြောင်းလာတာလေ ... ဗွတ်ဒ်လား ..."

"ငါ့အတွက် သိပ်ထူးဆန်းနေတယ် ... နင့် ဦးထုပ်တွေရော နားကွင်းရော ..."

သူက အသက်ကိုချစ်စနိုးဖြင့် ဟက်ဟက်ပက်ပက် ရယ်ကာ ...

"ဟာ ရှပ်နဲ့စတိုင်ပန်(န်)ဝတ်ပါတယ်ဆိုမှ ကပ်တွေ နားကွင်းတွေ ဝတ်ရဦးမှာလားကွ ... သိပ်မစဉ်းစားနဲ့ ..."

"ဒါဆို နင် ဘာလို့ ပုံစံပြောင်းလာတာလဲ ငါ့ကိုပြောပြ"

"နင်ကလည်း ဒါလေးတောင် မတွေးတတ်ဘူးလား ... ဆင်းနဲ့ တွဲသွားမှာလေကွာ ... ဆင်းက လုံးဝမြန်မာဆန်ဆန်



Book Sharing

Scanned by CamScanner

လေး ... ငါက Hip-Hop ဒီဇိုင်းဖြစ်နေရင် ဘယ်လိုလုပ် Matching ဖြစ်တော့မလဲ ... အရှေ့နဲ့အနောက် တခြားစီပေါ့ ဒါဆို လုံးဝလိုက်ဖက်သွားမယ်လေ ... မဟုတ်ဘူးလား ... သယ်ရင်း ဟင် ..."

သူ့အမေးကို ပြန်တောင် ခေါင်းမညိတ်နိုင်အားဘဲ အသက် ဖျတ်ခနဲ ငြိမ်သက်သွားခဲ့သည်။ ဩော် သူ ဆင်းအပေါ်မှာ အဲဒီလောက်တောင်ပဲ အလေးထားသတဲ့လား။ မိန်းမတစ်ယောက်ကို ချစ်မြတ်နိုးခြင်းအတွက် သူ မက်မောခုံမင်သောအရာတွေကို စွန့်လွှတ်ကာ သူ ချစ်သောမိန်းကလေးအတွက် စဉ်းစားပေးသော သူ့ရဲ့ ချစ်ခြင်းအတွက် အသက်များစွာ ဝမ်းနည်းခဲ့သည်။ အသက်ရင်ထဲရှိ ခံနိုင်ရည်တွေသည် ဒီအတိုင်းဆို ကြာရှည်မြဲဖို့ လွယ်မည် မဟုတ်ချေ။

"ဟေ့ ... ဘာတွေငေါင်နေတာလဲ ... သွားမယ်လေ ... မောင်းတော့ ... အင်း ... ဒီနေ့ ငါသယ်ရင်းလည်း ဆံပင်တွေ ဘာတွေ မစည်းခဖူးစည်းလို့ ... နင်နဲ့ပိုနီဇံတေးလ်နဲ့ လိုက်တယ် သိလား ..."

အခါတိုင်းလို သူ့စကားကို အသက်မပျော်နိုင်တော့ပေ။ အသက်က ဝမ်းနည်းစိတ်တွေကို ကျိတ်မှိတ်လျက် ကားကို မောင်းထွက်လာခဲ့ကာ ၈ မှာထားသလို အပြုံးတစ်ခုကို ပြန်လည် တပ်ဆင်လိုက်ပါသည်။ သူ့ရှေ့မှာ အသက်ရဲ့ခံစားချက်တွေ လုံးဝ





မပေါ်လွင်စေရတော့ဟု တစ်ခဏအတွင်းမှာပင် ဆုံးဖြတ်ခဲ့ပြီ ဖြစ်သည်။

သူ သိ၍ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ချေ။ အသက် သူ့ကို ချစ်နေတယ်ဆိုတာ သူ သိသွားခဲ့လျှင် သူ့အနေဖြင့် အသက်ကို အစစအရာရာ တိုင်ပင်မှာ မဟုတ်တော့ ...။ သူက ပါးနပ်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ အသက်က ပို၍ ပါးနပ်ခဲ့လေသည်။

"ဆင်းနဲ့ matching ဖြစ်အောင်ဆိုရင် ပုဆိုးဝတ်ရမှာလေ ... ပုဆိုးဝတ်ခဲ့ပြီးရော ..."

"ဟာ ... ပုဆိုးတော့ မဝတ်ချင်ပါဘူးကွာ ... အဲ စဉ်းတော့ စဉ်းစားသေးတယ် သိလား ... ဒါပေမဲ့ ဘုရားသွားမှာလည်း မဟုတ်ဘူး ... ငါကလည်း သိပ်မဝတ်ချင်ဘူး ... ပြီးတော့ ငါတို့နှစ်ယောက်က မြန်မာဆန်ဆန်တွေ နင်တစ်ယောက် တည်း ကွဲနေမှာစိုးလို့ပါ ..."

အဲဒီစကားအတွက် အသက် သူမသိအောင် မဲ့၍ ပြုံးလိုက်လေသည်။

"ဘာဖြစ်လဲဟာ ... စတိုင်လ်ပေါ့ ... နင် သိပ်ပျော်နေလား ထက်သန် ..."

"ပျော်တာပေါ့ ... နောက်မှ နင့်ကို အေးဆေးပြောပြမယ်၊ လမ်းကျရင် ငါ နောက်ခန်းထဲပြောင်းထိုင်မယ်နော် ... နင်



Scanned by CamScanner

က အလိုက်တသိနဲ့ ဆင်း ပျင်းနေလိမ့်မယ် နင်နောက်ထဲ သွားပါလားဆိုပြီး ကားကို ရပ်ပေးဦး ..."

အသက်က သူ့ကို အောင့်သက်သက်ဖြင့် ခေါင်းညိတ်ပြရလေသည်။ အသက်ရဲ့ ဘယ်ဘဝက အကျိုးပေးမှန်းမသိချေ။ အသက်သည် ရင်နှင့်အမျှ ချစ်ရသောသူတစ်ယောက်ကို တခြားမိန်းမတစ်ယောက်နှင့် အဆင်ပြေအောင် ဘက်စုံထောင့်စုံမှ အကူအညီပေးနေရတာ ဖြစ်သည်။ သူတို့နှစ်ဦးလျှောက်သောလမ်းတွေ သာယာဖြောင့်ဖြူးသောအသက်ရဲ့နှလုံးသားကို ခင်းထားခဲ့ရတာ ဖြစ်သည်။ သူတို့နင်းဖြတ်လျှောက်နေချိန်မှာ အသက် ဘယ်လိုခံစားရမလဲဆိုတာ သူတို့ မသိကြ။ ဝဋ်ကြွေးတွေပဲ ဖြစ်သည်။

ဆင်းတို့ခြံရှေ့မှာ ဟွန်းသုံးချက်လောက် ဆင့်တီးလိုက်သောအခါ ခြံတံခါးပွင့်လာပြီး ဆင်းထွက်လာပေသည်။ ဆင်းရဲ့နောက်ပါးမှာက သူမရဲ့မိခင်ဖြစ်သူ။ ဆင်းရဲ့မိခင်ကတော့ နှစ်သက်သဘောကျသောမျက်နှာထားဖြင့် ...

"ဆင်းကို အပြင်လည်ချင်လာအောင် ခေါ်နိုင်တာ အသက်တို့သိပ်တော်တာပဲကွယ် ... ကျေးဇူးတင်ပါတယ် ... အေးအေးဆေးဆေးသာ သွားကြ ... ဟုတ်ပြီလား ..."

"ဟုတ်ကဲ့အန်တီ ... အန်တီ ဘာမှာဦးမလဲ ... ဘာဝယ်ခဲ့ရမလဲ ..."

"ဘာမှမဝယ်ပါနဲ့ ... ရတယ် သမီး ... ရတယ် ... သမီးဆင်း





ရေ အသက်တို့ထက်သန့်တို့ကိုလည်း စိတ်ညစ်အောင် ဂျီကျမနေနဲ့ဦးနော် ... ကြိုမှာထားပါရစေ ... ကလေးတို့ရေ သူကသူ သိပ်ချင်တွယ်တာမိသွားပြီဆိုရင် သိပ်ဆိုးတတ် ဂျီကျတတ်တာ ..."

အသက်က အန်တီကြီးကို ပြုံးပြရင်းနှင့်မှနေ ဘေးမှာထိုင်နေသော သူ့ကိုပါ အဓိပ္ပာယ်ပါပါ မျက်ဝန်းများဖြင့် ဖျတ်ခနဲဆိုရုံမျှ ကြည့်ကာ ဆင်းကားပေါ်ထိုင်ပြီးချိန်မှာ ကားကို မောင်းထွက်လိုက်သည်။ ကားမောင်းနေရင်းမှ နောက်ကြည့်မှန်ထဲကတစ်ဆင့် ဆင်းကို အကဲခတ်သည်။ ဆင်းသည် ခေါင်းလျှော်ထားစ ဆံပင်တွေကို ဒီအတိုင်းပဲ ဖြန့်ချထားကာ နက်ပြာအခံပေါ်မှာ အဖြူစပေါ်လုံးလေးတွေပါသော အဆင်ကိုဝမ်းဆက်လက်ပြတ်ချုပ်ဝတ်ထားပါသည်။

ရိုးရှင်းသော လည်သာအိတ်တစ်လုံးပါသည်။ ဒါပဲဖြစ်သည်။

ဆင်းသည်လည်း ထူးခြားတောက်ပစွာ ပြင်ဆင်မလာသလို အသက်လည်းပဲ ဘာမှထူးထူးခြားခြား ပြင်ဆင်မထားချေ။ ဒါပေမဲ့ နှစ်ယောက်သားဟာ မြင်လိုက်တာနှင့် စိတ်ဝင်စားဖွယ်ကောင်းအောင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွာခြားလို့နေသည်။ ယှဉ်ကြည့်ကြစတမ်းဆို အသားအရေ ဖြူစင်ဝင်းပမှုမှာ အသက်က နိုင်းမရအောင်သာလျက် မျက်နှာသွင်ပြင်မှာတော့

အသက်ဟာ ချစ်စရာကောင်းသည့်ဘက်သို့ ပိုကဲကာ ဆင်းက ချော မော့သည့်အစားထဲမှာ ပါဝင်လေသည်။

"ဘယ်ကို အရင်သွားချင်သလဲ ဆင်း ... ဘယ်နေရာကြိုက်လဲ ... "

"ဆင်းက မသိပါဘူး ... အသက် အဆင်ပြေမယ်ထင်တာသာ လုပ်ပါ ... "

"ဆင်းက ဘယ်မှသိပ်မရောက်ဖူးဘူးနဲ့တူတယ်နော် ... "

"ဟုတ်တယ် ... ဆင်း ရန်ကုန်ရောက်ကတည်းက ရွှေတိဂုံဘုရားနဲ့ ဗိုလ်ချုပ်ဈေးကလွဲလို့ ဘယ်မှမရောက်ဖူးဘူး ... စ ဖြင်နေသမျှ ဆင်းအဖို့တော့ အဆန်းချည်းပဲသိလား"

"ဩော် ... ဩော် ... ဘယ်ဟာ ဘာဆိုတာတောင် ဆင်း သိမှာ မဟုတ်ဘူးနော် ... ဒါ ... ပါးလ်ကွန်ဒိုကြီးပေါ့ ဆင်းရဲ့ အဲ ... ထက်သန်ရေ ... နောက်ထဲမှာ ဆင်းတစ်ယောက်တည်း မျှင်းနေမှာပေါ့ ... နင် နောက်ထဲပြောင်းထိုင်ပြီး ဘယ်ဟာ ဘာဆိုတာ ဆင်းကိုပြောပြလိုက်ပါလား ... "

အသက်က ဆရာစံလမ်းထောင်က မီးပွိုင့်မှာ မီးနီမိနေတုန်း သူ့ကိုလှမ်းပြောလိုက်တာ ဖြစ်သည်။ သူကလည်း နှစ်ခါတောင် မတို့လိုက်ရချေ။

"အိုကေ ... ကိုယ်လာမယ်နော်ဆင်း ... ဆင်းရဲ့တူးဂိုက်ပေါ့ ဟဲ ဟဲ ... ဘိုလိုတော့မရှင်းတတ်ဘူး ... မြန်မာလိုပဲ ပြော





မယ်နော် ... ဖြစ်တယ်မလား ... "

သူက ပြောပြောဆိုဆိုပင် နောက်ခန်းထဲ ဆင်းရဲ့ နံဘေးကို ဈေ့ခနဲ ရောက်သွားလေသည်။ နောက်ကြည့်မှန်ထဲကနေ၍ အသက်က ဆင်းရဲ့မျက်ဝန်းတွေကို လှမ်းအကဲခတ်လိုက်စဉ်မှာ

ဆင်းရဲ့ မျက်ဝန်းတွေဟာလည်း ထက်သန့်နည်းတူ တောက်ပလျှက် နှုတ်ခမ်းဖျားတွေဟာ ရယ်ရွှင်ရိပ်မြူးလျှက်ရှိတာကို တွေ့လိုက်ရသည်။ သူတို့နားလည်မှုတွေ ဖလှယ်ပြီးကြပြီ ထင်ပါရဲ့။

သူက ဆင်းကိုမြင်လိုက်တာနှင့် ငုံထားတော့မတတ်ယုယကြင်နာနေသော ပုံစံဖြင့် ဘယ်နေရာကဘာဆိုတာ ပြောပြလိုက်၊ ဆင်းက သူ့ကိုခေါင်းတညိတ်ညိတ်နှင့် ပြုံးကြည့်လိုက်၊ သူက ဟာသပြောသောအခါ ဆင်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ဖြင့် သူတို့နှစ်ဦးတည်းပဲ စိုပြည်လျှက်ရှိနေကာ အသက်ကတော့ အဟုတ်ကိုပင် သူတို့သွားလိုရာလိုက်ပို့နေရသော ဒရိုင်ဘာမကြီးလုံးလုံး ဖြစ်နေတာပင်။

အသက်သည် ပထမဦးဆုံးအကြိမ်အဖြစ် သူ့ကိုချစ်မိသော အချစ်တွေအတွက် ရင်နာရလေသည်။ တကယ်ဆိုးသော တစ်ဖက်သက်အချစ်သမားတွေရဲ့ ဘဝတွေပင် ဖြစ်သည်။ သူ့ထံမှာ ရှိသော အသက်အတွက် မက်လောက်စရာ သံယောဇဉ်တွေသာ ရှိမနေလျှင် အသက်ဒီလောက်တောင် ဖက်တွယ်နေမည် မဟုတ်တော့။ သူတို့နှစ်ဦး အပြုံးချင်းဖလှယ်ကာ ကြည်နူးပျော်ရွှင်နေသော

မြင်ကွင်းသည် အသက်အဖို့တော့ ကြာလေ့ မခံစားနိုင်လေပဲ ဖြစ်လေသည်။

"ထက်သန် ဘယ်သွားမလဲ ..."

အသက်က သူ့ကိုလှည့်မကြည့်ဘဲ မေးလိုက်သည်။ သူ့ထံမှ အသံခဏတိတ်သွားပြီးနောက် ...

"ရှော့ပင်းနဲ့သွားမယ်လေဟာ ... တို့သွားနေကျ ဒဂုံစင်တာကိုပဲ လိမ့်ကြတာပေါ့ ... ပြီးရင် ဆင်းကို အိုရင်တီရယ်လ်ဟောက်စ်မှာ ထမင်းကျွေးမယ် ... အဲဒါပြီးရင် သမ္မတမှာ ရုပ်ရှင်ပြမယ်ကွာ ... အဲဒီနေရာတွေ သူတစ်ခါမှ ရောက်ဖူးသေးတာ မဟုတ်ဘူး ... စုံသွားအောင်လို့ပေါ့ ... မကောင်းဘူးလား ..."

"ကောင်းပါတယ် ... ပြီးရောလေ ... ဒဂုံစင်တာနော် ..."

အဲဒီနောက် အသက်က သူ့ကို စကားလှမ်းမပြောတော့ပေ။ ကားထဲက စီဒီကို ခပ်တိုးတိုးဖွင့်လျက် သီချင်းလိုက်ညည်းသလို၊ ကားကို ဂရုစိုက်မောင်းသလိုနှင့် တစ်ယောက်တည်းနေကာ ဘက်မှန်ထဲမှနေ၍တော့ သူတို့နှစ်ဦးကို မကြာခဏ အကဲခတ်လျက်ရှိသည်။ ဆင်းသည် အရာရာကို မသိနားမလည်သော အရိုးခံမျက်ဝန်းလေးဖြင့် ထက်သန်ကို ကောင်းကောင်းကြီး ဖမ်းစားလျက်ရှိတာကို တွေ့ရလေသည်။ ထက်သန်က ဆင်းကိုကြည့်သော အကြည့်တွေဟာလည်း ဘေးလူမြင်လျှင်တောင် သိသာစေသည့်





အရည်ပျော်လုလု မျက်ဝန်းများ။

ဒဂုံစင်တာသို့ရောက်တော့လည်း အသက်က အပိုလူတစ်ယောက်လိုပင် ဖြစ်သည်။ သူက အသက်ကိုတောင် သိပ်ဂရုမစိုက်နိုင်အားဘဲ ဆင်းကိုသာ အရိပ်တကြည့်ကြည့် ဖေးဖေးမမဖြစ်နေသည်မှာ ကြာတော့ အမြင်တောင်ကတ်လာခဲ့လေသည်။

ဂျွန်းတဲလ်မန်းစတိုင်လ်ထွက်နေသော သူ့ပုံနှင့် ... ခေတ်မီဒီဇိုင်းတွေကြားက တစ်မျိုးတစ်ဘာသာကွဲထွက်ကာ ဆံနွယ်ရှည်ကြီးတွေ တလွင့်လွင့်ဖြာလျက် မြန်မာဆန်ဆန် ချောမောသော ဆင်းရဲ့ပုံသဏ္ဍာန်တို့ဟာလည်း သူများဂရုပြုမိချင်စရာပင်။ ပစ္စည်းတစ်ခုခုဝယ်လျှင် သူကပါ ဘေးကဝင်ပါလျက် အကြံဉာဏ်ပေး ရွေးချယ်ပေးကာ တယုတယအလိုလိုက်နေပုံတွေကိုမြင်လျှင် အသက်သည် တစ်ချိန်က ရခဲ့ဖူးသော ဒီလိုဂရုစိုက်မှုတွေအတွက် တိုးလို့ပင် နာကျင်ရသည်။

သူ့လို ယောကျ်ားတစ်ယောက်ရဲ့ ဦးစားပေးဂရုစိုက်မှုကို ရရှိသော ကံကောင်းသည့်မိန်းမတစ်ယောက်ကိုကြည့်ကြသော မျက်လုံးတွေကို အသက် မရှုံတော့။ ဆင်းကသာ ဝိုင်ဝိုင်နိုင်နိုင်ကြီး ရရှိထားလေသည်။ ကြာသောအခါ အသက်ရဲ့မျက်နှာပေါ်မှာ တဖြည်းဖြည်းနှင့်အပြုံးတွေ ကျဲပါးပြေလာခဲ့သည်။ ဒါကို သူက ရိပ်မိသွားဟန်ဖြင့် ဆင်းတစ်ယောက် နာရီတွေရွေးနေတုန်းမှာ အသက်အနားသို့ လှစ်ခနဲကပ်လာလျက် ...



Scanned by CamScanner

"အသက် ဘာမှ မဝယ်ဘူးလား ..."

တကယ်ကိုပင် အသက် ဘာပစ္စည်းမှ မဝယ်ပေး။ ခါတိုင်းဆိုလျှင် အထုပ်အပိုးတွေများလွန်းသဖြင့် သူပင် ကူဆွဲပေးရသည်အထိ။ ခုတော့ ဘာမှ ဝယ်ချင်စိတ်လည်း မရှိ။ မျက်လုံးထဲ မြင်မြင်သမျှအရာတိုင်း အကျည်းတန်လို့သာ နေသည်။

သူ့အမေးကို ပါးစပ်ကတောင် ပြန်ဖြေချင်စိတ် မရှိသဖြင့် ခေါင်းပဲယမ်းပြလိုက်သည်။

"ဟိုမှာ ဆင်းကြည့်နေတာ Switch နာရီလေးတွေလေ တော်တော်လှတယ် ... သွားကြည့်ပါလား ... နင်မြင်ရင်လည်း ကြိုက်မှာပါ ..."

"တော်ပါပြီ ... မကြိုက်ဘူး ..."

"ဘာလို့လဲ ... နင်ဘာဖြစ်နေတာလဲ ... ငါ့ကို ကောက်နေတာလား ..."

ဒါတော့ သူသိသားပင်။ အသက်သည် တွေးရင်းမှ နာကျင်လာကာ ကျွတ်ခနဲတစ်ချက်ရွတ်လိုက်ရင်း ...

"ဘာ ကောက်ရမှာလဲ ... သွားပါ ... သွားပါ ... နင့်မဖုရားလေးဆီပဲ သွားပါ ... တော်ကြာ ဟိုကကောက်မှ ဖြည်မရဘဲ နေဦးမယ် သွား ..."

"မကောက်ပါဘူး ... အသက် နင်စိတ်မဆိုးပါနဲ့ဟာ ... ဆင်းက အားငယ်တတ်လို့ပါ ... ပြီးတော့ သူက တစ်မြို့တစ်ရွာ





က လာတာမဟုတ်လား ... အဲဒါကြောင့်ပါဟာ ... ငါ့ကို နားလည်ပေးပါဟာ နော် ..."

"သြော် ... အေး ... အေး နင့်မျက်နှာကြီး ပလာဇာကြီးထင်ပြီး လိုက်လာတာမို့လို့ပေါ့လေ ... ရပါတယ် ... ရပါတယ်၊ ကြွပါ ... စိတ်ဖြောင့်လက်ဖြောင့်နဲ့ ..."

သူက မျက်နှာရှုံ့မဲ့ကာ သက်ပြင်းတစ်ချက်ကို ဟင်းခနဲ မြည်အောင် ချသည်။

"အသက် ဒီလို အငေါ်မတူးစမ်းပါနဲ့ကွာ ... ပလိစ် ကျေးဇူးပြုပြီး ပြုံးပါနော် ..."

"ရော် ... ဘယ်လိုဖြစ်နေတာလဲ ... ငါဘာသာအေးအေးနေတော့လည်း နင်ကလာပြီးကျပ်နေတယ် ... နင်တို့ဘာသာနေတာ ငါက ဘာပြောနေလို့လဲ ... ဘာရောကောက်စရာရှိလဲ ..."

"မဟုတ်ပါဘူး ... နင် စိတ်ဆိုးနေသလားလို့ပါ ..."

"မဆိုးပါဘူးဟာ ... ငါ နားလည်ပါတယ် ... တကယ်ဆို ငါပါဖို့တောင် မကောင်းဘူးဟ ... နင်တို့ဘာသာ လည်သင့်တာ ... ဘယ်လိုလဲ ငါ ရှောင်ပေးရမလား ... ရုပ်ရှင်ကို နင်တို့နှစ်ယောက်ပဲကြည့်လေ ..."

သူများဝမ်းသာသွားမလားဟု အသက်က တမင်မေးလိုက်ခြင်း ဖြစ်လေသည်။ သို့သော် သူ့မျက်နှာတွင် ဝမ်းသာရိပ်



Book Sharing

Scanned by CamScanner

ပြောင်းလဲမသွားဘဲ အနည်းငယ်ငြင်းဆန်ရိပ်ပင် ပါဝင်သောမျက်နှာထားဖြင့် ခေါင်းယမ်းကာ ...

"အာ ... နင်ပါကြည့်ရမှာပေါ့ ... အဲလိုကြီး ခွဲခြားခွဲခြား မလုပ်ပါဘူး ... ဒီကားက နင်လည်းမကြည့်ရသေးဘူး ... သုံးယောက်အတူတူကြည့်မှာပေါ့ဟ ... "

သူ့စကားကြောင့် အသက်ချမ်းမြေ့သွားခဲ့ပါသည်။ သူဟာ အသက်ကိုတော့ ရှောင်ဖယ်ချန်ထားချင်သည့်စိတ် အဟုတ်ကိုပဲ မရှိရှာပါ။

"အေးပါ ... လိုအပ်မယ်ဆိုရင်ပြောတာပါ ... နောက် ရည်းစားဖြစ်သွားတော့မှ ရှုပ်လိုက်တာလို့မပြောနဲ့ ... အဲဒီကျ ငါက လိုက်မှာပဲနော် ... လုံးဝမနေခဲ့ဘူး ... "

အသက်က ကိုယ့်အတွေးနှင့်ကိုယ် ကိုယ့်အစီမှာယ် နှင့်ကိုယ် ပြောလိုက်တာဖြစ်သည်။ သူ့အနားကနေ၍ အသက် ရှောင်ဖွာပယ်ပေးဖို့ လုံးဝစိတ်ကူးမရှိချေ။ သူကလည်း အသက်ကို ချန်မထားရစ်ခဲ့။ အကောင်းဆုံးပဲ ဖြစ်လေသည်။

"မနေခဲ့နဲ့ မနေခဲ့နဲ့ ... အံမာ ... မင်းစကားက တယ်နိမိတ်ကောင်းပါလားကွ ... ဟင် ရည်းစားဖြစ်သွားတော့မှတဲ့ ... ဝွတ်ဒ်တယ် ... ပလက်တီနမ်ပါးစပ်လေး ... အသက် နင် အာရုံခံပါဦး ... ဘယ်လိုလဲ သူ ငါ့ကိုကြည့်ပုံမလား ... "

ကြည်လွန်းလို့ နောက်တောင်နေပြီဟု ပြန်ပြော





လိုက်ချင်လေသည်။ ဆင်းကြာညိုရဲ့မျက်ဝန်းတွေထဲမှာ ထက်သန့်အပေါ် တွယ်ငြိရိပ်တွေ၊ နှစ်သက်သဘောကျရိပ်တွေ ပြည့်လျှက်ရှိတာကို အသက် မြွေ မြွေချင်းမို့ ခြေမြင်ပြီးသား ဖြစ်သည်။

"ကြည်ပုံ ... ကြည်ပုံ ... သူ့အလိုသာ လိုက်ရင် ကြည်မှုံရုပ်၊ နင့်ကို မကြည်မှုံမိန်းမရှိလို့လား ... ထက်သန့်ရဲ့ ... "

"ဩော် ... သူကတော့ သူများနဲ့သိပ်မတူဘူးလေကွာ ... ငါ ဖွင့်တောင်ပြောရင်ကောင်းမလားလို့ ... ဟင် ... အသက် ဘယ်လိုလုပ်ရမလဲ ... "

သူက အသက်ကိုယုံကြည်စွာ တိုင်ပင်နေပြန်ပေ သည်။ သူနှင့်ဆင်းသည် အနေးနှင့်အမြန် ရည်းစားဖြစ်မှာ သေချာ လေသည်။ သူ့အချစ်တွေ ဆင်းအတွက်ဟု ရည်ရွယ်ထားပြီး ကိုလည်း အသက်သည် ရည်းစားဖြစ်မှာလောက်လေးကို မှုမနေ ကို လက် ရည်းစားမြန်မြန်ဖြစ်သွားလေ စုပြောသလို ပြိုင်ပွဲဟာ ပို၍ နိုတာက လှုပ်ရှားလာလေလေ ဖြစ်သည်။

"နင့်သဘောပဲလေ ... မြန်မြန်ပြောတော့ အငြ လက်ဘက် ဒီနေ့ပြောရင်တောင် ကောင်းသေးတယ် ... ဒီနေ့ ၌၊ Boss ဟ ... "

"ဟား ... ငါ့သူငယ်ချင်းကတော့ ပိုမယ်ပို လက်ငေ သူလဲ" ရောက်အောင် ပို့နေပြန်ပြီ ... ဒီနေ့တော့ ဘယ်လိုဖွင့် ခိုက" တာ



Scanned by CamScanner

မလဲဟ ... ညကျမှ ပြောတာ မကောင်းဘူးလား ... မုန်းနဲ့လေ ..."

"မမုန်းနဲ့ဆရာ ... မျက်နှာချင်းဆိုင်ကြည့်ပြီးပြော ... ဟာ ဒီနေ့ပဲ ပြောဟာ ... "

"ဟာ ...ဇွတ်ပါလားကွ ... နင်က ပိုတက်ကြွနေပါလား... ဟင် ... အသက် ... နင်က တကယ်ချစ်ဖို့ကောင်းတယ် အသက်ရာ ... ငါကိစ္စကို နင့်ကိစ္စလိုပဲ ခံစားပေးနိုင်တယ်၊ ငါ့အပေါ်မှာ နင့်လောက် နားလည်ပေးဆပ်နိုင်မဲ့သူရှိမှာ မဟုတ်ဘူး ..."

သူကလက်လက်ဖြာသောမျက်ဝန်းတွေဖြင့်အသက် ဂျူးနေ လသည်။ အသက်က သူ့ကို ပြောင်စပ်စပ်ဖြင့် မချို ကာ သူ့စကားကို အရေးမကြီးသလို သဘောထားနေ နင့်ကို စိတ်ထဲမှတော့ သူ့သဘောထားအတွက် တိတ်တ ခွာဖယ်ပ်ဂုဏ်ယူလို့ နေခဲ့လေသည်။ သူ့စိတ်ထဲမှာ အသက် မထား၊ သဘောထားပြည့်ဝကာ နားလည်တတ်သော မိန်းမ အဖြစ် နေရာပေးလို့နေချေပြီ။

ထိုအခိုက်မှာပဲ သူနှင့်ဆင်းတို့နှစ်ယောက်တည်း ဖြစ် ချစ်စကားပြောဖို့ ဖြစ်ပေါ်သွားစေသော အခြေအနေ နံပင် ဖြစ်ပေါ်သွားခဲ့လေသည်။ သူနှင့်အသက်တို့ ဆင်းရှိ ခင်တာဆီကို အသွားမှာ အသက်ရဲ့ သူငယ်ချင်းနိတာနှင့်





သွားတိုးတာ ဖြစ်လေသည်။ နိတာက အသက်ကိုမြင်သောအခါ ဝမ်းသာအားရဖြစ်သွားသောဟန်ကို ဖုံးဖိမရစွာဖြင့် ...

"ဟယ် ... အသက် ... ကြည့်စမ်း ပျောက်ချက်သားကောင်း နေတာ ... အံမယ် ဒါက စုံတွဲရှော့ပန်းပေါ့လေ ..."

တခြားအချိန်ဆိုလျှင် အသက်က ဒါပေါ့ ဒါပေါ့ဟု ဆိုကာ အပြိုင်ပြန်နောက်နေကြဖြစ်သော်လည်း ဒီတစ်ခါတော့ နိတာ့ကို မျက်လုံးပြူးပြကာ တားမြစ်ရသလို ထက်သန်ကလည်း ခပ်ပြုံးပြုံးနှင့်ဝင်၍ ...

"ညည်းသည်ပါတယ် နိတာရဲ့ ... ဇွတ်အော်မနေနဲ့ ဆင်း ပြီးပြီလား ... ဩော် ... ကိုယ်လာပြီနော် ခဏလေး နီ့ဟာ"

သူက နိတာ့ကို ပြောရင်းမှနေ ကောင်တာကိုလည်း လှမ်းမေးလိုက်သေးတာ ဆင်းကခေါ်သဖြင့် အသက်တို့ကို လက်ကာပြကာ ကောင်တာဆီသို့ လျှောက်သွားးလသည်။ နိတာက သူသွားရာနောက်သို့ လည်ပြန်လိုက်ကြည့်ရင်းမှနေ၍ အသက်ဘက်သို့ တအံ့တသြ ခေါင်းလှည့်လာခဲ့ကာ ...

"ဟဲ့ ... ထက်သန်က ဘာဒိုင်းလဲ ... MD လိုလို၊ Boss လိုလိုနဲ့ ပိုကောင်တာက မြရတနာကရော ဘယ်သူလဲ"

"မြရတနာမဟုတ်ပါဘူး ... ဆင်းကြာညို့တဲ့ ငါတို့ရှေ့ဖြို့က"

"မြရတနာဆိုတာ ထောလပတ်ခေါင်းလိမ်းဆီကိုပြောတာ

ပါ ... ဆံပင်ရှည်ကြီးနဲ့မို့ဟဲ့ သူတို့နှစ်ယောက်က ဘာလဲ ဟဲ့ ... "

နီတာက သူနှင့်ဆင်းကို တအံ့တသြကြည့်လိုက် အသက်ကို တို့ကာမေးခွန်းထုတ်လိုက်နှင့် အထူးစိတ်ဝင်စားနေခဲ့လေသည်။ နီတာရဲ့မျက်လုံးအစုံထဲမှာ မယုံနိုင်ရိပ်တွေက အထင်သား။ နီတာ အပါအဝင် သူငယ်ချင်းအားလုံးက သူနှင့်အသက်ကို တစ်နေ့ကျ ချစ်သူတွေ ဖြစ်သွားကြလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြတာ ဖြစ်လေသည်။

"ဘာမှ မဖြစ်သေးပါဘူး ... ထက်သန့်က ကြိုက်နေတာ"

"ဟင် ... "

နီတာရဲ့ဟင်က သံရှည်ဆွဲလျက် ဟင်း ဘက်တောင် ရောက်သွားပါသည်။ ဆင်းကို နှာခေါင်းတစ်ချက်ရှုံ့ကြည့်လျက် ...

"ဘာမှလည်းမလှဘူး ... ဆံပင်ရှည်တာပဲရှိတယ် ... ဘာကြိုက်တာလဲ ... တကယ်ကြိုက်တာရော ဟုတ်ရဲ့လား ... အသက် နင်က ဘာလို့သူတို့နဲ့လိုက်လာတာလဲ ... "

"ငါက ဒရိုင်ဘာလေဟာ ... "

"အိုး ... ရာဇဝင်ရိုင်းလိုက်တာ ... ကြည့်စမ်း ... ငါမြင့်အဲဒီမိန်းမကိုမြင်တာနဲ့ မေတ္တာမရှိဘူး ... ပုံစံကိုက ထက်သန့်ကို ပိုင်တယ်ဆိုတဲ့ရုပ်နဲ့ ... နင် ငါနဲ့လိုက်ခဲ့ပါလား အသက်ရဲ့ ... လွှတ်ပေးထားလိုက်စမ်းပါ ... သ မနေနဲ့ ... "



အသက်ကလည်း မလိုက်ချင်တာနဲ့ အတော်ပဲဖြစ်သည်။ သူတို့နှစ်ဦးတည်းသာ တစ်ကမ္ဘာထင်နေသောမြင်ကွင်းကို အသက်မမြင်ချင်တော့။ စိတ်မပါလက်မပါရှိတုန်းမှာ နီတာနှင့်ဆိုက်ဆိုက်မြိုက်မြိုက် လာ၍ဆုံတွေ့ခြင်းသည် အသက်ရဲ့ခံစားချက်တွေ လျှစ်လျူရှုမနေနိုင်သော နတ်ဒေဝါတစ်ပါး၏ သနားသော ဖန်ဆင်းပေးခြင်းပဲ ဖြစ်ပါမည်။

"အေးပါဟာ ... ဒါပြီးရင် ထမင်းသွားစားကြတော့မှာ ... နင်နဲ့ငါနဲ့လည်း တစ်နေရာမှာ သွားစားကြတာပေါ့ ... အေးဆေးစကားပြောကြရအောင် ... ဟဲ့ ... ထက်သန့်ရှေ့မှာ နင်က ဇွတ်ခေါ်တဲ့ပုံစံလုပ်နော် ... "

"အေးပါ ... ငါ အထာသိပါတယ်ဟ ... "

ခဏအကြာမှာ ဆင်းနဲ့ထက်သန့်တို့က ကောင်တာမှ ထွက်လာကြလေသည်။ နီတာက အသက်ရဲ့လက်ကို ကိုင်ထားရင်းမှနေပြီး ...

"ထက်သန့် ငါ အသက်ကိုခေါ်သွားမယ်ဟာ ... ဖြစ်တယ်မလား ... "

"ဟာ ... ငါတို့က အတူတူလာတာဟ ... နင်သွားချင်ရင် နောက်နေ့မှ သပ်သပ်ချိန်းပေါ့ ... ဟုတ်တယ်နော် အသက်"

သူက အသက်ထံ ယုံကြည်စွာဖြင့် လှမ်းမေးလိုက်သော မျက်ဝန်းများကို ဥပေက္ခာပြုပစ်လိုက်လေသည်။ နင် မလွှန်

Scanned by CamScanner

လွန်းဘူးလား ထက်သန်ရယ်။ နင်ချစ်တဲ့ မိန်းမတစ်ယောက် နင့်အနားမှာရှိနေတာနဲ့ပဲ နင် မကျေနပ်နိုင်တော့ဘူးလား

အသက် ဘာမှမပြောရသေးခင်မှာပဲ နိတာကထပ်မံ၍ ...

"ငါ ဒီကအပြန်သွားစရာရှိလို့ပါ ... တစ်ယောက်တည်းဖြစ်နေလို့ ... နင်တို့က shopping ပတ်ရုံပဲ မဟုတ်လား ... ရပါတယ်ဟာ ... အသက်ကို ငါခေါ်သွားမယ် ..."

သူက အသက်ကိုမျက်လုံးတွေဖြင့် လှမ်းမေးသလို တစ်ချက်ကြည့်လိုက်စဉ်မှာ အသက်က ခေါင်းတစ်ချက်ညိတ်၍ ...

"ဟုတ်တယ် ထက်သန် ... ငါ လိုက်သွားလိုက်မယ် ... ကားကို နင်ယူသွားလိုက် ... သုံးနာရီလောက် သမ္မတရှေ့မှာ ငါလာစောင့်မယ် ... နိတာလည်း တကယ်လိုအပ်နေလို့ သူနဲ့ငါနဲ့လည်း မတွေ့တာကြာပြီဆိုတော့လေ ..."

သူ့ကိုပြောပြီးတာနှင့် ဆင်းဘက်ကိုပါ တစ်လက်စတည်း လှမ်းကြည့်လိုက်ကာ ...

"ဆင်း ဆောရီးနော် ... ဒီက သူငယ်ချင်းက အကူအညီတောင်းနေလို့ ... ဖြစ်တယ်မှလားဟင် ..."

"ဖြစ်ပါတယ် သွားလေ ... ရတယ် အသက် ..."

"အိုကေ ... ဒါဆို သွားပြီနော် ... ပြီးမှ ပြန်ဆုံကြတာပေါ့"

အသက်နှင့် နိတာက သူတို့ကို ပြုံးပြနှုတ်ဆက်ပြီး



ထွက်လာခဲ့ကြလေသည်။ အခုမှပင် အသက်ရဲ့ စိတ်ထဲမှာ အမှန်ကိုပင် ပေါ့ပါးသွားတာဖြစ်သည်။ ပေါ့ပါးသွားသော်ငြားလည်း လွတ်လပ်စွာ နှစ်ကိုယ်တည်း ကျန်ရစ်ခဲ့မည့် သူနှင့် ဆင်း အကြောင်းတွေးကာ ရင်မှာ ဝေဒနာတစ်မျိုး ဖြစ်ပြန်လေသည်။

သူတို့ ကွယ်ရာ ရောက်တာနှင့် အသက် ထင်ထားသည့်အတိုင်း နိတာက တန်း၍ မေးခွန်းတွေစီကာ ထုတ်တော့ပြီ။

"အသက် ပြောစမ်းပါဦး ... နင်နဲ့ငါ မတွေ့ဖြစ်တဲ့ တစ်လနှစ်လအတွင်းမှာ အခြေအနေတွေက ဘယ်ပုံဘယ်နည်း အဘယ်အဖြစ်သို့ ရောက်လတ္တံ့သနည်း ... အလင်းဖွင့်ပါဦး"

အသက်သည် စိတ်ရှုပ်ရှုပ်ကြားကပင် မျက်ခုံးရှုံ့ကာ ရယ်ရသေးသည်။

"အရေးထဲ ဇာတ်မင်းသမီးနဲ့ လာတွေ့နေတယ် ... အဲဒီ အမျိုးသမီးနာမည်က ဆင်းကြာညိုတဲ့ ... တို့ရှေ့ဖြကို ပြောင်းလာတာ ... ထက်သန်က မြင်ပြီး ငြိသွားတယ် ... ဒါပဲပေါ့ဟာ ..."

"ထက်သန်က ဘယ်လိုလုပ် ငြိသွားတာလဲဟယ် ... နင်တစ်ယောက်လုံးကြီး ရှိရဲ့သားနဲ့ ဘယ်လိုဖြစ်သွားရတာလဲ"

နိတာရဲ့စကားကို အသက် ပြန်ဖြေစရာ စကားလုံး မရှိသဖြင့် တဟဲဟဲပဲ ရယ်ကာ နိတာ့လက်ထဲမှ ကားသော့ကို လှမ်းယူရင်း မောင်းသူနေရာမှာ ဝင်ထိုင်ပြီးနောက် နိတာ တက်ပြီးတာ

နှင့် မောင်းထွက်လိုက်ကာ ...

"ထမင်း ဘယ်မှာစားမလဲ ... အိုရင်တီရယ်ဟောက်စ်က လွဲရင်ပေါ့ ... "

"ဘယ်မှာမှ မစားတော့ဘူး ... ငါ့အိမ်ကိုပဲမောင်းတော့ ... အိမ်မှာပဲ စားမယ် ... စကားပြောမယ် ... "

"အေးလေ ... အဲဒါလည်း ကောင်းတာပဲ ... "

"ကဲ ... စကားကို လွှဲမပစ်ပါနဲ့ ... ပြောစမ်းပါ ... ထက်သန့်က အဲဒီဆင်းကြာညိုကို တကယ်ချစ်တာတဲ့လား ... "

"ငါ့ကိုတော့ အဲဒီလိုပြောတာပဲ ... "

နီတာက ကျွတ်ခနဲ စုတ်သတ်လိုက်လေသည်။ တစ်စုံခုကို စဉ်းစားဟန်ပြုနေပြီးမှ အသက်ဘက် ဖျတ်ခနဲလှည့်လာကာ ...

"နင်က ဒီအတိုင်းပဲ ကြည့်နေလား အသက် ... "

"ဘာဆိုင်လဲဟ ... ဒီအတိုင်းပဲ ကြည့်နေတာတော့ မဟုတ်ပါဘူး ... ငါက အခု Cupid လုပ်ပေးနေရသေးတယ် ... "

"ကျွတ် ... နင် ဘာပေါက်နေတာလဲ အသက် ... နင်နဲ့ငါ ကြားမှာ Secret လုပ်နေစရာ မလိုပါဘူး ... နင် ဒီအတိုင်းပဲ ထက်သန့်ကို အဆုံးရှုံးခံတော့မှာလား ... နင် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ သိပါတယ်ဟာ ... နင်တို့နှစ်ယောက် သိပ်သံယောဇဉ်ကြီးကျတာ ငါတို့အားလုံး သိတာ





ပဲ ... ပြုံးနေပေမဲ့ နင့်ရင်ထဲမှာ ဘယ်လောက်ခံစားနေရ မလဲဆိုတာ ငါ သိတယ် ... "

အသက်သည် ဘာမှပြန်မပြောတော့ဘဲ အသာနှုတ် ဆိတ်နေမိလေသည်။ အသက်ရဲ့ ခံစားချက်တွေကို နီတာက ဟိုး အရင်ကတည်းက သိသင့်သလောက် သိပြီးသားမို့ အသည်းအသန် ငြင်းဆန်မနေတော့။ ဆိတ်ဆိတ်နေခြင်းသည်လည်း ဝန်ခံခြင်းတစ် မျိုးပင် ဖြစ်သည်။

"သိပ်ပြီးတော့လည်း မထူးခြားပါဘူးဟာ ... ဒီလိုပါပဲ"

"ထက်သန့်က ... နင့်ကိုတော့ တော်တော်သံယောဇဉ်ရှိ တာပဲ အသက်ရဲ့ ... တချို့ အချစ်ကိစ္စမှာ သံယောဇဉ်ကို ကျော်မရတာတွေကြပါဘူး ... "

အသက်က တစ်ဦးတည်းလိုပြောနေသော နီတာ့ စကားတွေကို ပြန်မချေပတော့ဘဲ ကားကိုသာ ဂရုတစိုက် မောင်း နေခဲ့သည်။ နီတာရဲ့ အိမ်ရောက်တော့လည်း ထမင်းစား၊ တခြား ထွေရာလေးပါး စကားပြောဆိုတာနှင့် ထက်သန့်ဘက် စကား မလှည့်တော့။ သုံးနာရီထိုးခါနီးမှပင် နီတာက စကားပြန်စလာပြန် ပါသည်။

"သုံးနာရီ ထိုးတော့မယ် ... သွားတော့မလား အသက်"

"အေးလေ ... သွားတာပေါ့ ... "

နီတာက ကားမောင်းလာရင်းမှနေပြီး အသက်ကို



Book Sharing

Scanned by CamScanner

တစ်ချက်လှည့်ကြည့်ကာ ...

"နောက် ... ငါ့ဆီလည်း ဖုန်းလေး ဘာလေး ဆက်ပါ အသက်ရဲ့ ..."

"အေးပါ ... ငါလည်း ထက်သန့်ကိစ္စ ကြားထဲက ကျွန်ဝယ် ရာ အဆစ်ပါနေလို့ပါ ..."

"နင် ... အဲဒါတော့ သိပ်မနိုပ်ဘူးဟာ ... ဘာလဲ ... နင်က အချစ်သူရဲကောင်းမကြီး လုပ်နေတာလား ..."

"မဟုတ်ပါဘူး နိဘာရာ ... ပလိစ် ထင်ရာမြင်ရာတွေ စွတ် မပြောစမ်းပါနဲ့ ..."

"ဘာလဲ ... နင်က ဂဏန်းငြိမ်ပြီးသားမို့လို့လား ... လူကြီး ချင်း ဝိဝ် ဖြစ်ပြီးသားမို့ အေးဆေးဒူးနန့်နေတာလား ..."

"အဲလိုလည်း မဟုတ်ပါဘူးဟာ ... ဒါပေမဲ့ဟာ ... ကျွတ် ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး ... ဒီ နိတာမဟာ လေ သိပ်ကျုပ်တာပဲ ... ဟိုဒင်း နင်ပြောတဲ့ သံယောဇဉ်ပေါ့ ဟာ ... အဲဒါပဲ ... အဲဒါကြောင့် ..."

အသက်က ကိုယ့်ရဲ့ နှုးညှံ့ခြင်းပြိုင်ပွဲအကြောင်းကို တော့ ယောင်လို့မှပင် မဟတော့။ အသက်ရဲ့ ပြိုင်ပွဲသည် ညစ်စုတ်မှုတွေ၊ ကောက်ကျစ်မှုတွေ မပါသော်လည်း လုံးဝဖြူစင်သန့်ရှင်းသော စေတနာခစ်တစ်ခု မဟုတ်မှန်းလည်း ကိုယ့်ဘာသာ ကိုယ်သိသည်။ ထက်သန့်နှင့် ဆင်းအတွက် အစစအရာရာ ဖြည့်ဆည်းခြင်း





သည် စေတနာစစ်စစ်တစ်ခုဆိုတာထက် ဘယ်သူက ပိုပြီး နားလည်ပေးဆပ်ရှာ နှုးညှံ့နိုင်မလဲဆိုသည့် ပြိုင်ပွဲတစ်ခုသာ ဖြစ်လေသည်။

"ဩော် ... အပိုင်သေချာတဲ့ နိုင်ရွှေဝါပေါ့လေ ... အင်း ... ငါလည်း ထင်တော့ ထင်ပါတယ် ... ထက်သန့်အပေါ်မှာ နင့်လောက် နားလည်ပေးနိုင်မဲ့ မိန်းမမှ မရှိတာ ... ပြီးတော့ ထက်သန့်ကလည်း နင့်ကိုဆို အမြဲဦးစားပေးပါပဲ ..."

"အစစအရာရာမှာ စိတ်ကူးကိုယ်တူ ဖြစ်တာလည်း နင်တို့ပဲ၊ လိုက်ဖက်ညီတာလည်း နင်တို့ပဲ ... ဟို ... ဆင်းကြာညိုနဲ့တော့ နေနဲ့လ အရှေ့နဲ့အနောက်ပါပဲဟာ ... စိတ်ဓာတ်ချင်း အယူအဆချင်းကအစ ဝေးမယ့်နဲ့တူတယ် ... နောက်တော့ နင်သာလျှင် သူ့အတွက် မရှိမဖြစ်တဲ့ အသက်ထက်ဆိုတာ သိလာမှာပါ ..."

"အေးလေ ... ငါကလည်း အဲဒီအချိန်ကို စောင့်ရုံပေါ့"

"ကြည့်စမ်း ... ခွေးစုတ်မ ... ဒါတော့ မငြင်းဘူး ..."

"ဟော့ ဟော့ ... မှတော့ မဖွလိုက်နဲ့နော် ... ယုံကြည်ထားပါရစေ ..."

"ပြောစရာလား အသက်မရယ် ... ငါ နင့်ကို စာနာနားလည်ပြီးသားပါဟာ ... ငါ့လိုပဲ ထက်သန့် နားလည်လာမဲ့အချိန်ကို နင်နဲ့အတူ စောင့်နေမှာပါ ..."

"သင့်ခ်ပဲဟာ ... ရောက်ပြီ ရောက်ပြီ ... ဟိုမှာ သူတို့"



Scanned by CamScanner

နိတာရဲ့ကားလေး သမ္မတရှေ့ရောက်တာနှင့် ... တစ်ပြိုင်နက် ထက်သန်နှင့် ဆင်း ရုံထဲက ထွက်လာတာကို တန်း၍ တွေ့လိုက်ရသည်။ အသက်က နိတာ့ကို နှုတ်ဆက်ပြီး ကားပေါ်မှ ဆင်းသွားကာ သူတို့နှစ်ဦးထံ လျှောက်သွားခဲ့သည်။ ဆင်းရဲ့ ပုံစံက တစ်မျိုးဖြစ်သလို ထက်သန်ရဲ့ မျက်နှာထားကို ကြည့်ခြင်းအားဖြင့်လည်း တစ်စုံတစ်ခု ထူးခြားပြီဆိုတာကို တစ်သက်လုံး အရိပ်တကြည့်ကြည့် ရှိလာခဲ့သော အသက်က တန်း၍ သဘောပေါက်စွာဖြင့် သုံးဦးသား အိမ်ကို တိတ်တဆိတ် ပြန်လာခဲ့ကြတာ ဖြစ်လေသည်။

ညနေခင်းပိုင်း ရောက်သောအခါ သူက အသက်တို့ခြံဘက် ကူးလာခဲ့ပါသည်။ အသက်က ဒန်းပေါ်မှာထိုင်လျက် သူကတော့ ဒန်းလေးရဲ့ဘေးမှာ မတ်တတ်ရပ်လျက်။ သူ့မျက်နှာက ခါတိုင်းလို ကြည်ကြည်လင်လင် မဟုတ်ဘဲ တစ်ခုခု ရောထားသလို ရယ်ချင်တာလိုလို၊ စိတ်ရှုပ်တွေးတာလိုလိုနှင့် တစ်မျိုးတစ်မည် ဖြစ်နေတာကို အသက်က သတိထားမိသည်။ သူ ဆင်းကို ဖွင့်ပြောခဲ့ပြီ ထင်ပါရဲ့။ ဒီလို တွေးလိုက်မိသောအခါ သူ့ထံက ချစ်စကားကို ပထမဆုံး ကြားခွင့်မရသောသူအဖြစ် အသက်ရဲ့ နှလုံးသားမှာ နာကျင်သွားခဲ့ပါသည်။ သို့သော် အသက်သည် ကိုယ့်ခံစားချက်တွေကို ဥပေက္ခာပြုပစ်ကာ သူ့ကို စကားစတင်လိုက်သည်။

"ဘယ်လိုမျက်နှာ ဖြစ်လာတာလဲ ... မှိုရတဲ့မျက်နှာလား





ပြုံးစိစိလိုလို နုးချိုချိုလိုလိုနဲ့ ... "

သူက ပြုံးစစဖြင့် အသက်ရဲ့ ဘေးမှာ ဝင်ထိုင်လိုက်သည်။ ဘာစကားမှလည်း မပြောချေ။ ခေါင်းငုံ့လိုက်၊ တစ်ယောက်တည်းပြုံးလိုက်၊ မျက်မှောင်ရှုံ့လိုက်နှင့် တစ်ယောက်တည်း အလုပ်တွေ ရှုပ်လျက် ရှိလေသည်။

"ဟယ် ... နင် ဘာဖြစ်နေတာလဲ ... ဘာလဲ ကြည်လာပြီလား ... ဒါမှမဟုတ် ဟိုက တစ်ခါတည်း ငြင်းလွှတ်လိုက်ပြီလား ... "

မေးမဲ့သာ မေးလိုက်ရသည်။ ထိုကိစ္စမျိုးက သိပ်တော့မဖြစ်နိုင်ဟု အသက်ထင်သည်။ သူ့ပုံစံက အငြင်းခံလာရတဲ့ပုံစံလည်း မဟုတ်ချေ။

"မိန်းကလေးတစ်ယောက်ကို ... သိပ်ချစ်မိလာတဲ့အခါမှာ မထင်မှတ်တာတွေ ဖြစ်သွားတတ်လား အသက်ရာ ... "

အသက်က သူ့ကို နားမလည်သည့် မျက်ဝန်းများဖြင့် ငေးကြည့်နေလိုက်သည်။ သူက အသက်ကို ကြည့်မနေပါ။ ကောင်းကင်ကြီးကိုသာ မော့်ကြည့်လျက် သူတစ်ဦးတည်း ရှိသလို ပြောဆိုနေတာ ဖြစ်သည်။

"ငါ နဲ့ သူနဲ့ နှစ်ယောက်တွဲ ရုပ်ရှင်ကြည့်ကြတယ်ကွာ ... ငါကတော့ တစ်ချိန်လုံး သူ့ကိုပဲ ခိုးကြည့်နေတာပေါ့ ... နောက်တော့ ငါလည်း သူ့ကိုချစ်တဲ့အကြောင်း ဖွင့်ပြောပြ

လိုက်တယ် ... ပြောရင်းနဲ့ကွာ သူ့လက်လေးကိုပါ လှမ်းကိုင်ထားလိုက်တယ် ... "

သူက ကြည်နူးလိုက်ဖြာသော အပြုံးတွေဖြင့် စားမြုံ့ပြန်နေလေသည်။ အသက်ကတော့ အသက်မှ ရှူမိရဲ့လားမသိချေ။ သူ့စကားတွေကိုသာ ရင်တထိတ်ထိတ်ဖြင့် နားထောင်နေလျက် ရင်ထဲမှာလည်း ဆို့နင့်၍ လာရလေသည်။ သြော် ... သူ ချစ်နေလိုက်တာ၊ မြတ်နိုးနေလိုက်တာ။

"သူက ပထမတော့ ရှန်းတယ် ... ငါကလည်း လွှတ်မပေးဘူး ... သူ့ကို ဘယ်လိုချစ်တဲ့အကြောင်းတွေကိုပဲ တတွတ်တွတ် ပြောနေမိတာပေါ့ ... သူဟာ ငါ့ဘဝရဲ့ ပထမဦးဆုံး အချစ်ပါလို့ ... သူကလည်း ငြိမ်ငြိမ်သက်သက်လေးနဲ့ပဲ နားထောင်နေတယ် ... နောက်ဆုံးတော့ သူ့လက်လေးကို ငါ နမ်းမိသွားတယ်ဟာ ... "

သူ့စကားအဆုံး၌ အသက်ရဲ့ရင်ထဲတွင် ဟာယ်ခနဲ ဖြစ်သွားရလေသည်။ အနမ်းဆိုတာ အချစ်ရဲ့သင်္ကေတတဲ့။ သူ့ရဲ့ အဦးအဖျားအနမ်းလေးကို ဆင်းကို ပေးလိုက်သတဲ့။ အဲဒီအတွက် အသက်သည် ဘာနဲ့မှ မတူအောင် ရင်ထဲ၌ ကြေကွဲရလေသည်။

အသက်သည် ဘာစကားမှ ပြန်မပြောနိုင်အောင် တိတ်ဆိတ်ကြေကွဲနေခိုက်၊ သူက ငြိမ်သက်နေသော အသက်ဘက်ကို ဖျတ်ခနဲလှည့်လာ၍ ...





"အသက် ... နင်က ဘာလို့ တိတ်နေတာလဲ ... "

"ဟင် ... သြော် နင်ပြောတာ နားထောင်နေတာလေဟဲ့၊ ဟဲ ဟဲ ... နင်ပြောနေတာက Romontic ဖြစ်လွန်းတော့ မျောသွားတာ ... "

အသက်က ချက်ချင်းပင် သရုပ်ဆောင်ကောင်းစွာ ဝိပိပြင်ပြင် ပြန်ပြောရလေသည်။ သူ့မျက်နှာတွင် ကြည်နူးရိပ်က ချက်ချင်း သန်းတက်လာသည်။ ပြုံးပြုံးကြီး လုပ်နေသဖြင့် ...

"ဟဲ့ ... ဆက်ပြောပါလ ... အဲဒီတော့ ဘာဖြစ်လဲ ... နင့်ကို ဆင်းက ပါးရိုက်လိုက်ရောတဲ့လား ... "

"ဟာ ထပ်သရိုး ... လွဲတယ် လွဲတယ် ... ဘယ်နဲ့ ပါးရိုက်ရမှာလဲ ... မွှေးမွှေးပဲ ပေးမှာ ... ဟဲ ဟဲ ... အလကား နောက်တာပါကွာ ... သူကဘာမှမပြောတော့ဘူးကွ ... ရုပ်ရှင်ပြီးတဲ့အထိပဲ ... စကားလည်း ပြန်မပြောတော့ဘူး၊ အဲဒါ ... ငါ့ကိုများ စိတ်ဆိုးသွားတာလား မသိဘူးကွာ ... အသက် လုပ်ပါဦး ... "

အသက်ရဲ့ ခေါင်းထဲတွင် လက်ခနဲ ဖြစ်သွားရလေသည်။ ဆင်းဟာ ထက်သန်ကို စိတ်ဆိုးသွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ချေ။ သူမ ... ။ အင်း ရင်ခုန်သွားတာမျိုးပဲ ဖြစ်မှာပါ။ ပြီးတော့ ထက်သန်ကို ဒို့ထက်ရှုံးအောင် ပြုစားလိုက်တာမျိုးပဲ ဖြစ်မှာ ... ။

အသက်ရဲ့ နှုတ်ခမ်းထောင့်စွန်းလေးသည် ယောင်ယောင်မှု မဲ့သွားပြီးလျှင် ...

"ငါက ဘာလုပ်ပေးရမှာလဲ ... နင့်ကိုယ်စား သွားတောင်းပန်ပေးရမှာလား ... ဒါဆိုရင်တော့ နင် ကျိုးပြီသာမှတ်ပေတော့ ... "

"ဟာ ... ဘာလို့လဲ ... ဒီကောင်စ်က ဒီလောက်ပဲ ပြင်းထန်လားဟာ ... "

"အောင်မယ် ... မပြင်းထန်လို့ ပေါ်တီမ်ရမှာလား ... နင်တို့ယောကျ်ားတွေဟာ အလကားပဲ ... အခွင့်အရေးပေးရင်ပေးသလို ပိုပိုသာသာ ယူချင်တတ်ကြတာ ... သိပ်မုန်းစရာကောင်းတာပဲ ... ကျွတ် ... ခုဆို ဆင်းက ငါ့တောင် အလိုတူအလိုပါ ထင်နေပြီလားမသိဘူး ... နင့်ကို ဖွင့်ပဲပြောနိုင်းတာဟဲ့ ... လက်ကို နမ်းလို့ ငါ မှာလိုက်မိလား ... ဟမ် ... ပြောစမ်း ... "

အသက်က သူ့ကို အခွင့်သာတုန်း သာခိုက်ပင် သာသာထိုးထိုး နှိပ်ကွပ်ကာ ညာတာပါတေးနှင့် နားရွက်ကိုပင် ဆွဲလိမ်ထားလိုက်လေသည်။ အဟုတ်ကိုပင် သူ လုပ်ပုံက မကောင်းချေ။ အဲဒီအတွက် သဝန်တိုရတာတစ်ပိုင်း ... ၊ လုပ်ပုံအချိုးမပြေတာကို မကြိုက်တာက တစ်ပိုင်း ဖြစ်လေသည်။

သူက နားရွက်ကို ဆွဲလိမ်ခံရသောကြောင့် နာကျင်





သဖြင့် ရှုံ့မဲ့ရွတ်တွကာ ...

"အားလားလား ... လွှတ် ... လွှတ်ခမ်းပါကွ ... အေးပါဟာ ငါ မှားသွားပါတယ် ... ဒါကလည်းဟာ ဘယ်လိုပြောရမလဲ အေးပါကွာ ... ကျွတ် ... ငါလည်း မပြောတတ်တော့ဘူး၊ ဒါပေမဲ့ ဖွဖွလေးပါဟာ ... လက်လေးကို နမ်းတာပါ ... ပါးနမ်းတာမှ မဟုတ်တာ ... အဲလောက်လည်း အပြစ်မကြီးဘူး မဟုတ်လား ဟဲ ဟဲ ... "

အသက်က သူ့ကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မျက်စောင်းငဲ့းပစ်လျက် သူ့နားရွက်ကို လွှတ်ပေးလိုက်သည်။ သူက အသက်ရဲ့ ပခုံးကိုလှူပ်ယမ်းကာ သူ့ဘက်ဆွဲလှည့်လိုက်လျှင် သူ့မျက်နှာနှင့် အသက်မျက်နှာမှာ အတော့်ကို နီးကပ်သွားခဲ့သည်။ သူကတော့ ဟိုးအရင်ကအတိုင်း သဘောရိုးဖြင့် လုပ်လိုက်တာ ဖြစ်သော်လည်း ... အသက်ကတော့ အဲဒီအခြေအနေတစ်ခုအတွက် တကယ့်ကိုပင် ရင်ခုန်လို့သွားခဲ့တာ ဖြစ်သည်။

"အသက် ... ပြောပြစမ်းပါဦးကွာ ... ငါ ဘာလုပ်ရမလဲ၊ အခြေအနေတွေက ဘယ်လိုတွေဖြစ်ကုန်ပြီလဲ ... လုပ်ပါဦးကွာ ... ငါကတော့ စိတ်တွေ အရမ်းအိတ်ဇိုက် ဖြစ်နေတော့ ဘာမှမစဉ်းစားတတ်တော့ဘူး ... "

သူ့မျက်ဝန်းတွေမှာ အသက် အပေါ် အမှန်တကယ် အားကိုးငိုပ်တွေ ယှက်သန်းလျက် ရှိနေပါသည်။ သူ တကယ်ပဲ ခံ



Scanned by CamScanner

စားနေရတာကိုလည်း သိသောအခါ သူ့အပေါ် ဒီအတိုင်းလည်း ပစ်မထားရက်ပြန်ချေ။ အသက်က သူ့အတွက် အကောင်းဆုံးဖြစ်မည့် အကြံဉာဏ်တစ်ခုကို စဉ်းစားကာ ပေးလိုက်ပါသည်။

အသက်က နှစ်သိမ့်သည့် အပြုံးလေးတစ်ခုဖြင့် သူ့ပခုံးလေးကို ကိုင်ကာ ...

"အဲလောက်ကြီးလည်း စိုးရိမ်မနေပါနဲ့ဟယ် ... အခြေအနေကောင်းပါတယ်ဟဲ့ ... နင့်ကို တကယ်စိတ်ဆိုးသွားရင် သူကောမှာပေါ့ ... ဒါက ဆင်း ရှက်သွားတာပါ ... ဆင်းက သူများထက် ပိုတတ်တာ သိသားနဲ့ ... ဖုန်းဆက်ပြီး ဖော လိုက်ပေါ့ဟာ ... ဒါမှမဟုတ် လူချင်းတွေ့ပြီး ချော့တောမူ ခန်း ဖွင့်လိုက်ပေါ့ ... လွယ်လွယ်လေးပါ ဦးဦးရာ ... ဘာ တဲ့တုန်း ... ဟား ဟား ..."

အသက်ရဲ့ ရွှတ်နောက်နောက်ဟန်ကြောင့် သူ့မျက်နှာမှာ ပြန်လည်လန်းဆန်းလာလေသည်။ ဟွန်း ... ယောကျ်ားတွေများ မုန်းစရာ ... ။

"လူချင်းတော့ မတွေ့ရဲဘူးဟာ ... ဖုန်းပဲ ဆက်မယ် ... ဘယ်လိုပြောရမလဲကွာ ဟမ် ..."

"အာ ... အဲလောက်ထိ လိုက်ပြောနေရမှာလား ... နင်အရင်က ထက်သန်မှ ဟုတ်သေးရဲ့လား ... ဆင်း စိတ်မဆိုးပါနဲ့ကွာ ... ကိုယ် မှားသွားပါတယ် ... ဒါကလည်း

Book Sharing





ဆင်းကို ချစ်တဲ့စိတ်ကြောင့်ပါ ... ဘာညာ သာရကာ ဟိုဟာ ဒီဟာ ပေါ့ကွာ ..."

"အာ ... အဟား ... ဟား ဟား ... ဟုတ်တယ် ဟုတ်တယ်၊ သိပ်ချစ်ဖို့ကောင်းတဲ့ အသက်ကလေးပဲကွာ ..."

သူက အသက်ရဲ့ ပြောပုံဆိုပုံတို့ကို ရေရေလည်လည်နှစ်သက်သဘောကျသွားသည့်ဟန်ဖြင့် တဟားဟား ရယ်မောကာ အသက်ရဲ့ ပါးဖောင်းဖောင်းလေးတစ်ဘက်ကိုလည်း ချစ်စနိုးဖြင့် ဆွဲလိမ်ပစ်လိုက်လေသည်။ သူ့ရဲ့ သူငယ်ချင်းမလေး ဖြစ်သော ... အသက်ထက်သည် အလွန်အင်မတန်ကို ချစ်ဖို့ကောင်းသူဖြစ်သည်။ အသက်လောက် သူ့အပေါ်တွင် နားလည်ပေးနိုင်မည့်သူမျိုး မရှိတော့။

"အိုကေကွာ ... သင့်စိပ္ပ ... အသက် ပြောလိုက်တော့မှပဲ အလင်းပွင့်သွားတော့တယ် ... ဗွဲ ခုပဲ ဖုန်းသွားဆက်မယ် ဘိုင့် ..."

သူ့ရဲ့ ရှင်မြူးတက်ကြွစွာ ထွက်သွားသော ထက်သန်ရဲ့ ပုံသဏ္ဍာန်ကို အသက်က ချစ်စဖွယ်မျက်လုံးဝိုင်းလေးများနှင့် လိုက်ငေးလျက် သူ ဆွဲလိမ်သွားသော ပါးလေးကို ယောင်ယမ်းကိုင်ကာ ကျန်နေရစ်ခဲ့လေသည်။ သူ့သူငယ်ချင်းမလေးကို သူ ဘယ်လိုချစ်မှန်း မသိချေ။ သူ ချစ်ရလောက်အောင်လည်း အသက်က ချစ်စရာကောင်းလွန်းသည်။

သို့သော် ... သူ့အချစ်ဟာ လုံးဝကို ပကာတို့ အဖြူသန့်သန့်။ ဖြူစင်လွန်းသဖြင့် ရင်ထဲမှာ အသက်နှင့် ပတ်သက်လာလျှင် ရှင်းလင်းကာအေးမြလွန်းလှသည်။ တစ်ခါတစ်ရံမှာ အသက်ကို သူ့ညီမလေးအရင်းပင် ဖြစ်လိုက်ပါတော့ဟု တွေးမိသည်အထိ ညီမလေးတစ်ယောက်လိုပါ ချစ်အာ.ပိုရလေသည်။

သူနှင့် အသက်ကြားရှိ အဖြူရောင်နှောင်ထုံးလေး.ကို အရောင်ဆိုးပေးဖို့ ကြိုးစားသူသည်သာ အပြစ်ရှိသောသူ ဖြစ်ပါလိမ့်မည်။ သူနဲ့ အသက်တို့ကြားမှာ ထုနှင့် ထည်နှင့် ခိုင်ခံ့သော မေတ္တာရေစီး၏ အတိမ်အနက်ကို သူတို့နှစ်ဦးသာ သိလေသည်။







သူ့ရဲ့ သူငယ်ချင်းမလေး အသက်ရဲ့ အကြံဉာဏ်အတိုင်း ဆင်း ထံကို ဖုန်းဆက်ဖို့ပဲ စိတ်ကူးကာ ဖုန်းဆက်ချိန်ကိုတော့ လူခြေတိတ်ဆိတ်သည့် ကိုယ်ပိုင်အားလပ်ချိန်ဖြစ်လောက်သော ညပိုင်းမှာ ရွေးချယ်လိုက်သည်။ ဖုန်းဆက်ခြင်းဟာ မျက်နှာပူသက်သာပြီး ထိမိသော နည်းလမ်းတစ်ခုပဲမဟုတ်ပါလား။ ဒီနေရာမှာ တယ်လီဖုန်းတို့ရဲ့ မူလဖန်ဆင်းရှင် ဂရေဟမ်ဘဲလ်ကို အထူးကျေးဇူးတင်မိလေသည်။

သူက ရင်ခုန်စွာဖြင့် ဆင်းတို့အိမ်ရဲ့ ဖုန်းနံပါတ်တွေကို ခေါ်လိုက်သည်။ သုံးခါလောက် ခေါ်သံမြည်ပြီးမှပင် ဖုန်းကို လာကိုင်လေသည်။ ဖုန်းကိုင်သောသူမှာ သူ မျှော်လင့်တောင့်တရသော ဆင်းပဲ ဖြစ်သည်။ ဆင်းရဲ့ ဖုန်းထူးသံလေးကို ကြားလိုက်ရသောအခါ သူ့ရင်တွေ ချက်ချင်းပင် ဝုန်းဒိုင်းကျဲ ဆူညံလာခဲ့လေသည်။

"ဆင်း ... ကိုယ်ပါ ... ဟိတ် ... ပလိစ်ကွာ ဖုန်းမချလိုက်နဲ့နော် ... "

ဆင်းဘက်မှ ရုတ်တရက် အသံတိတ်သွားပြီးလျှင်

"ဘာပြောစရာရှိလို့လဲ ... ဆင်း အိပ်တော့မလို့ ... ပြောချင်ရင် မနက်ကျမှ ပြောပါ ... "

အင်း ... ဒီလောက်ပြန်ပြောပုံထောက်ဆို့ မဆိုးသေး။ အသက်မရှေ ... နှင် ခနဲ့မှန်းပေးလိုက်တာ မှန်သဟ။ ဆင်းက ရှက်သွားတာပါတဲ့။ ဟုတ်တယ် ... ဒီတော့ အရှက်ပြေအောင် ချော့ဖို့ပဲလိုတော့တယ်။

"ဆင်း ... ကိုယ့်ကို စိတ်ဆိုးနေလားဟင် ... "

"မသိဘူး ... ထက်သန် မကောင်းဘူးဆိုတာပဲ သိတယ်"

"ဆောရီး ... ကိုယ် အစူးအညွှတ်တောင်းပန်ပါတယ် ဆင်းရယ် ... ကိုယ့်ကို စိတ်ဆိုးချင်ရင်တော့ ဆိုးလိုက်ပါ ... ဒါပေမဲ့ မုန်းတော့ မမုန်းလိုက်ပါနဲ့နော် ... မမုန်းဘူး မဟုတ်လား"





"မသိဘူး ... ဆင်း အိပ်တော့မယ် ... "

မအိပ်ချင်သေးဘဲနဲ့ ကလေးမရယ် ... မင်း ဒီအချိန် မအိပ်တတ်သေးမှန်း အသက်ဆိုကတစ်ဆင့် ကိုယ် သိပြီးသားပါ။ မင်းလည်း ရင်ခုန်နေမှာပါကွာ ... ။

သူက တစ်ချက်ပြုံးလိုက်ကာ ...

"ရပါတယ် ဆင်း ... ကိုယ့်ကို စကားမပြောချင်တော့ဘူးဆိုရင်လည်း ဆင်း သဘောပါ ... တစ်ခုတော့ ဆင်းကို ယုံစေချင်တယ် ... ကိုယ့်ဘဝမှာ ဆင်းက ပထမဦးဆုံး အချစ်ပါ ... အဲဒါကို ယုံပေးရင်ပဲ ကျေနပ်ပါပြီ ... အိုကေ ... ဆင်း ကိုယ့်ကို စကားမပြောချင်ရင် ဖုန်းချလိုက်တော့ ရပြီ"

ဆင်းဘက်မှ ခေတ္တမျှ အသံတိတ်သွားလေသည်။ ပြီးတော့မှ လေသံသဲ့သဲ့ဖြင့် ...

"ထက်သန်ကို စကားမပြောချင်တာ မဟုတ်ပါဘူး ... "

"ဘာလဲ ... ဒါဆို စိတ်ဆိုးနေတာလား ... "

"စိတ်ဆိုးတယ်ရယ်တော့လည်း မဟုတ်ပါဘူး ... "

သူ တဖြည်းဖြည်း သဘောပေါက်လာခဲ့ရချေပြီ။ ဆင်းရယ် ...

"ဒါဆို ဘာလဲ ... ဆင်း ကိုယ့်ကို အဖြေပေးတော့ကွာ ... ကိုယ် ဘယ်လိုမှ မနေနိုင်တော့ဘူး ... နော် ဆင်း ... ကိုယ့်ကို ချစ်တယ်လို့ပ ပြောတော့ဝါ ဆင်းရယ် ... "

"ခစ် ခစ် ... ထက်သန်က မြန်မာစကား ကောင်းကောင်း မတတ်ဘူးနဲ့ တူတယ်နော် ... ပြောပါတော့ ဆင်းရယ် ဆိုတာနဲ့ ... ပြောတော့ပါ ဆိုတာနဲ့ ဘယ်ဟာက အမှန်လဲ"

"ကိုယ် မသိတော့ဘူးကွာ ... ကိုယ် သိတာက ဆင်းကို ချစ်တယ်ဆိုတာပဲ ... "

"ဟင်း ... ရှင်ကလည်း ဒါပဲ ပြောနေတာပဲ ... မပြောနဲ့တော့ ... "

"ဟာ ... မပြောလို့ ဘယ်ဖြစ်မလဲ ... ဆင်းကို ချစ်နေတဲ့ အကြောင်း ဆင်းကိုပဲ ပြောနေရမှာပဲ ... ဆင်းရယ် ဆင်းရဲ့ ကိုယ့်ကို မသနားတော့ဘူးလားကွယ့် ... "

သူပြောသော လေသံနှင့် စကားကို ... ဆင်းက သဘောကျစွာနှင့် ဟက်ဟက်ပက်ပက်ကို ရယ်မောသည်။ သူက ဆင်းရယ်တာ ပြီးသွားလျှင် ...

"ကိုယ်က ဆင်းကို အဲဒီလို အမြဲပဲ ရယ်မောပျော်ရွှင်အောင် ဖန်တီးပေးမှာပါ ဆင်းရယ် ... ကိုယ့်ကို အပြည့်အဝ ယုံကြည်လိုက်စမ်းပါနော် ... "

"အပြည့်အဝ ဘယ်ယုံရဲပါ့မလဲ ... စဉ်းစားရဦးမှာပေါ့"

"ဟာ စဉ်းစားတော့မယ် ... ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ ... တစ်ပတ်လား သုံးရက်လား ... တစ်နာရီလား ... "





"ဟွန်း ... ရှင် နှစ်နာရီနေဦးမယ်နော် ... ထက်သန်ရဲ့ အကြောင်းဖြင့် ဆင်းက ဘာမှမသိရသေးဘဲနဲ့ ... "

"ကိုယ့်အကြောင်းများကွာ ... ကိုယ့်မှာ ချစ်သူမရှိ၊ ရည်းစားမရှိ ... လူပျိုစစ်စစ်ဖြစ်ကြောင်း အာမခံချက် အပြည့်အဝရှိ ... အလုပ်အကိုင်က ဆင်းရဲ့ချစ်ကို ရရင် ကြိုးစားတော့မယ် ... "

"မရရင်တော့ မကြိုးစားတော့ဘူးပေါ့ ... "

"မရလည်း ကြိုးစားမှာပါ ဆင်းရယ် ... ဆင်းရဲ့ အချစ်ကို မရမချင်း ကိုယ် ဇွဲမလျှော့ပါဘူး ... ဆင်းကိုပဲ မျှော်လင့်ရင်းနဲ့ ချစ်သွားမယ် ... ကိုယ်ကလေ ဆင်းကို စတွေ့တဲ့ အချိန်တည်းက ချစ်သွားတာ ဆင်းရဲ့ ... ဆင်းတို့မိသားစု အိမ်လာကြည့်တဲ့အချိန်တည်းကလေ ... မှတ်မှတ်ရရ ... အဲဒီနေ့က ဆင်းက ဆံပင်တွေ ဒီအတိုင်းချထားတယ် ... ခါးတိုအင်္ကျီနဲ့ ထဘီ ဝမ်းဆက်က အသားရောင်အပွင့်နုတ်နုတ်လေးတွေလေ ... ဟုတ်တယ်မှလား ... "

"ထက်သန်က အဲလောက်ထိ မှတ်မိတယ် ... "

"မှတ်မိတာပေါ့ ... ကိုယ်က စတွေ့တွေ့ချင်း ချစ်သွားခဲ့တာကိုး ... ကိုယ့်အတွက်ကတော့ Love is at first sight ဆိုတာ တကယ်မှန်တယ် ဆင်း ... ဒီလောက်ချစ်နေတဲ့ ကိုယ့်ကို ယုံကြည်ပေးသင့်ပါပြီ ဆင်းရာ ... "

"အင်းပါ ... ဆင်း ယုံပါပြီ ... "

"ယုံပြီ ... ယုံရင် အဖြေပေးတော့လေ ... "

သူက ပွစိပ်လိုက်ဖြာသော ရင်အစုံဖြင့် ဆင်းထံက အဖြေကို ဇွတ်တောင်းလိုက်သည်။ ဆင်းထံက အဖြေရဖို့က လက်တစ်ကမ်းပဲ လိုတော့တာဖြစ်သည်။ ဆင်းရင်ထဲမှာ ဘာရှိတယ် ဆိုတာကို သူ လှမ်းမြင်ပြီးချေပြီ။ သူ့ရဲ့ ချစ်စကားတွေထဲမှာ ဆင်းရဲ့ နှလုံးသားလေးလည်း အရည်ပျော်ကျသွားခဲ့ပြီ ဖြစ်သည်။

"အာ ... အဲဒါတော့ ဆင်း မပြောရဲသေးဘူး ... "

"ဟာ ... ဘာမပြောရဲစရာရှိလဲ အချစ်ရယ် ... တစ်ယောက်နဲ့တစ်ယောက် ချစ်တာ တစ်ယောက်နဲ့တစ်ယောက် သိနေရင် မပြောရဲစရာ ဘာရှိလဲ ... ဆင်းရဲ့ရင်ထဲကို ကိုယ် လှမ်းမြင်နေရပါတယ် ... ဆင်း ကိုယ့်ကို ချစ်တယ်မှလား ... ဟင် ... "

"အဲဒီ ထက်သန်က ဇွတ်ကိုပဲ ... "

ဆင်းရဲ့ အသံလေးက ရှက်ရိပ်ဟန်အပြည့် ပါဝင်နေလေသည်။

"မရှက်ပါနဲ့ကွာ ....ကိုယ် နားလည်ပါတယ် ... ဆင်း ရှက်နေရင် မပြောနဲ့တော့ ... အင်းလို့ပဲ ပြော ... နောက်မှ ချစ်တယ်ဆိုတဲ့စကားကို အပီအပြင်ပြန်ပြော ... ဟုတ်ပြီလား ... အင်းလို့ပဲ ပြောလိုက် ... "





ဆင်းက သူ့အပြောကို တခစ်ခစ် ရယ်မောနေပြီးလျှင်

"အင်း အင်း ... လူလည်ကြီး ... တော်ပြီကွာ ... ဆင်း ဖုန်းချလိုက်ပြီ ... "

ဒီတစ်ခါတော့ ဆင်းဂ တကယ့်ကိုပင် ဖုန်းချသွားလေသည်။ သို့သော် သူက မမှုတော့။ ဆင်းရဲ့ အချစ်ကို သူ ရခဲ့ပြီဖြစ်သည်။ ရင်ထဲမှာ ကျေနပ်သည့် ပီတိအဟုန်က သူ့ကို ငှမ်းစလေးတစ်စလို ပေါ့ပါးနေစေလေသည်။

အခုချိန်မှာ သူ ပထမဆုံး သတိရမိသူမှာ အသက်ပင်ဖြစ်သည်။ အသက်သာ သိရင် ဘယ်လိုနေမလဲ ...။ ချက်ချင်းကြီးပဲဟုဆိုကာ အံ့သြနေမလား ... ဒါမှမဟုတ် ငါ့သိသားပဲ ဟူသော အပြုံးမျိုးဖြင့် ကြိုပြုံးပြနေမလား။ သေချာတာကတော့ ဒီနေ့ ဆင်းထံမှ အချစ်ကို ပိုင်ပိုင်နိုင်နိုင် ရလိုက်ခြင်းသည် အသက်ရဲ့ လမ်းကြောင်းပို့ဆောင်မှုတွေ အများကြီးပါဝင်ခြင်းကြောင့်ဖြစ်လေသည်။ အသက်သာမပါရင် ဆင်းရဲ့အချစ်ကို သူ ရဖို့ လွယ်မှာမဟုတ်ချေ။ အသက်က သူ့ကို စိတ်ရော၊ ကိုယ်ရောပါ ကူညီခဲ့ခြင်း ဖြစ်လေသည်။

ကဲ ... ဘယ်သူတွေက သူနဲ့ အသက်ရဲ့ ဖြူစင်မှုတွေကို အရောင်ဆိုးပေးဦးမှာလဲ။ အထူးသဖြင့် ... သူ့ဘော်ဒါတချို့ပြောဖူးသော "အသက်ထက်က မင်းကို ကြွေနေတာကွ"ဟူသော



Scanned by CamScanner

စကားကို သူက မဟုတ်ကြောင်း အနိုင်အမာ သက်သေပြနိုင်ပြီ ဖြစ်သည်။ သူ ချစ်သူတစ်ယောက်ရဖို့ ဝိုင်းဝန်းပေးရှာသော သူ့ သူငယ်ချင်းမလေးရဲ့ ဖြူစင်တဲ့ အချစ်တွေကို သူကတော့ အပြည့် အဝကို ယုံကြည်လေသည်။

အသက်ထံ ဖုန်းဆက်ပြောပြဖို့ စိတ်ကူးလိုက်သော်လည်း ထိုစိတ်ကူးကို သူ ချက်ချင်းဖျက်လိုက်သည်။ အသက် ... ချစ်သူငယ်ချင်းမလေး အိပ်လောက်ပြီ။ မနက်ကျမှ သူရယ်၊ အသက်ရယ်၊ ချစ်သူ ပူပူနွေးနွေး ဆင်းရယ် မုန့်သွားစားဖို့ စိတ်ကူးဘာ အသက်ကိုလည်း အဲဒီကျမှ ဖွင့်ပြောပြဖို့ စိတ်ကူးရသွားသောကြောင့် ဖြစ်လေသည်။

မိုးမြန်မြန်လင်းချင်ပြီ အသက်ရေ ... ။ ညည်းကို ပြောချင်လှပြီ။







Book Sharing

အသက်သည် ဖုန်းမြည်သံကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။ ကျွတ် စောစောစီးစီး ဘယ်သူများလဲကွာ။ ညက အသက်တော်တော်နှင့် အိပ်မပျော်ချေ။ ခံစားရလွန်းသဖြင့် ရင်မှာနင့်၍ နေသည်။ ဘယ်လောက်ပဲ ကြိုတင်ပြင်ဆင်ထား ပြင်ဆင်ထား တကယ်တမ်း ရင်ဆိုင်ရသောအခါ ခံနိုင်ရည် မရှိပေ။

အိပ်ချင်မူးတူးဖြင့် အသက်က ခုတင်ဘေးရှိ စင်လေး



Scanned by CamScanner

မှ လိုင်းခွဲသွယ်ထားသော အိမ်ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပြောပါ ... ဘယ်သူလဲ ... "

"အသက် ... ငါပါကွ ... အိပ်ပျော်ရာက နိုးသွားတာလား၊ ဆောရီးပဲကွာ ... "

သူ့အသံကြောင့် အသက်မျက်လုံးတွေ ချက်ချင်းကျယ်သွားရသည်။ စောစောစီးစီး ဘာကြောင့်များ သူ ဖုန်းရတာပါလိမ့်။

"ဘာကိစ္စတုန်း ... ဒီမှာ အိပ်ကောင်းနေတဲ့ဟာကို"

"အေးပါကွာ ... ထင်တော့ ထင်ပါတယ် ... ဒါပေမဲ့ ဘယ်လိုမှ မနေနိုင်တော့လို့ ငါလည်း ညက အိပ်မပျော်ပါဘူး၊ တစ်ညလုံး လိုလိုပါပဲ ... မိုးလင်းပါစေ ဆုတောင်းနေရတာ"

"ဘာလဲ ... ကြွမ်းပိုးကိုက်လို့လား ... "

"မဟုတ်ပါဘူးကွာ ... ကဲ ... မသက်ထက် ... နိုးရင်လည်း ထိတော်မူပါ ... ပုံးသွားရိုက်မယ်လေကွာ ... အဲဒါကြောင့် နိုးလာတာ ... ပြီးတော့ ဆင်းကိုလည်း ခေါ်ပေးဦး ဟဲဟဲ"

သူ့ ရယ်ပုံကို အသက်သည် တယ်ပြီး မသက်ာပေ။ ဆင်းကို ခေါ်ပေးဦးဆိုတော့ သူတို့ချင်းများ ပြေလည်သွားကြလို့လား။ အသက်သည် ထိုမေးခွန်းအတွက် ကိုယ့်ကိုယ်ကိုတောင် ပြန်မဖြေရဲချေ။ သို့သော်လည်း တိတိကျကျ သိချင်စိတ်ကို မချုပ်နိမ်နိုင်။

"ဆင်းကို ... ဆင်းနဲ့က fine သွားပြီလား ... "





"Yes, Yes ... အသက် နင့်ကို ငါ ကျေးဇူးတင်ကြောင်း ဘယ်လိုပြောရမှန်း မသိဘူးဟာ ... နင် Push လုပ်လိုက်လို့ သူနဲ့ ငါ ဒီလောက်မြန်မြန်ဆန်ဆန် ok သွားတာဟာ မနေ့ကလည်း ငါတို့နှစ်ယောက်ထဲ ရုပ်ရှင်ကြည့်ဖြစ်အောင် နင် တမင်ဖန်ပေးလိုက်တာမှတ်လား ... တကယ်တော့ ငါ တောင် သိပ် try မလုပ်လိုက်ရဘူး ... အရာအားလုံးဟာ နင့်ကြောင့်ပဲ ... သူ့အချစ်ကို ရခဲ့တာ နင့်ကို ကူညီမှုက နင်ပြောသလို 100% ပါတယ် ... အဲဒီအတွက် ငါလေ နင့်ကို ကျွတ် ... နင်နဲ့ ထိုက်တန်တဲ့ ချီးကျူးစကား ရှာမရဘူးဟာ၊ သေချာတာကတော့ နင့်လို သူငယ်ချင်းမျိုး ငါ့ဘဝမှာ နောက်ထပ် ရမလာနိုင်တော့ဘူးဆိုတာပဲ ... "

အသက်သည် သူ မမြင်နိုင်မှန်း သိသဖြင့် ဒီဘက်မှာ တစ်ယောက်တည်း နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ အံကို တင်းတင်းကြိတ်ထားရလေသည်။ စောစောစီးစီးပင် အသက် အသည်းကွဲချေပြီ။

သူက အသက်ရဲ့ အသံတိတ်နေသဖြင့် ...

"ဟေ့ အသက် ... ငိုက်နေတာလား ... ဟာ ... ငါက ဒီမှာ အပီပြောနေတာနော် ... "

"အေးပါ ... ကြားပါတယ် ... ကျွတ် ... သိပ်ဒုက္ခပေးတာပဲ ... စောစောစီးစီးလာပြီး စွတ်ကြွားနေတယ် ... ဟုတ်ပြီ



Scanned by CamScanner

ဟုတ်ပြီ ... ရှင့်မဒီကို ခေါ်ထုတ်ပေးမယ် ... ပြီးရင် ရှင်တို့ ဘာသာပဲ သွားစား ... ဟုတ်ပြီလား ..."

"ဟာ ... ငါတို့နှစ်ယောက်တည်း မသွားပါဘူး ... အသက် ကလည်း နင် အဲဒီလို မလုပ်ပါနဲ့ ... နင့်ကို ငါ ဘယ်တုန်းက အဲလိုထားခဲ့ဖူးလို့လဲ ..."

"ဩော် ... နင်တို့က ချစ်စ ကြင်စဆိုတော့ ငါပါရင် ရှုပ်နေမှာ စိုးလို့ပါ ..."

"ဘာဆိုင်လဲကွာ ... ငါက အဲဒီလိုကောင်စားမျိုး မဟုတ်ဘူး ... ရည်းစားရသွားတာနဲ့ တစ်သက်လုံး တွဲလာတဲ့ သူငယ်ချင်းကို ခေါက်ပြီး ရည်းစားကိုပဲ ဖူးဖူးမှုတ်နေတဲ့၊ မှုန်နေမဲ့ကောင်မျိုး မဟုတ်ဘူး ... အသက် မင်း ဘာမှလျှောက်တွေးမနေစမ်းပါနဲ့ကွာ ... မင်း ကဏ္ဍကို ဖယ်ထားစရာ မလိုဘူး ... သဘောပေါက်လား ..."

သူ့စကားကြောင့် အသက်ရဲ့ နှလုံးသားမှာ ပိုလိုပင် တိုးကာ နာကျင်ရလေသည်။ အဲဒီလို စကားတွေ အသက် မကြားချင်တော့။ ထိုစကားမျိုးတွေသည် အသက်ကိုပို၍ ရူးအောင်လုပ်နေသလိုပင်။ တကယ့် တကယ်တမ်းတွင် လူရှေ့သူရှေ့၌ သူ့ရဲ့လက်ကို ဝိုင်ဝိုင်နိုင်နိုင် တွဲခွင့်ရသူမှာ အသက်မဟုတ်။ ဆင်းကြာညိုသာ ဖြစ်သည်။ သူတို့နှစ်ယောက် ချစ်ကြည်နူးနေပုံကို အသက်က ရင်ကွဲနှလုံးသားနဲ့ ကြည့်ဖို့ အင်အား မရှိချေ။





"ဟော့ အသက် ... ဘာဖြစ်နေတာလဲ ... ကျွတ် ... ငါ စိတ်မရှည်တော့ဘူး ... ငါလာခဲ့ရတော့မှာလား ..."

"အာ ... မလာနဲ့ ... ငါ ခုပဲလာမယ် ... ပြီးပြီ ..."

"ဘာပြီးတာလဲ ... ခုထိ စောင်ပုံထဲက မထွက်သေးဘဲနဲ့ များ ... နင့်အကြောင်းများ မသိရင် ခက်မယ် ... ဩော် နင် ဆင်းဆီ ဖုန်းကြိုဆက်ထားလိုက်ဦးနော် သိလား"

"အင်းပါတော် ... တကထဲမှပဲ ... ဒါပဲ ... ဒါပဲ ..."

အသက်က ဖုန်းကိုပစ်ချလျက် ဆင်းထံ ချက်ချင်း ဖုန်းခေါ်ရသည်။ သိပ်မကြာဘဲ ဆင်းကိုယ်တိုင် ဖုန်းလာကိုင်လေသည်။

"ဟယ်လို ... ဆင်းလား ... အသက်ပါ ... ဆင်းရေ ... အလုပ်တွေရှိရင်လည်း လမ်းရှင်းထားမယ်နော် ... ထက်သန်က တို့သုံးယောက်အတူတူ မုန့်သွားစားမလို့တဲ့ ... အဲဒါ ခဏနေ အသက် ဆင်းကို လာခေါ်မယ်နော် ... ဆင်း လုပ်စရာရှိတာ လုပ်ထားနိုင်အောင်လို့ ကြိုတင်ပြောထားတာ"

"အပြင်မှာ မုန့်သွားစားမလို့လား ... ဟင် ... ဆင်း မစားချင်ဘူး ... Breakfastစားတာပဲ အိမ်မှာစားတာ ပိုကောင်းတာပေါ့ ... အိမ်မှာ လာစားပါလား အသက်ရာ ... ထက်သန်ရောလေ ..."

အသက်က မျက်နှာကို ရှုပ်ဆိုးအောင် ရှုံ့မဲ့မိလေ

သည်။ မစဉ်းစားတတ်တဲ့ မိန်းမဟု အသက်ကတော့ ဝေဖန်ချင်သည်။ ဘယ်သူက သူများအိမ် စောစောစီးစီး လာစားချင်မှာလဲ၊ သူ ဖြစ်ချင်တာပဲ သိတယ်။ ဒီလိုမိန်းမမျိုးနဲ့ ခရီးဆက်မည့် ထက်သန့် အတွက်တော့ အသက် ရင်မောလှလေသည်။

"သြော် ... ဆင်းကလည်း အိမ်မှာစားတာက ရှိုးနေပြီ မဟုတ်လား ... ပြီးတော့ ထက်သန်က ဆင်းနဲ့လည်း တွေ့ချင်တာ ပါမှာပေါ့ ... "

ဆင်းဘက်မှ အသံတိတ်သွားပြီးလျှင် ...

"အသက်က သိပြီးသွားပြီလား ... "

"အင်းပေါ့ ... ထက်သန်က အစောကြီး လှမ်းနှိုးပြီ ပြောတာလေ ... ဆင်းနဲ့အတူတူ မုန့်သွားစားချင်လို့တဲ့ ... လိုက်မယ်မဟုတ်လား ဆင်းရဲ့ ... "

"ဆင်း မလိုက်တော့ပါဘူး ... အသက်တို့ဘာသာပဲ သွားတော့ ... "

"ဟယ် ... ဆင်းကလည်း ... ထက်သန်ကို မသနားဘူးလား၊ သူ့ခမျာ တစ်ညလုံး အပျော်တွေတောင်လွန်ပြီး အိပ်တောင်မပျော်ရှာဘူး ... "

"ဟင် ... အသက်က ဘယ်လိုလုပ်သိလဲ ... "

ဆင်းရဲ့အသံက အလန့်တကြားပင်။ အမလေး ဘာတွေများ အတွေးပေါက်သွားပါလိမ့်။





"သြော် ... ဆင်းရယ် ... ခုနက ဖုန်းဆက်တော့ သူ ပြောပြတာလေ ... အသက်က ငါ့ဆီဘာလို့ စောစောစီးစီး နှောင့်ယှက်တာလဲလို့မေးတော့ သူက မိုးမြန်မြန်လင်းပါစေ ဆုတောင်းနေရတာတဲ့ ... ဝမ်းသာလွန်းလို့ အိပ်မပျော်ဘူးတဲ့"

"ကြည့်စမ်း ... အသက်ကို သူက ဒါတွေလည်း ပြောပြတာပဲလား ... "

ဆင်းရဲ့စကားက ဘာအဓိပ္ပာယ်ကိုဆောင်မှန်း မသိချေ။ အသက်သည် စကားပြောရတာ သိပ် စိတ်မရှည်တော့။ လိုရင်းကို မရောက်ဘဲ စကားက ဟိုဝေ့ဒီဝေ့ကာနေသည်။

"ကြားတာပေါ့ ဆင်းရယ် ... ကဲ ... ဆင်းက မလိုက်တော့ဘူးပေါ့ ... "

"ဆင်း မလိုက်တော့ဘူး ... လုပ်စရာလေးတွေ ရှိသေးတယ်၊ ဘုရားဆွမ်းတော်ကပ်ဖို့ ဘုရားပန်းလဲဖို့လေးတွေ ... "

"အင်းပေါ့ ... ကဲ ... အဲဒါဆိုလည်း ဒါပဲနော် ... "

အသက်က မဲ့ကာရွဲ့ကာ ဖုန်းကို ဂွပ်ခနဲ ပိတ်ချလိုက်လေသည်။ ထို့နောက် အဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းလာလျက် ထက်သန်ကို စောင့်နေလိုက်သည်။ သိပ်မကြာသော ချိန်မှာ ထက်သန် ရောက်လာပါသည်။ ထိုင်ရာမှ မထသေးဘဲ လက်ပိုက်လျက်သားပဲ ရှိနေသော အသက်ကို မျက်လုံးပြူးပြလျက်။

"ဟေ့ ... ထလေ ... ဟာ ဒီကလေးမ ဘယ်လိုဖြစ်နေတာ

လဲ ... လုံးပActiveမဖြစ်ဘူး ... ဘာလဲ အိပ်ရေးမဝဘူးလား။ နေ့ခင်းမှ ပြန်အိပ်တော့ကွာ ... "

"အခု ပြန်အိပ်ရင် မကောင်းဘူးလား ... နင့်အချစ်က ... မလိုက်ဘူးတဲ့နော် ... "

"ဟင် ... အဟုတ်လား ... ဘာလို့လဲ ... ဟာ ... ဆင်းက ခြွေပြီကွာ ... "

"ဘုရားဆွမ်းတော်ကပ်ဖို့၊ ဘုရားပန်းလဲဖို့ ရှိသေးတယ်တဲ့"

"ဟာ ... ဘာလဲကွာ ... ဘယ်လို ရည်းစားလဲ ... "

သူက မျှော်လင့်ချက်ကို ပြိုလဲသွားဟန်ဖြင့် ခေါင်းကို လက်နှင့်အုပ်ကာ ဖွဟန်ပြုလိုက်လေသည်။ တကယ်မှပစ်လျှင် , သူ့ဆံပင်ပုံ ပျက်သွားမှာလည်း ကြောက်သည့်ပုံ။ အသက်သည် စိတ်ရှုပ်သည့်ကြားမှ သူ့ကိုလည်း ရယ်ချင်သေးသည်။ အဟုတ်ကိုပင် မင်းသားက ပဲကလည်း များတတ်သေးသည် မဟုတ်လား။

သူက စိတ်ပျက်လက်ပျက်ပုံစံဖြင့် အသက်ရဲ့နံဘေးမှာ ဝိုင်းခနဲ ဝင်ထိုင်လေသည်။

"ဆင်းက ဘာတဲ့လဲကွာ ... ဘာဒီဇိုင်းလဲ ... "

"ဩော် ... သွားအပြစ်မတင်နဲ့လေကွယ် ... ဟုတ်တာပဲ ဟာ ... သူ မနက်တိုင်း လုပ်နေကျအလုပ်ကို မဖျက်ချင်လို့နေမှာပေါ့ ... ညနေကျမှ ရန်ကင်းမှာ ကြေးအိုးသွားသောက်ဖို့ခေါ်ပေါ့ ... "





"အေးပေါ့ကွာ ... ချစ်မိမှတော့ သည်းခံ မောင်ထက်သန့်ရေ၊ သည်းခံပေ့ ... "

သူက သူ့ကိုယ်သူ ရေရွတ်သလိုမျိုးဖြင့် အော်လေသည်။ အသက်က သူ့မျက်နှာချောချောကို ဘေးတစောင်းအနေအထားမှ ခိုးငေးကာ ရင်ထဲမှာနင့်၍ နေသည်။ အချစ်ဆိုတာ မကောင်းပါဘူး ထက်သန့်ရယ်။ ငါပြောခဲ့ဖူးသလို တကယ်ပဲ ကိုယ်နွံးဖို့ ဖြစ်လာတဲ့အရာတစ်ခုပါ။

သူက ငိုင်နေသဖြင့် ...

"ကဲ ... မသွားတော့ဘူး မဟုတ်လား ... အိမ်ကမုန့်ပဲ စားလိုက်တော့ ... "

"မစားချင်ပါဘူးကွာ ... ငါက ကရဝိတ်ထဲက အမှတ်တရမှာ ရှမ်းခေါက်ဆွဲ သွားစားချင်နေတာ ... ဘာဖြစ်လဲကွာ ... လာ ... ဆင်းမပါလည်း ငါတို့ဘာသာပဲ သွားစားကြတာပေါ့ ... "

အသက်က သူ့စကားကြောင့် အနည်းငယ် အံ့ဩသွားတာတော့ အမှန်ပဲဖြစ်သည်။ သူ့ချစ်သူ မပါဘဲ မသွားတော့ဘူးဟု အသက်ကတွေးကာ ဝမ်းနည်းနေမိသမျှ သူနှင့် အရင်လို မခွဲမခွာရှိရတုန်းဘဲဆိုတာ အသိက အသက်ကို အံ့ဩပျော်ရွှင်စေလေသည်။ ဟီးခနဲ ရယ်ချင်လိုက်ချင်စိတ်ကို မနည်းဘရိတ်အုပ်ကာ ...



Scanned by CamScanner

"အဲဒါဆိုလည်း သွားမယ်လေ … အိမ်က ကားနဲ့ပဲ သွားတာ ပေါ့ … "

"ဟုတ်ပြီ … ငယ်ကျွန်ကြီး မောင်းစေဗျာ … "

"ကြည့်စမ်း … ခွေးစုတ် သေဦးမယ် … "

သူက အသက်ရဲ့ လက်သီးဆုပ်တွေကို တဟားဟား နှင့် ရှောင်ဖယ်ရင်း အသက်ကို အမျိုးမျိုး ပြောင်ပြနေလေသည်။ သြော် … ချစ်လိုက်ရတာ ထက်သန့်ရယ် … ။

ချစ်သူရသွားပြီးပေမဲ့ မပြောင်းလဲတဲ့ သံယောဇဉ် တွေအတွက် နှင့်ကို ငါ လေးစားစွာ ဦးညွှတ်လိုက်ပါတယ်။

Book Sharing







အသက်နှင့်အတူတူ မုန့်စားပြီး ပြန်လာသောအခါ လမ်းထိပ်မှာတင် ဆင်းရဲ့မိဘတွေကားနှင့် ကပ်ရှောင်ကြသဖြင့် အသက်ကတောင် ကားမောင်းရင်းမှ ဟွန်းတီးကာလှမ်း၍ နှုတ်ဆက်ပါသည်။ သူ့ခေါင်းထဲတွင် ဖျတ်ခနဲ အကြံတစ်ခုဝင်လာကာ

"အသက် … ဆင်းတို့ခြံရှေ့မှာ ငါ့ကို ရပ်ပေးဟာ … အိမ်မှာ ဘယ်သူမှ မရှိတော့ဘူး … ဆင်းကို ငါ စကားသွားပြော လိုက်ဦးမယ် … "

"ဟယ် ... ဖြစ်ပါ့မလား ... ဟင်း ... အကြံသမား ... ဒါ မျိုးကျ ဦးနှောက်က လှစ်ခနဲ ပြေးတတ်လိုက်တာ ... "

"ဟာ ... နှာပြီကွာ ... ငါက ရိုးရိုးသားသား စကားပြော မှာပါဟ ... သူ တစ်ယောက်တည်းမှ မဟုတ်တာ ... မာလီ တို့ ထမင်းချက်တို့လည်း ရှိပါတယ် ... "

"ပြီးရော ... ပြီးရော ... ရပ်ပေးမယ် ... သွားတော့မကဲ့နဲ့ နော် ... "

"အသက်ကလည်းကွာ ... "

သူက အောင့်သက်သက်နှင့်ပင် အသက်ပြောသမျှ ခံနေရလေသည်။ ဆင်းတို့ခြံရှေ့အရောက်မှာတော့ အသက်က ကားကို ရပ်ပေးလေသည်။ သူက ပေါ့ပါးသော ခြေလှမ်းများနှင့် ခြံတံခါး ဖွင့်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ခြံစောင့်တွေ၊ အလုပ်သမားတွေ က သူ့ကိုသိပြီးသားမို့ အရေးတယူ ကြည့်မနေပါ။ ဆိုက်ဆိုက်မြိုက် မြိုက်ပင် ဆင်းကို ဧည့်ခန်းထဲမှာ တန်း၍ တွေ့လေသည်။ ဆင်းက သူ့ကို မြင်သောအခါ တစ်ချက်ပဲကြည့်လျက် မျက်နှာလွှဲသွားသည်။ သူက ဆင်းရဲ့နံဘေးမှာ ဝင်ထိုင်သောအခါ အလန့်တထိတ်ပုံစံဖြင့်

"ဟိုဘက်က ခုံမှာထိုင်ပါ ထက်သန်ရဲ့ ... "

"ဘာလို့လဲ ... ကိုယ်က မသန့်လို့လား ... ရေမွှန်မွှန်ချိုးပါ တယ် ဆင်းရဲ့ ... "

"အို ... အဲဒါ မဟုတ်ပါဘူး ... တော်ကြာ တစ်ယောက်





ယောက် မြင်သွားရင်၊ တစ်မျိုးထင်သွားလိမ့်မယ် ... "

"တစ်မျိုး ... ဘာတစ်မျိုးလဲ ... ကိုယ်နဲ့ ဆင်းနဲ့ကိုလား၊ ဟာ ... ကိုယ်တို့က ချစ်သူတွေ ဖြစ်သွားပြီပဲ မဟုတ်ဘူး လား ဆင်းရဲ့ ... "

သူ့စကားကြောင့် ဆင်း ရှက်သွားပုံလေးက ကြည့် မဝချင်ပေ။ ရည်းစားတစ်ခါမှ မထားဘူးတဲ့ ကလေးလေးကျနေ တာပဲ။

"အို ... ဖြစ်တိုင်း အဲဒီလို ထိုင်ရမှာလား ... ကဲ ထပါ ... ဟိုမှာ ထိုင်ပါ ... "

"ကဲကဲ ... ချစ်သူလေးရဲ့သဘော ... ဟုတ်ပြီလား ... "

သူက ဆင်းရဲ့သဘောတိုင်းပင် မျက်နှာချင်းဆိုင်ခုံ သို့ ပြောင်းထိုင်ပေးလိုက်လေသည်။ ဒီတော့မှ သက်သာရာရသွား သည့် ပုံစံဖြင့် သူ့ကို ရဲရဲကြည့်ဖော် ရသွားတာ ဖြစ်သည်။

"ခုနက အသက်နဲ့ ဘယ်သွားတာလဲ ... "

ဆင်းရဲ့မေးခွန်းကြောင့် သူပင် ရုတ်တရက် ကြောင် သွားခဲ့သည်။

"အသက်နဲ့ ... ဩော် ... မုန့်သွားစားတာလေ ... ကရဝိတ် ထဲက ရှမ်းဆိုင်မှာ အဲဒီမှာ ASEAN FOOD SHOP တွေလည်း ဖွင့်ထားတယ်လေ ... ဆင်း မရောက်ဖူးသေးဘူး မှလား၊ ဟိုတလောကမှ ဖွင့်လိုက်တာ ... သွားမလား ... ကိုယ်

လိုက်ပို့ပေးမယ် ... "

"အဲဒါက အသားထားပါဦး ... ထက်သန်က အမြဲပဲ အဲဒီလို အပြင်မှာ သွားသွားစားတာပဲလား ... "

"အင်း ... Always တော့ မဟုတ်ဘူး ... Often ပေါ့ ဆင်းရဲ့၊ တစ်ပတ်မှာ ငါးရက်လောက်ကတော့ သွားစားတယ် ... ကိုယ်နဲ့ အသက်နဲ့က အိမ်ကမုန့်နဲ့ ကော်ဖီကို သိပ်မကြိုက်ဘူး ... အဲဒီလို အပြင်က မုန့်ဟင်းခါးတို့ အုန်းနို့ခေါက်ဆွဲတို့ ဒင်းဆမ်းတို့ အဲဒါမျိုးတွေ ကြိုက်တာ ... ဆောင်းတွင်းဆို မနက်အစောကြီး ဖွတ်ဖြုတ်နဲ့ နံပြားလည်း သွားသွားစားကြသေးတယ် ... အင်းလျားကန်ပေါ်တက်ပြေး ... ဟား ... သိပ်ပျော်စရာကောင်းတာ ... နောက်ဆို ဆင်းနဲ့သုံးယောက်ဆို ပိုတောင်ပျော်ဖို့ ကောင်းဦးမယ် ... "

ဆင်းက သူ့စကားကို ရှုံ့မဲ့ပစ်ကာ ခေါင်းခါငြင်းဆန်လျက် ...

"အာ ... ဆင်းက အဲဒီလိုမျိုးတွေ ဝါသနာမပါဘူး ... မကြိုက်လည်း မကြိုက်ဘူး ... ထက်သန်လည်း Breakfastကို အိမ်ကဟာပဲ စားတတ်အောင် ကျင့်ထား ... ဆင်းက တော်ရုံတန်ရုံ အပြင်က အစားအစာတွေ မစားတတ်ဘူး ... "

သူက ဆင်းကို ရယ်ချင်စွာဖြင့် ပြုံးစိုက်ကြည့်ကာ

"ဟား ... ကိုယ်နဲ့တော့ totall opposite ပဲကွာ ... ကိုယ်က





အပြင်စာမှ အပြင်စာ ... လက်ဖက်ရည်ဆိုင်ထိုင်ရတာ ... ဝက်သားတုတ်ထိုးစားရတာ သိပ်ကြိုက် ... ဘယ့်နှယ် လုပ်မလဲဟင် ဆင်း ... "

သူက ဆင်းကို ဘယ်လိုလဲဟူသော ပုံစံဖြင့် မေးဆတ်ပြလိုက်သောအခါ ဆင်းက ခေါင်းကို တခါခါနှင့်ပင် ငြင်းဆန်လေသည်။ နှုတ်ခမ်းကလည်း အော်တိုမစ်တစ် စူပြီးသားပင်။

"ဟင့်အင်း ... အဲဒါတွေ ဆင်း မကြိုက်ဘူးနော် ... ဆင်းကို ချစ်ရင် ထက်သန် ပြောင်းလဲပစ်ရမှာပဲ ... ထက်သန်ဆီမှာ ဆင်း မကြိုက်တာတွေ အများကြီး ရှိသေးတယ် ... နေဦး၊ တစ်နေ့ကို တစ်ခုချင်း ပြောသွားမယ် ... အဲဒါ ထက်သန် ပြင်ရမယ် ... အဲဒါပဲ ... "

"ဟာ ... အဲလိုကြီးတဲ့လား ... ဆင်းက ခြေပြီကွာ"

ယခင်က တွေ့ခဲ့ဖူးသော ပုံစံလေးနှင့် အခြားနားကြီး ခြားနားသွားလျက် လက်ညှိုးတစ်ထောင်ထောင်နှင့် သူ့ကို ခေါ်ပြောလိုက်ချင်လေသည်။ အသက်သာကြားလျှင် ဘယ်လို ဝေဖန်မယ်ဆိုတာ မသိချေ။ သေချာတာကတော့ သူ့ကိုကောင်းကောင်းကြီး ဟားမှာပဲ ဖြစ်လေသည်။

သြော် ... ရင်နှင့်စွာနဲ့ ချစ်စကားလေးတွေ ကြားရမလား မှတ်ပါတယ်။ camp သွင်းခံရတော့မဲ့ တပ်သားတစ်ယောက်ရဲ့အဖြစ်နဲ့ နီးပါရော့လား။



Scanned by CamScanner

"ဘာခြွေတာလဲ ... နေဦး ... အဲဒီလို ဗန်းစကားတွေလည်း ပြောတာ မကြိုက်ဘူး ... အင်း ... အများကြီး ရှိတယ်နော်၊ အများကြီးပဲ ... "

"ဟာ ... ဒါနဲ့များ ကိုယ့်ကိုချစ်တယ် ... အား တော်တော် ဂုဏ်ယူစရာပါလား ... "

ဆင်းက သူ့ကို မျက်စောင်းတစ်ချက် ပို့လွှတ်ကာ "ထက်သန်နော် ... အဲဒီလို ပြောင်ချော်ချော် မပြောနဲ့၊ ဆင်းက ပြောခဲ့ဖူးပါသကော ... ဆင်း ချစ်တဲ့လူဆို ဆင်း ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖြစ်ရမှာလို့ ... ဆင်းကိုပဲ ချစ်ရမယ် ... နားလည်ရမယ် ... ဂရုစိုက်ရမယ် ... အဲဒါမျိုးမှ နို့မို့ကတော့ ဆင်းက စိတ်ဆိုးပြီးသွားပဲ ... "

"ဟာ ... စိတ်တော့ မဆိုးပါနဲ့ကွာ ... ရည်းစားဖြစ်ရတာ နှစ်ဆယ့်လေးနာရီတောင် မပြည့်သေးဘူး ... ဆင်းရယ် အဓိက,က ကိုယ်က ဆင်းကိုချစ်တယ် ... ဆင်းက ကိုယ့်ကို ချစ်တယ် ... ဒါပဲ မဟုတ်လား ... လူတစ်ယောက်နဲ့ တစ်ယောက်က အကြိုက်ချင်းတော့ ဘယ်တူကြမလဲ ... "

"ကိုယ့်အကြိုက်နဲ့ ကိုယ်ပဲဟာ ... ဒါက ကြီးကြီးမားမား မဟုတ်ရင် ပြဿနာ မဟုတ်ပါဘူး ... တချို့ဆိုကွာ ဘာသာ မတူဘဲ သာယာနေတဲ့ အိမ်ထောင်ရေးတွေ အများကြီးပဲ၊ ကဲ ... အဲဒါတွေကျတော့ ဘယ့်နှယ်လုပ်မလဲ ... အဓိက,က





နားလည်မှုပဲ ဆင်းရဲ့ ... "

သူတောင် မပြောစဘူး စကားတွေ အရှည်ကြီးပြောလျက် ဆင်းကို ရှင်းပြရလေသည်။ ဒါကိုလည်း ဆင်းက လက်မခံချင်။ ခေါင်းကိုသာ တွင်တွင်ရမ်းလျက် ...

"မသိဘူး ... အဲဒါက သူများတွေ ဆင်းနဲ့ ထက်သန်က သူတို့နဲ့မတူဘူး ... ဆင်းတို့က ဘာသာလည်း တူတယ် ... ကျန်တာအားလုံး တူရမယ် ... ဒါမှ ချစ်သူ ပီသတော့မှာပေါ့၊ နှစ်ကိုယ့်တစ်စိတ်ဆိုတာ မကြားဖူးဘူးလား ... ဆင်းရဲ့စိတ်နဲ့ ထက်သန်ရဲ့ ကိုယ်ပေါ့ ... မဟုတ်ဘူးလား ... "

သူက ဘာမှကို ပြန်ပြောနိုင်အား မရှိတော့ဘဲ ဆင်းကိုသာ ငေးနေမိတော့သည်။ နွဲ့နွဲ့ပျောင်းပျောင်းလို့ ထင်ရတဲ့ ကောင်မလေးဆီမှာ ဒီလို ခေါင်းမာတဲ့ အတွေးအခေါ်တွေ တကယ်ပဲ ရှိနေလား သူ မတွေးတတ်တော့ချေ။

ဆင်းကတော့ သူ့လိုချင်တာကို မဖြစ်ဖြစ်အောင် လုပ်မည့် ပုံစံဖြင့် သူ့ကို စပ်ရွှန်းရွှန်း စိုက်ကြည့်လို့နေခဲ့သည်။ ဘုရားရေ ... အချစ်ဆိုတာ ဘယ်လိုကြီးလဲ ... ။



နောက်တစ်နေ့ နံနက်စောစောတွင် အသက်က သူ့ကို ဖုံးဆက်၍ တစ်ပြန်နိုးပြန်ပါသည်။ အသက် ဖုံးဆက်သောအချိန်မှာ ခြောက်နာရီထိုးပြီးကာစပဲ ရှိသေးသည်။

"ထက်သန် ... ဆာတော့ ... မုန့်ဟင်းခါးသွားစားရအောင်၊ ထ ... ထ ... "

ချက်ချင်းပင်.သူက အိပ်ရာထဲမှ ကျုံးထတော့မည်





ဟန် ပြင်ပြီးမှ မနေ့ကတင် ဆင်းပြောခဲ့သော စကားတွေကို ချက်ချင်း သတိရလျှက် တွေဝေသွားရပြန်ပါသည်။ ဘယ်လိုများလုပ်ရပါ့။ ဆင်းပြောသောစကားတွေက သိပ်နည်းလမ်းမကျသော်လည်း သူကတော့ ဆင်းကို ချစ်ကြောင်း သက်သေပြသည့် အနေဖြင့် လုပ်ပြချင်လှသည်။

သူ့ဘက်မှ ငြိမ်သက်နေသဖြင့် အသက်ထံမှ စိတ်မရှည်သည့် လေသံထွက်လာကာ ...

"ဟာ ... ဟေ့ကောင် ... ဘာငိုင်နေတာလဲ ... ထလေကွာ၊ စောစောစီးစီး မုန့်ဟင်းခါး စားချင်လို့ နှိုးပါတယ်ဆိုမှ ... ငါ စိတ်မရှည်ရင် နင့်အခန်းထဲထိ လိုက်လာတော့မှာနော်"

"သြော် ... အသက်ကလည်း ... ငါ ဒီနေ့ မုန့်ဟင်းခါး သိပ်မစားချင်ဘူးဟ ... အဲဒါကြောင့် ... "

"အောင်မယ် ... နားရှိလို့သာ ကြားရတယ် ... မုန့်ဟင်းခါးဆို ရောက်ရာအရပ်က ပြေးလာတဲ့သူကများ ... ကဲ ပြောစမ်း ... ဘာကြောင့် သိပ်မစားချင်ရတာလဲ ... "

"အဲ ... ဟို ... ငါ မနေ့က တုတ်ထိုးစားတာ အဲဒါ ဗိုက်သိပ်မကောင်းလို့ဟ ... အဟဲ ... အဲဒါကြောင့် ... "

အသက်က သူ့စကားကို အလွယ်တကူဖြင့် မယုံကြည့်ချေ။

"အံမယ် ... တစ်သက်လုံးက စားလာပြီးမှ အိုဗာတင်းတွေ



Scanned by CamScanner

လာဖျော်မနေနဲ့ ... ဟိုတစ်ခါတုန်းက ဒုတ်ထိုးနဲ့ မုန့်ဟင်းခါး တွဲစားတာတောင် ဘာမှ မဖြစ်ဘဲနဲ့များ ... ကဲပါ နှင်နဲ့ငါ့ ကြားမှာ လိမ်ဆင်တွေ မလိုအပ်ဘူး ... တည့်ပဲ ဆက်ဆဲ၊ ပြော ဘာလို့လဲ ... ဆင်းက မစားရဘူး ပြောထားလို့လား"

အသက်စကားက တန်းခနဲနေအောင်မှန်လေသည်။ နောက်ဆုံးတော့ သူ အယုံကြည်ရဆုံးဖြစ်သည့် အသက်ကို ဖုံးကွယ်မထားချင်တော့ပေ။ အသက်က သူ့ကို အကြံဉာဏ်တွေ ပေးတာလည်း တော်သောကြောင့် ဖြစ်သည်။

"အေးကွာ ... မနေ့ကလည်း ငါ့ကို ချည်ထားတာတွေလည်း အများကြီးပဲ ... တစ်နေ့ကို တစ်ခုချင်း ပြောသွားမယ်တဲ့၊ ဠး ငါတော့ သေပြီဆရာ ... "

အသက်ဘက်မှ ခေတ္တတော့ အသံတိတ်သွားခဲ့လေသည်။ အသက် စိတ်မကောင်းများ ဖြစ်သွားတာလား။ တစ်သက်လုံးက သူတို့နှစ်ယောက်သည် တစ်ယောက်ရဲ့ဆန္ဒကို တစ်ယောက်က နှစ်သက်သဘောကျကာ အလိုဖြည့်ပေးတတ်စမြဲ။ ငြင်းပယ်ရိုးထုံးစံဆိုတာ မရှိ။

ဒီလို တစ်စုံတစ်ယောက်၏ ပယောဂဖြင့် ငြင်းပယ်ဖို့ဆိုတာ ဖိုလို့တောင် မဖြစ်နိုင်သေးချေ ... ။ သူတို့နှစ်ယောက်ရဲ့ အကြိုက်ချင်းကလည်း အမြဲပဲ တူညီခဲ့တာ မဟုတ်လား။ အမှန်အတိုင်းပြောရလျှင် ဒီအချိန်မှာ သူလည်း မုန့်ဟင်းခါးပူပူလေးကို





ဘူးသီးကြော်နှင့် အမှန်တကယ်ပင် လွေးချင်လှလေသည်။

"အင်းလေ ... နင့်ဆော်က မကြိုက်ဘူးဆိုတော့လည်း ဒီလိုပဲပေါ့ ... ဒါဆိုလည်း ငါဘာသာပဲ သွားစားတော့မယ် ... ရတယ် ... ဆက်အိပ် သူငယ်ချင်း ... "

သူ့ကို မရမက ဂွကျလိမ့်မည်ဟု ထင်ထားသော်လည်း အသက်က တင်းထားတာနှင့် လွဲများစွာပင် သူ့စကားကို အလွယ်တကူ လက်ခံလိုက်လေသည်။ ဒီလိုဆိုတော့လည်း အသက်အတွက် စိတ်မကောင်းချေ။ အမြဲပင် အသက်နှင့်အတူတူ သွားလိုက်စားလိုက် ရှိခဲ့တာမို့ အသက်တစ်ယောက်တည်း သွားမယ်ဆိုသောအခါတွင်လည်း သူ့စိတ်က လက်မခံချင်ဟန်ပြနေပါ။

အသက်က ဖုန်းကို ချလုချခင်မှာပဲ သူက ကမန်းကတန်းပင်။

"နင် တစ်ယောက်တည်း သွားမလို့လား ... ဟာ ... ငါပါ လိုက်မယ်ကွာ ... "

"ဟင် ... နင် ဆင်းက မသွားရဘူးဆို ... "

"အဲဒါတွေ နားထားဟာ ... ကဲ ... ခဏပဲစောင့် ... မျက်နှာသစ်ပြီးတာနဲ့ ငါလာခေါ်လိုက်မယ် ... ဟုတ်ပြီလား"

အသက်က ဘာမှပြန်မပြောတော့ဘဲ ဖုန်းကိုသာ အသာချသွားခဲ့လေသည်။ သူကတော့ ချက်ချင်းပင် အိပ်ရာထဲမှ လူးလဲထကာ မျက်နှာအမြန်သစ်လျက် အဝတ်အစားလဲကာ ကား



Book Sharing

Scanned by CamScanner

ယူပြီး အသက်တို့ ခြံရှေ့သို့ မောင်းလာခဲ့သည်။ အသက်က ပြောစရာ မလိုအောင်ပင် ခြံရှေ့မှာ လက်ကလေးပိုက်လျက် အဆင်သင့်စောင့်နေလေသည်။ အသက် ကားပေါ်ရောက်တာနှင့် တစ်ပြိုင်နက် သူက ကားကို မောင်းထွက်လာခဲ့သည်။ အသက်က သူ့ဘက်ကို အတည့်လှည့်ထိုင်ကာ နောက်ကိုလည်း သမင်လည်ပြန် လှည့်ကြည့်ရင်း ...

"ဟဲ့ ... ဆင်းလေ ... ဝရန်တာကနေ လှမ်းကြည့်ပြီး ကျန်နေခဲ့တယ် သိလား ... နင့်ကို ညော်တော့မယ်နဲ့ တူတယ်နော် ..."

"ညော်လည်း ... မတတ်နိုင်ဘူးဟာ ... နင့်ကို ငါ့အဖြစ်တွေ ပြောပြရင် နင် ဟားမှာလား အသက် ..."

"မဟားပါဘူးဟယ် ... နင့်အတွက် ငါက ဘာမဆို မျှဝေခံစားပေးတယ်ဆိုတာ နင် မေ့နေပြီလား ..."

သူက ခေါင်းတစ်ချက် ဆတ်လိုက်ရင်း အသက်ကို ပြုံးပြလိုက်သည်။ ဆင်းမှာ အသက်လို မျှဝေခံစားပေးတတ်တဲ့ စိတ်ဓာတ်လေး တစ်ဝက်လောက်ပါရင်ကိုပဲ သူ အတော်ကျေနပ်မှာ ဖြစ်သည်။

မုန့်ဟင်းခါးဆိုင်ရောက်သောအခါ မုန့်စားရင်းမှနေ၍ ဆင်းရဲ့စကားတွေအကြောင်း သူက စိကာပတ်ကုံး ပြောပြလိုက်ပါသည်။ အသက်က ခေါင်းလေးငုံ့ကာ စောင်းကာဖြင့် စိတ်ဝင်တစား





နားထောင်ပေးသည်။ သူ ပြောချင်တာ ပြောပြီးသွားလျှင် ...

"အသက် ... နင်ရော ဘယ်လို သဘောရလဲ ... ဆင်းက သိပ်လွယ်မယ်တော့ မထင်ဘူးနော် ..."

"အင်း ... နင့်ကို ငါ အစောကြီးတည်းက ပြောသားပဲ ... ဆင်းမှာ အတ္တများတဲ့စိတ်တော့ ရှိမယ်လို့ ငါလည်း သိပ်မပြောတတ်ဘူး ... ဒီလို အပြင်မှာ မုန့်သွားစားတာတွေ ဘာတွေတောင် မကြိုက်ဘူး ... မလုပ်ရဘူးဆိုတော့ နင့်အနာဂတ်အတွက် ရင်လေးစရာပဲ ... ဟား ... ဟား ..."

အသက်က လွတ်လပ်ပေါ့ပါးစွာဖြင့် အော်ရယ်လေသည်။ သူက ဘာရယ်မဟုတ်ဘဲ အသက်ရဲ့ အပြစ်ကင်းစွာ ရယ်မောပုံလေးကို ငေးကြည့်နေမိသည်။ ငေးကြည့်ရင်းမှနေ၍ သူ့ခေါင်းထဲတွင် အကြံတစ်ခု ဖျတ်ခနဲ ဝင်လာခဲ့တာ ဖြစ်သည်။ သူက လက်ဖျောက်တစ်ချက် တီးပစ်လိုက်ကာ ...

"ဟာ ... ငါ အကြံရပြီ ... ဆင်းကို နင့်လိုပုံစံမျိုးဖြစ်အောင် သွင်းပေးလိုက်ရင်ကော ... ဒါဆို မကောင်းဘူးလား ... အဲဒါဆို သူ ငါ့ကို ဘာမှပြောမှာ မဟုတ်ဘူး ..."

"လုပ်ပေါ့ ... နင့် ရည်းစားပဲဟာ ... နင့်ကိုချစ်ရင် သူ ပြောင်းလဲရမှာပေါ့ ..."

အသက်က သူ စိတ်အားတတ်ကြွစေမည့် စကားတွေဖြင့် မြှောက်ပေးလေသည်။

"ဒါ နင်ကူညီမှ ရမဲ့ကိစ္စဟ ... နင့် အကူအညီ လိုအပ်သေးတယ် ..."

အသက်က မျက်လုံးပြူးကာ ရင်ဘတ်ကို လက်နှင့်ဖိလျက် ...

"ဘာရယ် ... နင်တို့ရည်းစားဖြစ်သွားတာတောင် ငါက ဆက်ပါနေရဦးမှာလား ... အမလေး ... နေပါ ထက်သန့်ရယ် ... ကိုယ့်ဘာသာကိုယ် အေးအေးပဲ နေပါရစေ ... ဒီလို အပူတွေမရှိချင်လို့ တစ်ကိုယ်တော် လွင့်နေတာဟေ့၊ ဟိုနွယ် ဒီနွယ် ... ဟိုဟာ မလုပ်ရ ... ဒီဟာ မလုပ်ရတွေ ကြောက်လွန်းလို့ ... နေပါ ... နေပါ ..."

"အသက်ကလည်းဟာ ... ဒါလေး ကူညီရတာများ ဘာပင်ပန်းသွားတာမှတ်လို့ ... ပါးစပ်လေးနဲ့ ပြောရုံပဲဟာ ... ငါသူ့အပေါ်မှာ ဘယ်လောက်သစ္စာရှိကြောင်း ... ချစ်ကြောင်းဒါကြောင့် ဒီလိုအသေးအဖွဲလေးတွေမှာ နားလည်ပေးဖို့ ဘာညာ သာရကာပေါ့ဟာ ... နင် ဖောတတ်ပါတယ် ... ဟုတ်တယ်မှလား ..."

"ကျွတ် ... ရှုပ်နေတာပဲဟာ ... နင့်ဘာသာ ပြောပေါ့ ... နင့်ကို ချစ်တယ်ဆိုရင် သူ နားလည်ပေးရမှာပဲ ..."

"အေးလေ ... သူ နားလည်သွားအောင် ပြောပေးဖို့ နင့်ကို အကူအညီတောင်းနေတာ ... တကတဲမှပဲကွာ ..."





ပြောရင်းနှင့်ပင် သူ အသက်ကို ဒေါသထွက်လာလေသည်။ ဒီလောက် လွယ်လွယ်လေးကိစ္စကို တမင်တကာပင် အသက်ကပ်နေသည်ရယ်လို့ပဲ သူ မြင်သည်။ အသက်ကလည်း သူ့ရဲ့ စိတ်တိုလာသော ပုံသဏ္ဍာန်ကို ရိပ်မိစွာဖြင့် ...

"အံမယ် ... အံမယ် ... ပုံစံက ဘာဖြစ်လာတာလဲ ... လူသတ်မဲ့ ဒီဇိုင်းနဲ့ ... ကုလားမနိုင် ရခိုင်လာမဲ မနေနဲ့နော်၊ ငါနဲ့ ဘာမှမဆိုင်ဘူး ... တော်ပြီဟာ ... ပြန်မယ် ပိုက်ဆံရှင်း ..."

အသက်က စားပွဲကို လက်ဝါးဖြင့် ဖျန်းခနဲ ရိုက်ကာ ပြောလေသည်။ မိန်းမတွေရဲ့စိတ်ကို သူ တကယ်ပင် လိုက်လို့မမီချေ။ နူးညံ့မလိုနှင့် မာကျောသည်။ ဟုတ်မလိုလိုနှင့် မဟုတ်တော့။ အသက်ကလည်း ဘာကို တင်းသွားမှန်း သူ မသိချေ။ အိမ်ရှေ့ရောက်သည်အထိ နှုတ်တောင်မဆက်ဘဲ သူ့ကားပေါ်မှ ဖျတ်ခနဲ ဆင်းကာ သူတို့ခြံထဲ ဝင်သွားလေသည်။

သူ့ကားကို ပေါ်တီကိုအောက် အထိုးမှာပင် မေမေနှင့် တန်း၍ဆုံသည်။ မေမေ့ကို ဧည့်ခန်းထဲမှာ ထိုင်နေတာမျိုး အင်မတန်ပင် မြင်ခဲလှလေသည်။ ဒီလို နံနက်ခင်းချိန်မျိုးမှာ မေမေကား ဈေးသွားလျှင်သွား။ မသွားလျှင်လည်း မီးဖိုချောင်ထဲမှာ ဖေဖေနှင့် သူ့အကြိုက်တွေ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေတာ နင့်ကို မအားနိုင်



Scanned by CamScanner

ရှာချေ။ မေမေပုံစံက သူ့ကို စောင့်နေဟန်ပင် တူလေသည်။ ထို့ကြောင့် ...

"ထူးထူးခြားခြား မေမေက ထိုင်လို့ပါလား ... သားကို စောင့်နေတာလား မေမေ ..."

"ဟုတ်တယ် သား ... ထိုင်ပါဦး ..."

သူက မေမေနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်လိုက်သည်။ မေမေက သူ့ကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်ရင်း

"ခုနက ဆင်းကြာညို ဖုန်းဆက်တယ် ... သားပြန်လာရင် သူ့ဆီ ဖုန်းပြန်ဆက်ပါတဲ့ ... သားတို့က ဘယ်အတိုင်းအတာအထိ ရင်းနှီးနေကြပြီလဲ ... ဆင်းက ဖုန်းတွေ ဘာတွေတောင် ဆက်လို့ ..."

သူက ဘာပြန်ပြောရမှန်း မသိလျှင် ဖြစ်နေကျ ထုံးစံအတိုင်း နားထင်ကို လက်ညှိုးနှင့် ကုတ်ကာ ...

"အဟဲ ... ဟို ... ဘယ်လိုပြောရမလဲ ... သူနဲ့သားက ရည်းစား မေမေ ... ဟဲဟဲ ..."

မေမေက မျှော်လင့်ပြီးသား ပုံစံဖြင့် သိပ်တော့ အံ့သြဟန် မပြချေ။ အေးအေးသက်သာပုံစံဖြင့် သူ့ကို ခပ်မဆိတ်သာဘဲ ကြည့်ရှုနေလေသည်။ ပြီးတော့မှ ...

"သားက ဆင်းကြာညိုကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလား ..."





"ဟား ... မေမေက ဘယ်လိုမေးလိုက်တာလဲ ... မေမေ့သားက သူများသားသမီးကို အပျော်ကြံပါ့မလား မေမေရဲ့"

"သားက ဆင်းကို တကယ်ချစ်လို့လား ..."

"ဟား ... ဟား ... မေမေတို့ကတော့ ဘာကိစ္စတွေများ ထူးခြားမလို့လဲ မသိဘူး ... ဘာလဲ ... ဆင်းနဲ့ သားကို လက်ထပ်ပေးချင်လို့လား ... နည်းနည်းတော့ စောမနေဘူးလား မေမေရဲ့ ... သားမှာ အလုပ်လည်း မရှိသေးဘူး"

"မေမေ မေးတာကိုသာ ဖြေစမ်းပါ သားရယ် ..."

"မေမေ ... ဟာ ... အမေ့ကို ပြောပြရမှာ မပြောချင်ပါဘူး မေမေရာ ..."

"မပြောချင်လို့ မရဘူး သား ... သား သူ့ကို ချစ်,မချစ် မသေချာဘဲနဲ့ ဘယ်လိုလုပ် လက်ထပ်ပေးရမှာလဲ ..."

သူက ရှက်ရယ်တစ်ချက် ရယ်လိုက်ရင်း ...

"ချစ်လို့ပေါ့ မေမေရာ ... သား သူ့ကို ချစ်တယ် ..."

"သေချာရဲ့လား သား ..."

"ဘာကို မသေချာရမှာလဲ မေမေကလည်း ..."

"အသက်ကိုရော သား ဘယ်နားသွားထားမလဲ ..."

မေမေ့စကားက သူ့ကို အကြီးအကျယ် အံ့သြသွားစေပါသည်။ မေမေရဲ့ စကားအဓိပ္ပာယ်ကို ရုတ်တရက် သူ နားမလည်ချေ။ သူ့ရဲ့ နှလုံးသားရေးရာ ကိစ္စဟာ အသက်နဲ့ ဘာဆိုင်

လို့လဲ … ။ ဒီလိုမေးရအောင်လည်း အသက်နဲ့ သူဟာ ဘာများ ပိုမိုပတ်သက်လို့လဲ။

"မေမေ … ၄မေမေပြောတာ နားမလည်ဘူး … အသက်နဲ့ ဘာဆိုင်လို့လဲ … သားနဲ့ ဆင်းတို့ ချစ်သူဖြစ်တာ အသက်သိ သားပဲ … ပြောရမယ်ဆို အသက်ကတောင် သားကို အများကြီး Supportingလုပ်ခဲ့သေးတယ် … ဟား မေမေကပါ တစ်မျိုးမြင်နေတာလား … အသက်နဲ့ သားက လုံးဝ အဖြူထည် တွေနော် မေမေ … လျှောက်မတွေးနဲ့ … "

မေမေက သူ့ရင်ကို မွှေ့ယမ်းနိုင်စေသော အပြုံးတစ်မျိုးဖြင့် …

"ဒီမယ် သား … လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတဲ့အခါမှာ အချစ်ဟာ အဓိကဆိုပေမဲ့ အပေးအယူဆိုတာလည်း သိပ် အရေးကြီးသေးတယ် … အပေးအယူ မရှိတဲ့ အချစ်က ကြာကြာမခံတတ်ဘူး … သား အဓိက စဉ်းစားရမှာက ဆင်းနဲ့ သား အပေးအယူ မျှတပါ့မလားဆိုတာပဲ၊ တခဏအတွက် မဟုတ်ဘဲ တစ်ဘဝလုံးအတွက် သား စဉ်းစားသင့်တယ် … "

သူက ကျစ်ခနဲ စုတ်သပ်ကာ ဆံပင်တွေကိုပါ ဆွဲဖွလိုက်ရင်း …





"မေမေက သားနဲ့ ဆင်းကို သဘောမတူဘူးလား …" ဒါမှမဟုတ် အသက်နဲ့ပဲ လက်ထပ်ပေးချင်တာလား …

မေမေက ခေါင်းကို အသာရမ်းကာ မတ်တတ်ထလိုက်တော့ရင်းမှနေ၍ ….

"သားကို … ဘယ်သူနဲ့ သဘောမတူဘူး … ဘယ်သူနဲ့မှ သဘောတူတယ်ဆိုတဲ့ စိတ်မျိုး မေမေ့မှာ မရှိပါဘူး … သားမှာ သားချစ်တဲ့ လူကို လွတ်လပ်စွာ လက်တွဲခွင့် အပြည့်အဝ ရှိပါတယ် … မေမေ ဖြစ်စေချင်တာက တစ်ခုတည်းရယ်၊ အဲဒါကတော့ သားအပေါ်မှာ နားလည်မှု အပြည့်အဝရှိတဲ့ မိန်းကလေးမျိုးနဲ့ သားကို လက်တွဲသွားစေချင်တာပဲ …

"အဲဒါပဲ … မေမေ စိုးရိမ်တာက သားချစ်ပါတယ်ဆိုပြီး လက်တွဲလိုက်တဲ့ မိန်းကလေးကို သား တစ်သက်လုံးပဲ ပေးဆပ်နိုင်ပါ့မလား … တစ်ချိန်ချိန်မှာ သား ပြန်ပြီး နောင်တရနိုင်လာမှာလား … ဘယ်ဟာကမှ တကယ့်အချစ်စစ်လို့ သိသွားရပြီး သိတဲ့အချိန်ကလည်း ဘာမှ ပြင်လို့မရတော့တဲ့ အချိန် ဖြစ်မလား … အဲဒါတွေကို မေမေ ပူတာပါ …

"ကျန်တာ မေမေ ဘာမှမပြောလိုဘူး … စုပြောနေတာတွေလည်း အမိန့်ပေးတာမျိုးမဟုတ်ဘဲနဲ့ သား မစဉ်းစားမိဘဲ ကျန်နေမဲ့ဟာမျိုးလေးတွေကို သတိပေးပြောပြတဲ့ သဘောပါပဲ … "



Scanned by CamScanner

Book Sharing

သူက ခုချိန်မှာတော့ ခေါင်းရှုပ်လွန်းသဖြင့် မေမေ့စကားကို မစဉ်းစားအားသေးဘဲ ရင်ထဲမှာသာ ခဏသိမ်းထားလျက် ဆင်းထံကိုသာ ဖုန်းဆက်ဖို့ စိုင်းပြင်းလိုက်လေသည်။

ခုတင်ပေါ်မှာ ပစ်လှဲလိုက်ပြီးနောက် သူ့ရဲ့ လက်ကိုင်ဖုန်းကိုဖွင့်ကာ ဆင်းထံ ခေါ်လိုက်သည်။ ခဏကြာသောအခါတွင် သူ တမ်းတရသော ဆင်းရဲ့ အသံလေးကို စတင်ကြားခွင့်ရလေသည်။

"ဆင်းလေး ... ကိုယ်ပါ ... ခုန ကိုယ့်ဆီ ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ် ... ရှင့်ကို ရန်တွေ့မလို့ ပြန်ခေါ်ခိုင်းလိုက်တာ၊ ထက်သန် ... ရှင် ကျွန်မကို ချစ်တယ်ဆိုတာဘာလဲ ... ကျွန်မ ပြောတာတွေ ဂရုမစိုက် လုပ်ပြတာ ကျွန်မကို ချစ်တာလား ..."

"အား ... ခဏ ... ခဏ ... ပလိ(စ်) ပြဿနာတွေ အသာထားစမ်းပါဦး ... ဘာတွေလဲ ... ရှင်တာတွေ၊ သေတာတွေ မလုပ်စမ်းပါနဲ့ ဆင်းရာ ... နားခါးလိုက်တာ ... မပြောစမ်းပါနဲ့ ..."

"ပြောမှာပဲ ... ဘာသဘောလဲ ... ရှင်တို့ ယောကျ်ားတွေဟာ အလကားပဲ ... မရခင်တုန်းကတော့ သည်းသည်းလှုပ်ပဲ ... ရပြီးသွားတာနဲ့ ဘာလုပ်လုပ်ရပြီဆိုတဲ့ အချိုးမျိုးလာ။ ဒါမျိုးတော့ မရဘူးနော် ... အချိန်မီသေးတယ် ... အချိန်





မရွေး ပြန်ရုပ်သိမ်းလို့ ဖြစ်တယ် သိလား ..."

သူ့ရဲ့ ကံဇာတာက ဒီမနက် ဘယ်လိုဖြစ်လဲ မသိချေ။ တစ်မနက်လုံး မိန်းမတွေနှင့် အထာကို မကျနိုင်ချေ။ အမေအရင်းနဲ့တောင် အထာမကျ။

"ကျွတ် ... ဘာစကားတွေ ပြောနေတာလဲ ဆင်းရာ ... အဲဒါမျိုးတွေ မပြောစမ်းပါနဲ့ ... ကိုယ် ဆင်းကို အချိန်တခဏလေး အတွင်းမှာ ချစ်သွားပေမဲ့ ဒါဟာ တစ်ဘဝလုံးစာဆိုတာ သေချာပြီးသားပဲ ... ဘာလို့ မကောင်းတဲ့စကားတွေ ပြောနေရတာလဲ ..."

ဆင်းဘက်မှ အသံတိတ်သွားပြီးလျှင် ...

"ဒါဖြင့်ရင် ထက်သန်က ဆင်း ပြောတာတွေ ဘာလို့ နားမထောင်သလဲ ..."

"ကိုယ် ဘာနားမထောင်လို့လဲ ..."

"ကြည့်ပါလား ... မေ့ကုန်ပြီမှလား ... အဲဒီလောက် အလေးထားတာ ..."

သူက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် တဟင်းဟင်းမြည်အောင် ဖျစ်ညှစ်ရယ်လိုက်ရကာ ...

"ဆင်းကလည်းကွာ ... ဆင်းပြောတာတွေကို ကိုယ် မမေ့ပါဘူး ... မနက်က အပြင်မှာ Breakfastသွားစားတာက အသက်က ခေါ်လို့ပါ ... အသက်က မုန့်ဟင်းခါး စားချင်

တယ်ဆိုလို့ လိုက်ပို့ပေးတာပါ ... စိတ်မဆိုးပါနဲ့ကွာ ... ဆင်း အဲလို စိတ်ဆိုးရင် ကိုယ် ဘယ်ပျော်ပါတော့မလဲ ... နော် ချစ်ချစ် ... လိမ္မာတယ် ... စိတ်မဆိုးနဲ့ ... "

"ဟွန်း ... ပြောလိုက်ရင် ဒါပဲ တတ်တယ် ... မုန့်ဟင်းခါး စားချင်တာများ ဆင်း ချက်ကျွေးပါ့မယ် ... နောက်ဆို အိမ်မှာ လာစား ... "

"နောက်ကျ ချက်ကျွေးပေါ့ ... ခုတော့ ဆင်းနဲ့ ကိုယ်နဲ့ အပြင်မှာပဲ သွားစားကြရအောင် ... နော် အချစ် ... "

"အာ ... ဒါပဲ ပြောနေတာပဲ ... ထက်သန်က အပြင်ကို သိပ်မက်တာပဲ ... မကြိုက်ဘူး ... သိလား ... အပြင်အရမ်း ထွက်တာလည်း မကြိုက်ဘူး ... "

"ဟာ ... ဒါဆို ကိုယ်က အိမ်တွင်းပုန်း ကုလားမ လုပ်ရမှာလား ... "

သူ့စကားကို ဆင်းက တခစ်ခစ်နှင့် ရယ်မောလေသည်။ ဒီလိုကျတော့လည်း ဆင်းက ချစ်စရာအကောင်းသားပင်။

"လုပ်သင့်ရင် လုပ်မှာပဲ ... နောက်ပြီး ထက်သန်ရဲ့ နားကွင်း ကိုလည်း သဘောမကျဘူးနော် ... အဲဒါလည်း ချွတ် ... "

"ဟာ ... သေပြီဆရာ ... ဒုက္ခပဲ ... "

"မဒုက္ခနဲ့ ... နားကွင်းချွတ်မှ ထက်သန်နဲ့ အပြင်သွားနိုင်





မယ် ... လူကြီးလူကောင်းပုံစံ နေစမ်းပါ ထက်သန်ရယ်၊ အဲဒါမျိုးပဲ ဆင်း ကြိုက်တယ် ... "

ဒီဘက်မှနေ၍ မမြင်နိုင်မှန်း သိသောကြောင့် သူမျက်နှာကို အမျိုးမျိုး ရှုံ့ကာမဲ့ကာဖြင့်နေ့နေရလေသည်။ ပညက်တော် ဆယ်ပါးထက်တောင် သာလွန်တဲ့ ဆင်းရဲ့ အမိန့်တွေပါလား။ ဂွမ်း တဲလ်မန်း ပုံစံနေဖို့ဆိုတာ သူ့အတွက်တော့ အမြဲတမ်း မဖြစ်နိုင်ချေ။ သူက Free Styleကိုသာ နှစ်သက်လိုလားသောသူ ဖြစ်သည်။ အသက် ကလည်း သူ့ကို Free Styleလေးတွေနှင့် အင်မတန်လိုက်ဖက်လှ ကြောင်း တဖွဖွပြောဖူးတာကို သတိရမိလျှင် အသက်အကြောင်းက ခေါင်းထဲရောက်လာပြန်ပါသည်။ သူ့နည်းတူပင် ဆင်းလည်း စဉ်း စားမိသည်ထင် ... ။

"အသက်မှာရော ချစ်သူရှိလား ... "

"ချစ်သူ ... အာ ... အထင်ကြီးလို့ ... မူးလို့ ရှူစရာတောင် မရှိဘူး ... အပေါ်မ ... "

"သူက ထက်သန်ကို တော်တော်သံယောဇဉ်ရှိပုံရတယ် နော် ... "

"အင်း ... ကိုယ်တို့က မောင်နှမတွေလိုပါပဲ ... "

"ထက်သန်ကရော သူ့ကို တော်တော်ချစ်လားဟင် ... "

"ဟာ ... ဆင်းကလည်း ဘာလို့ ဒါတွေ မေးနေရတာလဲ၊ ကိုယ်တို့နှစ်ယောက်အကြောင်းပဲ ပြောစမ်းပါ ... ဒါနဲ့ ဆင်း



Scanned by CamScanner

ပါးစပ်ကနေ ကိုယ့်ကို ချစ်ပါတယ်လို့ တစ်ခါမျှ မပြောဘူးသေးဘူးနော် ... ပြောစမ်းပါကွာ ... ကိုယ့်ကို ချစ်တယ်လို့"

"ဟာ ... သိပြီးသားပဲဟာ ... မပြောချင်တော့ဘူး ..."

"ဆင်းကလည်းကွာ ... ကိုယ့်ကို အဲလို မနှိပ်စက်စမ်းပါနဲ့ ကြားချင်လို့ပါ ..."

"ဒါဖြင့်ရင် ဆင်း မေးတာလည်း ဖြေလေ ... ဖြေရင် ပြောမယ် ..."

"ဟူး ... မောလိုက်တာကွာ ... ချစ်စကားလေး ကြားရဖို့ အရေး နှိပ်စက်နေလိုက်တာ ... ကဲ ... ပြော ... ဆင်းက ဘာမေးမှာလဲ ..."

"ခုန မေးတဲ့ဟာပေါ့ ... ထက်သန့်ကရော အသက်ကို တော်တော်ချစ်လားလို့ ..."

ဆင်းရဲ့ အမေးစကားသည် သူ့အသားကို ကျင်စက်နှင့် တို့လိုက်သလို ထုံကျဉ်သွားစေခဲ့လေသည်။ ဆင်း ဘာကိုရည်ရွယ်ပြီး မေးရတာလဲ။ ထိုစကားကို မေးစရာ ဘာအကြောင်းမှ မရှိချေ။

သူက မဖြေနိုင်သေးဘဲ ငြိမ်သက်တွေဝေချိန်ဝယ် ဆင်းဘက်မှ အသံထပ်ထွက်လာသည်။

"ဘာလဲ ... မဖြေနိုင်ဘူး မဟုတ်လား ... ဖြေရခက်တဲ့ မေးခွန်းလား ..."





သူက စိတ်ရှုပ်စွာဖြင့် ဆံပင်တွေကို ဆွဲကုတ်ပစ်လိုက်ရင်း ...

"မဟုတ်ပါဘူးကွာ ... ကျစ် ... ဆင်းက ဘာကိုဆိုလိုတာလဲ ..."

"ဘာမှကို မဆိုလိုဘူးလေ ... သူက ထက်သန့်ကို တော်တော်သံယောဇဉ် ရှိတယ်ဆိုရင် ထက်သန့်ကရော အဲဒီလိုပဲလားလို့ မေးတာ ... ရှင်းရှင်းလေးပဲ ဥစ္စာ ..."

သူက ဆင်းကို တယ်ပြီး စိတ်မရှည်ချင်တော့ပေ။ သူက နဂိုတည်းက သိပ်စိတ်ရှည်တတ်သော သူတစ်ယောက်လည်း မဟုတ်။ ဆင်းကိုပင်လျှင် ချစ်သည့်စိတ်ဖြင့် အတော်သည်းခံနေခဲ့ရတာ ဖြစ်လေသည်။ ဆင်းရဲ့ အကြိုက်ကို ဘယ်လိုစကားမျိုး လိုက်ပြောလျှင် ဆင်း ကျေနပ်မလဲဆိုတာ သူ သိသည်။ သို့သော်လည်း။

အချစ်ဆုံးသူငယ်ချင်းအပေါ်မှာ သူ သစ္စာရှိချင်လာသည်။

"ဒီလိုပဲပေါ့ ... မေတ္တာဆိုတာ အသွားအပြန်ရှိတာပဲလေ၊ ဆင်းရော ကိုယ့်ကို ချစ်တာပဲမှလား ဟင် ..."

"ချစ်ဘူး ..."

ပြောပြောဆိုဆို ဆင်းက ဖုန်းကို ဂွပ်ခနဲမြည်အောင် ချသွားခဲ့လေသည်။ သူကလည်း စိတ်ရှုပ်စွာဖြင့် ဖုန်းကို ဂွပ်ခနဲ ဆောင့်ချပစ်လိုက်သည်။ အဲဒီနောက် နဖူးပေါ်လက်တင်ကာ သူ

အတွေးသို့ နက်သထက်နက်လေတော့သည်။ လူတွေက သူနှင့် အသက်ကို ဘယ်လိုများ ထင်မြင်ယူဆကြတာလဲ။ သူကရော အသက်အပေါ်မှာ ... ။ အသက်အပေါ်မှာ သူ သိပ်ချစ်လှတာ မှန်သော်လည်း ဒါဟာ ရိုးဖြောင်သည့် အချစ်တစ်ခုဟု သူ့နှလုံးသားနှင့် ဆင်းကို အထပ်ထပ်ပင် လျှောက်လဲချက် ပေးမိပြန်လေသည်။







အသက်သည် မျက်စိရှေ့က ချစ်စဖွယ်ကောင်လေးကို ငေးစိုက်ကြည့်ကာ ရင်ထဲမှာနင့်လာသည်။ ကိုယ်သိပ်ချစ်ရသော သူတစ်ယောက်က ကိုယ့်ကို မချစ်ဘဲနဲ့ ၊ ကိုယ့်မျက်စိရှေ့တင် တစ်ခြားတစ်ယောက်ကို ချစ်ပြနေသော အဖြစ်ကို အသက် ရင်မဆိုင်ချင်လည်း ရင်ဆိုင်နေရသည်။ အခုလည်း သူ စိတ်ရှုပ်နေတာမြင်လျှင် အသက် မနေနိုင်ပြန်ချေ။ သူ့မေမေက အသက်တို့နှစ်ယောက် စိတ်

ကောက်ထားကြလား၊ သားငယ် ဝေါင်နေတယ်လို့ ဖုန်းဆက်တာနှင့် အသက်ရဲ့ ခြေလှမ်းတွေက သူတို့ခြံထဲ ဦးတည်ပြီးသား ဖြစ်လေသည်။

အမြဲတစေ ကျော့မော့သပ်ရပ်နေသော သူသည် အခုတော့လည်း ချာတိတ်လေးတစ်ယောက်လို စွပ်ကျယ်ကျိုင်းပြတ် သရိုးကွာတား ဘောင်းဘီတိုဖြင့် သူ့ခုတင်ခြေရင်းမှာ ခြေဆင်းထိုင်ကာ မျက်နှာကလည်း စိတ်ရှုပ်သည့် အမူအရာ တစ်ထွေးသားဖြင့်။

"ဟဲ့ … အဲဒါ ဘာဖြစ်နေတာလဲ … ငါ့ကို ပြောပြစမ်း"

အသက်က ပြောလည်းပြော၊ လက်ကလည်း သူ့လက်ကို ဇွတ်အတင်းဆွဲကာ အခန်းထဲမှ အပြင်သို့တောက်လျှောက်ခေါ်ထုတ်လာခဲ့သည်။ သူကလည်း မလိုက်ချင် လိုက်ချင်ဖြင့် တရွတ်ဆွဲပါလာရာမှ လှေကားရင်းနား ရောက်တော့မှ ဖြုန်းခနဲ ထိုင်ချပစ်လိုက်လေသည်။ အသက်က သူ့ရှေ့တည့်တည့်မှာ ဝင်ထိုင်ရင်း သူ့လက်မောင်းကို ဆွဲခါလှုပ်ရမ်းကာ …

"နှင် ဘာဖြစ်နေတာလဲ … နှစ်ရက်လုံးလုံး အပြင်ထွက်တာလည်း မတွေ့ဘူး … ဘာလဲ … ဆင်းနဲ့ ကွိုင်ထားတာလား …"

"မကွိုင်ပါဘူးဟာ … ဘာမှ မဖြစ်ဘူး …"

"ဟင်း … ဘာမှမဖြစ်တဲ့ ရုပ်ကလည်း ရေခဲရိုက်ထားတဲ့ ငါးသလောက်ပုပ် ဒိုဒိုင်းနဲ့ … ဒါ နှင့်စတိုင်လ်မှ မဟုတ်တာ၊





နှင် ငါ့ကို ညာမနေပါနဲ့ … ပြောစမ်းပါ … နှင်နဲ့ ဆင်းနဲ့ ဘာဖြစ်လဲ … နှင့်ကို သူက ချုပ်ချယ်လား … ဟုတ်လား၊ ပြော … ဘာတွေလဲ … ကောင်းပြီ … ငါ သွားညှိပေးမယ် ဟယ် … ဟုတ်ပြီလား … "

အသက်သည် သူ့အတွက်လည်း မခံချင်ဖြစ်ရသလို ဆင်းကိုလည်း အတော်မြင်ပြင်းကတ်ရလေသည်။ အဲဒီလောက် ချုပ်ချယ်တဲ့ မိန်းမမျိုး မကြိုက်ဘူးသေးချေ။ ဒီလောက်တောင် ဖြစ်ရတာ သူ့ဘက်ကနေ၍ ရှေ့နေလိုက်ပေးမည်ဟုလည်း အပြတ်ကို ကျုံးဝါးထားပြီးသားဖြစ်၏။

"အဲဒါတွေ ဦးမစားပါဘူးဟာ … အသက် … နှင် ငါ့ကိုချစ်လား … "

"ဟမ် … "

သူက ဖြုန်းစားကြီးထကာ ရုတ်တရက် မေးလိုက်သောအခါ အသက် အတော်အံ့သြသွားရလေသည်။ ဘုရား ဘုရား သူ ဘာတွေများ ရိပ်မိသွားတာလဲ။ ဒီကိစ္စကြောင့်ပဲ သူနဲ့ ဆင်း ပြဿနာတတ်ကြတာလား။ အသက် ချက်ချင်း လန့်လာလေသည်။

သို့သော် မျက်နှာအမူအရာ မပျက်ယွင်းစေအောင် ထိန်းကာ နားမလည်သော ဘုမသိ ဘမသိ အရိုးခံမျက်လုံးများဖြင့် …



Scanned by CamScanner

"နင် ဝေါက်နေပြီလား ... ချစ်တယ် ... အရမ်းချစ်တယ်၊ သိပ်ချစ်တယ် ... ကဲ ... "

အသက်က ရှူးသလို ပေါသလို ရွဲ့သလို စောင်းသလိုဖြင့် ရင်ထဲရှိတာတွေကို ပြောချပစ်လိုက်လေသည်။ သူ့မှာ ပြုံးကြောင်ကြောင်ပြန်ကြည့်ရင်း ...

"ချစ်တယ် ... အဲ ... အဲဒါ ဘယ်လိုအချစ်မျိုးလဲဟင် ... အသက် ... "

အသက်ရင်ထဲ ဆတ်ခနဲ တုန်ယင်သွားလေသည်။ သို့သော် သူ့ကို ရှုးညဲ့စွာ ပြုံးကြည့်လိုက်ကာ ...

"ထက်သန်ရယ် ... နင် လျှောက်မေးမနေစမ်းပါနဲ့ ... ဒီလောက်ဆို နင် ဘာဖြစ်နေတယ်ဆိုတာ ငါ ပေါက်ပြီ ... ဆင်းက နင်နဲ့ ငါနဲ့ ရှိးသားတဲ့ချစ်ခြင်းကို တစ်မျိုးတစ်မည် မြင်နေတာ မဟုတ်လား ... အဲဒီအတွက် နင့်ကိုလည်း ညှော်ထားလို့ မဟုတ်လား ... ဟင် ... ပြောစမ်း ... ငါပြောတာ မှန်တယ်မှုလား ... "

အသက် ရမ်းသမ်း၍ ပစ်လိုက်သောမြှားသည် တည့်တည့်ထိမှန်သည်ဟု ဆိုရပေမည်။ သူ့မျက်နှာတွင် အုံ့သြသော အရိပ်အယောင်တစ်မျိုး ဖြတ်ပြေးသွားလျက် ရုတ်တရက် ဝင်းပသွားသော်လည်း ချက်ချင်းပင် အဓောကပုံစံဖြင့် ပြန်ဖြစ်သွားပြန်သည်။

အသက်က မချင့်မရဲဖြစ်သွားကာ ...





"ဟဲ့ ... ပြောလေ ... ငါပြောတာ ဟုတ်လို့ ငြိမ်နေတာလား ... "

သူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။ သူ သက်ပြင်းချတာကို အသက် တစ်ခါမှ မမြင်ဘူးချေ။ အခုမှ သူသည် ရင်မောရတာ၊ စိတ်ရှုပ်ရတာ၊ သက်ပြင်းချရတာနှင့် အတော်ခံစားကောင်းနေဟန်တူသည်။ အစက သူနှင့် အသက်နှစ်ဦးတည်း ကမ္ဘာသည် အင်မတန် ငြိမ်းချမ်းခဲ့သည်။ အချစ်သူစိမ်းတစ်ယောက် ဝင်ရောက်လာသောအခါ ကမ္ဘာဟာ ခါတိုင်းလောက် နေပျော်ဖွယ်မကောင်းတော့ချေ။

"အင်း ... နင်နဲ့ ငါနဲ့ ကြားမှာ ဘာမှ လျှို့ဝှက်ထားစရာ မလိုဘူးလို့ ငါ ထင်တယ် မသက် ... လျှို့ဝှက်လည်း သိမှာပဲ မဟုတ်လား ... နင် ထင်ထားတဲ့ အတိုင်းပဲ ဆင်းက ဟိုလိုကြီးတော့ ဖြောင်ဖြောင့်မပေးဘူးပေါ့ကွာ ... "

"ဒါဖြင့်ရင် ဘယ်လိုမေးသလဲ ... "

အသက်သည် စိတ်ဝင်စားလွန်းသဖြင့် မျက်လုံးတွေ အရောင်တဖျပ်ဖျပ် လက်လာသည်။ မြေမြေချင်း ခြေတော့ မြင်တတ်ကြသားပဲ။ သူကတော့ ပကတိ ရိုးကြည်စွာပင် အခုထိ ဘာမဆို အသက်ကို ရင်ဖွင့်တုန်း။

"ဩော် ... ဒီလိုပဲ စကားတွေ ဟိုဟာ ဒီဟာ ပြောရင်းကနေ နင်က ငါ့ကို တော်တော်ချစ်ပုံရတယ်နော်တဲ့ ... ငါကရော



Book Sharing

Scanned by CamScanner

အဲဒီလိုပဲ ချစ်လားတဲ့ မေးတယ် ... "

"အဲဒီတော့ နင်က ဘယ်လိုဖြေလိုက်လဲ ... "

အသက်ရဲ့ ရင်ခုန်နှုန်းတွေ ပို၍ပို၍ မြန်ဆန်လာခဲ့သလိုပင်။

"ငါ ဘယ်လိုဖြေရင် သူ ကြိုက်မယ်ဆိုတာ သိပါတယ် ... ဒါပေမဲ့ ငါ မညာချင်ဘူး ... အဲဒီလိုပဲပေါ့လို့ ပြန်ဖြေလိုက်တယ် ... အဲဒါနဲ့ ဖုန်းကို ဌပ်ခနဲ ချပစ်လိုက်တော့တာပဲ၊ သူက အဲလိုကြီးတွေ လျှောက်မေးတာ ငါလည်း စိတ်တွေ တော်တော်ရှုပ်သွားတယ်ဟာ ... ဘာကိုမှန်း မသိဘူး ... (အုံး)ဦးစားတယ် ... "

"ဩော် ... ထက်သန့်ရယ် ... "

အသက်က ရင်ထဲမှ လိုက်တက်လာသော ကြည်နူးပီတိဖြစ်နေရာမှ ချက်ချင်းပင် ဝမ်းနည်းစိတ်တို့ ဝင်ရောက်လာလျက် မျက်ရည်တောင် ရစ်ဝဲချင်လာရသည်အထိ ခံစားမှု ပြင်းထန်ရလေသည်။ ထက်သန့်ရယ် နင်လည်း ငါ့ကို သံယောဇဉ်ကြီးရဲ့သားနဲ့များ။ ဖြစ်နိုင်လျှင် သူ စိတ်ချမ်းသာတာကိုပဲ မြင်ချင်သည်။ အခုလို သူ မပျော်နိုင်တာတွေ့ရပြန်တော့လည်း အသက် စိတ်မကောင်းပြန်ချေ။

အသက်က သူ့ပခုံးလေးကို အသာကိုင်ကာ ပေးမသည့် အသွင်သဏ္ဌာန်ဖြင့် ...





"နင်ကလည်းဟယ် ... သူ စိတ်ကျေနပ်အောင် ပြောလိုက်လည်း ပြီးသွားတာပဲ ... ငါ နားလည်ပါတယ်ဟာ ... နင်လည်း ဆင်းကို နားလည်ပေးလိုက်ပါ ... မိန်းကလေးတွေရဲ့ စိတ်က ဒီလိုပဲဟ ... ကိုယ်ကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ ရင်းနှီးလွန်းတာ မကြိုက်ကြဘူး ... ဒါတွေဟာ နင့်ကို သူ ချစ်လို့ဖြစ်တဲ့ အကျိုးဆက်တွေပါဟာ ... ငါ ဆင်းကို နားလည်အောင် ရှင်းပြပေးလိုက်ပါ့မယ် ... "

"ကျွတ် ... အမှန်တော့ ဘာမှ သွားရှင်းနေစရာကို မလိုဘူးနေပါဟာ ... "

"မဟုတ်ဘူးလေ ... ထက်သန့်ကလည်း ... သူ နားလည်အောင် ငါ သေချာပြောပြလိုက်ပါ့မယ် ... ငါ ဖော်တတ်ပါတယ်ဟာ ... ဒွဲကြီးတော့ ဘယ်ပြောမလဲ ... "

သူ့မျက်နှာမှာ သိသိသာသာပင် ဝင်းပရှင်လန်းသွားကာ အသက်ကို ကျေးဇူးတင်သည့် အရိပ်အယောင်တွေနှင့် ပြည့်လျှံသွားလေသည်။

"အသက်ရယ် ... နင်ကလေ ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့ သူငယ်ချင်းတစ်ယောက်ပါကွာ ... ငါ့ခံစားချက်တွေကို မျှဝေခံစားပေးနိုင်တာ နင်တစ်ယောက်ပဲ ရှိတယ် ... နင်နဲ့ ငါနဲ့ဟာ ရင်ဘတ်ချင်း သိပ်နီးတယ် ... ဆင်းနဲ့လည်း အဲဒီ



Scanned by CamScanner

လို သိပ်ဖြစ်ချင်တယ်ဟာ … အဲဒါက လုပ်ယူလို့ မရဘူးလား၊ ဟင် အသက် … "

"ပြောမတတ်ဘူး … ကဲ … ငါ ဆင်းဆီ သွားလိုက်ဦးမယ်"

"နင့်ကို ရတဲ့လူကတော့ သိပ်ကံကောင်းမှာပဲ အသက်ရာ"

သူ့အသံက အသက်ရဲ့ နောက်ကျောဘက်မှနေ၍ ရွှင်ရွှင်မြူးမြူး လွင့်ပျံ့၍ လာလေသည်။ နင် စိတ်ချမ်းသာရပါစေမယ် ထက်သန့်ရယ်။ ကံကောင်းခြင်းလက်ဆောင်တွေကို နင်က ငြင်းပယ်ပစ်ခဲ့တာပါ။ အသက်က ဝဲတက်လာသော မျက်ရည်စများကို ဆတ်ခနဲ ပုတ်ထုတ်ပစ်လိုက်ကာ ဆင်းကို ပြောမည့်စကားလုံးတွေကို ရွေးချယ်နေလိုက်ပါသည်။

အသက်တွေ့ဖူးသမျှထဲတွင် ဆင်းကြာညို၏ မျက်နှာသည် ဒီနေ့အဖို့ အတည်ဆုံးဟု ပြောရလေမည်။ အသက်သည် စိတ်ထဲတွင် သူမကို အတော်မြင်းပြင်းကတ်လှသော်လည်း ဘာမှ မဖြစ်သလိုနှင့် ရွှးသလို ပေါသလိုဟန်ဆောင်ထားရသည်။

"အသက် … ဘာကိစ္စရှိလို့လဲ … "

"ကိစ္စရှိမှ လာရမှာလား ဆင်းရယ် … အင်းပေါ့လေ ကိစ္စကတော့ ရှိတာပေါ့ … ဆင်းက ထက်သန့်ကို စိတ်ဆိုးနေတယ် ထင်တယ် … "

ဆင်းမျက်နှာမှာ ဝို၍ တည်သွားပြီးလျှင် …

"အသက်ကို ဘယ်သူပြောလဲ … "





"ဘယ်သူမှ မပြောပါဘူး … ဒါပေမဲ့ အသက် သိတာပေါ့။ ထက်သန့်က အရမ်းငေါင်နေတယ်လေ … ဆင်းနဲ့ အဆင်မပြေတဲ့ ကိစ္စတစ်ခုပဲ သူ့မှာ ငေါင်စရာရှိတာ မဟုတ်လား၊ ထက်သန့်ကို စိတ်မဆိုးပါနဲ့ ဆင်းရယ် … သူ ဆင်းကို တကယ်ချစ်ရှာပါတယ် … "

အသက်ရဲ့စကားကြောင့် ဆင်းရဲ့မျက်ဝန်းများသည် မှေးစင်းသွားလျက် နှုတ်ခမ်းဖျားကလေးများ ကော့ညွတ်ရုံ ပြုံးလိုက်ကာ …

"အဲဒါကိုပဲ ဆင်း ပြောနေတာပေါ့ … ဆင်းကို တကယ်ချစ်ရင် ဆင်းဖြစ်စေချင်သလို နေရမှာပေါ့ … သူက ခုတော့ ဆင်းကို ချစ်တယ်သာ ပြောနေတယ် … သူ့ လုပ်ပုံတွေက ဆင်းကို ချစ်ရာမရောက်ဘူး … "

"ဟင် … ထက်သန့်က ဘာတွေများ ဆိုးနေလို့လဲ … အရက်မသောက် … ဆေးလိပ်လည်း မသောက် … ကွမ်းလည်း မစား … မိန်းမလည်း မရှုပ်ပါဘူး ဆင်းရဲ့ … "

အသက်ရဲ့ စကားကို ဆင်းက နားဝေးရန်ကောဟူသော ပုံစံဖြင့် ခေါင်းတစ်ချက် ခါယမ်းပစ်လိုက်ကာ …

"အဲဒါတွေလုပ်ရင် ဆင်းက ဘယ်ပြန်လက်ခံပါ့မလဲ … ဆင်းပြောတာက သူ့ကို လည်တာ မကြိုက်ဘူး … အလုပ်တစ်ခုကို ကောင်းကောင်းမွန်မွန် လုပ်စေချင်တယ် … နောက်ပြီး



Scanned by CamScanner

ဆင်းတစ်ယောက်တည်းကိုပဲ ချစ်စေချင်တယ် ... ဒါပဲ"

အသက်သည် စိတ်ထဲမှနေ၍ဆင်းကိုအကြီးအကျယ်ပင် ရှုံ့မဲ့ပစ်လေသည်။ ဒီလောက်ဆို တော်ပြီလားဟူ၍ပင် ထုတ်မေးချင်သည်။ မကောင်းတတ်၍သာ ... ။

"အင်းလေ ... ဒါတွေ သူ လိုက်နာတာပဲ မဟုတ်လား ... သိပ်လည်း ကိုယ်ဖြစ်ချင်တာတွေချည်းပဲ စွတ်မတင်းနဲ့လေ ဆင်းရဲ့ ... ထက်သန်က တခြားယောကျ်ားလေးတွေထက် စာရင် အများကြီး တော်ပါတယ် ... "

ဒီစကားကြောင့် ဆင်းရဲ့ မျက်နှာတွင် ခပ်မဲ့မဲ့အရိပ် သဏ္ဍာန်ဖြစ်သွားပြီး ...

"ဒါကတော့ အသက်ရဲ့ သူငယ်ချင်းကိုး ... ပြီးတော့ အသက်တို့က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာဆိုတော့ တစ်ယောက်အကြောင်းတစ်ယောက် အကောင်းပဲ ပြောကြတာပေါ့ ... "

အသက်သည် ဆင်းကို အတော်ကြီး စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။ ဆင်းကား ထင်ထားတာထက်တောင် အတွေးများကာ စိတ်နုလေသည်။ အသက်ရဲ့ စိတ်အတိုင်းသာ ဆိုရလျှင် ငေါက်ခနဲ ထပြန်ပြီးနေချေပြီ။ ထက်သန်ရဲ့ စိတ်ညစ်နေသော မျက်နှာကို ဖျတ်ခနဲ ပြေးမြင်ပြီးလျှင် ...

"အသက်က မိန်းကလေးချင်း ဆင်းရဲ့ခံစားချက်တွေကို နား





လည်ပါတယ် ... ထက်သန့်ဘက်က လိုက်ပြောနေတာလည်း မဟုတ်ဘူး ... အမှန်အတိုင်း ပြောပြနေတာပါ ... သူ ဆင်းကို တကယ်ချစ်တာပါ ... အသက် အသိဆုံးပါ ... ဆင်း မကြိုက်ဘူးဆိုတာတွေကလည်း ဆိုးဆိုးဝါးဝါးကြီးတွေ တစ်ခုမှ မပါပါဘူး ဆင်းရယ် ... ပြီးတော့ ဒါက တစ်သက်လုံးက သူ နေလာခဲ့တဲ့ Styleပဲ ... ချက်ချင်းကြီး ပြောင်းလဲပစ်ဖို့ကတော့ ဘယ်ဖြစ်နိုင်မလဲ ... ဖြည်းဖြည်းချင်းတော့ ဆင်းရဲ့ စိတ်ကြိုက်ဖြစ်လာမှာပေါ့ မဟုတ်ဘူးလား ... "

အသက်ရဲ့ အလျှောက်ကောင်းမှုကြောင့် ဆင်းရဲ့ မျက်နှာက အစောကထက်စာလျှင် ပိုမိုကြည်လင်လာဟန် ရှိပါသည်။ စိတ်မပါ လက်မပါဖြင့် ဆိုဖာပေါ် မှီလျှောထိုင်နေရာမှ ဆတ်ခနဲပင် ခြေထောက်ချိတ်ထိုင်လိုက်ကာ ပေါင်ပေါ်မေးတင်လက်ထောက်ပစ်လိုက်ရင်း ...

"အင်းနော် ... အချစ်ဆိုတာလည်း ပရိယာယ်ကြွယ်တယ်နဲ့တူတယ် ... သူ ဆင်းကို တကယ်ချစ်တယ်ဆိုတာ အသက်လာပြောပြတာနဲ့တင် ယုံသွားပါပြီ ... ဒါပေမဲ့လေ ရှင်တို့ သူငယ်ချင်းကနော် ချစ်သူနဲ့ သူငယ်ချင်းကို တန်းတူထားချစ်ပုံရတယ် သိလား ... "

ဘုရားရေ ... ဆင်းဟာ ထင်မှတ်မထားလောက်အောင်ကိုပင် ပွင့်လင်းဖြောင့်ကျတာပါလား။ သူပြောချင်လျှင် ရှေ့

နောက်မကြည့်ဘဲ အကုန်ပြောချတတ်မည့် ပုံမျိုးပင်။

သူပြောလိုက်သော စကားကြောင့် အသက်ပင်လျှင် ရုတ်တရက် ကြောင်အမ်းသွားပြီးမှ ...

"ဟင် ... ဩော် ... အဲဒီလိုလည်း မဟုတ်ပါဘူး ဆင်းရယ်၊ ဘယ်လိုပြောရမလဲ ဆင်းအနေနဲ့ ... အသက်နဲ့ ထက်သန်ရဲ့ကြားက မေတ္တာကို သံသယမရှိပါနဲ့ ... အသက်တို့က နှစ်ယောက်စလုံး တစ်ဦးတည်းသော သားသမီးတွေဆိုတော့ မောင်နှမတွေလို ဖြစ်နေကြတာပါ ... တော်ရုံမသိတဲ့လူကတော့ တစ်မျိုးတစ်မည် ထင်ကြမှာပေါ့ ... ဆင်းက ဒါကို နားလည်ပေးပါ ... "

ဆင်းက ခပ်တိုးတိုး ရယ်မောလိုက်ကာ အသက်ကို တည့်တည့်စိုက်ကြည့်လျက် ...

"အင်းလေ ... အသက်တို့က မောင်နှမလို ချစ်တယ်ဆိုရင်လည်း ပြီးရောပေါ့ ... အသက်ရဲ့စကားကိုတော့ ဆင်း ယုံလိုက်ပါ့မယ် ... "

ဆင်းရဲ့စကားက အသက်ကို သတိပေးလိုက်သလို တစ်ကိုယ်လုံးကို တုပ်နှောင်ထားလိုက်သလို ရှိလေသည်။ နင် မောင်နှမထက်ပိုပြီး ချစ်ခွင့်မရှိဘူးဆိုတဲ့သဘော၊ အရိပ်အယောင်တွေ ပါဝင်နေသော မျက်ဝန်းတွေပင်။ အသက်သည် ကိုယ့်ကို လာရောက်ချည်နှောင်ပစ်လိုက်သော မျက်ဝန်းတွေအောက်မှာ ကျုံ့သွားရ





သလို ခံစားရလျက် အလိုလိုကို စိတ်အားငယ်လာရလေသည်။ ထို့ကြောင့် တိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်ကာ ...

"ကဲ ... ဆင်း ... ဆင်း သဘောပေါက်သွားပြီဆိုရင် အသက်ပြန်တော့မယ် ... "

"ကောင်းပြီလေ ... ထက်သန်ကို ဆင်း ဆီလာခဲ့တော့လို့"

အသက်သည် ဆင်းကို စကားပြန်တောင် မရတော့ဘဲ ဖော်မပြတတ်အောင် ဝမ်းနည်းနာကျင်မှုကို ခံစားနေရသည်မှာ တစ်ဆို့ဆို့ပင် နေသည်။ အချစ်ရဲ့ ဝေဒနာသည် ဤမျှလောက် ပြင်းထန်မှန်း အစကတည်းက အသက် ကြိုသိခဲ့လျှင် ထက်သန်ကို မချစ်ခဲ့မိအောင် ကြိုးစားခဲ့မည်မှာ အမှန်ပဲ ဖြစ်သည်။ အခုတော့ စု ပြောခဲ့သည့် ပြိုင်ပွဲဆိုတာတွေလည်း အသက် ဆက်မပြိုင်ချင်တော့။ အသက် ကိုယ့်အဖြစ်ကို ကိုယ် စိတ်ကုန်လာခဲ့ချေပြီ။

အချစ်ဆိုတာ ထိုကဲ့သို့ ဖန်တီးပြုပြင်၍လည်း ရနိုင်မည်ဟု မထင်။ ဖြစ်နိုင်လျှင် အသက် ဒီမှာတောင် မနေချင်တော့ပေ။ ထက်သန်လည်း သူချစ်သူနှင့် ပျော်ရမဲ့အဖြစ်ကိုပဲ ပိုမိုအလိုရှိမှာပါ။ တကယ်တော့ ငါက လူပိုသက်သက်ပါပဲဟယ်။

အသက် အိမ်ထဲသို့ လှမ်းဝင်ဝင်ချင်းမှာပင် ဧည့်ခန်းထဲတွင် ထိုင်နေသော မာမီက ...

"အသက် ... သမီးကို မာမီ ပြောစရာရှိတယ် ... သမီးလည်း ဘွဲ့ရပြီးပြီနော် ... ဒီနေ့ သမီးရဲ့ ဒက်ဒီကလည်း ဖုန်းဆက်

တယ် ... သမီး ဘာလုပ်နေပြီလဲတဲ့ ... တစ်ခုခုကိုတော့ ဒီအချိန်မှာ begin လုပ်ဖို့ အချိန်တန်ပြီတဲ့ ... စီးပွားရေးဆိုရင်လည်း စီးပွားရေးမှာပေါ့ ... ဒါမှမဟုတ် သမီးဖောရိန်းမှာ ကျောင်းတွေ ဆက်တက်ပြီး အဲဒီမှာ အလုပ်လုပ်ချင်တယ်ဆိုရင်လည်း စာတွေပြန်ကြည့်ဖို့ အဲသလိုမျိုးပေါ့ သမီးရဲ့ ဒက်ဒီက push လုပ်နေပြီ ... "

အသက်က မပွင့်တပွင့်လေသံနှင့် ...

"မာမိကရော ... "

"မာမိရဲ့ ဆန္ဒကတော့ သမီးရဲ့သဘောပဲလေ ... သဘောဆိုတာက သမီး ဒီမှာပဲ စီးပွားရေးတစ်ခုခု လုပ်ချင်လား ... ဒါမှမဟုတ် ဟိုမှာပဲ ကျောင်းတက် ... ဟိုကဘွဲ့ကို ထပ်ယူပြီး ဟိုမှာပဲ အလုပ်လုပ်ချင်လား ... Somethingပေါ့ သမီးရဲ့ nothingတော့ မရဘူး ... သမီးကို မာမိက နိုင်းစားဖို့ ကိုယ်ဟာ ကိုယ်ရှာစားဖို့ ဆိုလိုတာ မဟုတ်ဘူး သမီးရဲ့ ထူးချွန်တဲ့ abilityကိုပဲ လိုချင်တာ လူဆိုတာ အလုပ်ရှိမှ perfectဖြစ်တာသမီး ... ဒီတိုင်းကြီး နေရတဲ့ဘဝကို သမီးရော နှစ်သက်သလား ... "

အသက်က ခေါင်းခါယမ်းပြလိုက်သည်။ အလုပ်မရှိတဲ့ဘဝရော အချစ်မရှိတဲ့ဘဝရော ဘယ်ဟာကမှ မကောင်းချေ။

"ဒါဆို သမီး ဘာလုပ်ဖို့ စဉ်းစားထားလဲ ... "





"ဟို ... ခုလောလောဆယ်တော့ အသက် မစဉ်းစားရသေးဘူး မာမိ ... အသက်ကို အချိန်နည်းနည်းတော့ ပေးပါလား"

"အင်းလေ ... စဉ်းစားတာပေါ့ ... နောက်ဆုံး သပ်သပ်မလုပ်ချင်ရင်တောင် မာမိုအလုပ်တွေကို ဝင်ကူလို့ ရတာပဲ၊ မာမို့ဆီမှာ လေ့လာပြီးမှ သပ်သပ်ခွဲထွက်ရင်လည်း အဆင်ပြေတာပဲ ... စဉ်းစားထားပေါ့ ... "

မာမိက စကားပြောပြီးတာနှင့် သူ့အလုပ်ခန်းရှိရာသို့ တက်သွားလေသည်။ အသက်က ဆိုဖာလက်ရန်းပေါ် လက်ထောက်တင်ကာ ငိုင်တွေစဉ်းစား၍ နေသည်။ အသက်က ဘာလုပ်ရပါမလဲ။ ဒက်ဒီရှိရာ ဟိုမှာပဲ ကျောင်းသွားတက်ရမလား။ ဒီလိုပဲ လွယ်လွယ်နှင့် အသက် အရှုံးပေးသွားရတော့မှာလား။ နားထဲမှာ ဆင်းရဲ့ စကားသံတွေ၊ မျက်လုံးထဲမှာ ဆင်းရဲ့ အကြည့်တွေက အသက်ကို လှောင်ပြောင်နေသလိုပင်။

"ဘာတွေ စဉ်းစားနေရတာလဲ ... အသက် စိတ်ညစ်နေတာလား ... "

စုက ဖတ်လက်စ မဂ္ဂဇင်းကို စားပွဲပေါ်တင်လိုက်ကာ အသက်ကိုကြည့်လျက် မေးလာလေသည်။

"စု ... အသက်တော့ ဟိုမှာပဲ ... ကျောင်းသွားတက်တော့ရင် ကောင်းမယ်နဲ့ တူတယ်နော် ... ထက်သန်နဲ့ ဆင်း



BookSharing

Scanned by CamScanner

လက်ထပ်ပြီးလောက်မှပဲ ပြန်လာမယ် ... အဲဒါ မကောင်းဘူးလား ...”

စုက အသက်ကို ဘာဖြစ်လာရပြန်ပြီလဲဟူသော မျက်လုံးမျိုးဖြင့် ...

“အသက်ရာ ... နင်က ငါ့တူမ မဟုတ်တဲ့အတိုင်းပဲ ... ဘာဖြစ်နေတာလဲ ... ဒါတွေ နင် ခံနိုင်ရည်ရှိအောင် အစောကြီးတည်းက ငါ ကြိုပြောပြထားသားပဲ ... နင်က တစ်ခုခုကို လက်လျှော့ဖို့လောက်ပဲ ... ကဲ ... ခုရော ဘာကိစ္စကြောင့် ညစ်တော်မူရသလဲ ပြော ...”

အသက်က ထက်သန့်နှင့် ဆင်းကိစ္စကြား ဝင်လာရပုံ၊ ဆင်းရဲ့ စကားတွေ မဝိုးမဝါးအကြည့်တွေကြောင့် ခုလို ပြောပြလိုက်လေသည်။

“ဘာဖြစ်လဲ ... ဒါ နင့်အောင်မြင်မှုပဲ ... ငါ ပြောထားသလို နင် ထက်သန့်အနားက ခွာပေးစရာ မလိုပါဘူး ...”

“ခွာစရာ မလိုတော့ရော ဆင်းက ထက်သန့်ကိုပဲ ညှော်နေတာ ... အခုလည်း အပြင်မသွားရ ဘာညာ အမိန့်ထုတ်တာတွေက ထက်သန့်ကို လမ်းမများ စေချင်တာထက် အသက်နဲ့ သွားတာကို မလိုလားတာ စုရဲ့ ... အဲဒါ သွားမိရင် ညှော်ကြပြီ ... ဟိုကောင်က မစားနိုင် ... မအိပ်နိုင်ဘဲ လဒရုပ်ထွက်နေတော့လည်း အသက်ပဲ သနားရတာ ... အသက်





ကိုယ့်ကိုယ်ကိုလည်း သနားလာပြီ ... ခုလို အသက်ကပဲ အလိုက်တသိ ပုံစံမျိုးနဲ့ ခွာပေးနေရတာပဲ မဟုတ်လား”

စုက အသက်ရဲ့ စကားကို စဉ်းစားခန်းဝင်သလို ငြိမ်သက်သွားပြီးလျှင် ခဏအကြာ၌ လက်ဖျောက်တစ်ချက် ပစ်တီးလိုက်ကာ ဝမ်းသာအားရပုံစံမျိုးဖြင့် ...

“ဟုတ်ပြီ ... နင် ဟိုမှာလည်း သွားပြီး ကျောင်းတက်စရာ မလိုတော့ဘူး အသက် ... ဒီမှာပဲ အလုပ်တစ်ခုလုပ် ... နင်တစ်ယောက်တည်း လုပ်ရမှာလည်း မဟုတ်ဘူး ... ထက်သန့်ကိုပါ ရှယ်ယာခေါ်ပေါ့ ... သူ့ကိုလည်း ဆင်းက အလုပ်လုပ်စေချင်တယ်လို့ ပြောဖူးတယ် မဟုတ်လား ... အဲဒီတော့ နင်တို့နှစ်ယောက် အလုပ်အတူလုပ်ရင် ပိုပြီး တွဲမိရမှာပဲ ... အပြင်သွားရင်လည်း ဆင်းက ဒါကို ပြောလို့ မရတော့ဘူး ... မဟုတ်ဘူးလား ...”

စုရဲ့ အကြံဉာဏ်က အသက်ကို ရုတ်တရက်တော့ ဝမ်းသာသွားစေသော်လည်း ...

“ဟင် ... စုကလည်း ... ဆင်းက သဘောမတူရင်ရော”

“ဟာ ... အဲဒါ နင့်အလုပ် မဟုတ်ဘူးလေ ... နင့်အလုပ်က ထက်သန့်ရဲ့ အမေကို အရင်ပြောထား ... ပြီးရင် ထက်သန့်ကိုပြော ... သူကလည်း လိုလိုလားလား လုပ်ချင်မှာပဲ ... သူငယ်ချင်းနှစ်ယောက် ဘာမှနားမလည်သေးလို့ ခုမှ တိုင်

တိုင်ပင်ပင် စလုပ်တာဆိုရင် သူ့အမေကလည်း ဝဲလ်ကမ်းပဲနေမှာ ...

"ထက်သန်ကလည်း လုပ်ချင်မှာပါ ... ဆင်း သဘောမတူတာ တူတာ နှင့်အပိုင်း မဟုတ်တော့ဘူး ... ဒီလောက်လည်း တွေးပူမနေနဲ့ ... ထက်သန်က အဲဒီလောက် မွှန်မှဲ ယောကျ်ားမျိုး မဟုတ်ဘူးဆိုတာ ငါ ယုံတယ် ... ဆင်း သဘောတူတူ မတူတူ သူ လုပ်မှာပဲ ... ကဲ ... တစ်သန်း ကြေးလောင်းမလား ..."

"အင်း ... ကဲ ..."

မျက်စပစ်ပြကာ အပြုံးလေး စွက်မေးလာခဲ့သော စုရဲ့ ချစ်စဖွယ်ဟန်ပန်လေးကို အသက်က အသည်းတယား ဖြစ်သွားကာ အင်ခနဲ မြည်လျက် စုရဲ့ မေးစေ့လုံးလုံးလေးကို မချင့်မရဲ ဆွဲယူဖျစ်ညှစ်ပစ်လိုက်လေသည်။ အင်း အသက်လည်း စု ရှိနေလို့ သာပဲ။







နောက်တစ်နေ့နံနက်တွက် အသက်သည် သူ မနိုးသေးခင် သူတို့အိမ်သို့သွားကာ သူ့ မေမေထံသို့ အရင်ဝင်သည်။ သူ့ မေမေကား ထုံးစံအတိုင်း မီးဖိုထဲမှာ အလုပ်ရှုပ်လျက် ...

"အန်တီ ... ဘာတွေချက်နေတာတုန်း ..."

"ဟော ... အသက် ... မုန့်ဟင်းခါး ချက်နေတာ ... ပြီးရင် အန်တီက ခေါ်နိုင်းဦးမလို့... စောစောစီးစီးပါလား သမီးရဲ့၊ သားငယ်တော့ မနိုးသေးဘူး ..."

"ရတယ် အန်တီ … အသက် ဘာလုပ်ပေးရဦးမလဲ … "

"သမီး လုပ်ချင်ရင်တော့ ပဲသီးလှီးပေါ့ကွယ် … လှီးတတ်တယ်မှုလား … "

"အဟဲ … ဒီလောက်တော့ ဖြစ်ပါတယ် အန်တီရဲ့ … အထင်မစေမောလ်ပါနဲ့ … "

အသက်က စားပွဲမှာ ဝင်ထိုင်လျက် ရေဆေးထားသော ပဲသီးတချို့ကို စတင်လှီးလိုက်ရင်း သူ့မေမေကို တစ်ချက်အကဲခတ်လိုက်သည်။ သူ့မေမေ မျက်နှာမှာ အေးချမ်းလျက် မွန်ရည်ငြိမ်းချမ်းလျက် ရှိနေပါသည်။ ထို့ကြောင့် အသက်က စကားစတင်ကာ …

"အန်တီ … မနေ့က ဒက်ဒီဆီက ဖုန်းလာတယ် သိလား၊ အသက်ကို ဘာမှ မလုပ်သေးဘူးလား … ဟိုမှာ ကျောင်းလာတက်ချင်တက် … ဒါမှမဟုတ် ဒီမှာပဲ အလုပ်တစ်ခုလုပ်တဲ့ … အဲဒါ အသက်က ဒီမှာပဲ အလုပ်လုပ်ချင်တယ် … ကျောင်းတက်ပြီး စာကျက်ဖို့တော့ ပျင်းသွားပြီ … "

"အင်း … အဲဒီတော့ … "

"အဲဒါ အသက် စီးပွားရေးတစ်ခုခု လုပ်မလားလို့ … အသက်နဲ့အတူတူ ထက်သန်ကိုပါ လုပ်စေချင်တယ် … သူလည်း အလုပ်လုပ်ချင်နေတယ် ပြောတယ် … အဲဒါ … အန်တီ သဘောကရောဟင် … "





"အို … အန်တီ့သဘောကတော့ သဘောတူတာပေါ့ကွယ်၊ သူငယ်ချင်းနှစ်ယောက် အလုပ်အတူတူ လုပ်ကြတာကောင်းတာပေါ့ … တစ်ယောက်တည်း run တာနဲ့စာရင် နှစ်ဦးဆိုတော့ ပို ခရီးရောက်တာပေါ့ … သားကိုလည်း အန်တီက ဒီအတိုင်းကြီး မနေစေချင်ပါဘူး … သူလည်း တစ်နေ့ အိမ်ထောင်ပြုမှာပဲလေ … သူ့အလုပ် သူ့အကိုင် ရှိပြီးသားဆိုတော့ ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့ … "

အသက်သည် ပေါးခနဲ မအော်ရုံတမယ် ထိုင်ရာမှ မြောက်ခနဲ ဖြစ်သွားရကာ …

"ဒါဆို အန်တီ သဘောတူတယ်ပေါ့နော် … "

"ဘာမတူစရာရှိလဲ အသက်ရယ် … ကဲ … သားကို သွားနှိုးလိုက် သမီး … ပြီးရင် မုန့်စားတော့ … ဟင်းရည်က ရပြီ"

အသက်သည် ဝမ်းသာအားရနှင့်ပင် အိမ်ပေါ်သို့ တနိုင်းနိုင်းပင် ပြေးတက်ခဲ့သည်။ သူကတော့ အိပ်ကောင်းတုန်းပင်။ ဖက်လုံးကြီးကို အားပါးတရဖက်ကာ ကလေးတစ်ယောက်လို ဒမြင်ကင်းစွာ အိပ်မောကျနေသော သူ့ကို ရုတ်တရက် မနှိုးရက်။ တစ်ခါစိမ့်စိမ့်သာ ထိုင်ငေးချင်လှသည်။ သေချာပါတယ်ကွယ်။ သူ့ကို အသက် ဘယ်နည်းနှင့်မှ အဆုံးအရှုံး မခံနိုင်ပါဘူး။

အသက်သည် သူ့ကို တခဏတာ ငေးစိုက်ကြည့်ပြီး လျှင် …

"ဟဲ့ ထက်သန့် ... ထ ... ထ ... ထတော့ကွာ ... ထက်သန့် ထ ... "

အသက်က ပါးစပ်ရော လက်ရောပါ တရစပ်နိုးတာမို့ သူ နိုးလာလျက်သာ မျက်လုံးဖြဲကြည့်ကာ ...

"အာ ... အသက် ... ဘာတုန်းကွာ ... လာမွှေဖြန့်ပြီ"

"အောင်မယ် ... စကားကို သေချာနားမထောင်ဘဲနဲ့ စွတ်တင်းမခံနေနဲ့ ... နင့်ကို မင်္ဂလာသတင်း လာပြောတာ ... စောစောစီးစီး နားရင်းပိတ်တီးလိုက်လို့ သေဦးမယ်"

သူက အိပ်ရာထဲမှထကာ bath roomရှိရာသို့ လှမ်းသွားသည်။

"ဘာလဲပြော ... "

သူ သွားပွတ်တံပေါ်သို့ အသက်က သွားတိုက်ဆေးညှစ်ချပေးရင်းမှနေ၍ ...

"ဆင်းက နင့်ကို ကြည်သွားပြီဟ ... ငါ ရှင်းပြလိုက်တာ သူ နားလည်သွားပြီ ... "

"ဟေ ... ဟုတ်လား ... အား ... သိပ်တော်တာပဲ ... သူငယ်ချင်းပဲကွာ ... ဒါကြောင့်လည်း နင့်ကို ငါက ယုံကြည်အားကိုးနေရတာပေါ့ ... "

သူ့မျက်နှာကား နေခြည်သစ်နှင့် အပြိုင် ချက်ချင်းလန်းဆန်းတက်ကြွလာလေသည်။





"အေး ... သူဆိုလာခဲ့တော့တဲ့ ... "

"အိုကေ ... အိုကေ ... မဆိုးဘူး ... ငါတောင် သွားချော့စရာ မလိုဘဲ ပွဲက လှပသွားတယ် ... ရိုက်ထိ ဒီလိုပဲ ဖြစ်သင့်တယ် ... "

သူ မျက်နှာသစ်ပြီးသွားချိန်ဝယ် အသက်က နောက်ထပ်စကားတစ်ခုကို ထပ်ဆက်သည်။ အပျော်ဓာတ်နှင့် ကြည်နူးမှုအခံ ရှိသွားပြီမို့ သူ့ပုံစံက လောကကြီးကို ဘာမဆို အကောင်းမြင်နေဟန် အပြည့်ရှိလေသည်။

"ဟိတ် ... နင့်ကို ငါ နောက်ထပ်တစ်ခု ပြောစရာကျန်သေးတယ် ... ငါ အလုပ်တစ်ခု လုပ်မလို့ဟ ... မာမိတို့က ငါ့ကို ဟိုမှာ ကျောင်းဆက်တက်ရင်တက် ... မတက်ရင်လည်း စီးပွားရေးပဲဖြစ်ဖြစ် မာမီ့ရဲ့ အလုပ်ထဲမှာပဲဖြစ်ဖြစ်လုပ်ဖို့ ပြောလာပြီ ... ငါတို့ အသက်တွေလည်း မငယ်တော့ဘူးလေ ... အဲဒါ ငါက ဒီမှာပဲ အလုပ်လုပ်ရင် ကောင်းမလားလို့ ... "

"အင်းပေါ့ ... ဟိုမှာတော့ ကျောင်းသွားမတက်ပါနဲ့ အသက်ရာ ... နင်မရှိရင် ငါ အဖော်မဲ့သွားမှာဟ ... မသွားနဲ့ ငါ့အနားမှာပဲနေ ... "

ငါက နင့်အနားမှာ တစ်သက်လုံး နေချင်တဲ့သူပါ ထက်သန့်ရယ်။ အဲဒီနေခွင့်ကို နင်က မပေးတာပါ။

"အင်းပါ ... အဲဒါလေ နင်နဲ့ ငါနဲ့ အလုပ်အတူတူ တွဲလုပ်ရင် မကောင်းဘူးလားလို့ ... ရှယ်ယာလေဟာ ... နင်လည်း အလုပ်ရှိ ... ငါလည်း အလုပ်ရှိပေါ့ ... မကောင်းဘူးလား"

အသက်ဖျော်လင့်ထားသလိုပင် သူ့မျက်နှာတွင် သဘောကျသည့် အရိပ်အယောင် ဖြတ်ပြေးသွားလျှက် ...

"ဟာ ... ကောင်းတာပေါ့ ... ငါတောင် ဒီစိတ်ကူးကို မရဘူး ... အသက် နင်က တော်ပြီးရင်တော်ပဲဟာ ... ငါလည်း အလုပ်တစ်ခုခုတော့ လုပ်ချင်နေတာ ... Good Ideaပဲ ... ဒေါ်အသက်ထက်ရေ ... ဒါထက် မေမေရော သိပြီးပြီလား"

"သိသမှသိ ... အန်တီက ငါတို့သဘောပဲတဲ့ ... ခုတောင် မုန့်ဟင်းခါးစားဖို့ နင့်ကို နှိုးခိုင်းလိုက်တာ ... လာ ... မုန့်ဟင်းခါးစားရင်း ပြောမယ် ..."

"ဟာ ... မုန့်ဟင်းခါးရော ချက်ထားသေးတာလား ... အားပါး ... ဒီမနက်ကတော့ golden morningပဲဟေ့ ... လာ လာ ..."

သူက အသက်ရဲ့လက်ကို ဆွဲခေါ်ကာ အောက်ထပ်သို့ ဦးဆောင်လာလေသည်။ သူ့မေမေက စားပွဲဝိုင်းတွင် မုန့်ပန်းကန်တွေ အဆင်သင့်ပြင်လျှက် စောင့်ဆိုင်းနေပြီ။

"မေမေပါ တစ်ခါတည်း စားလေ ..."

"စား ... စား ... သားတို့ စားနှင့် ... မေမေက မေမေ





ဂျေါ်ဖိရိုက်တာ ပြန်လာမှပဲ စားတော့မယ် ... သား အသက်နဲ့ အလုပ်ကို တကယ်ပဲ ကြိုးကြိုးစားစား လုပ်မှာလား ... ဘာလုပ်ဖို့ စိတ်ကူးတာလဲ ..."

"ဪ ... အဲဒါက သားတို့ အခုမှ စားရင်းနဲ့ တိုင်ပင်မှာ မေမေ ... ဟဲဟဲ ... သားတို့က အရမ်းဟဲဗီးတွေ စမလုပ်ပါဘူး ... တစ်ပိုင်တစ်နိုင်ပဲ ... ပြီးမှ တဖြည်းဖြည်းချင်း ချဲ့သွားမယ် ... လုပ်ဖြစ်ရင်တော့ သားရော အသက်ရော ဝါသနာပါတဲ့ ဖော်တော်ကား အားစစ်စင်တာ လုပ်ဖြစ်ဖို့ပဲ များတယ် မေမေ ... ကားနဲ့ ပတ်သက်တဲ့ကိစ္စအဝဝပေါ့ ... တစ်နေရာထဲမှာ အားလုံးပြီးတဲ့ဟာမျိုး ... ဓာတ်ဆီ ဒီဇယ် ကအစ ရောင်းမယ် ... ရေဆေးခုံ၊ ကားပြင်၊ အလှဆင်တာ၊ ကားပစ္စည်းမျိုးစုံရောင်းတာ အကုန်ပေါ့ ..."

"ဟဲ ... အသက်နဲ့က ဖြစ်ပါ့မလား ..."

သူ မပြောခင်ပင် အသက်ကဝင်၍ ...

"အို ... ဘာလို့ မဖြစ်ရမှာလဲ အန်တီကလည်း ... အသက်က သူ့ထက်တောင် ကားအကြောင်းနားလည်သေးတယ်၊ ဝါသနာလည်း အရမ်းပါတယ် ... ဟုတ်တယ် ထက်သန်၊ ငါတို့ အဲဒါပဲ လုပ်ကြမယ် ..."

"အေးပါကွယ် ... ပြီးရော ... ပြီးရော ... ကဲ ... မေမေ ဘုရားသွားရှိခိုးရဦးမယ် ... စားနှင့်ကြ ..."



Book Sharing

Scanned by CamScanner

သူ မေမေ ထွက်ခွာသွားသောအခါ အသက်က သူ့လက်မောင်းကို အားပါးတရ ကိုင်လှုပ်၍ ...

"ဟုတ်တယ် ထက်သန့် ... ငါတို့ အဲဒါပဲ လုပ်ကြမယ် ... အစပိုင်းတော့ နင် ပြောသလောက်ကြီး မလုပ်သေးဘူးပေါ့ဟာ ... ရေဆေးခံ့ရယ် ... ဝပ်ရှော့ရယ် ... ကားပစ္စည်းရောင်းတာရယ်လောက်ပဲ ကျဲကျဲလုပ်ကြမယ် ... ကားပစ္စည်းအတွက်ကတော့ ... ဘာမှပူစရာမလိုဘူး ... ဒက်ဒီတစ်ယောက်လုံး ရှိနေတာပဲ ... ကားအလှဆင်ပစ္စည်းကတော့ နောက်မှပဲ ချဲ့တာပေါ့ ..."

"အေးပါ ညည်းလေးသဘော ... ငါတို့ အပြတ်ကြိုးစားကြမယ်ကွာ ဟုတ်ပြီလား ..."

"ဟုတ်ပါပြီ ... နင်လည်း အလုပ်ရှိတော့ ဆင်းက ပိုကျေနပ်တော့မှာပေါ့ ..."

"ဒါတွေက နင့်ကြောင့်ချည်းပါပဲ အသက်ရာ ... ပြီးမှ ငါ သူ့ကို မုန့်သွားပို့ရင်းနဲ့ ပြောပြရဦးမယ် ..."

သူက သူ့အတွေးနှင့်သူ ပျော်နေသလို အသက်ကလည်း အသက်ရဲ့ စိတ်ကူးနှင့် တစ်ကိုယ်တည်း ကျေနပ်လို့သာ တည်း။







တကယ်တမ်း အလုပ်စဖြစ်သောအခါ အသက်တို့အတွက် အများကြီး အဆင်ပြေလေသည်။ နေရာနှင့် အလုပ်သမားဘာညာတွေကို အထူးတလည် ရှာစရာ မလိုချေ။ နာမည်ရပြီးသား အကွက်အကွင်းကျကာ ကျယ်ဝန်းလှသောနေရာနှင့် ပစ္စည်းတွေရော၊ လုပ်သားရော၊ ဖောက်သည်တွေပါ အရန်သင့် အဆင်သင့်ရလိုက်တာ ဖြစ်လေသည်။ အသက်သည် တပြုံးပြုံးနှင့် ပါးစပ်တောင် မပိတ်နိုင်ဘဲ ...

"ထက်သန်ရယ် နင်နဲ့ငါက ကံစပ်တယ်နဲ့တူတယ်နော် ... ငါတို့လုပ်မဲ့အချိန်နဲ့ ပိုင်ရှင်ကလည်း ရောင်းမဲ့အချိန်နဲ့ ကြည့်ဦး ... မြေကြီးကလည်း အကျယ်ကြီး ... ငါတို့လုပ်ချင်တာတွေ ထပ်ချဲ့လို့လည်း ရတယ်နော် ... "

သူက အသက်ကို အလိုလိုက်တတ်သော လူကြီးတစ်ယောက်ရဲ့ အပြုံးမျိုးနှင့် ပြုံးကြည့်ကာ ...

"ရတာပေါ့ ... ငါတို့လုပ်ငန်းနာမည်ကိုတောင် ရွေးပြီးသွားပြီ ... "

"ဟင် ... ဟုတ်လား ... ဘာတဲ့လဲ ... "

သူက အသက်ရဲ့ မျက်နှာရှေ့ကို လက်ညှိုးနှင့် လက်စလယ်နှစ်ချောင်း ထောင်ပြကာ ...

"two friendတဲ့ ... ဘယ်လောက် အဓိပ္ပာယ်ရှိတဲ့ နာမည်လဲဟင် ... "

အသက်သည် သူပြောသော နာမည်ကို ကြားလိုက်တာနှင့် မျက်လုံးဝိုင်းကာ အံ့အားသင့်သွားသလို ဖော်မပြတတ်အောင်လည်း ပျော်ရွှင်သွားရသည်မှာ သူလည်ပင်းကိုတောင် တွဲလွဲနှိုးပစ်ချင်သည်အထိပင်။ "သူငယ်ချင်းနှစ်ဦး"တဲ့ သိပ်ကို ရိုးရှင်းသလောက် လှပကာ အဓိပ္ပာယ်ပြည့်ဝသော နာမည်ကလေး။ ဒီနာမည်လေးကြောင့်ပင် အသက်မှာ ရှေ့ဆက်ဖို့ ရင်ဆိုင်နိုင်သွားပြီတည်း။





သူက အသက်ကို ငုံ့မိုးပြုံးစိုက်ကြည့်ကာ ...

"ဘယ့်နှယ်လဲ ... ကြိုက်ရဲ့လား အသက် ... "

"ကြိုက်လွန်းလို့ ကြိုက်ကြိုက်နဲ့တောင် မြည်နေသေးတယ် အဟိ ... "

သူက အသက်ရဲ့ လက်သည်းကိုက်ကာ ရယ်ပုံလေးကို ချစ်စနိုးဖြစ်သွားလျက် အသက်ရဲ့ ငယ်ထိပ်ကို ဖိမိုးလှုပ်ယမ်းပစ်လိုက်ကာ "အရူးမ"ဟု စလိုက်သေးသည်။ အသက်ကို သူ သိပ်ချစ်လှပါသည်။ သူ့အပေါ်မှာ အသက်လောက်ကောင်းနိုင်သော သူမျိုးလည်း ထပ်တွေ့နိုင်မှာ မဟုတ်တော့။ ဆင်းရဲ့ အချစ်ကို ရခဲ့တာသည်ပင်လျှင် အသက်ရဲ့ မ,စမှုတွေကြောင့် ဖြစ်သည်။ ဒါကိုဆင်းက သူနှင့် အသက်အပေါ် ဘာကြောင့် သံသယမကင်းလဲဆိုတာ တွေးမိတိုင်း သူ ဘဝင်မကျ ဖြစ်ရလေသည်။ ထိုနေ့ကလည်း အသက်ရဲ့ အကူအညီနှင့်ပင် ဆင်းကို အပြင်သို့ ခေါ်ထုတ်လာနိုင်ခဲ့တာ ဖြစ်သည်။ ငြိမ်သက်တိတ်ဆိတ်ကာ မီးရောင်ပြာလဲ့လဲ့လေးတွေ လင်းဖြာလျက်ရှိသော ကော်ဖီဆိုင်လေးထဲမှာ သူက ဆင်းရဲ့ မျက်နှာလေးကို တစိမ့်စိမ့်ငေးကာ ...

"ဆင်း ... ဒီနေရာလေးကို သဘောကျရဲ့လား ... "

"ဟင့်အင်း ... မကျပါဘူး ... မှောင်တိမှောင်မည်းနဲ့ ထက်သန်ကလည်း ဘယ်လိုဆိုင်မျိုးကို ရွေးတာလဲ ... "

"ဟား ... ဆင်းကတော့ ... ဒီလိုဆိုင်မျိုး ဆင်း တစ်ခါမှ

မရောက်ဖူးဘူးလား ...''

''မရောက်ဖူးပါဘူး ... ဒါနဲ့ ထက်သန့်ကို ဆင်း ပြောစရာရှိတယ် ... ထက်သန့်က ဘာလို့ အသက်နဲ့ အတူတူ အလုပ်လုပ်ရတာလဲ ...''

ဆင်းရဲ့ မထင်မှတ်ထားသော စကားကြောင့် သူ အံ့သြသွားရလေသည်။ ဆင်းက ဘာကို ဆိုလိုနေတာပါလိမ့်။ ပြီးတော့ ဘာကိုရော သံသယရှိနေတာလဲ။ ကိုယ့်ချစ်သူမို့ ဒေါသမဖြစ်ချင်သော်လည်း ဒီလောက်ရိုးသားသည့် မေတ္တာကို ထိခိုက်ပါများလာသောအခါ သူ မခံချင်တော့။ ဒီနေ့တော့ အဲဒီကိစ္စကို အရှင်းလင်းဆုံးဖြစ်အောင် လုပ်မည်ဟု သူ ဆုံးဖြတ်ထားလေသည်။

''အလုပ်လုပ်တာ ဘာမကောင်းဟာ ရှိလို့လဲ ဆင်းရဲ့ ... ဆင်းပဲ ကိုယ့်ကို အလုပ်လုပ်စေချင်တယ်လို့ ပြောထားတာပဲ မဟုတ်လား ... အသက်နဲ့ sharingလုပ်တယ်ဆိုတာကရော ဘာဖြစ်လို့လဲ ... ဆင်းက မကြိုက်ဘူးလား''

သူက ဖြောင့်ပင် ဖွင့်မေးချလိုက်သည်။ ဝေ့လည်ကြောင်ပတ်လုပ်နေလျှင် ဒီကိစ္စက ပြီးမှာ မဟုတ်တော့ပေ။

သူ့စကားကြောင့် ဆင်းကိုယ်လေး မတ်ခနဲ ဖြစ်သွားရကာ သူ့ကို စူးစူးရှရှ ပြန်စိုက်ကြည့်လာရင်း ...

''ဟုတ်တယ် ... ထက်သန့်က ပွင့်ပွင့်လင်းလင်း မေးလာတော့လည်း ဆင်းက ပွင့်ပွင့်လင်းလင်းပဲ ပြောရတာပေါ့။





အသက်နဲ့ အလုပ်အတူတူ တွဲလုပ်တာ ... သာမန်ထက် အရမ်းတွဲလွန်းတာ ဆင်း လုံးဝ သဘောမကျဘူး၊ မကြိုက်လည်း မကြိုက်ဘူး ...''

ဆင်းသည် ပြောမဲ့ပြောတော့လည်း ရင်ထဲရှိသမျှ အကုန်ထုတ်ပြောပစ်လိုက်တာမို့ ရုတ်တရက် သူ ဘာပြန်ပြောရမှန်း မသိအောင် အံ့အားသင့်သွားရတာ အမှန်ပင်။

ဆင်းရယ် ... မင်း ဘယ်လိုအတွေးအခေါ်တွေနဲ့ ရှုပ်သန်နေရတာလဲ။ အသက်ဆိုတာ မင်းနဲ့ငါ ချစ်သူတွေဖြစ်လာအောင် အဓိကဆောင်ရွက်ပေးခဲ့တဲ့သူပါ။

''ဟာ ... ဘာကြောင့်လဲ ... ဘာကြောင့် ... ကျုပ် ... လုံးဝ မယုံနိုင်ဘူး ဆင်းရာ ... ဘာဖြစ်လို့လဲ ... ဘာဖြစ်တာလဲဟင် ...''

''အဓိက,ကတော့ အသက်ကို စိတ်မချတာပဲ ... အသက်ဟာ ထက်သန့်ကို သိပ်ကို ချစ်နေတယ်လို့ ဆင်း ထင်တယ်၊ အဲဒါကြောင့်ပဲ ... ဒါဆိုရင် ဘာကြောင့် အသက်နဲ့ နီးနီးကပ်ကပ် မရှိစေချင်ရလဲဆိုတာ သဘောပေါက်မှာပါနော် ... ဘယ်သူမဆို ကိုယ်ချစ်ကဲ့လူကို ဆုံးရှုံးရမှာ စိုးရိမ်ကြတာပဲ၊ ဒါဟာ ထက်သန့်ကို ချစ်လို့ဆိုတာ နားလည်ပေးပါ ...''

အဆုံးသတ်ပြောလိုက်သော ... ဆင်းရဲ့စကားကို မကြည်နူးနိုင်အားဘဲ ရုတ်တရက် သူ့ဦးနှောက်တွေ ပွင့်ထွက်သွား



Scanned by CamScanner

ချင်လောက်အောင်ပင် ဆူပွက်လာလေသည်။ အသက်ဟာ သူ့ကို သိပ်ချစ်နေသတဲ့။ သိပ်ချစ်တာတော့ ဟုတ်သည်။ ဒါပေမဲ့ ဆင်းပြော သလို အချစ်မျိုး လုံးဝမဟုတ်တာတော့ သူ့ရင်နှင့်တောင် လောင်း ကြေးထပ်ရဲသေးလေသည်။

"ဟာ ... ဆင်း မှားနေပြီကွာ ... လုံးဝ မဖြစ်နိုင်တာကြီးပဲ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ... သိပ် ဖြစ်နိုင်တာပေါ့ ... "

"ဆင်းက ဘာကိုကြည့်ပြီး ပြောတာလဲ ... ကဲ ... ကိုယ် တစ်ခုပဲ နမူနာ ပြောပြမယ် ... သူသာ ကိုယ့်ကို တကယ် ချစ်နေခဲ့တယ်ဆိုရင် ဆင်းနဲ့ ဘာလို့ အောင်သွယ်လုပ်ပေး မလဲ ... ဒါတွေကို ဆင်း အသိဆုံးပါကွာ ... "

"ဒါကတော့ သူက ထက်သန်ကို စိတ်ချမ်းသာစေချင်လို့ နေမှာပေါ့ ... "

သူက ခေါင်းကို ခါယမ်းပစ်လိုက်ရင်း ...

"မဖြစ်နိုင်တာပဲ ဆင်းရယ် ... လုံးဝမဖြစ်နိုင်ပါဘူး ... ကိုယ် တို့ရဲ့ ဖြူစင်တဲ့မေတ္တာ၊ အထူးသဖြင့် အသက်ရဲ့ ဖြူစင်တဲ့ အချစ်ကို အထင်မလွဲလိုက်ပါနဲ့ကွာ ... ဆင်းပြောတာ ဘယ် လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး ... ဆင်း ကိုယ့်ကို သဝန်တိုတာ ချစ်လို့ဆိုတာ သိရတဲ့အတွက် ဝမ်းသာပါတယ် ... ဒါပေမဲ့ ကိုယ့် သူငယ်ချင်းနဲ့တော့ ကိုယ့်ကို သံသယမရှိပါနဲ့"

"ခက်တာပဲ ... ထက်သန်ကို သံသယရှိတယ်လို့ ပြောနေ





တာ မဟုတ်ဘူး ... အသက်ကို စိတ်မချတာလို့ ပြောနေ တာ ... "

ဆင်းရဲ့ စကားတွေကို အသက်ကြားလျှင် ဘယ်လို နေမည် မသိ။ သူကတော့ ကြားထဲကပင် အသက်အတွက် မျက်နှာ ပူ အားနာရလေသည်။

"ကဲ ... ဒါဖြင့်ရင် ဘာကြောင့် အသက်ကို ဆင်းက ဒီလိုထင် ရတာလဲ ... ပြောပြ ... နိုင်လုံတဲ့ သက်သေပြနိုင်မလား"

သူ့စကားကို ဆင်းက တပြန်ဒေါသဖြစ်သွားဟန် တူ သည်။ မျက်စောင်းတစ်ချက်ထိုးကာ ...

"သက်သေပြရအောင် ဒါ တရားရုံးလည်း မဟုတ်ဘူး ... ဒီ မယ် ထက်သန် ... ဆင်းက မိန်းကလေးချင်း ဒါတွေကို ပို သိပြီးသားပါ ... ဆင်း ပြောတာကိုသာ လက်ခံပေးစမ်းပါ၊ ဆင်းကို ချစ်တယ်ဆိုရင် အသက်နဲ့ မပတ်သက်ဘဲ နေပေး စမ်းပါ ... "

ဆင်းရဲ့စကားတွေအတွက် သူ့နှလုံးသားက ဘယ် လိုမှ ခံနိုင်ရည် မရှိချေ။ သူ့မျက်လုံးထဲတွင် အသက်ရဲ့ ချစ်စဖွယ် ရယ်နေပုံလေး ပေါ်လာသောအခါ ဆင်းရဲ့စကားတွေကို အလိုလို ချေဖျက်ပြီးသား ဖြစ်သွားသည်။ သူ့အပေါ်ဆို အမြဲနားလည်ကာ ချစ်သူထက်ပင်လျှင် မျှဝေခံစားပေးတတ်သော အသက်ကို သူ မပတ်သက်ဖို့ဆိုတာ ... ။

သူ သေသွားမှပဲ ဖြစ်ပါလိမ့်မည်။

"မဖြစ်နိုင်ဘူး ဆင်း ... အသက်နဲ့ မပတ်သက်ဘဲနေဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး ... ဆင်းရဲ့သံသယတွေကို မေ့ပစ်လိုက်ပါ ဆင်းရယ် ... "

သူ့ရဲ့အေးစက်စက် အငြင်းစကားကို ဆင်းက ဘာမှ ပြန်မပြောတော့ဘဲ သူ့ကိုသာ ပြုံးမဲ့မဲ့ စိုက်ကြည့်နေခြင်း၏ နောက်ကွယ်တွင် သူ မျှော်လင့်မထားသော အဖြစ်တို့ ထပ်မံကြုံတွေ့ရလိမ့်ဦးမည်ဟု သူ မတွေးမိခဲ့ချေ။ ဒီလောက်နှင့် တခဏတော့ ငြိမ်သက်နေဦးမည်ဟု ထင်ထားခဲ့သော်ငြားလည်း ... ။

Book Sharing







ဆင်းသည် TWO FRIENDSဟူသော fancy ကျကျ ထည်ဝါလှပလွန်းသည့် ဆိုင်းဘုတ်ကြီးကိုကြည့်ကာ ရင်ထဲမှာ နာကျင်လာရသည်။ ထက်သန်ဟာ ဆင်း ပြောတာတွေကို ဘာကြောင့် မယုံရသလဲဆိုတာ စဉ်းစားမရချေ။ အသက်ရဲ့ မျက်ဝန်းတွေကဖြင့် ထက်သန်ကို အသည်းထဲကလာသည့် အချစ်တွေဖြင့်ချစ်ကြောင်း အသိသာကြီး ပြောပြနေတာပင်။ ဆင်းသည် သူတို့နှစ်ယောက်ကို



Scanned by CamScanner

စတွေ့လိုက်ရချိန်ကတည်းကပင် ကောင်မလေးဟာ ကောင်လေးကို တိတ်တခိုးချစ်နေပုံပဲ၊ ကြိတ်၍ ကြွယ်တာနေပုံပဲဟု မှတ်ချက်ချပြီးသားဖြစ်၏။ အခုတော့ သေချာပြီးရင်း သေချာလာသည့်ကိစ္စမို့ ဆင်းဟာ အသက်နှင့် တွေတွေ့ဆိုင်ဆိုင် စကားပြောဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်လေသည်။

ဆင်းရောက်သွားချိန်ဝယ် အသက်သည် ကားတစ်စီးကို စက်စမ်းနေတာ ဖြစ်သည်။ တီရှပ်အနက်နှင့် ဂျင်းပင်အပြာရင့်ရင့်ကို ဝတ်ထားသော အသက်သည် ထက်သန့်ကို နေ့စဉ်နှင့်အမျှ ရင်ခုန်အောင် မလုပ်ဘူးဟု မပြောနိုင်ချေ။

"ဟယ် ... ဆင်း ... ဘယ်ကနေ ဝင်လာတာလဲ ... လာလာ ... အယ် ... ထက်သန့်က မရှိဘူး ဆင်းရဲ့ ... ရုံးကို ခဏသွားတယ် ..."

သိသားပဲ။ ညကတင် ထက်သန့်နဲ့ ဖုန်းပြောသဖြင့် သူ ဌာနဆိုင်ရာရုံးတစ်ရုံးသို့ သွားစရာရှိကြောင်း မထင်မှတ်ဘဲ သိခွင့်ရခဲ့သဖြင့် ဆင်းရဲ့ အကြံကို စောစောစီးစီး အကောင်အထည်ဖော်လိုက်တာ ဖြစ်လေသည်။ အသက်က ဆင်းကို ဧည့်ဆောင်နေရာသဖွယ် ပြုလုပ်ထားသော ကြိမ်ဆက်တီများ ရှိရာဘက်သို့ ခေါ်လာသည်။ သူတို့လုပ်ငန်းသည် ထင်တာထက်တောင် ပိုမိုအလုပ်ဖြစ်လျက် ရှိသည်။ ဖောက်သည်ပါ အဆင်သင့်ရလိုက်တဲ့ သဘောပဲ၊ ကံစပ်တယ်တဲ့။ ဆင်းသည် နှုတ်ခမ်းလေးကွေးရုံ မဲ့ပစ်လိုက်သည်။





"ဆင်း ... ဘာသောက်မလဲ ... အပူလား ... အအေးလား"

"နေပါစေ အသက် ... ဆင်း အသက်နဲ့ စကားပြောချင်လို့ လာတာပါ ..."

"စကားပြောချင်လို့ ... အဟား ... ဘာစကားတွေ ပြောမှာမို့ ... ဒီထိ လိုက်လာရတာလဲ ဆင်းရဲ့ ... အိမ်မှာနေရတာ ပျင်းလို့လား ... ဟုတ်လား ..."

အသက်ကို ကြည့်ရတာ ဘာမှ ထင်ထားပုံမရ၊ ဆင်းကို ဆက်ဆံတာပင်လျှင် ရိုးသားလျက် ရှိနေ၏။ ဆင်း ဘယ်သူ့ကိုမှ အားမနာနိုင်ချေ။ အချိန်တိုအတွင်းမှာပင် သူ့ကို ဆင်း အသည်းအသန်ကို မြတ်နိုးသွားခဲ့ချေပြီ။ ရိဝေနက်ရှိုင်းတဲ့ အကြည့်တွေ၊ ချိုမြတဲ့အပြုံးတွေကို ဆင်းတစ်ယောက်တည်းသာ ပူပိုင်ယူလိုလှသည်။ တခြား ဘယ်သူနှင့်မျှ ခွဲဝေမယူချင်။ ဆောရီး အသက်ရေ ...

"ဆင်း ပြောမဲ့စကားက အရေးကြီးတယ် အသက် ..."

ဆင်းရဲ့ တည်ငြိမ်နေသော လေသံနှင့် ဟန်ပန်တို့ကြောင့် အသက်ရဲ့ မျက်နှာမှာလည်း စိတ်ဝင်စားသော အရိပ်အယောင် ပေါ်လာတော့ကာ ဆင်းနှင့် မျက်နှာချင်းဆိုင်ဆက်တီမှာ ဝင်ထိုင်၍ လာလေသည်။

"အသက် ... ဘာဖြစ်လို့ ထက်သန့် အတူတူ အလုပ်တွဲလုပ်ဖို့ စဉ်းစားရတာလဲ ..."



Scanned by CamScanner

ဆင်းစကားကြောင့် အသက်ရဲ့ မျက်ခုံးနှစ်ဖက် ရုတ်တရက် ပင့်သွားပြီးလျှင် ...

"ဘာဖြစ်လို့လဲ ဆင်းရဲ့ ... ဘာလို့ တွဲလုပ်ဖြစ်တာလဲဆိုတော့ သူနဲ့ အသက်နဲ့က ဝါသနာတူ၊ ဆန္ဒတူ၊ ရည်ရွယ်ချက်တွေချင်းလည်း တူတယ်လေ ... အဲဒါကြောင့်မို့ပေါ့ ... "

"အဲဒါတင်ပဲလား အသက်ရဲ့ ... "

ဆင်းရဲ့စကားကြောင့် အသက်ရဲ့မျက်နှာတွင် အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။ အဲဒီနောက်တွင် စောစောက ပြုံးရယ်ကာနေသော မျက်နှာဖုံးတစ်ခုကို ချက်ချင်းခွာချလိုက်သလို ဖြစ်သွားရကာ ...

"ဆင်းက တယ်ခက်ပါလား ... ဆင်းက အသက်နဲ့ ထက်သန်ကို တစ်မျိုးတစ်မည် ထင်နေတယ်ဆိုတာ အသက် သိပါတယ် ... ဒါပေမဲ့ ဒီကိစ္စက ရုပ်သင့်ပြီလို့ ထင်တယ် ... အဓိပ္ပာယ်မရှိတာဘဲ ဆင်းရာ ... "

"အဓိပ္ပာယ်သိပ်ရှိတာပေါ့ ... အသက် ထက်သန်ကိုသာ ညာချင်ညာလို့ရမယ် ... အသက်ရဲ့ ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ဆင်းက မိန်းကလေးချင်း သိနေပြီးသား ဆိုရင်ရော ... "

အသက်က ဆင်းရဲ့စကားကို ရယ်စရာတစ်ခုလို တစ်ချက်ခေါင်းမော့ရယ်ပစ်လိုက်ကာ ...

"ဟား ... ဘာတွေလဲကွာ ... ဆင်း ... မင်းက six senceရဲ့





နေလို့လား ... လုံးဝကို အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေနဲ့ သက်သက်လာဖွဲ့နေတာပဲ ... တို့သာ သူ့ကို ချစ်ရင် မင်းသူ့ကို မြင်ခွင့်တောင် မရှိဘူး ... ရှင်းလား ... "

အသက်ကလည်း တစ်ခွန်းမျှ ဝန်မခံချေ။ လက်နှစ်ဖက်ဖြင့်တောင် ခါးထောက်လျက် ခပ်မာမာပင် ပြန်ပြောလာသည်။

"ဒါဆို အသက် သူ့ကို လုံးဝမချစ်ဘူးပေါ့ ... ကျိန်ရဲလား"

"ကျွတ် ... ဒုက္ခပါပဲကွာ ... ဘာကို ကျိန်ရမှာလဲ ... ဆင်းရဲ့စကားတွေက အသက်ကို တဖြည်းဖြည်း စော်ကားလာပြီနော် ... ဆင်း ပြန်ရင်ကောင်းမယ်ကွာ ... "

"ပြန်မယ် ... မပြန်ခင် ပြောစရာရှိတဲ့ စကားကိုတော့ အကုန်ပြောခဲ့ရမှာပဲ ... အသက် ဘယ်လိုပဲ ဝန်မခံဘဲ ရှောင်ထွက်နေပစေ ... အသက်ရဲ့ မျက်လုံးတွေကတော့ အမှန်တရားကို ပြောပြနေတယ် ... တကယ်လို့ အသက် ရိုးသားပါတယ်ဆိုတာကို သက်သေပြချင်ရင် အသက် ထက်သန်နဲ့ လုံးဝမပတ်သက်ဘဲနဲ့ နေပြနိုင်မလား ... ဒါဆို ဆင်း ယုံပေးလိုက်မယ် ... "

အသက်ရဲ့ မျက်လုံးတွေထဲတွင် အနိုးအငွေ့တွေ ထွက်လာသလို တမြေ့မြေ့ရဲလာပြီးလျှင် ...

"Belive it or not ပဲ ဆင်း ... ကိုယ့်ရည်းစားကို ကိုယ် ပိုင်တယ်ဆိုရင် အသက်နဲ့ မပတ်သက်ဖို့ ပြောလိုက်ပါ ...



Scanned by CamScanner

အသက်ကတော့ ထက်သန်ကို မပတ်သက်ဖို့ဆိုတာ သူက မပတ်သက်မှဘဲ ဖြစ်လိမ့်မယ် ... ပြောကြည့်လိုက်လေ ... ဟင်း ... ဟင်း ... "

အသက်က မခိုးမခန့်ရယ်ကာ မုန်းစရာကောင်းသည့် မျက်နှာပေးဖြင့် ပြောလေသည်။ ဆင်းသည် တက်တစ်ချက်ကို ပြင်းပြင်းခေါက်ခဲ့ရင်း ... တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ သံဓိဋ္ဌာန်ချလိုက်လေသည်။







အသက်ကြိုက်သော ချောကလက်ကိတ်ဝယ်ပြီး ကားပေါ်ပြန်တက်ခါနီးမှာပင် သူ့ လက်ကိုင်ဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် ကားထဲဝင်ထိုင်လိုက်ပြီးမှ ဖုန်းကို ဖွင့်နားထောင်လိုက်သည်။ သူက ပေျာပေါ်က နံပါတ်ကို မကြည့်ဘဲ အသက်ပဲထင်ကာ ပြောချလိုက်လေသည်။

သူ အပြင်သွားလျှင် အသက်က မုန့်ဝယ်လာခဲ့ဖို့ မှာ

တတ်သလို မလာသေးလျှင်လည်း ဖုန်းလှမ်းဆက်တတ်လေ့ ရှိတာကြောင့်ပင် ...

"ပြန်လာပြီ အသက်ရေ ... ခုပဲကားပေါ်တက်မောင်းတော့မလို့ ... နင်မှာတဲ့ မုန့်လည်း ဝယ်ပြီးပြီ ... မအော်နဲ့တော့"

တစ်ဘက်မှ ဘာသံမှ ထွက်မလာချေ။ အသံတိတ်နေသဖြင့် ...

"ဟေ့ အသက် ... စိတ်ကောက်နေတာလား ... ဟာကွာ စိတ်မကောက်နဲ့ ... ငါ ဘယ်မှ လိမ့်နေတာ မဟုတ်ဘူး၊ ရုံးကကြာတာ ..."

"အသက် စိတ်ကောက်တာ မကောက်တာ လူချင်းတွေ့မှ ချော့ပါ ထက်သန် ... ခုလောလောဆယ် ရှင်နဲ့ ကျွန်မ တွေ့ချင်တယ် ..."

အား ... သေပြီ။ သူ အမှန်တကယ်ကိုပင် ပေါ့ဆလေသည်။ ဆင်းသည် နဂိုကမှ သံသယရှိရသည့်အထဲ ဒီလိုဖြစ်သွားသောအခါ သူ့အဖို့ အတော်ဦးနှောက်ခြောက်ရတော့မည် ဖြစ်သည်။ ဆင်း ဘာဖြစ်လာပြန်တာပါလိမ့်။

"ဆင်း ဘာဖြစ်လာပြန်တာလဲကွာ ... ကိုယ့်ကို စိတ်ညစ်အောင် မလုပ်စမ်းပါနဲ့ ..."

"ဒါက ကျွန်မက ပြောရမဲ့ စကားပါ ထက်သန်ရဲ့ ... ရှင်တို့





နှစ်ယောက်ပေါင်းပြီးတော့သာ ကျွန်မကို အမျိုးမျိုး ဒုက္ခပေးနေကြတာ ..."

"ရှင်းရှင်းလေးပဲပြောမယ် ထက်သန် ... ရှင် ကျွန်မနဲ့အသက်ကြိုက်ရာကို တစ်ယောက်ပဲရွေး ... ကျွန်မနဲ့ ရှေ့ဆက်ချင်တယ်ဆိုရင် အသက်နဲ့ အပတ်အသက် လုံးဝမလုပ်ပါနဲ့ ... လုပ်ငန်းလည်း လုံးဝအတူတူ တွဲလုပ်စရာ မလိုဘူး ..."

"ဟာ ... ဆင်းရာ ... ဆင်း ဘာတွေ ပြောနေတာလဲ ... ဘယ်လို ဖြစ်လာတာလဲ ..."

ဆင်းဘက်မှ အသက်ရှူသံပြင်းပြင်းကို ကြားနေရသဖြင့် ဒေါသဖြစ်နေမှန်းလည်း ရိပ်မိလေသည်။

"ကျွန်မ ... ဒီမနက် ရှင်တို့ အလုပ်ရုံကို ရောက်ခဲ့တယ် ... အသက်ကို တွေ့ပြီးတော့လည်း ရှင်နဲ့ မပတ်သက်ဖို့ ပြောလိုက်တယ် ... သူက ဘာပြောတယ်မှတ်လဲ ... ကိုယ့်ရည်းစား ကိုယ်ရအောင်ပြောတဲ့ ... သူကတော့ ပတ်သက်မှာပဲတဲ့ ... ရှင်က မပတ်သက်ဘဲနေမှ သူလည်း ကင်းနိုင်မယ်တဲ့ ... ကျွန်မကလည်း ရှင် သူနဲ့ ဒီလိုတွေ တွဲနေသရွေ့ ရှင်နဲ့ ရှေ့ဆက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ထက်သန် ... အဲဒီတော့ ရှင် ရွေးချယ်ပါ ..."

ရုတ်တရက် အော်ငိုပစ်ချင်စိတ် ပေါက်အောင်ကိုပင် သူ့စိတ်တွေ အကြီးအကျယ် ရှုပ်ထွေးသွားရလေသည်။ ဆင်းကို သူ

ဘယ်လိုနည်းနှင့်မျှ နားမလည်နိုင်တော့။ ဆင်းရဲ့စိတ်သည် သဝန်တို သည့်အဆင့် မဟုတ်တော့ဘဲ သူမိခင်ပြောဖူးသလို သူ တစ်ဦးတည်း ကိုသာ ဂရုစိုက်စေချင်သော သူ့အတွက်သာကြည့်သော အတ္တလွန် ကဲသည့်စိတ်မျိုး ဖြစ်နေခဲ့ချေပြီ။

"ဆင်း ... ကိုယ် တောင်းပန်ပါတယ်ကွာ ... ပလိစ် စိတ်ကို ခဏလောက် လျှော့ထားလိုက်စမ်းပါ ... ကိုယ်တို့ ညှိကြ ရအောင်ပါကွာနော် ... အသက်နဲ့ ကိုယ်ဟာ ... ဟို ... စကားမပြောတတ်ခင်တည်းက အတူတူ ကစားလာခဲ့ကြ တာ ... လုံးလုံးကြီး မပတ်သက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်ဘူး ဆင်းရယ် ... သူကလည်း ကိုယ့်ကို မပတ်သက်ဖို့ဆို တာ မဖြစ်နိုင်ပါဘူး ... ဆင်း အလင်လွှဲနေတာပါကွာ"

"ရှင် ဘာမှ ရှေ့ပြည်အေးတရားလာဟောဖို့ ကြိုးစားမနေနဲ့ ထက်သန် ... ကျွန်မရင်ထဲမှာ ပြောချင်လွန်းလို့ မျိုသိပ်ထား ရတာတွေ ရင်နဲ့ မဆန့်တော့ဘူး ...

"ရှင်တို့ဟာက ဘာလဲ ... သူငယ်ချင်းသာ ပြောတယ် ... တစ်ယောက်မျက်နှာတစ်ယောက် မတွေ့ရရင် မနေနိုင်ရ တာနဲ့ တစ်ယောက်စားချင်တာ တစ်ယောက်က ဝယ်ပေး ရတာနဲ့ ...မနက်တိုင်းအိပ်ရာထဖို့ ဖုန်းဆက်နှိုးရတာနဲ့ ... နေ့တိုင်းထမင်းလက်ဆုံစားရတာနဲ့ ... အဲဒါ သူငယ်ချင်း လား ... လုံးဝ အဓိပ္ပာယ် မရှိဘူး ...





"ကျွန်မနေရာကလည်း ဝင်ပြီး ခံစားကြည့်ကြပါဦး ... သူ ငယ်ချင်း သူငယ်ချင်းဆိုပြီး နေကုန်နေခမ်း မိုးလင်းမိုးချုပ် တွဲပြီး အတူရှိနေကြတာ ဘယ်လိုမိန်းမမျိုးက ကြိုက်မှာလဲ၊ ဘယ်မိန်းမမှ ကြိုက်မှာမဟုတ်ဘူး ထက်သန် ... ရှင် တခြား တစ်ယောက် ပြောင်းကြိုက်ကြည့် ... ဒီလိုပဲ ဖြစ်မှာပဲ ... "

ဆင်းက ဆတ်ဆတ်ထိမခံ တရစပ်ပင် ပြန်ပြော လေသည်။ သူ့အားလည်း ညာတာထောက်ထားစိတ်ပင်လျှင် မရှိ တော့။

"ဆင်းက သက်သက် အတ္တကြီးတာပါကွာ ... ဒါဆို ဆင်းက ကိုယ့်ကို မချစ်တော့ဘူးပေါ့ ... ကိုယ်နဲ့ ပြတ်နိုင်တယ်ပေါ့"

"ဒီနေရာမှာ ချစ်တာ မချစ်တာတွေ အရေးမပါတော့ဘူး ထက်သန် ... ရှင်က အတ္တကြီးတယ်လို့ စွပ်စွဲရင်လည်း မငြင်း လိုပါဘူး ... ကျွန်မက ဘာမဆို အပြည့်အဝ ရမှ ကျေနပ် တဲ့ မိန်းမစားမျိုးရှင် ...

"အကြင်နာတွေ ... ဂရုစိုက်မှုတွေ တစ်ယောက်တည်းပဲ အပြည့်အဝလိုချင်တယ် ... ခွဲဝေယူနေရတာမျိုး လုံးဝ မကြိုက်ဘူး ... ပြီးတော့ ဘာမဆို ကိုယ်ပေးသလောက် ရမှလည်းကျေနပ်တယ် ...

"ကျွန်မက ရှင့်တစ်ယောက်တည်းပဲ ချစ်တယ် ... ကျွန်မမှာ ရှင့်လို အကဲပိုရတဲ့ ဘာသူငယ်ချင်းမှလည်း မရှိဘူး ... ရှင်



Book Sharing

Scanned by CamScanner

လည်း မရှိနဲ့နော် ... ဒါ တရားပါတယ် ..."

ဆင်း၏အတွဲမှာ ကြောက်စရာကောင်းအောင်ကို ပင် ပြင်းထန်လေသည်။ ဘယ်အချိန်ထဲကများ ဆင်းသည် သူနှင့် အသက်တို့၏ ခင်မင်ပတ်သက်မှုကို စောင့်ကြည့်နေခဲ့ပါလိမ့်။ သူ ဆင်းကို ချစ်သည်။ ရင်ခုန်စွာနှင့် ချစ်တာ ဖြစ်သည်။ သို့သော် ဒီ အချစ်တွေကို ဆင်းက တန်ဖိုးထားရမှန်း မသိ။ အမှိုက်တစ်ခုလို ပေါ့တီမ်ပစ်လေသည်။

"ဘယ်လိုလဲ ထက်သန် ... ရှင် မဆုံးဖြတ်နိုင်ဘူးလား ... ကျွန်မ သေချာအောင် ထပ်ပြောရရင် အသက်ဟာ ရှင့်ကို ချစ်နေတယ်ဆိုတာ ဒီနေ့မှာ ပိုသိသွားတာပဲ ... သူ့မျက်နှာ မှာ ရှင်နဲ့ ကျွန်မ ပြတ်လေ ဝမ်းသာလေဆိုတဲ့ အရိပ်တွေ အပြည့်ပဲ ...

"သူကတော့ ဒီပွဲကို လက်ပိုက်ကြည့်နေမယ် ... ပြီးတော့မှ ရှင့်ကို အရယူလိုက်မယ်ဆိုတဲ့ အပြုံးမျိုး သူ ပြုံးထားတာ၊ ကိုယ့်ရည်းစားကိုယ် ရအောင်ပြောပေါ့ဆိုတဲ့ လေသံက လည်း ရှင့်ကို သူက သိပ်ပိုင်နေတယ်ဆိုတဲ့ ပုံပဲ ... ဒီအဖြစ် ကို ကျွန်မ အခံပြင်းဆုံးပဲ ...

"ဒါကြောင့် ပြတ်သားတဲ့ လမ်းကို ရွေးဖို့ ဆုံးဖြတ်လိုက်တာ၊ ကိုယ့်ချစ်သူကို ကိုယ့်ထက် တခြား မိန်းမတစ်ယောက်က ပိုပိုင်တယ်ဆိုတဲ့အဖြစ်ကို ကျွန်မ မလိုလားဘူး ... မှုဝေရတဲ့





အကြင်နာတွေ မလိုချင်ဘူး ... ဒီတော့ ရှင် တစ်ယောက် ယောက်ကိုရွေးပါ ..."

သူ့ရင်ထဲမှာ ဗလောင်ဆူဝေလျက် ချက်ချင်းပင် ချွေးပျံလာခဲ့လေသည်။ သူ့ဘဝတွင် ဒီလို ဘေးကျပ်နံကျပ်အဖြစ်မျိုး သူ တစ်ခါမှ မကြုံသေးချေ။ သူချစ်သော မိန်းကလေးတစ်ယောက် ကို အကြောင်းမဲ့ စွန့်လွှတ်စရာ သူ့ထံ၌ ဘာပြစ်ချက်မှ မရှိ။

ထို့အတူ သူ အင်မတန် သံယောဇဉ်ကြီးလှသော အသက်ကို ... စိမ်းကားပြတ်တောက်ပစ်ဖို့ဆိုတာ ပိုလို့တောင် အကြောင်းမရှိသေးချေ။ အသက်သည် သူ့အပေါ်မှာ ဘယ်သူနှင့်မှ မတူအောင်နားလည်သည်။ မျှဝေခံစားပေးသည်။ ပျော်ရွှင်ခြင်းတွေ ဖန်တီးပေးသည်။

သူ ဖြစ်ချင်တာမှန်သမျှ မဖြစ်ဘူးဆိုတာ မရှိခဲ့ရ။ ဒီလိုသူငယ်ချင်းမျိုးကို စွန့်လွှတ်ဖို့ဆိုတာ သူ့အတွက် ဘယ်လိုမှ မဖြစ် နိုင်ချေ။ သူ ပေါင်းရမှာ ဆင်းနှင့်ဆိုသော်ငြားလည်း တစ်သက်လုံးက လက်တွဲညီလာခဲ့သည့် အသက်ကို သူ မထားခဲ့နိုင်။ ဘယ်နည်းနှင့်မျှ မထားခဲ့နိုင်။

သူ ဘာစကားမျှ ပြန်မပြောနိုင်တာ အတော်ကြာ သည်။ ဆင်းက စတင်၍ ...

"ကောင်းပြီလေ ... ရတ်တရက်မို့ ရှင် စဉ်းစားရသိပ်ကျပ် သွားရင် ကျွန်မ ရှင့်ကို အခွင့်အရေးတစ်ခုပေးမယ် ... ရှင်



Scanned by CamScanner

တစ်ပတ် စဉ်းစားပါ ... အဲဒီတစ်ပတ်အတွင်းမှာ ရှင်နဲ့ ကျွန်မ လုံးဝအဆက်အသွယ် မလုပ်ဘူး ... အသက်နဲ့ ကျွန်မမှာ ဘယ်သူက ရှင့်အတွက် ပိုလိုအပ်လည်း စဉ်းစားပါ ... တစ်ပတ်ပြည့်တဲ့နေ့ နံနက်ကိုးနာရီ Mr. Guitarမှာ ရှင်နဲ့ ကျွန်မ ပြန်ဆုံမယ် ..."

ဆင်းက ဖုန်းချသွားခဲ့လေသည်။ အဲဒီနောက်မှာတော့ သူ့ရင်ထဲတွင် ကူရာကယ်ရာမဲ့တိုင် အသက်ရဲ့ မျက်နှာလေးကို ပြေးမြင်သွားရကာ ...







"အဆုံး"

အသက်သည် သူပြောသမျှတွေကို နားထောင်ပြီးသောအခါ ရင်ထဲမှာ ဆောက်တည်၍ မရအောင် တုန်လှုပ်သွားခဲ့သည်။ ဆင်းဟာ ကြောက်ဖို့ကောင်းလောက်အောင်ကိုပင် ခန့်မှန်းခြင်း၌ တော်လှသည်။ သို့သော် အံ့ဩစရာကောင်းလောက်အောင်ကိုလည်း သူက အသက်ကို ယုံကြည်နေပြန်သောအခါ အသက်

ကိုယ့်ကိုယ်ကို လိပ်ပြာမလုံချင်တော့ပေ။ ငါ ... ငါက မရိုးသားတာပါ ထက်သန်ရယ်။

သူ့မျက်နှာသည် ပြင်ယူ၍ မရလောက်အောင်ကို ဖျက်ယွင်းကာနေသည်။ သူ ဘယ်လောက်ခံစားနေရမလဲဆိုတာ အသက် ကိုယ်ချင်းစာသည်။ တကယ်တော့ သူ့ထံတွင် ဘာအပြစ်မှ မရှိချေ။ အတွပြိုင်ဆိုင်ကြသော မိန်းမနှစ်ယောက်၊ အချစ်ကြီးချစ်တတ်ကြသော မိန်းမနှစ်ယောက်ကြားတွင် သူက စားစားခံသက်သက်သာ ဖြစ်လေသည်။ အခုတော့ အသက် အကြောက်ဆုံးအချိန်ကို ရောက်လာခဲ့ပြီ။ ဆင်းက သူ့ကို ပြတ်သားစေပြီ။

"နင် ... ဘယ်လိုဆုံးဖြတ်မလဲဟင် ... နင် သူ့ကို အဆုံးရှုံးခံနိုင်လို့လား ..."

သူက နီရဲနာကျင်သော မျက်ဝန်းများဖြင့် အသက်ကို မော့ကြည့်ကာ ...

"သူ့ကို အဆုံးရှုံး မခံနိုင်သလို နင့်ကိုလည်း အကြောင်းမဲ့ မစွန့်လွှတ်နိုင်ဘူး အသက် ... ငါ ဘာလုပ်ရမလဲဟင် ... ငါ့ကို ကယ်ပါဦးကွာ ..."

ငိုချတော့မလို ပျက်ယွင်းကာ ခံစားချက်တို့ဖြင့် နင့်သီးနေသော သူ့မျက်နှာကိုကြည့်ကာ အသက်ရဲ့ ရင်ထဲတွင် နင့်သီးလာသည်။ သူ ခံစားနေရတာကို မကြည့်ရက်နိုင်ချေ။

"ငါ ဘာလုပ်ပေးရမှာလဲဟယ် ... ဒီတစ်ခါတော့ နင် ဆုံး





ဖြတ်ရမဲ့ကိစ္စပဲ ... ငါက ဝင်ပြီး အကြံဉာဏ်ပေးလို့မှ မသင့်တော်တာ ..."

"ကျွတ် ... ငါ ရှုံးချင်တယ်ကွာ ... ရှုံးရင် ကောင်းမယ်"

သူက ဆံပင်တွေကို ဆွဲဖွကုတ်ပစ်လျက် စိတ်ဓာတ်အကြီးအကျယ် ကျနေသော ပုံစံဖြင့် ပြောသည်။ သူ ခံစားနေတာတွေကို အသက် နားလည်သည်။ ဆင်းရဲ့ လုပ်ပုံတွေဟာ အဓိပ္ပာယ်မရှိလှဘူးဟု ယူဆကာ အသက်ကို စွန့်လွှတ်ဖို့ဆိုတာ သူ ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စဘဲ ဖြစ်သည်။ ဘယ်လိုနည်းနှင့်မျှ သူ အသက်ကို ဘေးဖယ်ထားရလိမ့်မည် မဟုတ်။ သို့သော် သူ တစ်ယောက်ယောက်ကိုတော့ ရွေးချယ်ရလိမ့်မည်။ အဲဒီအခါတွင် ... ။

အသက်တို့နှစ်ဦးကြားမှ ကြီးမားသည့် သံယောဇဉ်ကြောင့် သူ ဘာလုပ်မယ်ဆိုတာကို အသက် သိသော်လည်း ... အသက် ဘာကြောင့် မပျော်နိုင်သနည်း။ ရှင်းပါသည်။ အသက် သူ စိတ်မချမ်းသာမှာကို ဘယ်နည်းနှင့်မျှ မကြည့်ရက်နိုင်သောကြောင့် ဖြစ်လေသည်။ သူ ကြေကွဲခံစားရမှာကို အသက် မမြင်လိုပါ။ အသက် သူ့ကို သိပ်ချစ်လှသဖြင့် သူ ပျော်ရွှင်ရတာကိုပဲ မြင်ချင်လေသည်။ အဲဒီအတွက် အသက် ရင်ကွဲပါစေတော့။

နောက်ဆုံးတော့ အသက်က ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချပစ်လိုက်ကာ ...

"နင့်ကိုငါ အကောင်းဆုံး အကြံဉာဏ်ပေးမယ် ထက်သန်၊



Scanned by CamScanner

နင် လက်ခံမှာလား ... "

သူက အသက်ကို မော့ကြည့်သည်။

"ငါတို့နှစ်ယောက်တည်းက တစ်ယောက်ယောက်ကို ရွေးချယ်ရမယ်ဆိုရင် နင် ဆင်းကိုပဲ ရွေးလိုက်ပါ ... တကယ်တော့ ရွေးချယ်တယ်ဆိုတာ ပညတ်တစ်ခု အနေနဲ့သာ ပြောရတာပါ ... အစတည်းက နင့်နှလုံးသားက ဆင်းကို ချစ်လို့ ရွေးချယ်ခဲ့ပြီးသားပဲ ... ဒါကို ဆင်းက နားမလည်တတ်ခဲ့ဘူး ... ခုတော့ နင် ပြတ်သားရတော့မယ် ... ပြတ်သားပြလိုက်ပေါ့ဟာ ... နင်နဲ့ငါ ခပ်ကင်းကင်းပဲ နေကြတာပေါ့ ... "

အသက်ရဲ့စကားကြောင့် သူ့မျက်လုံးတွေ အရောင်ပြောင်းလဲသွားလေသည်။

"ဟာ ... အသက်ကလည်း အဓိပ္ပာယ် မရှိတာ ... "

"အဓိပ္ပာယ်မရှိတာ ရှိတာထက် နင် ပြတ်သားဖို့ကို ပြောနေတာ ... ဒါဆို နင်က ဆင်းကို ပြတ်နိုင်လို့လား ... စွန့်လွှတ်နိုင်လို့လား ... "

ဒီလိုကျတော့လည်း သူ တွေဝေသွားပြန်လေသည်။ သူ ဆင်းကိုလည်း မစွန့်လွှတ်ချင်ဘူးဆိုတာ အသက် သိသည်။ အသက်အပေါ်မှာ စာနာထောက်ထားစိတ်ဖြင့် ဆင်းကို စွန့်လွှတ်ပြလိုက်ပြီး၊ အသက်ရဲ့ ရှေ့မှာ နှလုံးသားဗလာဖြင့် အသက်ရှင်ပြ





နေမှာကိုလည်း အသက် မလိုလားတော့။ အချစ်ရှိရာကိုပဲ သွားပါ ထက်သန့်ရယ်။ နင့်နှလုံးသားကိုမှ မရတဲ့နောက်တော့ ငါ ဘာကိုမှလည်း မမက်မော၊ မတွယ်တာချင်တော့ပါဘူး။ ငါမရှိရင် ကိစ္စတွေ အားလုံး အဆင်ပြေသွားမှာပါ။

အသက်က ကျလုကျခင် မျက်ရည်တချို့ကို မှတ်ခတ်သိမ်းဆည်းကာ ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"ငါနဲ့ နင်နဲ့ဟာ ဘယ်လိုပဲ ပြတ်တယ်ပြောပြော ... ထာဝရ သူငယ်ချင်းပဲဟာ ... ဟုတ်တယ်မှလား ... ဆင်းနဲ့က တစ်ဘဝလုံး ပေါင်းရမှာ ... ဆင်းနဲ့ အဆင်ပြေဖို့ ပိုအရေးကြီးတာပါ ... ငါနဲ့ မပတ်သတ်ရလို့ နင် အသည်းမကွဲပါဘူး ... ဆင်းကို ဆုံးရှုံးလိုက်ရမှာသာ နင် အသည်းကွဲရမှာ ... ငါ့ကို ငဲ့မနေပါနဲ့ ... ဘာလုပ်ရမယ်ဆိုတာ နင် အသိဆုံးပဲ နေမှာပါ ... တစ်ပတ်ပြည့်တဲ့အခါ ဆင်းဆီပဲ သွားလိုက်ပေါ့ ထက်သန့်ရယ် ... အဲဒါ နင့်အတွက် အကောင်းဆုံး ရွေးချယ်မှုပါပဲ ... "

စကားပြီးဆုံးသွားတာနှင့် အသက်က မျက်ရည်မကျမိအောင်ထိန်းလျက် အိမ်သို့ အပြေးပြန်ခဲ့လေသည်။ သူ ဘယ်လို ဖြစ်ကျန်ခဲ့သလဲဆိုတာ အသက် မသိချင်တော့။ အခန်းထဲသို့ ရောက်လျှင် အိပ်ရာပေါ် ပစ်လှဲလျက် ခေါင်းအုံးတစ်လုံးရှဲအောင် ငိုချပစ်လိုက်သည်။



Scanned by CamScanner

အသက်နဲ့ နှလုံးသားတစ်ခုလုံး တပဲချင်းစီ ခြွေချခံနေရသလို ခံစားနေရမှာ အောင်လျက်ရှိနေပေပြီ။ သူ့ကို အသက်လုံး၀ ဆုံးရှုံးလိုက်ပြီဟူသော အသိသည် အသက်ကို ဘာနှင့်မှ မဖြေသာနိုင်အောင်ပင်။ တကယ်တမ်းဆိုရလျှင် ဒီပွဲမှာ အသက် သေချာပေါက် နိုင်ပြီဖြစ်သည်။ ပွဲစဉ်တစ်လျှောက်လုံး သူ့အပေါ်ကို အသက်ဘက်က လိုက်လျောပေးဆပ်မှုများ၏ အသီးအပွင့်ကို ဒီအချိန်မှာ ကောင်းကောင်းကြီး ခံစားယုံပင်။

သူ စိတ်ချမ်းသာတာကို မြင်ချင်သော အသက်ရဲ့ ချစ်ခြင်းသည် မှုနှင့် ဆင်းကို ကျေကျေနပ်နပ်ကြီး အရှုံးပေးခဲ့သည်။

Book Sharing







"နူးညံ့ခြင်း၏ ရလာဒ်"

အသက်နှင့် စုသည် ပင်လယ်ပြာကြီးကို ငေးကြည့်ကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်လျက် ရှိနေကြသည်။ စိတ်သောကဖြစ်စရာတွေနှင့် ဝေးသော ချောင်းသာသို့ အသက်တို့ တွဲဝရီးနှစ်ယောက် အပန်းဖြေရောက်လာကြသည်မှာ ဒီနေ့နှင့်ပါဆိုလျှင် ဆယ်ရက်ရှိသွားပြီ ဖြစ်သည်။



Scanned by CamScanner

အင်း … ခုချိန်လောက်ဆို ထက်သန်နှင့် ဆင်းကောင်းကောင်းကြီး အဆင်ပြေပျော်ရွှင်နေလောက်ပြီဟု ယူဆမိပါသည်။ စုကတော့ အဲဒီကိစ္စနှင့် ပတ်သက်၍ အသက်ကို တစ်စုံတစ်ရာမှ မဝေဖန်ချေ။ စုရေ အသက်ဒီမှာ မနေချင်ဘူး။ တစ်နေရာကို သွားရအောင်ဟုပြောကာ ဘာရယ်ညာရယ်မမေးဘဲ ချောင်းသာသွားဖို့ဘဲ ချက်ချင်းစီစဉ်ခဲ့တာ ဖြစ်သည်။ အသက်ရဲ့ နှလုံးသားရေးရာကိစ္စတွင် နည်းလမ်းပြလုပ်ပေးခဲ့သူ စုထံမှ ထင်မြင်ချက်ပဲဖြစ်ဖြစ်၊ စကားလေးတစ်ခွန်းလောက်ပဲဖြစ်ဖြစ် အသက် ကြားလိုလေသည်။ ထို့ကြောင့် …

"စု … အသက်ကို ဘာစကားမှ မပြောချင်လောက်အောင် စိတ်ကုန်သွားတာလား … ညံ့တယ်လို့ ယူဆသွားတာလား ဟင် … "

"မဟုတ်ရပါဘူးဟယ် … လေးစားမိတာပါ … "

"မညာပါနဲ့ စုရယ် … ဟိုးရှိုးလုပ်ချင်တဲ့ဟာမလို့ စု ပြောချင်တယ်မှလား … "

"မပြောချင်ပါဘူး အသက်ရယ် … စု တကယ့်ကိုပဲ လေးစားတာပါ … ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီပွဲမှာ အသက် နိုင်တယ်၊ အနိုင်ရတာကို မယူဘဲ အရှုံးပေးခဲ့တာကျတော့ အများကြီး မြင့်သွားပြီ … အနိုင်ရတာထက် ပိုတယ် … စွန့်လွှတ်တယ်ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာ … မရလို့ စွန့်လွှတ်





ရတာထက် ရပြီးသားကို စွန့်လွှတ်ရတာက ပိုခက်တာပါ။ ဒါကို အသက်က လုပ်နိုင်တာ အသက်ကို တကယ် ချီးကျူးတာပါ … ဒီအကြောင်းနဲ့ ပတ်သက်ပြီး စကားမစပ်တာက အသက် ခံစားနေရမှာ စိုးလို့ပါ … "

အသက်က ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။ စုက ခပ်ဝေးဝေးကို ငေးနေရင်းမှနေ၍ …

"အချစ်ဆိုတာ အင်မတန် ထူးဆန်းတဲ့အရာတစ်ခုပဲ အသက်ရယ် … အသက်ရော ပြောပါဦး … အချစ်ဆိုတာ ဘာလဲလို့"

"အသက် အတွက်တော့ စွန့်လွှတ်ခြင်း ပေါ့ စုရယ် … နောက် ပေးဆပ်ခြင်းပဲပေါ့ … အသက်လေ အစကတော့ သူ့ကို ပိုင်ဆိုင်နိုင်ဖို့က အဓိကပဲလို့ ထင်ခဲ့တယ် … ဒါပေမဲ့ သူ ပျော်ရွှင်ဖို့က အဓိက ဖြစ်လာတယ် … သူ မပျော်တာ အသက်လည်း စိတ်ညစ်ရတာပဲလေ … ဒါတော့ သူ့ကို ပျော်ရွှင်စေခြင်းသာ အသက်ရဲ့ အချစ်စစ်ပါပဲ … "

"မှန်တာပေါ့လေ … "

အဲဒီအခိုက်မှာပဲ ဟိုတယ်ဝန်ထမ်းတစ်ဦးက စုထံသို့ ဖုန်းလာကြောင်း လာပြောလေသည်။ မေမေ့ဆီက ဆက်တာဖြစ်သည်။ စုက ဖုန်းပြောဖို့ ထသွားမှာ အသက်တစ်ယောက်တည်း ကျန်နေရစ်ခဲ့သည်။

အသက်သည် စိမ်းပြာစိုလွင်လှပသော ပင်လယ်



Scanned by CamScanner

ကြီးကို ငေးကြည့်ကာ ဒီအချိန်မှာ ထက်သန့်ကို အလွန်အမင်း လွမ်းဆွတ်လာရလေသည်။ ဒီခရီးမှာ သူသာပါလိုက်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူနှင့်အတူတူ ပြေးလွှားဆော့ကစားရလျှင် အသက် အထူးတလည် ပျော်မိမှာပင်။ ခုတော့ သူနှင့် ဆုံတွေ့ဖို့ အရင်လို စားစားသွားသွားလုပ်ဖို့ အခွင့်အရေးလေးတောင် အသက်မှာ မရှိရှာတော့။

အသက်က သူ့ကို ရှုးသွပ်စွာ တမ်းတနေချိန်ဝယ် သူကတော့ ဆင်းနှင့် ပျော်နေရှာရော့မည်။ အသက်က အသံထွက်၍ပင် ရေရွတ်မိလေသည်။

"နင့်ကိုတော့ ... တစ်ဘဝလုံးစာ အပြီးဆုံးရှုံးလိုက်ရပြီပေါ့ ထက်သန့်ရယ် ... "

"မဆုံးရှုံးပါဘူး ... "

ဘုရားရေ ... ။ ထက်သန့်ရဲ့အသံ။ အသက် စိတ်များ စွဲလို့လား။ ဒါမှမဟုတ် နားထဲမှာ တကယ်ပဲ ကြားလိုက်မိတာလား။ သူ့အသံ ဝင်ဝင်ဖြစ်တာတော့ သေချာသည်။ အသက် ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ကြင်နာနူးညံ့သော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသော သူ့ကို တကယ်ပဲ တွေ့ရတာ ဖြစ်ပါသည်။

"ဟင် ... နင် ... နင် ... နင် ... ဘယ်လိုလုပ်ပြီး ... "

အသက်ရဲ့ စကားတွေဟာ ခုတော့လည်း ဆွံ့အလိုပင်တည်း။ သူ့ကို အံသြတကြီးကြည့်ကာ ယောင်ယမ်း၍ လက်ညှိုး





တထိုးထိုး ရှိတာကို သူက ဆွဲပယ်ချပစ်လျက် အသက်ရဲ့ ပခုံးကို ထိုင်ရာမှနေ၍ ဆွဲမလိုက်လေသည်။ သူနှင့် အသက်မှာ မျက်နှာချင်းဆိုင်နီးကပ်သော အနေအထားမှာ ရှိလျက်သားနှင့် ဖြစ်လေသည်။

သူက အရည်တစ်မျိုးလဲ့ပြာသော မျက်ဝန်းတွေဖြင့် အသက်ရဲ့ မျက်လုံးတွေထဲကို တည့်တည့်စိုက်ကြည့်ကာ ...

"နင်ဘာလို့ ငါ့ကို ထားသွားခဲ့တာလဲ အသက် ... "

"ငါက ... ထားသွားခဲ့တာ မဟုတ်ပါဘူး ... နင့်အတွက် အကောင်းဆုံးဖြစ်မဲ့ အရာကို စဉ်းစားပေးခဲ့တာပါ ... နင် ဘာလို့ လိုက်လာရတာလဲ ... ဆင်းရော ... "

"ဆင်းက သူ့အိမ်မှာပဲပေါ့ ... "

"မဟုတ်ဘူးလေ ... ငါဆိုလိုတာက နင် ဒီကိုလာတာ သူ ခွင့်ပြုလို့လား ... "

သူက အသက်ရဲ့ ရင်ထဲကို ထိုးဖောက်နိုင်သော အကြည့်တစ်မျိုးဖြင့် ...

"သူ ခွင့်ပြုတာ မပြုတာ ငါ့အတွက် မလိုအပ်တော့ဘူးလေ၊ ငါ ပြတ်သားပြီးပြီပဲ အသက်ရဲ့ ... ငါ သူ့ကို တစ်ပတ်တိတိ မြည့်တဲ့နေ့မှာ သွားတောင်းပန်လိုက်တယ် ... သူကလည်း ငါ ဒီလိုပြောလိမ့်မယ်ဆိုတာရော ... နင် တစ်နေရာရာကို ရှောင်ထွက်သွားလိမ့်မယ်ဆိုတာရော သိပြီးသားပါတဲ့ ...

"တကယ်တော့ ငါတို့နှစ်ယောက်ရဲ့ ရင်ထဲမှာ အချစ်တစ်စ

သီးသီးသန့်သန့် ဖြစ်ပေါ်နေတာ ငါတို့ဘာသာ မသိရအောင် ကြီးမားတဲ့ ဖြူစင်လွန်းတဲ့ မေတ္တာတွေ သံယောဇဉ်တွေ ဖုံးအုပ်နေလို့ပါတဲ့ … အဲဒါကို သူတောင် မြင်အောင် ကြည့်တတ်ရဲ့သားနဲ့ ကာယကံရှင်တွေက မသိတာလည်း အံ့သြတယ်တဲ့ …

"တကယ်တော့ … ငါတို့နှစ်ယောက်ဟာ ဘယ်လိုမှ ခွဲဖို့ မဖြစ်နိုင်ဘူးဆိုတာ … ငါကိုယ်တိုင်လည်း လက်ခံခဲ့ရပြီပဲ အသက်ရယ် … "

သူ့စကားကြောင့် အသက်ရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ချက်ချင်း ဝေ့သီလာခဲ့သည်။ တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းတွေနှင့်အတူ မပီသသေးသော အပြုံးယဲ့ယဲ့တစ်ခုဖြင့် …

"ဒါပေမဲ့ နင် ချစ်တာ ဆင်းပဲ မဟုတ်လား ထက်သန့်"

သူက ခေါင်းတစ်ချက်ညိတ်ပြကာ …

"ဆင်းကို ငါ ချစ်တယ် … မချစ်ဘူးဆိုတာထက် ထားပါ ချစ်တယ်ပဲပေါ့ … တကယ်တမ်း တစ်ယောက်ယောက်ကို ရွေးချယ်ရတော့မယ်ဆိုတဲ့ အချိန်မှာ ငါ နင့်ကို ဘယ်လိုမှ မထားရစ်နိုင်ခဲ့ဘူး အသက်ရယ် …

"သူ့ကို လက်တွဲရရင် ပျော်ရမှာထက် … နင့်ကို ထားခဲ့လို့ နာကျင်ခံစားရမှာက ပိုတယ် … နင်တို့နှစ်ယောက်လုံးနဲ့





မတွေ့ရတဲ့ တစ်ပတ်အတွင်းမှာ …. ငါ နင့်ကို အတမ်းတမိဆုံးဆိုတာ နင်သိရင် ဘာပြောမလဲ … သူ့ကို ငါ ချစ်တယ် "ဒါပေမဲ့ … နင့်ကို လုံးဝလက်တွဲဖြုတ်ပြီးမှ သူ့ကို လက်တွဲရမယ်ဆိုရင်တော့ ငါ လက်မတွဲနိုင်တော့ဘူး … နင့်ကို ငါ လုံးဝဥပေက္ခာမပြုနိုင်ဘူး … မထားလည်း မထားရစ်နိုင်ဘူး၊ အဲဒါ ဘာလဲ … ငါကိုယ်ငါလည်း မသိဘူး … နင်ပဲ ဖြေနိုင်ရင် ဖြေပေးတော့ အသက်ရာ … "

အသက်သည် သူ့မျက်နှာကို တစ်မှိုမှိတ်ကြည့်ကာ ဝိုဝိုဖြင်ဖြင် ပြုံးလာတော့ရင်း …

"နင် တကယ်မသိဘူးလား … "

"မသိဘူး ပြောပြ … "

အသက်က ခေါင်းတစ်ချက်ဆတ်ကာ သူ့လည်ဝင်းကို ရုတ်တရက် သိုင်းဖက်ပစ်လျက် သူ့နားနားသို့ တိုးကပ်ကာ ပြောမည့်ဟန် ပြုလိုက်သည်။ သူကလည်း အသက်ရဲ့ ခါးကို ခပ်တင်းတင်း ပြန်လည် ပွေ့ဖက်ထားလျက် အသက်ပြောတာကို နားစွင့်နေဟန် တူလေသည်။

အသက်ရဲ့ နှုတ်ခမ်းက သူ့နားနားသို့ တဖြည်းဖြည်း တိုးကပ်သွားသည်။ သူ့နားဝမှာ ရှူထုတ်လိုက်သော လေငွေးငွေးတို့ပင်လျှင် အသက်ရဲ့ ပါးပြင်မှာ လာရောက်ရိုက်ခတ်လျက် ရှိနေလေသည်။ အသက်က လေသံသဲ့သဲ့မျှဖြင့် …

"မပြောဘူး ... သတ်ရင်သတ်လိုက် ..."

အမျှော်လင့်ကြီး မျှော်လင့်ဟန်တူသော သူ့ထံမှ အာဟူသော အသံရှည်ကြီးတစ်ခု ထွက်ပေါ်လာပြီးလျှင် အသက်ရဲ့ ခါးတစ်ခုလုံးမှနေ၍ လေထဲသို့ မျောလွင့်သွားရလေသည်။ သူက အသက်ကို ခါးမှပွေ့ချီ၍ မြှောက်လိုက်တာ ဖြစ်သည်။ အသက်ရဲ့ အော်သံ၊ သူ့ရဲ့ ရယ်မောသံတို့က ကမ်းခြေတစ်ခုလုံး ပွဲတင်ရိုက်ခတ်၍ သွားလေသည်။

—တစ်ခါတစ်ရံတွင် အချစ်ထက် အဆာပေါင်းများစွာ ဖြင့်းထန်သော လေးနက်ခိုင်မြဲသော သံယောဇဉ်မျိုးတွေ ဒီကမ္ဘာကြီးပေါ်မှာ ရှားရှားပါးပါး ရှိတတ်ကြောင်း သူ နားလည်သွားပြီဖြစ်သလို အသက်ရဲ့ နှုးညံ့ခြင်းပြိုင်ပွဲ၏ရလာဒ်သည်လည်းပဲ ...။

တဖတ်ပရိသတ်များအတွက်
ထာဝရ
ဆုမြတ်ပွန်ပွန်



Booksharing

Scanned by CamScanner